www.burmeseclassic.com



မိုးမိုး(အင်းလျား)

# ရွှေတိဂုံကို မြင်လျှင်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

[ တစ်အုပ် ၁၈၀၀ ကျပ် ]

စာပေလောကစာအုပ် အမှတ် ၄၃၃

# မိုးမိုး (အင်းလျား)

# ရွှေတိဂုံကို မြင်လျှင်

စာပေလောက

အမှတ် ၁၇၃၊ ၃၃ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
[ ဖုန်း - ၃၈၈၁၀၉ ]
e:mail : mnsarpaylawka@gmail.com

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



တီးတိုးရယ်မောသံလေးများ ပျံ့လွင့်လာ၏။

သစ်ပင် ပုပုဝိုင်းဝိုင်းလေးများပေါ်တွင် အုပ်ဆိုင်းနေသော သစ်ရွက်စိမ်းများကြားမှ ရောင်စုံ မီးလုံးလေးများသည် ပန်းသီး ပန်းပွင့်လေးများ သဖွယ် ဖြာထွက်တောက်ပနေကြလေသည်။ မြက်ခင်းနုနု စိမ်းစိမ်းလေး ပေါ်တွင် ထွာဆိုင်ခန့်မြင့်သော ရောင်စုံဖိနပ်လေးများ၊ သေးသွယ်ရှည်လျားသော ခြေချောင်းလေးများ၊ ပန်းနုရောင် ခြေသည်းလေးများ၊ အင်ဒိုနီးရှားပါတိတ်လုံချည် အနားရေးများ၊ ရှူးဖိနပ်ပေါ်တွင် အိကျနေသော ခေါင်းလောင်းဘောင်းဘီ အောက်ခြေစများ၊ သိမ်မွေ့ယဉ်ကျေးစွာ လှုပ်ရှားနေကြလေ၏။ စားပွဲထက်မှ ဇွန်းသံ၊ ခက်ရင်းသံ၊ ဖန်ခွက်ထဲသို့ ရေခဲထည့်သံ၊ အရည်တစ်ခုခု လောင်းထည့်သံ၊ ခွက်ချင်းထိခတ်သံတို့ တိုးတိတ်ညင်သာစွာ ပေါ်ထွက်နေ၏။

ရန်ကုန်မြို့တော်၏ လမိုက်သောည၊ ပူအိုက်သောညကို တစ်ခုသော ခြံမြေအတွင်းဝယ် မီးရောင်စုံယှက်ဖြာ၍ အေးချမ်းသာယာသောညအသွင်သို့ ပြောင်းလဲဖန်တီး၍ ထားလေသည်။ ရွှင်ပျမြူးတူးသော စကားသံလေး

www.burmeseclassic.com

www.burmeseclassic.com



များသည် ညဥ့်ဦးပိုင်း၏ နာရီအချို့ကို နှစ်သက်ကြည်နူးဖွယ် ကုန်ဆုံးစေလျက် ရှိ၏။

စားပွဲထက်မှ ရွှေနားရေးကွပ်သော ကြွေပန်းကန်လုံးများ၊ ဆင်စွယ်ရောင် တူများ၊ ငွေရောင် ဇွန်းခက်ရင်းများ၊ စက္ကူလက်သုတ်ပဝါ ဖြူဖြူလေးများသည် ပုလဲရောင် လက်သည်းချွန်လေးများနှင့် နှင်းဆီသွေး နှုတ်ခမ်းလေးများ ကြားဝယ် လှုးလာတုံ့လှုယ် နေကြလေ၏။

အိမ်ထဲမှ ခေတ်ပေါ်ဂီတသံသည် ရယ်မောပျော်ရွှင်နေသော စကားသံများကြားမှ တစ်ခါတစ်ရံ လွင့်ပျံ ပေါ်ထွက်၍လာသည်။ စားပွဲအသီးသီးမှ အုပ်အုပ်ဆိုင်းဆိုင်း စကားဝိုင်းဖွဲ့နေသော အသံများသည် အချို့စားပွဲမှ ရုတ်တရက် ဝါးခနဲ ရယ်ချလိုက်သော အသံများကြားတွင် တိမ်မြုပ်ပျောက်ကွယ်သွား၏။ စားပွဲထိုးများသည် လင်ပန်းများ၊ ပုလင်းများကို ကိုင်၍ ခပ်သွက်သွက် လှုပ်ရှားသွားလာနေကြလေသည်။

အငွေ့တထောင်းထောင်းထနေသည့် ဟင်းချိုသည် စဥ့်အင်တုံအတွင်းဝယ် ပွက်ပွက်ဆူနေဆဲပင် ရှိသေး၏။ ဟင်းသီးဟင်းရွက် စိမ်းစိမ်းစိုစိုများ၊ ပန်းကန်ပြားဖြင့် အပြည့်ရှိနေသော ငါးတစ်ကောင်လုံးကို ကြော်ပြီး အပေါ်မှ အုပ်ဆိုင်းထားသည့် ပဲငါးပိများ၊ ခရမ်းချဉ်သီးစိတ်များ၊ ငါးရှဥ့်သားပေါ်မှ ကြက်သွန်ဖြူအမွှာလေးများ၊ နံနံပင် စိမ်းစိမ်းလေးများ၊ ဟင်းလျာ အားလုံးသည်ပင် မွှမ်းမံခြယ်လှယ်မှုအောက်တွင် ရှိနေကြ၏။ ပျော်ရွှင်မှုအတွက် သို့မဟုတ် ယဉ်ကျေးမှုအတွက် တည်ခင်းစားသောက်သော ထမင်းစားဝိုင်းလေးများ၊ အသောက်အစားဝိုင်းလေးများသည် တိတ်ဆိတ် ငြိမ်သက်သော န္ဒေညအလယ်မှာ တစ်ဒင်္ဂအားဖြင့်တော့ သာယာကြည်နူးဖွယ်ပင် ဖြစ်လေ၏။

မြစမ်းရည်ကတော့ ပျင်းရိနေပြီ။ သူက သည်ပွဲကို သာထွန်းဦး၏ ဖိတ်ခေါ်ချက်ဖြင့် ရောက်ရှိလာရခြင်း ဖြစ်သည်။ သူတို့အဖို့တော့ သည်လို



နေရာမျိုးကို ရောက်လေ့ရောက်ထ မရှိသလို စိတ်ဝင်စားမှုလည်း သိပ်မရှိလှ။ အပြုံးလှလှများ၊ စကားချိုချိုများဖြင့် တန်ဆာဆင်နေရသည်ကိုလည်း စိတ်မရှည်လှ။ ပြီးတော့ စားရ သောက်ရသည်မှာလည်း ခံတွင်းမတွေ့လှပေ။ ဟင်းလျာအားလုံးသည် ချိုရဲရဲ၊ အီဆိမ့်ဆိမ့်ဖြစ်နေကာ အစီအစဉ်တကျ မရှိလှပေ။ ပထမပိုင်းမှာ အရည်တွေချည်း ဖိသောက်ကြပြီး နောက်ပိုင်းမှာ ဟင်းတွေချည်း ဖိစားကြသည်။ ပြီးတော့မှ ထမင်းကြော်ပန်းကန်ကြီးက ရောက်လာ၏။ ဘာတွေမှန်း မသိတော့။ သည်ကြားထဲမှာ ခက်ရင်းက ကိုင်နေကျမရှိသဖြင့် အပိုပစ္စည်းလို ဖြစ်နေသေးသည်။ သာထွန်းဦးကတော့ ဟင်းဖတ်တွေကို တူနှင့် ကျင်လည်စွာညှပ်ပြီး သူ့ပန်းကန်ထဲကို ထည့်ထည့်ပေးသည်။ ကော်ရည်ဖြင့် ပျစ်ချွဲနေသော ပျော့စိစိ ဟင်းဖတ်များကို ရွံလှသဖြင့် မနည်းအောင့်အည်းသည်းခံကာ ဘေးကို မသိမသာ ဖယ်ရှားနေရသေးသည်။

ဒေါ်ဥမ္မာကျော်ကတော့ အခြေအနေနှင့် အံဝင်ခွင်ကျဖြစ်နေဟန်ရှိ၏။ မြင့်မြင့်ထွန်းက ဧည့်ခံသောပွဲဆိုသော်လည်း ဒေါ်ဥမ္မာကျော့် အသံကိုချည်း ကြားနေရ၏။ အလှပြုပြင်ဆိုင်တွင် စနစ်တကျ ထုံးဖွဲ့လာသော ဆံထုံးအခွေအလိပ်များကြားတွင် ရှားရှားပါးပါး သဇင်ပန်းနှစ်ခက်ကို ကန့်ကလျထိုးစိုက်ထား၏။ မျက်ခုံးမွေးက နောက်ဆုံးပေါ် ခေတ်မီပုံစံ သေးသေးကွေးကွေးလေး၊ မျက်ခွံပေါ်တွင် အပြာနုရောင် ဖိုင်းရှဲဒိုး ဆွဲထားသည်။ နှုတ်ခမ်းက ပြောင်လက်သော ပုစွန်ဆီသွေး။ ဇာအကျီအနက် လက်ပြတ်အောက်မှ လက်မောင်းသား အိအိများ ရုန်းထွက်နေကြ၏။ ဘာပဲပြောပြော သတို့သမီးအသစ်စက်စက် မြင့်မြင့်ထွန်းထက်တော့ ပေါ်လွင်နေတာ အမှန်ပင်။ သူ့ဟန်ပန်သည် အရာရှိ အပျိုကြီးများကို ကျော်လွှားပြီး သာမန်ရုံးအုပ် စာရေးကြီးအဆင့်သာ ရှိသည့် မြင့်မြင့်ထွန်းကိုမှ ရွေးယူသည့် ဌာနစုမှူး ဦးဟန်တင်ကို လှောင်ပြောင်နေသည့်အသွင် ဆောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဦးဟန်တင်ကိုတော့ လေးစားမှုဖြင့် ဦး တပ်ခေါ်မြဲ ဖြစ်သော်လည်း မြင့်မြင့်ထွန်းတို့၊ မြစမ်းရည်တို့ကိုမူ 'ညီမလေး' ဟု ခပ်ချိုချို ခပ်စီးစီးလေး ခေါ်လေ့ရှိ၏။

ရင်းနှီးသော လူငယ် မိတ်ဆွေအချို့ကိုသာ ရွေး၍ ဖိတ်ခေါ် ကျွေးမွေးသည့်ပွဲမို့ မြစမ်းရည်က သိပ်မလိုက်ချင်။ သူက ဦးဟန်တင်နှင့်တော့ ရင်းနှီး၏။ ဦးဟန်တင်သည် သူ့ကို အလုပ်ရှိသေ၍ ခိုင်းတိုင်း အဆင်သင့်ရသည်မို့ ခင်မင်ရင်းစွဲရှိ၏။ မြင့်မြင့်ထွန်းနှင့် သူကတော့ သိပ်အဆင်မပြေလှ။ သို့သော် ဘာပြဿနာမျှတော့ မဖြစ်စဖူးပေ။ သာထွန်းဦးနှင့်ကတော့ ဦးဟန်တင်ရော မြင့်မြင့်ထွန်းပါ အလွန် အဖွဲ့ကျသည်။ သာထွန်းဦးနှင့် မြစမ်းရည်ကမူ အလွန်ရင်းနှီးသည့် မိတ်ဆွေများပဲ ဆိုပါစို့။ သို့ဖြင့် သည်နေရာကို မြစမ်းရည် ရောက်လာရ၏။ တစ်ရုံးတည်းသားအဖြစ် သူတို့ ငါးယောက်သာပါပြီး ကျန်လူများက ဦးဟန်တင်၏ အသိုင်းအဝိုင်းများနှင့် မြင့်မြင့်ထွန်း၏ အပေါင်းအသင်းများသာ ဖြစ်လေသည်။ ဦးဟန်တင်ကမူ ရာထူးအရှိန်အဝါ၊ မိဘအရှိန် အဝါဖြင့် ထည်ဝါသလို မြင့်မြင့်ထွန်းကလည်း ပညာဂုဏ် အလှဂုဏ်ဖြင့် ကြွားဝင့်၏။ သို့သော် ရုံးမှာတော့ မြင့်မြင့်ထွန်းက သာမန်ရုံးအုပ်စာရေးကြီး၊ ဒေါ်ဥမ္မာကျော်က အရာရှိ၊ သူ့ကုသိုလ် အကျိုးပေးနှင့် သူပေပဲ။ သည်ပွဲမှာ မြင့်မြင့်ထွန်း၏ ကျောင်းနေဖက် သူငယ်ချင်းနှင့် ဦးဟန်တင်၏ မိတ်ဆွေ အရာရှိအတော်များများ ပါလေသည်။ အားလုံးကို ခြုံ၍ ဒေါ်ဥမ္မာကျော်က အထက်စီးရယူထားသဖြင့် မြင့်မြင့်ထွန်း မျက်နှာ ညိုနေ၏။ ဦးဟန်တင် အနေဖြင့်တော့ ဒေါ်ဥမ္မာကျော်ကို မဖိတ်၍ မဖြစ်။ အချို့သော လူမှုကိစ္စလေးများသည် လုပ်ငန်းကို ထိခိုက်စေတတ်သည်ကို နားလည်သောကြောင့် ဖြစ်ပေမည်။

'စားလေ မြ၊ ဟင်းတွေ အများကြီး ကျန်သေးတာ၊ ရေခဲယူဦးမလား'



သာထွန်းဦးက မြစမ်းရည်ရှေ့မှ ဖန်ခွက်ထဲကို လိမ္မော်ရည်ဖြည့်ထည့်ပေး၏။ သူကိုယ်တိုင်ကတော့ ဘီယာတန်ခိုး၊ အရက်တန်ခိုးဖြင့် မျက်လုံးတွေ ရီဝေ၍နေပြီ။

'ညီမလေးက တရုတ်အစားအစာ မကြိုက်ဘူးထင်တယ်၊ အင်းလေ ဒါမျိုးကလဲ စားနေကျမှ'

ဒေါ်ဥမ္မာကျော်က အပြုံးတစ်ဝက်ဖြင့် ပြော၏။ သူ့ဘယ်ဘက်ဘေးမှ ဦးဟန်တင်က မြစမ်းရည်ကို ဂရုစိုက်ရန် သာထွန်းဦးက မျက်ရိပ်ပြသည်။ ဦးဟန်တင် ဘယ်ဘက်ဘေးမှ မြင့်မြင့်ထွန်းက ဒေါ်ဥမ္မာကျော်ကို မျက်လုံး တစ်ချက် ဝှံကြည့်ရင်း ဦးဟန်တင်ဘေးကို တိုးကပ်လိုက်၏။ မြစမ်းရည်ကို ဂရုစိုက်လှုပ်ဟန် မရှိသော်လည်း ဒေါ်ဥမ္မာကျော်ကို ဆန့်ကျင်သောအားဖြင့် အရေးတယူပြုသည်။

'အို၊ ဒါတွေကလဲ စားကောင်းလှတာမှ မဟုတ်တာ၊ မြင့်မြင့်တော့ ကြက်သားသုပ်တစ်ခုပဲ စားလို့ရတယ်၊ မြစမ်းရည်ကလဲ သာထွန်းဦးကြောင့်သာ လိုက်လာတာနော်၊ မြစမ်းရည်တို့အလှည့်ကျရင် ဒီထက်ကောင်းတာ ကျွေးရမယ်၊ ဟုတ်တယ် မဟုတ်လား ကိုကို၊ မမဥမ္မာကျော်ကကော ဘယ်တော့စားရမှာလဲ၊ ရုံးမှာတင် လက်ဖက်ရည် တစ်ခွက်စီ မုန့်လေးတစ်ခုစီနဲ့တော့ မဖြစ်ဘူးနော်၊ ဟင်း ဟင်း'

တကယ်တော့ ဒေါ်ဥမ္မာကျော်တွင် ဟန်သာရှိပြီး အစဉ်လို ငွေကြေးကျပ်တည်းတတ်သည်ကို မြင့်မြင့်ထွန်းက အစင်းသိဖြစ်၍ ပြောခြင်းဖြစ်၏။ မြင့်မြင့်ထွန်းက ငွေစုငွေချေးမှာ အမှုဆောင်တစ်ယောက်ပဲ ဘယ်မသိဘဲ ရှိပါ့မလဲ။ ဒေါ်ဥမ္မာကျော့် အသင်းဝင်စာအုပ်ထဲမှာ သာမန် ချေးငွေရော၊ အထူးချေးငွေရော၊ အရေးပေါ် ချေးငွေတွေပါ ဇယားပြည့်နေသည်။ ဦးဟန်တင်၏ မိတ်ဆွေ အလုပ်သင်ဆရာဝန်တစ်ယောက်ကတော့ သူတို့ တိုက်ခွက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို သတိမထားနိုင်ဘဲ ဒေါ်ဥမ္မာကျော်၏ အလှကိုသာ ငေးမောကြည့်ရှုနေ၏။ မြင့်မြင့်ထွန်း၏ သူငယ်ချင်းများဖြစ်သော မဟာဝိဇ္ဇာတန်းသူ မူမူနှင့် သူဇာတို့က ဦးဟန်တင်၏ သူငယ်ချင်း တရားရေးဝန်ထမ်း နှစ်ဦးနှင့် အဖွဲ့ကျနေကြ၏။ သူတို့ဘက်မှ ဟင်းချိုပန်းကန်နှင့် ဘဲကြွပ်ကြော်တစ်ကောင်ကတော့ ပြောင်ပြီ။ နောက်ထပ် နံရိုးကြော်တစ်ပွဲ ရောက်လာ၏။ ဆော်ဒါနှင့် ရေခဲများလည်း ထပ်ဖြည့်ကြပြန်သည်။ သည်တိုင်းဆိုလျှင်တော့ ဝိုင်းကတော်တော်နှင့် သိမ်းမည်မထင်။

ဒေါ်ဥမ္မာကျော်သည် မြင်းချေးဖြင့် စိမ်ထားသည်ဆိုသော ကြက်ဥကို တူဖြင့် လျှောမကျအောင် ညှပ်ယူရင်း မြင့်မြင့်ထန်းကို ဇွေကြည့်၏။

'အိုကွယ် စားရမှာပေါ့၊ မမတို့က မြင့်မြင့်တို့လို စွံအောင်မှ မလုပ်တတ်တာ၊ ဖြည်းဖြည်းပေါ့'

ဆရာဝန်ပေါက်စသည် စိတ်ဝင်စားစွာ ခေါင်းထောင်၍ ကြည့်၏။

'စွံအောင်လုပ်တာများ လွယ်ပါတယ်ဗျာ၊ ကိုယ့်အကွက်ထဲ ဝင်လာရင် အလွတ်မပေးနဲ့ပေါ့၊ အမြဲ အိုက်တင်ချည်းပဲ ခံနေရင်တော့ ဘယ်ဖြစ်မလဲဗျာ'

ဦးဟန်တင်က ဆရာဝန်ဘက်ကိုကြည့်ပြီး ပြောလေသည်။ သို့သော် မြင့်မြင့်ထွန်းက သူ့အမိပ္ပာယ်နှင့်သူ မကျေမနပ်ဖြစ်ကာ ဦးဟန်တင်၏ ပေါင်ကို ဆွဲဆိတ်ဟန်တူ၏။ ဦးဟန်တင်က ရယ်ရင်း ပေါင်ကို ပွတ်သည်။ ဒေါ်ဥမ္မာကျော်က လည်တိုင်ကို အသာမော့ရင်း 'အို မလိုပါဘူး၊ အချိန်တန်တော့ သူ့ဟာနဲ့သူ ဖြစ်လာမှာပေါ့' ဟု ဆိုကာ မပွင့်တပွင့် ရယ်သွမ်းသွေးလေသည်။ မူမူတို့ဘက်မှ ဝါးခနဲ ရယ်သံကြောင့် အခြားစားပွဲမှ လူများပင် လှမ်းကြည့်ကြသည်။ သူတို့ကတော့ စားလိုက်ကြ၊ ရယ်လိုက်ကြနှင့် အတော့်ကို အဆင်ပြေနေသည်။ စားပွဲက လေးထောင့် အရှည်လိုက် ခင်းထားသဖြင့် သူတို့ ဘာတွေ ပြောနေသည်ကို မကြားရ။ အခြားစားပွဲ တစ်ခုမှလည်း



အားကျမခံ ရယ်မောသံကို ကြားရ၏။ တစ်ခဏချင်းမှာပင် ပြန်လည်တိတ်ဆိတ်သွားပြန်လေသည်။ ပွင့်တူရွက်တူကလေးများ လေအဝှေ့မှာ ယိမ်းနွဲ့နေကြသည်။

မြက်ခင်းပေါ်မှ လိမ့်၍ လိမ့်၍ ကျလာသော ပုလင်းခွံများကို စားပွဲထိုးလေး တစ်ယောက်က ကောက်ယူသိမ်းဆည်းနေ၏။ စားပွဲတစ်ခုမှ ပြန်ရန်ထကြပြီး နှုတ်ဆက်နေသံကို ကြားရသည်။ အခြားစားပွဲတစ်ခုတွင်မူ မြန်မာအမျိုးသမီးနှင့်တူသူ တစ်ယောက်က နိုင်ငံခြားသားများကို အင်္ဂလိပ်စကားဖြင့် ရှင်းလင်း ပြောပြနေသည်ကို ကြားကြရ၏။ ယောက်ျားတွေချည်း ဝိုင်းဖွဲ့ထားသော စားပွဲတစ်ခုမှမူ ပိုင်ရှင်အမျိုးသမီးကြီးကို ခေါ်ကာ ခပ်ထွေထွေဖြင့် ဘာတွေ ပြောနေသည် မသိ။ အမျိုးသမီးကြီးက စားပွဲထိုးလေးများကို ခေါ်ပြီး သူတို့စိတ်တိုင်းကျ ဆောင်ရွက်ပေးရန် ညွှန်ကြားနေလေသည်။

လေနုအေးလေးက တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာ၏။ ပင်လယ်ကဗွီးရွက်ကလေးများ လှုပ်ရှားနေကြသည်။ ခြံထဲမှ ကားတချို့ ပြန်ထွက်သွားကြပြီး အချို့ စားပွဲများကို ကုလားထိုင်များခေါက်၍ သိမ်းလိုက်ပြီ။ ပေကျံနေသော စားပွဲခင်းဖြူဖြူများကို ခေါက်သူက ခေါက်နေကြပြီ။ ပုလင်းလွတ်များကို တောင်းတစ်ခုထဲ စုထည့်သူက ထည့်နေ၏။ သူတို့ စားပွဲဘေးတွင် စားပွဲထိုးလေးတစ်ယောက်က ရိုသေစွာရပ်ပြီး စောင့်နေလေသည်။

'ကဲ ဘာလိုသေးလဲ မှာကြဦးလေ'

ဦးဟန်တင်က ဝတ္တရားကျေအောင် မေးနေသည်။ မြစမ်းရည်က 'အိမ်ပြန်ချင်လှပြီ' ဟု ပြောချင်သော်လည်း မပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြည့်စုံပါပြီ၊ ပြည့်စုံပါပြီ၊ ဘာမှ မလိုတော့ပါဘူး၊ ကဲ၊ ခုနောက်ဆုံး ဦးဟန်တင်နဲ့ ဒေါ်မြင့်မြင့်ထွန်းတို့ အတွက်ပေါ့ဗျာ'

အားလုံးက အရက်လက်ကျန်ခွက်များကို မြှောက်ပြီး ခွက်ချင်းထိလိုက်ကြသည်။ ပြီး တစ်ရှိန်တည်း မော့ချလိုက်ကြလေသည်။ သူတို့ နေရာမှ ထကြသောအခါ ကိုးနာရီ ကျော်ပြီ။ အပြင်ဘက်တွင် အမှောင်လောကသည် ဆိတ်ငြိမ်လျက်ရှိ၏။

'သာထွန်းဦးက မြစမ်းရည်နဲ့ အမျိုးသမီးတစ်သိုက်ကို လိုက်ပို့လိုက်၊ ကျွန်တော်တို့က ဒေါ်ဥမ္မာကျော်ကို လိုက်ပို့လိုက်မယ်၊ ကျန်တဲ့လူတွေကတော့ ကိုယ့်ဘာသာကိုယ် ပြန်ကြပေတော့ဗျာ၊ ကဲ အားလုံး ဂွတ်နိုက်'

သာထွန်းဦးသည် သူငှားလာသော ဒတ်ဆန်း နောက်ဖွင့်ကားပေါ်သို့ အမျိုးသမီးတစ်သိုက်ကို ခေါ်တင်လိုက်၏။ ရှေ့ခန်းသို့ မသွားမီ မြစမ်းရည်ကို တိုးတိုးပြောသည်။

'မြကို နောက်ဆုံးမှ လိုက်ပို့မယ်နော်'

မြစမ်းရည်သည် ရေမွှေးနံ့တွေ၊ ပေါင်ဒါနံ့တွေ လှိုင်နေသော အမျိုးသမီး တစ်သိုက်နှင့် အတူလိုက်လာရသဖြင့် အနေကျုံ့ပြီး အဖော်ကွဲငှက်လို ဖြစ်နေလေ၏။ သူတို့နှင့် မြစမ်းရည်က အသွင်မတူပါပေ။ သူ့ကို အရင် လိုက်ပို့ခိုင်းရရင် ကောင်းသားဟု တွေးကာ သာထွန်းဦးကို ကျိန်ဆဲနေမိ၏။

သာထွန်းဦးနှင့် သူကတော့ မိတ်ဆွေ သူငယ်ချင်းလည်း မက ရည်းစားလည်း မကျဟု ဆိုရပေမည်။ တစ်ရုံးတည်း တစ်ခန်းတည်း လုပ်ကြသူချင်းတူတူ သူတို့နှစ်ဦးက အခြားသူများထက် ပိုပြီး တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ရှိကြသည်။ မြစမ်းရည်က အေးဆေးပြီး စကားနည်းလှသဖြင့် အခြားမိန်းကလေးများနှင့်လည်း အပေါင်းအသင်း သိပ်မဖြစ်။ ရုပ်ရည်ကလည်း အများတကာလို မဝတ်နိုင် မဆင်နိုင်၍ သိပ်မသားနားလှ။



ပြီးတော့ ရုံးမှာ မြစမ်းရည်တို့က အနိမ့်ဆုံးအဆင့်။ သူတို့ထက်နိမ့်တာ ရုံးအကူ မောင်အေးတို့၊ ဓာတ်လှေကားမောင်းသူတို့ပဲ ရှိတော့သည်။ လက်နှိပ်စက်စာရေးဆိုတော့ ခိုင်းချင်တာရှိလျှင်သာ သတိရကြမည်။ လေးစားရိုသေမှုတော့ မရှိ။ သို့သော် သာထွန်းဦးကတော့ မြစမ်းရည်ကို ခင်သည်။ မြစမ်းရည်သည် မလှသော်လည်း ချစ်စရာကောင်းသူ၊ စိတ်နှလုံး သိမ်မွေ့သူ၊ ပညာတတ်ဆိုသည့် အချို့သော မိန်းကလေးများထက် အတွေးအခေါ် ရင့်ကျက်သူ၊ ဘဝကို နားလည်သူ၊ ပြီးတော့ သူ့ကို ခင်တွယ်သူ။

သာထွန်းဦးကတော့ ဘွဲ့ရ လူငယ်တစ်ယောက်ပင်။ သို့သော် ရုံးမှာတော့ အထက်တန်းစာရေး သို့မဟုတ် စာရေးကြီးအဆင့်သာ ရှိသေးသည်။ သာထွန်းဦးက ဖော်ရွေသည်။ အကူအညီပေးတတ်သည်။ လူချစ်လူခင်ပေါသည်။ သာထွန်းဦးနှင့် မြစမ်းရည်တို့ ခင်မင်ရင်းနှီးခြင်းအတွက် ရုံးမှ အချို့မိန်းကလေးများက နှာခေါင်းရှုံ့ချင်ကြသော်လည်း သာထွန်းဦးကိုတော့ အခင်အမင် မပျက်။ ထို့အတူ မြစမ်းရည်ကိုလည်း အပေါင်းအသင်းမပျက်။ မြစမ်းရည်သည် အနေမှန်၍ အလုပ်ကို ရိုသေလေးစားသူ၊ ယုံကြည်စိတ်ချရသူ မဟုတ်လား။

ဒတ်ဆန်းကားလေးက တက္ကသိုလ်ရိပ်သာလမ်းမှ ညာဘက်သို့ကွေ့၍ အင်းလျားလမ်းထဲကို ဝင်သည်။ အင်းလျားရေပြင်သည် အမှောင်ထုအောက်တွင် ငြိမ်ဝပ်လျက်။ အင်းလျားနှင့် ရတနာမှ မီးအိမ်လေးများ လင်းနေကြသည်။ သူငယ်အချို့ ကုံးကော်ရိပ်မှာ ဂစ်တာတီး၍ သီချင်းဆိုနေကြလေသည်။

ပြည်လမ်းဘက်ကို ကွေ့ခဲ့၏။ ယိုးဒယားကနုတ်ပန်းတွေ ရေးခြယ်ထားသော အင်းလျားကန်ပေါင်ရိုးနှင့် အုတ်လှေကား ဖြူဖြူများကို တွေ့ရသည်။ စွပ်ကျယ်စက်လမ်းထဲကို ကွေ့ဝင်၏။ မိန်းကလေးအချို့ [illegible]ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြင့်မြင့်ထွန်း၏ သူငယ်ချင်းများ ဖြစ်ကြလေသည်။ အမျိုးသမီး ဘော်ဒါဆောင်မှ ပြန်ထွက်လာပြီး ပြည်လမ်းအတိုင်း ပြန်မောင်းလာသည်။ လှည်းတန်းတွင် မိန်းကလေးတစ်ယောက် ဆင်းသည်။ ဦးဝိစာရ ကွက်သစ်တွင် တစ်ယောက် ဆင်းသည်။ နောက်ဆုံးတော့ ကားနောက်ပိုင်းမှာ မြစမ်းရည် တစ်ယောက်တည်း ကျန်ရစ်လေသည်။

ဒတ်ဆန်းကားလေးသည် အရှိန်ပြင်းစွာ ပြေးလွှားနေ၏။ ရှေ့တူရူမှ တိုက်ခတ် တိုးဝင်လာသော လေအရှိန်ကြောင့် ဆံပင်များ လည်ပင်းတစ်ဝိုက်တွင် ပျံ့လွင့် ရစ်ပတ်နေကြသည်။ ရန်ကုန်မြို့သည် စောစီးစွာ တိတ်ဆိတ်ငြိမ်သက်နေပေပြီ။ ရုပ်ရှင်တွေ သိမ်းကုန်ပြီ။ ဈေးသည်တွေ ပြန်ကုန်ပြီ။ ဆူးလေလမ်းမတစ်ဝိုက်သာ မီးရောင်ဖြာလျက်ရှိ၏။ ပန်းဆိုးတန်းလမ်းကို လွန်လာသော် အမှောင်နှင့် တိတ်ဆိတ်ခြင်းအလယ်သို့ ပြန်ရောက်သွားလေ၏။

မြစမ်းရည်သည် ငိုက်မြည်းစပြုလာသည်။ တက္ကသိုလ်ရိပ်သာလမ်းပေါ်မှ ညစာစားပွဲလေးသည် သူ့အမြင်မှာ မှုန်ဝါးပျောက်ကွယ်စပြုလာသည်။ ရောင်စုံမီးလုံးလေးများ၊ ပွင့်တူရွက်တူပင်လေးများ၊ ပင်လယ်ကဗွီးရွက်လေးများသည် မှိန်လိုက် ပျောက်လိုက် ဖြစ်နေရာမှ တစ်စတစ်စ ပျောက်ဆုံးသွားလေသည်။

## ၂

တကယ်တော့ သူ့အိမ်သို့ လိုက်ပို့ခိုင်းရသည်ကို မြစမ်းရည် အားနာလှသည်။ သာကေတ ဆိုလိုက်သည်နှင့် တော်ရုံ သုံးဘီးသမားကပင် ခေါင်းခါလက်ယမ်းပြသွားတတ်သည်။ တစ်ခါတစ်ရံ ကားပေါ်ရောက်မှ ပြန်ဆင်းပေးရသည်လည်း ရှိသည်။ 'ကားပစ္စည်းက ဝယ်ရတာ မလွယ်ဘူးဗျ'ဟုလည်း ပြောသွားသေးသည်။ 'ဘယ်မှာနေလဲ' ဟု မေး၍ 'သာကေတ' ဟု ဖြေလျှင်ပင် နှာခေါင်းရှုံ့သူက ရှုံ့သည်။ သည်နေ့ညတော့ သာထွန်းဦးက အိမ်အရောက် ပြန်ပို့ပေးပါမည်ဟု ကတိခံ၍သာ သူ လိုက်ခဲ့ခြင်းဖြစ်သည်။ ကားပိုင်ရှင်ကို အားနာသော်လည်း ဘာမျှ မတတ်နိုင်။ သည်အချိန်ဆိုလျှင် အမေကလည်း မျှော်လှရော့မည်။

ကားဘီးနှင့် ကတ္တရာလမ်းတို့ ထိတွေ့သံသည် ဗိုးခနဲ ဗိုးခနဲ မြည်နေ၏။ ပုဇွန်တောင်ဈေးကို လွန်ခဲ့သည်။ ကြားကားအချို့၏ လူခေါ်သံကို ကြားရလေသည်။ မီးတိုင်များသည် တရိပ်ရိပ် ပြေးဝင်လာလျက်ရှိ၏။ တံတားကြီးကို ကျော်ခဲ့ပြန်သည်။ ကုန်းဆင်းတွင် မရင်ရွှေတို့ အိမ်ဘက်ကို မျှော်ကြည့်မိ၏။ မရင်ရွှေက ဒေါပုံတွင် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှပသေသပ်သော မြို့တံတားကို လွန်ခဲ့ပြီ။ သာကေတမြို့ကား အမှောင်ကြားမှာ အကျည်းတန်စွာ ငြိမ်သက်လျက်ရှိ၏။ ကားလေးသည် လမ်းမကြီးတစ်လျှောက် ဖုထစ်ချိုင့်ဝှမ်းများကို ခုန်ပေါက်ကျော်လွှားလာခဲ့ရလေသည်။ ကားရှေ့ခန်းမှ စတီရီယို သီချင်းသံလေး ပျံ့လွင့်လာ၏။ မြစမ်းရည်ကတော့ ကားနောက်ခန်းမှာ အိပ်ငိုက်လျက်ရှိပြီ။ ဈေးသိမ်းသူများဖြင့် ပြည့်နေသော ကြားကားတစ်စီး ဘေးမှ ဖြတ်သွား၏။ မြစမ်းရည်က မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်သည်။ ညအမှောင်၏ တိမ်ညိုများကြားတွင် ရွှေတိဂုံစေတီကို ကြည်ညိုဖွယ် ဖူးမြင်ရလေ၏။

သူတို့ သားအမိတစ်တွေ သာကေတကို ပြောင်းလာခဲ့သည်မှာ ကြာပြီ။ အဖေနှင့် အမေတို့ အဆင်မပြေကတည်းက ဆိုပါစို့။ အစကတော့ မုန့်လက်ဆောင်းကုန်းဘက်မှာ သားအမိသားအဖတစ်တွေ အေးဆေးစွာ နေထိုင်ခဲ့သည်။ အမေက ဂွဈေးမှာ ဟင်းသီးဟင်းရွက် ရောင်းသည်။ အဖေက စမ်းချောင်း ပညာအုပ်ရုံးမှာ စာရေးလုပ်သည်။ မြစမ်းရည်ကို မွေးပြီး အဖေနှင့် အမေတို့ အိမ်ထောင်ရေး အဆင်မပြေကြ။ အမေ ဈေးရောင်းရသည့် ငွေက အဖေ့ စာရေးလခထက်သာသော်လည်း အစကတည်းက အဖေနှင့် အမေ့ကို သဘောမတူသော အဖေ့အမျိုးတွေက အမေ့ကို အမျိုးမျိုး ပုတ်ခတ်သည်။ နောက်ဆုံးတော့ မာနကြီးသော အမေက သမီးကို လက်ဆွဲကာ သာကေတရှိ အစ်မဆီသို့ ပြောင်းလာသည်။ သည်တုန်းက အမေ့ဝမ်းမှာ အငယ်ကောင် ဇော်ထွန်းလေးကို လွယ်ထားရပြီဖြစ်ကြောင်း မြစမ်းရည်ပင် မသိခဲ့။ ယခုတော့လည်း အမေသည် အိမ်တစ်လုံး သပ်သပ်ငှားကာ သားနှင့် သမီးကို ဈေးရောင်းကျွေးလေသည်။

မြစမ်းရည်က ၁၀ တန်း မအောင်ခင် ကျောင်းမှထွက်ပြီး လက်နှိပ်စက်သင်ခဲ့ရသည်။ မဖြစ်စလောက်သော လခကလေးက အမေ့ကို မပေးနိုင်



သည့်တိုင် သူ့အဝတ်အစားဖိုး၊ မောင်လေးမုန့်ဖိုးတော့ ရသေး၏။ မောင်လေးကိုတော့ တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ကျောင်းထားမည်ဟု အမေက ကြုံးဝါး၏။ အဖေက သားဖြစ်သူကို ခေါ်သော်လည်း အမေက မပေးခဲ့။ ခုတော့ အဖေလည်း နောက်အိမ်ထောင်နှင့် ကလေးနှစ်ယောက်ပင် ရနေပြီ။

ကားလေးသည် မြင်တော်သာလမ်းတစ်လျှောက် ပြေးနေလေ၏။ သာထွန်းဦးက မှန်ချပ်မှတစ်ဆင့် မြစမ်းရည်ကို လှည့်ကြည့်သည်။ မြစမ်းရည်သည် အိပ်ငိုက်ရာမှ ပြုံး၍ ပြလိုက်၏။ ကားသည် ကတ္တရာလမ်းကြားလေးထဲသို့ ဆင်းလာလေသည်။

အမေသည် အိမ်ရှေ့တံခါးကိုဖွင့်၍ အသင့်ကြိုနေ၏။ မောင်လေးက ဝါကျင်ကျင် မီးရောင်အောက်မှာ စာကျက်နေဆဲဖြစ်သည်။ သာထွန်းဦးက ရှေ့မှဆင်းကာ အမေ့ကို ဝင်၍ နှုတ်ဆက်ရန် ဟန်ပြင်သည်။

'နင် အိမ်ထဲမဝင်နဲ့တော့'

'ဘာဖြစ်လို့လဲ'

သာထွန်းဦးအဖို့ သည်အိမ်ကို အမြဲဝင်ထွက်နေကျ။ အမေနှင့်လည်း ရင်းနှီးပြီးသား။

'နင့်ပါးစပ်က အရက်စော်နံနေမှာပေါ့'

သာထွန်းဦးက ပခုံးကို တွန့်၍ နေရစ်သည်။ 'မဝင်တော့ဘူး အမေရေ့' ဟုလည်း လှမ်းနှုတ်ဆက်လိုက်သည်။ အမေက 'အေး အေး မြစမ်းကို ပြန်ပို့တာ ကျေးဇူးတင်သကွယ့်' ဟု အော်ပြောလေသည်။ မြစမ်းရည်က ကားမောင်းလာသူကိုသာ အထူး ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောသည်။ အကယ်၍ အိမ်နီးနားချင်းများ မအိပ်သေးဘူးဆိုလျှင်တော့ လမ်းထဲအထိဝင်လာသော ကားသစ်ကြီးကို တအံ့တသြ ငေးကြည့်ကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြစမ်းရည်သည် သူ့ဖိနပ်အသစ်ကို ရွံ့မပေစေရန် အုတ်ခဲများပေါ်သို့ သတိထား၍ လှမ်းရင်း အိမ်ဆီသို့ လျှောက်ခဲ့၏။ အိမ်ပေါ် တက်သည့် သစ်သားဆင့်ကို အလယ်တည့်တည့်မှ မှန်း၍ လှမ်းတက်ရသည်။ သံတွေ ပြုတ်နေသဖြင့် ဘေးက တက်လိုက်လျှင် ဖျဉ်ပြားထောင်ပြီး လိမ့်ကျသွားမည် စိုးသောကြောင့်ဖြစ်လေသည်။ ကားပြန်ထွက်သွားသံကို ကြားလိုက်ရ၏။

'အမေကောလဲ အိပ်နှင့်ရောပေါ့'

မြစမ်းရည်က ဖိနပ်ကို တယုတယချွတ်ရင်း အမေ့ကို လှမ်းပြော၏။ ဇော်ထွန်းက စာကျက်နေရင်းမှ မြစမ်းရည်ကို မော့ကြည့်လေသည်။

'ကျွန်တော်တို့ဖို့ ဘာမှမပါဘူးလား အစ်မ'

'ဟဲ့ သူများကကျွေးတာ သယ်လာလို့ ကောင်းပါ့မလား၊ ရှက်စရာကြီး၊ ဟင်းတွေကတော့ အများကြီး ကျန်ခဲ့တာပဲဟယ်၊ ငါဖြင့် စားရတာ ဝတောင် မဝဘူး'

မြစမ်းရည်က ကန့်လန့်ကာ ညစ်ထပ်ထပ်လေးကို မ ကာ အတွင်းခန်းသို့ ဝင်ရင်း ပြော၏။

'ညည်းဟာကလဲ ဘယ်လိုလဲအေ့၊ ဟင်းတွေအများကြီး ကျန်တယ်လဲ ဆိုသေးရဲ့ ဝလဲ မဝဘူးဆိုတော့'

အမေက တံခါးရွက်များကို ဆွဲစေ့ရင်း မေးလေသည်။ ပတ္တာမှ တကျွီကျွီ မြည်သံကို ကြားရ၏။ ပြီးတော့ သစ်သားမင်းတုပ်ကို ဒုံးခနဲနေအောင် ထိုးချလိုက်သည်။ မြစမ်းရည်က ဖာအဟောင်းထဲမှ အင်္ကျီလုံချည်အဟောင်းများကို ဆွဲထုတ်နေ၏။

'အမေကလဲ အိမ်မှာလို လက်နဲ့ ပယ်ပယ်နယ်နယ် စားရတာမဟုတ်တော့ ဘယ်အားရပ့ါမလဲ၊ ပြီးတော့ ထမင်းလဲ သိပ်မစားကြဘူး၊ ဟင်းတွေချည်း ဖိစားနေကြတာ၊ ဟင်းတွေကလဲ ချိုရဲရဲကြီးပါ အမေရာ၊ အိမ်မှာ ဘာကျန်သေးလဲဟင်၊ မနက်ကချက်တဲ့ ငါးလေးချက် ရှိသေးလား'



'ဖြစ်မှ ဖြစ်ရလေအေ၊ ဘာမှ မရှိတော့ဘူး၊ လူတော်တော်များလား၊ ပိုက်ဆံတော့ တော်တော်ကုန်မှာနော်'

အမေက အိမ်ရှေ့ခန်းတွင် အိပ်ရာပြင်ရင်း မေး၏။ အိမ်တွင်တော့ အမေနှင့် မြစမ်းရည်သည် အသံကျယ်ကျယ်ဖြင့် စကားကို အော်ပြောလေ့ရှိကြ၏။ ဇော်ထွန်းက စကားတိုးတိုးပြောတတ်သည်။ ရှက်တတ်သည်။

'ခြောက်ရာကျော်လောက် ကုန်တာ အမေရဲ့'

'အမယ် မနည်းပါလား'

'ဇော်ထွန်းက စာအုပ်တွေသိမ်းရင်း သူတို့သားအမိကို စွေကြည့်သည်။

'အမေတို့ကလဲ အထူးအဆန်းဖြစ်နေလိုက်ကြတာ၊ သူများကြားရင် ရှက်စရာဗျာ၊ အဲဒါ ဘာဆန်းလဲ၊ ပိုက်ဆံရှိရင် စားနိုင်တာပဲ၊ နေ့တိုင်းသွားနေ့တိုင်းစားနေတဲ့လူတွေ ရန်ကုန်မြို့မှာ တစ်ပုံကြီး'

'ဟုတ်တယ် အမေရေ့၊ ကျွန်မတို့က ကျွေးတဲ့လူရှိလို့ စားရတာ၊ သူများတွေလေ အပျင်းပြေ လာစားကြတာ အမေရဲ့၊ ကလေးတွေရော ဘာတွေရော'

ဇော်ထွန်းသည် နောက်ဖေးဘက်သို့ ခြေသံပြင်းပြင်းဖြင့် ဝင်သွားလေသည်။ မီးဖိုချောင်မှ အိုးခွက်လှန်သံ ကြားရ၏။ မြစမ်းရည်က ဘလောက်စ်အင်္ကျီကို ကြယ်သီးတပ်ရင်း ပြေးလိုက်သွားသည်။ အမေက ဘုရားရှိခိုးဖို့ ဟန်ပြင်၏။

'နင် ဘာစားမလို့လဲ၊ ငါ့ဖို့လဲ ချန်ထားဦး'

မြစမ်းရည်က ဇော်ထွန်းနောက်က လိုက်မေးသည်။

'ဟဲ့ မနက်ဖို့ထားတဲ့ ငါးဆုပ်လုံးတွေ စားမပစ်နဲ့နော်'

အမေက ဘုရားရှိခိုးရန်ပြင်ရင်းမှ လှမ်းအော်၏။

'တစ်ခုတည်းပါ အမေရ'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွန်းက လှမ်းပြောသည်။ ပန်းကန်ထဲကို ထမင်းတစ်ဆုပ် ထည့်ပြီး အဆာပြေစားရန် ဟန်ပြင်၏။ အစားအသောက်အကြောင်း ကြားရသည်နှင့် ဆာသွားဟန်တူသည်။ မြစမ်းရည်ကလည်း ထမင်းတစ်ပန်းကန်ထည့်လိုက်ပြီး ဟင်းအိုးကို ဖွင့်ကြည့်သည်။ နန္ဒင်းရောင်သမ်းနေသော လက်နှစ်လုံးခန့် ငါးဖယ်ကြော်တုံးကလေးများကို တွေ့ရ၏။ အိုးကို အသာပြန်ပိတ်လိုက်သည်။ စားပစ်လို့ မဖြစ်။ မနက်ဖြန် ရုံးမတက်ရသည့်တိုင် အမေဈေးထွက်တော့ စားသွားရဦးမည်။

မြစမ်းရည်သည် အိုးမည်းတို့ဖြင့် ညစ်ပေနေသော ငါးပိရည်အိုးကို ယူကာ အရည်နောက်သွားစေရန် အနည်းငယ် လှုပ်လိုက်၏။ ပြီးတော့ အိုးကိုစောင်းကာ ထမင်းပန်းကန်ထဲ လောင်းချလိုက်သည်။ နောက် ငရုတ်သီးမှုန့်ပုလင်းကို ယူကာ အနည်းငယ်လှုပ်ခါ၍ ထည့်လိုက်၏။ ပြီးမှ လက်ဆေးဖို့ သတိရပြီး စဉ့်အိုးထဲမှ ဖင်ကပ်နေသော ရေကို ခြစ်၍ ခပ်လိုက်သည်။

'နင်ကလဲဟာ ရေလေး ဘာလေး ဂရုစိုက်ပါဦး'

ဇော်ထွန်းဘက်သို့လှည့်ကာ မရဲတရဲ ပြော၏။

'တတ်နိုင်သလောက်တော့ ဂရုစိုက်တာပဲ၊ ကျောင်းမီအောင်လဲ သွားရသေးတယ်ဗျ'

သူတို့အရပ်က ရေရှားသည်။ မနက် မိုးမလင်းမီကပင် ရေကန်မှာ ပုံးတွေ တန်းစီထားရ၏။ အမေနှင့် မြစမ်းရည်က မနက်စောစော အိမ်မှ ထွက်ရတတ်ပြီး ညနေစောင်းမှ ပြန်ရောက်တတ်သဖြင့် ဇော်ထွန်းက ရေသယ်ဖို့ တာဝန်ယူရသည်။

မြစမ်းရည်သည် ဘာမျှ မပြောတော့ဘဲ ကြမ်းပြင်ပေါ်တွင် အကျအနထိုင်ကာ ထမင်းနှင့် ငါးပိရည် ငရုတ်သီးမှုန့်တို့ကို အားပါးတရ နယ်၍ စားပစ်လိုက်လေသည်။

❑

၃

ရေဒီယိုမှ အင်္ဂလိပ်ပိုင်း အစီအစဉ်ကို အသံလွှင့်နေပေပြီ။ နံနက် ရှစ်နာရီခွဲပြီးပြီ။ သည်နေ့ ရုံးမတက်ရသဖြင့် သာထွန်းဦးတစ်ယောက် အိပ်ရာထဲမှာ ကွေးနေဆဲဖြစ်သည်။ ညကအရှိန်ဖြင့် ခေါင်းကလည်း ရီဝေနေ၏။ သို့သော် ကိုးနာရီမထိုးမီ အိပ်ရာက ထမှ ဖြစ်တော့မည်။ သူက အိမ်ရှေ့ခန်းမှာ အိပ်ရသူဆိုတော့ မတော်တဆ ဧည့်သည်တွေဘာတွေလာလျှင် ခြင်ထောင်တွေ တိုးလို့တန်းလန်းနှင့် မြင်မကောင်းဘဲ ရှိနေမည်။

သူ့အစ်မဖြစ်သူနှင့် ကလေးတွေကတော့ စောစီးစွာပင်ထကာ ထုံးစံအတိုင်း ဆူညံအော်ဟစ်၍ နေပေပြီ။ အစ်မဖြစ်သူသည် နံနက်တိုင်း ထမင်းကြမ်းကို ကြက်သွန်နီ၊ နန္ဒင်းမှုန့်၊ အချိုမှုန့်တို့ဖြင့် ကြွပ်အောင်ကြော်၍ သူ့ကလေး သုံးယောက်ကို ကျွေးမြဲဖြစ်၏။ အကြီးဆုံး ခုနစ်နှစ်သားမှသည် အငယ်ဆုံး နို့စို့လေးအထိ ကလေးတစ်သိုက်သည် ထမင်းကြော်ကို အလုအယက် စားရင်း တစ်ဖက်မှလည်း အီကြာကွေးစားမယ်၊ နံပြားစားမယ်စသဖြင့် ဆန္ဒပြကြစမြဲ ဖြစ်သည်။ တစ်ခါတစ်ရံ အစ်မသည် အီကြာကွေး သုံးချောင်းကို ဝယ်ကာ ခြောက်ချောင်းဖြစ်အောင် ခွဲ၍ ဝေတတ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုပေါင်းမှ တစ်ဘဝဖြစ်ရသော အိုကြာကွေးသည် အစ်မတို့အိမ်တွင် ဘဝချင်းခြားကြရလေတော့၏။

ယောက်ဖနှင့် အစ်မတို့၏ နှစ်ယောက်ပေါင်း လခ ၆၀၀ ကျော်ကို စေ့စေအောင် သုံးစွဲရသည့် အစ်မ ဒုက္ခမှာလည်း မသေးလှ။ သူကလည်း တစ်လေ ငွေ ၁၀၀ ခန့်ကိုပင် မနည်း ခြစ်ခြုတ်ပြီး ပေးရ၏။ တစ်ခါတစ်ရံ သုံးစရာမရှိလျှင် အစ်မဆီမှ လက်ဖြန့်ရသေးသည်။ ယောက်ဖက သဘောကောင်း၍ တော်ပါသေးသည်။ ဘာပဲပြောပြော ရန်ကုန်မြို့လယ်ခေါင်မှာ တိုက်ခန်းနှင့်နေရသည်ဆိုတော့ အမြင်အားဖြင့် အဆင့်အတန်းက သိပ်မနိမ့်လှပေ။ ပြီးတော့ တောမှာမွေးသည်ဆိုသော်လည်း ရန်ကုန်တွင် ကြီးပြင်းခဲ့သည်မို့ မြို့သားပီပီ အိမ်ထဲမှာ ဘယ်လိုပဲနေနေ အပြင်ထွက်လျှင် ရှိုးကျကျ ထွက်တတ်သည့် အကျင့်ကိုလည်း ရခဲ့ပြီ။ အင်္ကျီ အဝတ်အထည် များများ စားစား ရှိဖို့မလို။ အချိုးကျဖို့ ခေတ်မီဆန်းသစ်ဖို့သာ လိုသည်။ ရိုးသွားလျှင် အဟောင်းဈေးမှာ ပြန်ရောင်းပြီး အသစ်တစ်ထည် ဝယ်ဝတ်၏။ ထို့ကြောင့်လည်း သူတို့ တစ်အိမ်သားလုံး လူကြီးရော ကလေးတွေပါ အပြင်ထွက်လျှင်တော့ တော်ရုံလူက အထင်မသေးဝံ့။ အိမ်ထဲမှာ အိုကြာကွေး တစ်ချောင်း နှစ်ယောက်စားရတာ ဘယ်သူသိတာမှတ်လို့။

သာထွန်းဦးသည် မျက်နှာသုတ်ပဝါကို လည်ပင်းတွင်ပတ်ကာ ရေချိုးခန်းသို့ ဝင်ခဲ့၏။ ယောက်ဖဖြစ်သူကလည်း ရုံးပိတ်ရက်မို့ အိပ်ကောင်းဆဲတည်း။

သာထွန်းဦးကိုမြင်သော် ကလေးတွေက 'ဦးဦး တိရစ္ဆာန်ရုံ လိုက်ပို့မယ်ဆို'ဟု ဝိုင်းအော်ကြ၏။

'နောက်တစ်ပတ်တော့ သွားတာပေါ့ကွာ၊ ဒီနေ့ မင်းတို့ ရုပ်ရှင်ကြည့်မှာ မဟုတ်လား'



'အမယ်တော် လကုန်ရက်ကြီး ရုပ်ရှင် မကြည့်နိုင်သေးပါဘူး'

သူ့အစ်မက လှမ်းအော်၏။

'နောက်တစ်ပတ် ဆက်ဆက်လိုက်ပို့မယ်ကွာ'

သာထွန်းဦးက ပြောပြောဆိုဆို ရေချိုးခန်းတံခါးကို ပိတ်လိုက်သည်။ 'ဦးဦး အလကား အာလူး' ဟု ကလေးတွေက အော်ကြသည်။ သာထွန်းဦးသည် အမျှင်များ ဖွာထွက်စပြုနေသော သွားပွတ်တံပေါ် သို့ လက်တစ်လုံးခန့် သွားတိုက်ဆေးဘူး ပြားချပ်ချပ်ကို ပြားသထက် ပြားအောင် ထပ်ညှစ်လိုက်ကာ စိမ်ပြေနပြေ သွားတိုက်၏။ ပြီးတော့ ဒီနေ့ ဘယ်သွားရရင်ကောင်းမလဲဟု တွေးနေလေသည်။

သာထွန်းဦး ရေချိုးပြီးချိန်တွင် သူ့ယောက်ဖလည်း အိပ်ရာမှထပြီး ကလေးတွေသည် သူ့အဖေ ပုဆိုးကိုဆွဲကာ ပူဆာကြပြန်၏။ အကြီးဆုံးကောင်ကတော့ လမ်းမပေါ် ကို ဆင်းသွားပြီ။ ထမင်းစားကာနီး သူ့အမေ တကြော်ကြော် ခေါ်မှ ပြန်တက်လာပေလိမ့်မည်။ သာထွန်းဦးသည် သူ့ကိုယ်ကို မသိမသာ ခြယ်သ၏။ မျက်နှာကို စနိုးနည်းနည်း လိမ်းသည်။ ဆံပင်ကို ကော်ရည်နည်းနည်း ဆွတ်သည်။ ပေါင်ဒါကို ကိုယ်အနှံ့ထည့်သည်။ ပြီးတော့ အဆင်တန်ဆာများကို ဆင်မြန်း၏။ ဂျင်းဘောင်းဘီ၊ စွပ်ကျယ်၊ လက်ပတ်နာရီ၊ နေကာမျက်မှန်၊ ကွင်းထိုးဖိနပ်။

'ဒါက ဘယ်သွားဦးမလို့လဲ၊ တစ်နေ့တလေ အားတဲ့အခါ အိမ်မှာနေပါဦး'

အစ်မ၏အသံကို ကြားရ၏။ သူ့ယောက်ဖထွက်လာပြီး မကြာခင်မှာလည်း သည်စကားမျိုးကိုပင် အစ်မ ထပ်ပြောရပေဦးမည်။

'လမ်းထိပ်တင်ပါ အစ်မရဲ့၊ ဒါနဲ့ လက်ဖက်ရည်ဖိုး နှစ်ကျပ်လောက် ပေးပါဦး၊ လကုန်ရင် ပြန်ဆပ်မယ်၊ မှတ်ထားနော်'

www.burmeseclassic.com

www.burmeseclassic.com



'အမယ် တစ်ခါမှလဲ ပြန်မရဘဲနဲ့'

'ပေးပါတယ် အစ်မရာ၊ အရင်တစ်ခါ မှတ်မှတ်ရရ ပြန်ပေးသားပဲ၊ အစ်မ မေ့နေလို့ပါ၊ နို့မို့ဆို လောက်ပါတယ်၊ မနေ့က'

'ဟင်း၊ မနေ့က ဘယ်လောက်ကုန်သွားလဲ၊ အရက်တွေလဲ သောက်လာသေးတယ်'

'သူများကျွေးတာပါ အစ်မရာ၊ ကားခ နည်းနည်းပါးပါး ကုန်သွားတာပေါ့၊ ကောင်မလေးတွေ လိုက်ပို့ရတာလေ၊ ဟဲ ဟဲ'

'ဟင်းနော်၊ နင့်ရုံးက ဆပ်ကော့လတ်ကော့တွေတော့ ယူမလာနဲ့၊ ငါနဲ့ တွေ့မယ်'

သူ့အစ်မသည် ထုံးစံအတိုင်း မြည်တွန်တောက်တီးလျက်ကပင် ရေချိုးခန်းထဲမှ သူ့ယောက်ျား ပြန်ထွက်လာသဖြင့် ပိုက်ဆံ နှစ်ကျပ်ကို သာထွန်းဦး လက်ထဲသို့ ကမန်းကတန်း ထည့်ပေးလိုက်၏။ သာထွန်းဦးသည် လေချွန်ရင်း တိုက်ခန်းထဲမှ ထွက်လာလေသည်။ အပေါ်ထပ်မှ ကောင်မလေးတစ်ယောက် ဆင်းလာသည်ကို မြင်သဖြင့် လှေကားချောင်တွင် ကပ်၍ရပ်ရင်း ဘေးဖယ်ပေးလိုက်ကာ နောက်မှ တစိမ့်စိမ့် ကြည့်ပြီး ဆင်းလိုက်လာလေသည်။

သာထွန်းဦးတို့အိမ်က လေးထပ်တိုက်၏ ပထမထပ်မှာ ဖြစ်သည်။ သည်အခန်းကို သာထွန်းဦးတို့ မိဘများ အသက်ထင်ရှားရှိစဉ် ဝယ်ပေးခဲ့ခြင်း ဖြစ်သည်။ ယခုတော့ မိဘနှစ်ပါးလည်း မရှိတော့။ အစ်မနှင့် ယောက်ဖကလည်း ဆွေမျိုးမကင်းသူမို့ မောင်နှမတစ်တွေ စုစုဝေးဝေး နေကြသည်။ သူတို့မှာ သည်အခန်းတစ်ခုရှိနေသေး၍ ကံကောင်းနေခြင်း ဖြစ်၏။ ကျန်သည့် အနေအထားမှာတော့ မြို့နေ လူတန်းစားတို့၏ သဘာဝအတိုင်း လုံးချာလိုက်၍ နေလေသည်။



သာထွန်းဦးသည် ၃၃ လမ်းထဲမှ ထွက်ကာ အနော်ရထာလမ်းကို ကျော်ဖြတ်၍ ၃၄ လမ်းထဲသို့ ဝင်ခဲ့သည်။ သူနှင့် ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်း အောင်လှိုင်ဝင်းကို ဝင်ခေါ်သည်။ ရုံးပိတ်ရက်များတွင်တော့ သူတို့နှစ်ယောက် အတူ လက်ဖက်ရည်သောက်နေကျ ဖြစ်၏။ အောင်လှိုင်ဝင်းက သမဝါယမမှာ စာရေးလုပ်သည်။

ဆူးလေတစ်ဝိုက်တွင်တော့ လက်ဖက်ရည်ဆိုင်က အလွန်ပေါသည်။ စာပေသမားတို့စုဝေးရာ ရွှေကြည်အေးတို့၊ ပွင့်ဦးတို့ ရှိသည်။ ဝါဇီတို့ တက်နေလင်းတို့ ရှိသည်။ ဆူးလေ လမ်းမကြီးပေါ်မှ အဆင်အပြင်ကောင်းသော လက်ရွေးစင်တို့ ရွှေလမင်းတို့ ရှိသည်။ အထူးသဖြင့် မကြာသေးမီကမှ အသစ်ဖွင့်လာသော ရွှေလမင်းသည် နာမည်ကြီး။ ပြီးတော့ သည်ဘက်ခြမ်းမှာ မုန့်မျိုးစုံသော၊ ပေါက်စီကောင်းသော မင်္ဂလာ လက်ဖက်ရည်ဆိုင် ရှိသေးသည်။ ဘားလမ်းတစ်လျှောက်မှာက ရွှေမင်းသမီး၊ ရွှေလှေကား။ ပြီးတော့ ရုပ်ရှင်သမား စတီရီယိုသမားတွေ ထိုင်လေ့ရှိသည့် လမ်းဘေးက မုတ်ဆိတ် မဟူရာလက်ဖက်ရည်ဆိုင်။

သာထွန်းဦးနှင့် အောင်လှိုင်ဝင်းကတော့ လက်ဖက်ရည်သမားတွေ။ တစ်နေ့မှာ သုံးခါလောက် မထိုင်ရလျှင် သိပ်မကျေနပ်ချင်။ ရုံးသွားရန် အိမ်မှအထွက်တွင် တစ်ခါ ထိုင်ကြသည်။ ရုံးမှာ အပေါင်းအသင်းများနှင့် တစ်ခါ ထိုင်သည်။ ညကျတော့ နှစ်ယောက်ဆုံပြီး မအိပ်ချင်သေးသမျှ ထိုင်ကြပြန်သည်။

သည်နေ့အဖို့ သူတို့မှာ လက်ဖက်ရည်ဖိုး များများစားစား မရှိ။ ချွေတာဖို့လို၏။ လက်ဖက်ရည်ကျကျသောက်ပြီး ကြာကြာထိုင်၍ရသော ရွှေမင်းသမီးသို့ လာခဲ့ကြ၏။ ရန်ကုန်မြို့လယ်ကား အချိန်မရွေး စည်ကားမြဲတည်း။ ရုပ်ရှင်ရုံတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



အမြဲလို လူပြည့်နေတတ်၏။ လမ်းဘေးဈေးသည်များသည်လည်း ပလက်ဖောင်းပေါ်မှ ပျောက်သွားလိုက် ပေါ်လာလိုက်နှင့် သံသရာလည်နေကြ၏။

ယခင်တစ်လောကတော့ ပန်းဆိုးတန်းမှာ ညဈေးကြီး စည်ကားလိုက်သေးသည်။ သို့သော် ရက်ပိုင်းအတွင်းမှာပင် ပျက်သွားလေ၏။ ညဈေးဖွင့်မည်။ နေရာပေးမည်ဆိုတော့ အနော်ရထာလမ်းပေါ်မှာ ဈေးသည်တွေ ဆတက်ထမ်းပိုး တိုးလာ၏။ အိမ်မှာရှိသည့် ဆပ်ပြာတုံးလေး၊ ပန်းကန်အဟောင်းလေးတွေ ချရောင်းသူက ရောင်းသည်။ ဆိုင်ခန်းနေရာအတွက် ဈေးသည်တွေ မဲနှိုက်ရန် စာရင်းကောက်မည်ဆိုတော့ စာရင်းထဲပါဖို့ ဈေးရောင်းပြရသည်။ ဝယ်သူက မေးသောအခါ 'မရောင်းဘူး၊ မရောင်းဘူး' ဟု ယောင်မှားအော်သူက အော်သည်။ တချို့က မတန်တဆ ဈေးကို ဆိုကြသည်။ သည်ကြားထဲ ဇွတ်ဝယ်သူက ဝယ်သေး၍ ဈေးသည် အတုတွေ အတော် ခွကျကုန်ကြလေသည်။

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိသောအခါ လုံချည်အဝါရောင်နှင့် စားပွဲထိုး ကောင်မလေးက ဘာသုံးဆောင်မလဲဟု လာမေး၏။ သူတို့က လက်ဖက်ရည်နှစ်ခွက် မှာလိုက်သည်။ ခေတ်ကြီးက အတော်ပင် တိုးတက်ပြောင်းလဲနေပြီကော။ ထမင်းဆိုင်တွေ၊ အအေးဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ အမျိုးသမီးစားပွဲထိုးတွေ ဝင်လာကြသည်။ ပြောင်းလဲမှု သဘောတရားကို မည်သူမျှ တားဆီး၍မရ။ နံရံပေါ်မှ ပေရွက်နှင့် ကလောင်ကို ကိုင်ထားသော ထိုင်မသိမ်းဝတ် မိန်းမပျိုပုံ ပန်းချီကားချပ်ကြီးသည် ငြိမ်သက်လျက်ရှိ၏။ စားပွဲထိုးကောင်မလေးက လက်ဖက်ရည်နှစ်ခွက် လာချပေးသည်။

သာထွန်းဦးတို့နှစ်ယောက်သည် ၁၅ မိနစ်လျှင် လက်ဖက်ရည်တစ်ငုံငုံရင်း ရောက်တတ်ရာရာပြောကာ အချိန်ဖြုန်းနေကြ၏။ အောင်လှိုင်ဝင်း



က သူ့ရုံးမှ ပဋိပက္ခများကို ပြောသည်။ မကျေနပ်ချက်များကို ရင်ဖွင့်သည်။ သာထွန်းဦးကတော့ အခြေအနေအရပ်ရပ်ကို သုံးသပ်လက်ခံကာ မညည်းမညူ ကျော်ဖြတ်စမြဲမို့ သူပြောသမျှကို ခေါင်းညိတ် နားထောင်၏။ ညနေအတွက် ချိန်းဆိုပြီးသောအခါ သူတို့ လမ်းခွဲကြလေသည်။

သာထွန်းဦး အိမ်ပေါ်ပြန်တက်လာသည့်အချိန်တွင် သူ အပြင်ထွက်သွားသည့် အခိုက်အတန့်အတွင်း အခြေအနေများစွာ ပြောင်းလဲသွားသည်ကို တွေ့လိုက်ရသည်။ ဖိနပ်ချွတ်တွင် ဖိနပ်အရံပေါင်းများစွာကို မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။ အနည်းဆုံး ဧည့်သည် ငါးယောက်လောက်တော့ ရှိမည်။ ညဥ့်အိပ်ဧည့်သည် မဖြစ်ပါစေနှင့်။

သာထွန်းဦး ဆုတောင်း မပြည့်ပါချေ။

'ဟဲ့ သာထွန်းဦး ဟုတ်၊ လမ်းတွေ့ရင် မှတ်မိမှာ မဟုတ်ဘူး၊ ထွားလာလိုက်တာဟယ်၊ လူကောင်ကြီးက၊ နင် ငါ့မှတ်မိရဲ့'

သာထွန်းဦး ပြုံးနေလိုက်ရသည်။ လူတွေကို မမှတ်မိပေမင့် မုဒုံမှ ဧည့်သည်တွေမှန်း သိလိုက်သည်။ အဖေ အသက်ထင်ရှားရှိစဉ်က နယ်တကာ ပြောင်းရင်း မုဒုံမှာ နေခဲ့ဖူးသည်။ ထိုစဉ်က သာထွန်းဦးကို မွေးခဲ့သည်။ သာထွန်းဦး ၁၀ နှစ်သားမှာ ရန်ကုန်ပြန်ရောက်သည်။ အဖေ ရန်ကုန်မှ အထက်ဘက်ပြောင်းသွားပြီး မကြာမီ ကားမှောက်၍ ဆုံးသည်။ အမေက လွန်ခဲ့သည့် သုံးနှစ်ကမှ ကွယ်လွန်သွားခဲ့လေသည်။

'နင့်တို့မြင်တော့ နင်တို့အဖေ အမေများ အမှတ်ရလိုက်တာဟယ်၊ ရွာမှာနေတုန်းက နှစ်အိမ့်တစ်အိမ် နေကြတာ၊ ရန်ကုန်ကို လာပါ လာပါနဲ့ ခေါ်တာ၊ အမယ်လေး အခုမှပဲ ရောက်တော့တယ် ရှင်ငြိမ်းသာရဲ့'

ပြောရင်းဆိုရင်း ဧည့်သည်အဒေါ်ကြီးက ငိုပါလေတော့သည်။ သူ့ယောက်ျားဖြစ်ဟန်တူသူ လူကြီးတစ်ယောက်က မနေသာ၍ ဝင်ဟန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ဘယ့်နှယ် သူများအိမ်မှာ ငိုလား ရယ်လားနဲ့ သေတဲ့လူကလဲ ကြာပေါ့'

'ရပါတယ် ဦးကြီးရယ်၊ အမေတို့မရှိလဲ အိမ်မှာ ကြိုက်သလောက်နေနိုင်ပါတယ်၊ အရင်ကတော့ အမေက တပြောပြောနေတာ၊ ခုလဲ လာတဲ့အခိုက် ဘုရားလေးဘာလေး ဖူးကြဦးပေါ့'

အမေ့ကို သတိရသဖြင့် စိတ်မကောင်း၍ပဲလားမသိ၊ အစ်မအသံကလည်း တုန်ချင်ချင်။ တကယ်တော့ ဧည့်သည်အုပ်ကြီးကိုကြည့်ပြီး သာထွန်းဦးပင် ခပ်လန့်လန့်။ အမေ ရှိစဉ်ကတော့ ဧည့်သည်လာလျှင် မငြူစူရန် သမီးဖြစ်သူကို အစဉ်ဆုံးမတတ်၏။ အစ်မသည် အမေကဲ့သို့ပင် အပြုံးကို ဆောင်ထားသော်လည်း အစ်မ၏ အပြုံးနောက်မှ နွမ်းရိသော ပူပန်မှုကို သာထွန်းဦးက မြင်ယောင်နေလေသည်။

'စိတ်ချ စိတ်ချ၊ ဟောဒီက မြေးတွေကလဲ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးလို့ ခေါ်လာရတာ၊ ဘုရားကတော့ ရန်ကုန်မှာရှိသမျှ ဘုရားအနှံ့ဖူးရတော့မှာပဲ၊ ပြီးတော့ ဘာ ကရဝိက်ဟိုတယ်ဆိုတာလဲ ရောက်ချင်ပါရဲ့'

'ဟုတ်ကဲ့ ဒေါ်ဒေါ် လိုက်ပို့ပါ့မယ်'

အစ်မက သာထွန်းဦးကို လှမ်းကြည့်၏။ သာထွန်းဦးကတော့ သူ့အပေါ် တာဝန်ပုံလာပြီဟု နားလည်လိုက်လေသည်။ အစ်မနှင့် ယောက်ဖကနုံးမှ ခွင့်ယူဖို့ မလွယ်။ သာထွန်းဦးကတော့ သူ့ဌာနမှာ အပေါင်းအသင်းဆန့်၍ ပြေလည်သဖြင့် ခွင့်ယူလို့ ရလေသည်။ သို့မဟုတ် လစ်သင့်လျှင်လည်း လစ်ရသည်ပေါ့။

ဧည့်သည်တွေကတော့ စုစုပေါင်း ခုနစ်ယောက်လောက်ရှိမည်။ သားတွေ သမီးတွေ မြေးတွေနှင့် တစ်ဖွဲ့ကြီးဖြစ်၏။ အမေရှိစဉ်ကတော့ မုဒုံမှာ ခြံချင်းကပ်နေခဲ့သော သူတို့ မိသားစုအကြောင်းကို မကြာခဏ ပြောခဲ့ဖူး



သည်။ ရန်ကုန်အလည်လာဖို့လည်း တကယ်ပင် တရရ မှာခဲ့ဖူးပါ၏။ ယခုတော့ ရွှေဧည့်သည်တစ်သိုက် ဧည့်ခန်းကျဉ်းကျဉ်းလေးမှာ ကိုယ့်အထုပ်လေးတွေ ကိုယ် ရှေ့ချပြီး မျက်နှာငယ်လေးတွေနှင့် ငုတ်တုတ်လေးတွေထိုင်နေသည်မှာ အားနာဖို့ပင် ကောင်းသေး၏တော့။ အစ်မကလည်း စကားကိုရွှန်းရွှန်းဝေအောင် မပြောတတ်။ ယောက်ဖက သာဆိုးသေး။ မပြောလိုက်နှင့် ပြောပြန်လျှင်လည်း ဘုဂလန့်။

ရှေးဦးစွာ ဧည့်သည်တွေကို ရေမိုးချိုးစေရမည်။ ပြီးတော့ သူတို့စားရေးသောက်ရေးအတွက် အစ်မနှင့် ယောက်ဖတို့ တီးတိုးတိုင်ပင်ကြသည်။ ဘာတွေ ပေါင်နှံ့ရဦးမည်လဲ မသိ။

ဧည့်သည်တွေကတော့ ငါးပိ ငါးခြောက်တွေ၊ စားစရာတွေ တစ်ပုံကြီးပါလာ၏။ မော်လမြိုင်ပစ္စည်းတွေလည်း လက်ဆောင် ယူခဲ့သေးသည်။ ဘယ်ပစ္စည်းကို ပြန်ရောင်းစားရလျှင် ဘယ်လောက်ရနိုင်သည်ကို သာထွန်းဦးက စိတ်တွက် တွက်နေ၏။

ဘာပဲဖြစ်ဖြစ် ပွဲဦးထွက် ထမင်းဝိုင်းကတော့ အဆင်ပြေသွားသည်။ ကလေးသုံးကောင်ကလည်း ဧည့်သည်ကလေးတွေနှင့် ရောပြီး ပျော်နေကြလေသည်။ ထမင်းဝိုင်းတစ်ဝက်တွင် နောက်ဖေးဘက်မှ ဝေါခနဲ ရေသံကြီးကို ကြားလိုက်ရလေသည်။

'ဟော လာပြီ လာပြီ'

အစ်မ၏ကလေး အကြီးကောင် ဆန်နီ၏ အပြောကို ဧည့်သည်တွေက နားမလည်ကြသေး။ သာထွန်းဦးတို့တစ်တွေကတော့ ပြုံးမိကြပြီ။ ဧည့်သည်ကလေးတစ်ယောက်က 'ဘာလာတာလဲ'ဟု မေး၏။ အစ်မသမီး အာသွက်လျှာသွက်မက နောက်ဖေးချီးပိုက်က ချီးတွေကျလာတာ'ဟု ပြောလိုက်ရာ အစ်မမှာ သူ့ကို ဟန့်ဖို့ အချိန်မမီလိုက်တော့ပေ။ ဧည့်သည်တွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အထိတ်တလန့်ဖြစ်ကာ နောက်ဖေး ပြတင်းပေါက်ဆီကို လှမ်းကြည့်ကြလေသည်။ နောက်ဖက် ပြည်သူပိုင် အဆောက်အဦတစ်ခုမှ ဖောက်ချထားသော မိလ္လာပိုက်ကြီး၏ အပေါက်ဝမှ အရောင်စုံ အနံ့စုံသော မစင်ရေတွေ တဝေါဝေါကျလာသည်ကို မြင်ကြရလေတော့၏။

အိမ်ရှင်တွေအဖို့တော့ ရိုး၍နေပြီ။ တစ်ခါတစ်ရံ မခံရပ်နိုင်လွန်းလျှင်တော့ အိမ်ရှေ့ဝရန်တာကို ထွက်ပြေးရသည့်အခါလည်း ရှိ၏။ ဧည့်သည်တွေမှာ မြင်ကွင်းရော အနံ့ပါ မကြုံစဖူးဖြစ်၍ ထမင်းဝိုင်းမှ မျက်စိမျက်နှာပျက်ကာ ထကြရှာလေပြီ။ အပျိုမ ချောချောလေး တစ်ယောက်မှာမူ မအောင့်နိုင်တော့ဘဲ ဝေါ့ခနဲ အန်ချလိုက်လေသည်။

'ခဏလေးပါ၊ တော်ကြာ ရပ်သွားမှာ၊ ဟော ရေတွေကျလာပြီ၊ ဒါဆို မနံတော့ဘူး'

အိမ်က ဆန်နီဆိုသည့် အကောင်က ထပ်ကွန့်လိုက်ရာ ဧည့်သည်ကလေးတွေက ရယ်မောပြီး ဆက်စားကြ၏။ လူကြီးတွေကတော့ ပရုပ်ဆီဘူးကို နှာခေါင်းဝတေ့ကာ အိမ်ရှေ့ကို ပြေးကြပြီ။

မဟာရန်ကုန်၏ ကြိုဆိုဧည့်ခံမှုကြောင့် မိသားစု ထမင်းဝိုင်းကြီးသည် လက်ရာမပျက် ကျန်ရစ်ခဲ့လေတော့သည်။

❑

၄

မည်မျှပင် ကျပ်တည်းကျဉ်းမြောင်းပါသည်ဆိုစေ ဒေါ်ဥမ္မာကျော်ကတော့ ရန်ကုန်မြို့မှာ နေရသည်ကို ကျေနပ်သည်။ ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာ ကြီးပြင်းခဲ့ရသူပီပီ မြို့ပြစရိုက်နှင့် အကျွမ်းဝင်၍ နေပြီ။ ယခုလို ရန်ကင်းတိုက်ခန်းမှာ မနေရခင် ကျောက်မြောင်းမှာ အိမ်ခန်းငှား၍ နေခဲ့ရစဉ်ကလည်း စိတ်ပျက် ငြီးငွေ့ခြင်းမရှိခဲ့။ ဖေဖေ့ တစ်ယောက်တည်းလစာဖြင့် မိသားစု မြိုးမြိုးမြက်မြက် နေခဲ့ရစဉ်ကလည်း ကျောင်းနေစဉ်ဘဝမို့ မေမေက သူ့ကို ဘာတစ်ခွန်းမျှ ဖွင့်ဟ တိုင်ပင်ခြင်း မရှိခဲ့။ ယခု သူ အလုပ် လုပ်နေတော့လည်း သူ့လခနှင့်သူ သုံးသည်ကို မေမေက ဘာမျှ ဝင်မပြော။ အစ်ကို စစ်ဗိုလ်တစ်ယောက်က အဝေးမှ ထောက်ပံ့သည့်ငွေနှင့် ဖေဖေ့လခ ပေါင်းကာ လောက်ငအောင် သုံးစွဲ၏။ ပြီးတော့ မေမေသည် ငွေတိုးပေးသည့် အလုပ်၊ အိမ်ခန်းပွဲစားအလုပ်ကိုလည်း အခါအားလျော်စွာ လုပ်တတ်သည်။

ဒေါ်ဥမ္မာကျော်သည် စိတ်ညစ်ညူးစရာ၊ ဝမ်းနည်းစရာတွေကို ခေါင်းထဲမှာ ကြာကြာမထားတတ်ပေ။ လောကမှာ ပျော်စရာတွေ သည်လောက် ပေါများပါလျက် လူတွေ ဘာကြောင့် တည်းညည်းတညူညူ ဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို သူ နားမလည်ပေ။ သူ့အဖို့တော့ ရုံးသွားခါနီး အလှပြင်ရတာ၊ နေ့လယ်မုန့်စားဆင်းရတာ၊ ရုံးမှာ အမျိုးသားတွေနှင့် မထိခလုတ် စကားပြောရတာ၊ အင်္ကျီအဆင်ဆန်းဟူသမျှကို လပေးဝတ်ရတာတွေသည် သူ့ကို အစဉ်ရွှင်လန်းစေသော စိတ်၏ အဆာများသာ ဖြစ်လေ၏။ လခနှင့် အလျင်မမီ၍ ချေးငွေတွေများလာပြီး လခထုတ်သည့်အခါ တစ်ဝက်လောက်မှာ ကျွေးဆပ်သည်နှင့်ပင် ကုန်သွားတတ်သည့်တိုင် သူက စိတ်မပျက်၊ အရေးကြီးသည်က သူ အစဉ်လှနေဖို့နှင့် စိတ်ချမ်းသာဖို့ပင်။ ပြီးတော့ သူ့မှာ ပူပင်စရာ အိမ်ထောင်လည်း မရှိ၊ ကျွေးမွေးစရာ သားသမီးလည်း မရှိ။ ဘယ်လောက် အေးချမ်းသလဲ။ ပျင်းလျှင် ရုပ်ရှင်ကြည့်မည်။ ဝတ္ထုဖတ်မည်။ ဈေးသွားမည်။ ဘာလိုသေးလဲ။

တစ်ခါတစ်ခါတော့လည်း အပျိုကြီး အခေါ်ခံရသည်ကို ကျေနပ်သည့်တိုင် နည်းနည်းတော့ ခံပြင်း၏။ အပျိုကြီးဆိုတာ ကလေးအမေဆိုတာထက်တော့ ဂုဏ်ရှိတာ မှန်ပါရဲ့၊ မစွံဘူးဆိုသည့် အဓိပ္ပာယ် တစ်ဝက်ပါနေသည်ကိုတော့ မကျေနပ်ချင်။ စိတ်ကြိုက်မတွေ့သေးလို့ သာပေါ့။ သူက ကြိုက်သော်လည်း ကိုယ်က ကြိုက်ဦးမှ။ ကိုယ်က ကြိုက်ပြန်တော့လည်း အင်း၊ ကိုယ်က ကြိုက်ပြန်တော့လည်း။

ဒေါ်ဥမ္မာကျော်သည် မှန်တင်ခုံရှေ့မှ ခွာလိုက်၏။ မျက်နှာကို အပြီးသတ် လိမ်းခြယ်ပြီး နားထင်စပ်မှ ဆံစခွေများကို အသာပြန်ချလိုက်သည်။ ပြီးတော့မှ အင်္ကျီလုံချည် အဆင်ရွေးရ၏။ ဒီနေ့ တနင်းလာနေ့ဆိုတော့ ရုံးမှာ လူစုံတတ်သည်။ ကောင်းကောင်းဝတ်မှ။ နေကပူတော့ အနီတို့ အဝါတို့လို အရောင်တောက်တောက်တွေနှင့် ကြည့်မကောင်း။ မျက်စိ အေးမည့် အပြာနုလေးပဲ ဝတ်မည်။ မနေ့က ဦးဟန်တင်ရဲ့ မင်္ဂလာဧည့်ခံပွဲမှာတွေ့ခဲ့တဲ့ ပေါက်စ်ဆာဂျင်ကလေးကလည်း ရန်ကင်းဘက်မှာ နေသည်ဆိုတော့



မတော်တဆ လမ်းမှာတွေ့ချင် တွေ့နိုင်သည်။ တမင်ကလာ စောင့်နေလျှင်လည်း စောင့်နေမည်။ သည်တော့ ဘာပဲပြောပြော ကိုယ့်ဘက်က အဆင်သင့် ပြင်ထားမှ။

မေမေကတော့ ထမင်းဘူးကို အဆင်သင့်ပြင်ပြီး ခြင်းထဲထည့်ထားပေး၏။ ဘာဟင်းလဲဟု မေးမည်လုပ်ပြီးမှ မမေးဖြစ်တော့။ ဟင်းမကောင်းလျှင်လည်း ကိစ္စမရှိ။ ရုံးအောက်ဆင်းပြီး လမ်းကြားထဲက ရှောက်သီးသုပ်ဝယ်စားလျှင် ဖြစ်တာပဲ။

အင်္ကျီ လုံချည်က အပြာဆိုတော့ ဖိနပ်အပြာလေးနှင့်မှ။ သို့သော် ဖိနပ်အပြာ မရှိ၊ အဖြူခုံမြင့်ကိုပဲ စီးရသည်။ မင်္ဂလာဆောင်သွားဖို့အတွက် အပြေးအလွှားဝယ်ထားသော သားရေအိတ်ဖြူဖြူကို ပခုံးမှာလွယ်ပြီး ကြိမ်ခြင်းကို လက်မှဆွဲကာ အိမ်ထဲမှ ထွက်ခဲ့၏။ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်အခန်းမှ ထွက်လာသော ဖြူသွယ်မြင့်ကို တွေ့ရသည်။ ကြည့်၊ ဒီကောင်မ တမင်လုပ်တာဖြစ်မှာ။ သူထွက်လာမည့် အချိန်ကို စောင့်ပြီး တိုက်ဆိုင်အောင် ထွက်လာတာပဲ ဖြစ်ရမည်။ စနေနေ့ညက သူ ညဉ့်နက်မှ ပြန်လာသည်ကို ဖြူသွယ်မြင့်က သူ့အိမ်ပြတင်းပေါက်မှ လှမ်းကြည့်နေခဲ့သည်။ သူကလည်း ယောက်ျားတစ်သိုက် အိမ်တံခါးဝအထိ လိုက်ပို့သည်ကို ဂုဏ်ကြွားစွာ ဟန်လုပ်ပြခဲ့သည်။ သူ့ကို မစွံဘူး ထင်နေသည်ကို ချေဖျက်သည့်အနေဖြင့် ဆရာဝန်က ခပ်ရိရိ နှုတ်ဆက်သည်ကို ကျယ်လောင်စွာ တုံ့ပြန်ခဲ့သည်။ သို့သော် ဦးဟန်တင်တစ်ယောက် မိန်းမရသွားသည့်အကြောင်းကိုတော့ ပြော၍ မဖြစ်။ ဦးဟန်တင်ကို သူ စိတ်ဝင်စားကြောင်း ဖြူသွယ်မြင့် သိနေသည်က တော်တော်ဆိုးသည်။

ဖြူသွယ်မြင့်သည် တစ်ခါမှ မဝတ်ဖူးသေးသော ပါတိတ်လုံချည် အသစ်ကို ဝတ်ထား၏။ ဒါကို ဒေါ်ဥမ္မာကျော် မမြင် မြင်အောင် ဖန်တီးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမည်။ ဒေါ်ဥမ္မာကျော်ကတော့ ဤသို့ပင် တပ်အပ်တွေး၏။ သည်နေရာရောက်မှ တစ်ယောက်နှင့် တစ်ယောက် အပြိုင်အဆိုင်တွေ အတွန်းအတိုက်တွေကို များစွာ ကြုံတွေ့ရသည်။ အတင်းအဖျင်းကလည်း ပြောတတ်ပါဘိ။ မျက်နှာပေါ်မှာတော့ အပြုံးချိုချိုတွေ ဆင်ထားကြ၏။

'ဟော ဥမ္မာတောင် သွားတော့မယ်၊ မဖြူတော့ နောက်ကျပြီထင်ပါရဲ့'

ဖြူသွယ်မြင့်က တိုက်ဆိုင်ဟန်ဖြင့် နှုတ်ဆက်သည်။ ဒေါ်ဥမ္မာကျော်က သူ့လုံချည်အသစ်ဆီ မျက်စိမရောက်ခင် သတိထားရင်း ပြုံးမော့မော့ဖြင့် ပြန်ပြော၏။

'ဟုတ်တယ် မမဖြူရေ၊ ရုံးမှာ အလုပ်တွေက အရေးကြီးတာနဲ့ ဥမ္မာရောက်မှ ပြီးမှာ မဟုတ်လား၊ ဖယ်ရီတောင် မစောင့်တော့ဘူးလို့ စိတ်ကူးတာ'

သူတို့နှစ်ယောက် ရုံးချင်းမတူ။ သို့သော် ခြောက်ထပ်ရုံးနှင့် ဖြူသွယ်မြင့်တို့၏ ဘဏ်က သိပ်မဝေးလှ။ ဖြူသွယ်မြင့်က ငွေကိုင်စာရေးမမို့ ဒေါ်ဥမ္မာကျော်က သူ အရေးပါ အရာရောက်ကြောင်း တမင် ထုတ်ဖော်ပြောသည်။ ပြီးတော့ ဖြူသွယ်မြင့်နှင့်သူ အသက်ချင်းသိပ်မကွာသော်လည်း တမင် မမဖြူဟု ခေါ်သည်။ ဖြူသွယ်မြင့်က ကလေးတစ်ယောက်အမေ ဆိုသော်လည်း သူ့ထက် နုပျိုလှပသည်ကို စိတ်ထဲက ကျိတ်၍သိသော်လည်း နှုတ်က ဘယ်တော့မှ အတိအလင်း အသိအမှတ်မပြု။

ဒေါ်ဥမ္မာကျော်သည် ရှေ့မှ အလျင်ဦးအောင် ပြေးဆင်းသွားသည်။ ဖြူသွယ်မြင့်တစ်ယောက် မခံချိမခံသာဖြင့် ကျန်ခဲ့မည်ကို တွေးကာ အားရနေသည်။ လမ်းထိပ်ရောက်တော့ တကယ်ပင် ရုံးကြိုကားကို မစောင့်တော့ဘဲ ၇ ဘတ်စ်ကားပေါ် တက်ခဲ့သည်။ ကိုင်း မှတ်ကရော၊ ဒါတောင် စိတ်ထဲက



သိပ်မကျေနပ်ချင်သေး။ ဖြူသွယ်မြင့် ဝတ်ထားသည့် အင်ဒိုနီးရှားပါတိတ်အဆင်ဆန်းကို မျက်စိထဲက ဖျောက်မရသောကြောင့် ဖြစ်လေသည်။ သူကတော့ ဝတ်နိုင်မှာပေါ့၊ သူ့ယောကျ်ားက သဘော်သားပဲ။ အစကတော့ သူတို့နှစ်ယောက်ကို အိမ်က သဘောမတူ။ ဘယ်တူပါ့မလဲ သူ့ယောကျ်ားက ပညာတတ် အထက်တန်းလွှာမှ မဟုတ်တာ။ သူတို့အဖေက ဖေဖေ့လိုပင် အရာရှိကြီးတစ်ယောက် ဖြစ်သည်။ ယခုတော့ ရွှေသမက်လေးကို ဖူးဖူးမှုတ်ထားကြ၏။ ဒါပေမယ့်လဲလေ အဝတ်အစား ဝတ်နိုင်တိုင်း ဂုဏ်ရှိတာမဟုတ်ပါဘူးဟု တွေးလိုက်၏။ သူ့ကိုဆိုလျှင် ရုံးမှာ လူတကာက 'မမမမ' နှင့် ဘယ်လောက် ရိုသေရသလဲ။

သည်နေ့မှ ဘတ်စ်ကားကလည်း ကျပ်လှသည်။ ခြင်းကတစ်ဖက်သားရေအိတ်က တစ်ဖက်ဆိုတော့ လက်တန်းကိုပင် ကိုင်မရချင်။ သည်ကြားထဲ တိုက်ပုံအကျႌနှင့် ဖိုင်တွဲပိုက်လျက် ရုပ်ရည်သနားကမား လူတစ်ယောက်က အနားမှာ လာကပ်နေသဖြင့် မနည်းတမ်း ရှောင်နေရသည်။ ဒေါ်ဥမ္မာကျော်အဖို့ ဒါမျိုးတွေက ရိုးနေပြီ။ သည်လိုပင် ခရီးသွားဟန်လွှဲ ပိုးတတ် ပန်းတတ်သူတွေက ဒုနှင့်ဒေး မဟုတ်လား။ သူတို့တွေကိုသာ ဂရုစိုက်ပြီး ကြိုက်နေရလျှင် ဥမ္မာကျော်တို့ ရည်းစားတွေ မှိုလိုပေါက်ရောပေ့ါကွယ်။ ဒေါ်ဥမ္မာကျော်က အပျိုကြီးဆိုပေမယ့် သည်နေရာမှာတော့ သိက္ခာရှိပါ၏။ ယခုလည်း ထိုသကောင့်သားကို မျက်နှာလွှဲကာ မသိဟန်ဆောင်နေလိုက်သည်။

ဆူးလေ ကားဂိတ်ရောက်တော့ ကိုးနာရီကျော်စပင် ရှိသေးသည်။ ဆူးလေလမ်းအတိုင်း လျှောက်ကာ ကမ်းနားဘက် ဆင်းလာခဲ့သည်။ ရုံးပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ရုံးသမားတွေ ဈေးသည်တွေဖြင့် စည်ကား၍ နေသည်။ ခြောက်ထပ်ရုံးမှာ ဌာနပေါင်းက စုံသဖြင့် လူလည်းစုံသည်။ ရုံးရှေ့မှာ ဝင်ထွက်နေသည့် ကားတွေကလည်း စုံလှသည်။ ဒေါ်ဥမ္မာကျော်

www.burmeseclassic.com

www.burmeseclassic.com



က ခပ်ရွရွလေးလှမ်းလာရင်း နဖူးပေါ်မှာစို့လာသော ချွေးစလေးများကို တို့သုတ်ရန် ပိုက်ဆံအိတ်ထဲမှ လက်ကိုင်ပဝါလေးကို ထုတ်ယူလိုက်သည်။

အလို ဘုရား ဘုရား။ ဒေါ်ဥမ္မာကျော်၏ နှုတ်မှ ယောင်ယမ်း၍ တလိုက်မိသည်။ သားရေအိတ်ထဲကို နှိုက်လိုက်သော ဒေါ်ဥမ္မာကျော်၏ ညာဘက်လက်မှ လက်ချောင်း ငါးချောင်းသည် သားရေအိတ်၏ အောက်ဘက်မှ ပြန်ထွက်လာကြလေသည်။ ပိုက်ဆံအိတ် အခွဲခံရပြီ။ ဒေါ်ဥမ္မာ ရှက်ရှက်နှင့် လက်ကို ပြန်ရုပ်ပြီး အပေါ်သို့ ပြေးတက်ခဲ့ရလေသည်။ တန်တော့ ကားပေါ်မှာ သူ့နားက ကပ်၍လိုက်လာသည့် ငနဲကား ခါးပိုက်နှိုက် ခားသမားပင် ဖြစ်ပေမည်။ ယခုတော့ လကုန်ရက်မို့ ငွေသိပ်မပါသော်လည်း သားရေအိတ် အသစ်စက်စက်လေးမှာ ဓားခွဲခံရပါပြီကော။ ရုံးရောက်လျှင် အိတ်အသစ်ကို စာရေးမလေးတွေက သူကိုင် ငါကိုင် ကိုင်ကြည့်ကာ ချီးမွမ်းကြမည်ကို တွေးပြီး စိတ်ကူးယဉ်ခဲ့သော ဒေါ်ဥမ္မာကျော်မှာ ယခုတော့ သားရေအိတ်ကို လူမြင်မခံဝံ့တော့ပေ။ အပျိုကြီးပီပီ ခါးပိုက်နှိုက်ခံရသည်ကို ရှက်လှသဖြင့် အခန်းထဲရောက်ရောက်ချင်း ဗီရိုထဲသို့ ကမန်းကတန်း ထည့်ကာ သိမ်းလိုက်ရလေသည်။ ပြီးမှ ကုလားထိုင်ပေါ်မှာ မောပန်းနွမ်းလျစွာ ထိုင်ချလိုက်မိ၏။ ဘတ်စ်ကားပေါ်မှ ရုပ်ရည် သနားကမားနှင့် ကိုယ်တော်မြတ်ကိုလည်း အထပ်ထပ်အခါခါ ကျိန်ဆဲလိုက်မိလေသတည်း။

❑

၅

မြစမ်းရည် ရုံးကိုရောက်တော့ ၁၀ နာရီထိုးတော့မည်။ ယခုတစ်လော ရုံးစည်းကမ်းတွေက တင်းကျပ်သည်ထက် တင်းကျပ်၍လာသည်။ ကိုးနာရီခွဲမှာ ရုံးကိုရောက်ပြီး ဖြစ်နေရမည်။ မရောက်လျှင် လက်မှတ်ထိုးသည့်နေရာမှာ မင်နီဖြင့် အဝိုင်းခံရမည်။ သည်နေ့အဖို့တော့ မတတ်နိုင်တော့။ မင်နီအဝိုင်းခံရရုံမက ခေါ်ပြီး ပညာပေးပါကလည်း ပညာယူရုံသာ ရှိတော့မည်။ အိမ်မှ ထွက်လာကတည်းက အဆင်မပြေလှ။

မနေ့က ရုံးပိတ်ရက်မှာ အမေ့ကို ဈေးကူထွက်ရသည်။ မနက်ပိုင်း အိမ်မှာ အဝတ်လျှော် မီးပူတိုက်ပြီး နေ့လယ်ဘက်မှာ အမေ့ဆိုင်ကို လိုက်သွားသည်။ တစ်နေ့တာလေ အမေ့ကို အနားရစေချင်၍ အိမ်ပြန်ခိုင်းပြီး မြစမ်းရည် ဈေးရောင်းသည်။ သားစိမ်းငါးစိမ်းရနံ့ ဟင်းရွက်ပုပ်နံ့တို့ဖြင့် ပြီးသော ဈေးထဲမှာ တငုတ်တုတ်တုတ် ထိုင်ရောင်းပြီး ညဘက် ဈေးကွဲချိန်မှ ပြန်သိမ်းလာခဲ့သည်။ တစ်ညနေ ဈေးထိုင်ရောင်းရသည်နှင့်ပင် ကိုယ်တွေ လက်တွေ မလှုပ်မရှားချင်ဖြစ်ကာ အိပ်ရာပေါ် ပစ်လှဲခဲ့လေသည်။ မနက်ကျတော့ ခုနစ်နာရီထိုးပြီးမှ အိပ်ရာက နိုးသည်။ အပြေးအလွှား လုပ်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



တိုင် ဘတ်စ်ကားမှတ်တိုင်ရောက်တော့ ရှစ်နာရီကျော်နေပြီ။ ပါးပေါ်က သနပ်ခါးပင် မခြောက်တတ်သေး။

ရုံးခန်းထဲမှာ လူစုံနေချေပြီ။ မျက်နှာပူပူဖြင့် နေရာမှာ ထိုင်လိုက်ရ၏။ မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်တို့ သီးနေလေသည်။ စားပွဲတွင် ထိုင်ပြီးသည်နှင့် မနေ့က လုပ်လက်စ အလုပ်ဖိုင်တွဲကို ရှာသည်။

'နားပါဦးလား မြစမ်းရယ်၊ ဘာဖြစ်လာတာလဲ၊ မျက်နှာလဲ မကောင်းပါလား'

လုပ်ဖော်ကိုင်ဖက် မရင်ရွှေက မေးလာ၏။

'မင်နီ အဝိုင်းခံရတာတွေ များလွန်းလို့ စိတ်ဓာတ်ကျလို့ပါ မရင်ရွှေရယ်၊ ဘာဟင်းပါသလဲဟင်'

'ငါလဲ ဒီလိုပါပဲအေ၊ ဒီနေ့တောင် မီးရုံလေးရှိတာ၊ အိမ်က ကလေးအငယ်ကောင်ကလဲ နေမကောင်းလို့ တစ်ညလုံး အီနေတယ်၊ ငါတော့ ဒီနေ့ အိပ်ငိုက်မှာပဲ၊ ဟင်းကတော့ ပဒပ်စာနဲ့ ကင်ပွန်းရွက်ကြော်ပဲပါတယ်'

မရင်ရွှေဘဝကလည်း မလွယ်။ အလုပ်ကသာ လက်နှိပ်စက်ရာထူးက မတက်သော်လည်း ကလေးကတော့ တစ်နှစ်တစ်ယောက် မှန်မှန်မွေးသည်။ ယခုဆိုလျှင် ကလေးငါးယောက်နှင့် သူ့မှာ အတော်ပင် ကသီနေပေပြီ။

'အိပ်ချင်ရင်လဲ အိပ်သာအိပ်၊ မရင်ရွှေ အလုပ်တွေ ကျွန်မ လုပ်ပေးမယ်'

မြစမ်းရည်အဖို့တော့ ဘဝတူချင်းယိုင်းပင်းဖို့ ဝန်မလေးပေ။ ရာထူးရှိသူ၊ တတ်နိုင်သူတွေကတော့ တစ်ယောက်ကိုတစ်ယောက် ပြိုင်ဆိုင်ခြင်းဖြင့်သာ အချိန်ကုန်သည်။ ယခုလည်းကြည့်။ အပိုကြီးအရာရှိ ဒေါ်ဥမ္မာကျော်ကို ကြည့်၍ ကျန်အမျိုးသမီးတစ်သိုက်က တီးတိုးပြောဆိုနေကြမည်။ အတင်းအဖျင်း ဟူသည်မှာ အသံမကြားရသော်လည်း အမူအရာကြည့်ရုံနှင့် သိနိုင်သည်သာ။



ဦးဟန်တင်က မြင့်မြင့်ထွန်းကို လက်ထပ်လိုက်၍ ဒေါ်ဥမ္မာကျော် မည်သို့ ခံစားရမည်ကို မသိသော်လည်း အမျိုးသမီးလောကမှာတော့ အတော်လေး ဂယက်ရိုက်သွားလေသည်။ ဒေါ်ဥမ္မာကျော်က ဦးဟန်တင်ကို စိတ်ဝင်စားသည်မှာလည်း ရပ်သိရွာသိပင်။ ဦးဟန်တင်ကလည်း ဒေါ်ဥမ္မာကျော်ကို မထိတရိ ဆက်ဆံခဲ့သည်သာ။ သို့သော် ယောကျ်ားတွေရဲ့ စိတ်ကလည်း ခက်သားလား။ မြင့်မြင့်ထွန်းနှင့် ရုံးပြင်မှာ တွဲသွားတာ တစ်ခါနှစ်ခါ မြင်ဖူးကြသော်လည်း ဘယ်သူကမှ မထင်ခဲ့။ သူတို့ကလည်း လူတွေ အံ့သြသွားအောင် တမင်လုပ်ခဲ့သည်လား မသိ။ မည်သူ့ကိုမျှ အသိမပေးခဲ့။ ဦးဟန်တင်နှင့် ဒေါ်ဥမ္မာကျော်ကို အခန်းထဲမှ လူများက ရှေ့တွင် တစ်မျိုး နောက်ကွယ်ရာတစ်မျိုး နောက်၍ ပြောင်၍ ကောင်းဆဲမှာပင် ဦးဟန်တင်နှင့် မြင့်မြင့်ထွန်းတို့ ဖြုန်းစားကြီး လက်ထပ်လိုက်ကြလေသည်။

အများပြောလည်း ပြောစရာ၊ ဟန်ဆောင်ထားသည့်ကြားမှပင် ဒေါ်ဥမ္မာကျော့်မျက်နှာ သိသိသာသာ ညှိုးနေ၏။ ဦးဟန်တင်တို့က ခွင့်တစ်လ ယူထားသည်ဆိုတော့ သူတို့နေရာမှာ လစ်လပ်၍နေမည်။ သို့မဟုတ်လျှင်လည်း ဒေါ်ဥမ္မာကျော်တစ်ယောက် သူတို့နှင့် ဘယ်လို မျက်နှာချင်းဆိုင်မည်ကို ကျန်လူများက အကဲခတ်ပေလိမ့်မည်။ ယခုတော့ ဒေါ်ဥမ္မာကျော်သည် မျက်လွှာချကာ ဣန္ဒြေရရပင် သူ့အလုပ် သူလုပ်နေလေသည်။

'မြစမ်းရည်ရေ ခဏ'

ဒေါ်ဥမ္မာကျော် လှမ်းခေါ်သဖြင့် မြစမ်းရည် စားပွဲမှ ခပ်သွက်သွက် ထသွားသည်။ အလုပ်ကိစ္စနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမဆို လေးစားစွာ ဆက်ဆံတတ်သည်က မြစမ်းရည်၏ အကျင့်ဖြစ်၏။

'ဒီစာလေးတွေ အရေးကြီးတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာကျော်က စာရွက်တစ်ထပ်ကို မြစမ်းရည်လက်ထဲ ထည့်ပေး၏။ မြစမ်းရည်က မဆိုင်းမတွ လက်ခံယူရင်း ဒေါ်ဥမ္မာကျော် မျက်နှာကို ခိုးကြည့်လိုက်သည်။ ဒေါ်ဥမ္မာကျော်သည် အလုပ်လုပ်လျှင် မျက်မှန်ကို တပ်ထားလေ့ရှိ၏။ ဒေါ်ဥမ္မာကျော် မျက်လုံးများတွင် မျက်ရည်စကို မမြင်ရ။ သို့သော် မျက်နှာကတော့ အလိုမကျသည့်ပုံ ပေါ်နေလေသည်။ ဦးဟန်တင့်ကြောင့်ပဲလား၊ သို့သော် စနေနေ့ညကတော့ ဒေါ်ဥမ္မာကျော်၏ အသွင်သည် ဘာမှ မဖြစ်သလို ရွှင်လန်းတက်ကြွ၍နေခဲ့သည် မဟုတ်ပါလား။ ယခုတော့ ပြုံတော့မည့်မိုးပုံနှယ် ရှိချေ၏။

'ဟော့ ညည်းအစ်မကြီး ဘာဖြစ်နေသလဲ၊ မျက်နှာမကောင်းပါလား၊ ကောတ္တတော့ ရည်းစားလူလု ရွှေဥကြမ်းညပ်ဖြစ်နေပြီ ထင်တယ်'

သူတစ်ပါး အတင်းအဖျင်းကို ပျော်ပျော်ရွှင်ရွှင် ပြောရမှ ထမင်းစားဝင်သော မအေးတင့်တို့အဖွဲ့က လှမ်း၍ မေးလိုက်သေး၏။ မြစမ်းရည်ကတော့ ဒေါ်ဥမ္မာကျော်ကို နှစ်ခြိုက်လှသည် မဟုတ်သော်လည်း သူတစ်ပါးအတင်းအဖျင်းကို မပြောချင်။ အထူးသဖြင့် ယခုလို သူ စိတ်ညစ်နွမ်းနေပုံရသည့်အခါမျိုးတွင် ရေနစ်သူကို ဝါးကူမထိုးချင်။ ထို့ကြောင့်လည်း ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြလိုက်၏။

မြစမ်းရည်သည် စားပွဲမှာပြန်ထိုင်လိုက်ကာ စောစောက ချထားသော စာရွက်များကို ဖယ်ရှားလိုက်၏။ ပြီးတော့ ဒေါ်ဥမ္မာကျော် ပေးလိုက်သော စာရွက်တွေကို စားပွဲပေါ် ချကာ လက်နှိပ်စက်ရိုက်ဖို့ ပြင်သည်။ ထိုအချိန်မှာ လက်ဖက်ရည်ဆိုင်မှ ပြန်လာဟန်တူသော သာထွန်းဦးက ရောက်လာသည်။ သာထွန်းဦး၏ စားပွဲက မြစမ်းရည်ရှေ့မှာ စားပွဲဖြစ်၏။ သို့သော် များသောအားဖြင့်တော့ ကုလားထိုင်ကို နောက်ပြန်ထိုင်ကာ မြစမ်းရည်ဘက် လှည့်၍ စကားပြောလေ့ရှိသည်။



'နင် ဘာစားခဲ့ပြီးပြီလဲ၊ စောစောစီးစီး အလုပ်တွေ လုပ်လို့ပါလား၊ ခေါက်ထားစမ်းပါဟာ၊ နင်က သိပ်အပင်ပန်းခံတာပဲ'

'တို့ဘဝက သူများခိုင်းဖတ်ကိုးဟဲ့၊ ငါ ရုံးနောက်ကျလို့ ဘာမှ မစားရသေးပါလား၊ နင်တို့ကတော့ မြို့ထဲမှာနေတော့ ဇိမ်ပဲနော်'

မြစမ်းရည်ကလည်း အခြားသူတွေနှင့် စကားကို လေးလုံးကွဲအောင် မပြောသော်လည်း သာထွန်းဦးကိုတော့ ပြောဖြစ်သည်။ သာထွန်းဦးကလည်း ကျောက်ဆစ်ရုပ်က ခေါင်းညိတ်ပြအောင် ပြောတတ်သည်။ အခန်းထဲတွင် အလွန်မာနကြီးသော ခင်ပပတို့ သူတစ်ပါးကို အထင်သေးတတ်သော ခင်ဆွေဝင်းတို့ပင် သာထွန်းဦးနှင့်ကျတော့ ကျရသည်။ ခင်ပပတို့ ခင်ဆွေဝင်းတို့ကလည်း ရုံးမှာ ညွှန်ကြားရေးမှူးအဆင့်လောက်ကလွဲလျှင် မည်သူ့ကိုမျှ အထင်မကြီးတတ်ကြ။ သူတို့ကိုတော့ အခြားသူများက မိုးကျရွှေကိုယ်များဟု အမည်ပေးကြသည်။ ရုံးတွင် ဆိုင်ရာပိုင်ရာ လူကြီးအချို့က နီးစပ်ရာသူတို့လူများကို အလုပ်သွင်းပေးကြသည်များ ရှိတတ်သည်။ ဤနည်းဖြင့် အလုပ်ခွင် ရောက်လာသူများကို အထက်က ကျလာသည်ဖြစ်၍ မိုးကျရွှေကိုယ်များဟု ခေါ်ကြလေသည်။

'မဇိမ်ပါဘူးဟာ၊ လာရတာ နီးတာပဲရှိပါတယ်၊ ခု အိမ်မှာ ဧည့်သည်တွေ ရောက်နေလို့ ငါ ဝရန်တာထွက်အိပ်ရတယ်ဟ၊ ခုလဲ ဧည့်သည်တွေ လိုက်ပို့ရဦးမှာမို့ ငါ လစ်ရဦးမယ်၊ သူများမေးရင် နင် ကြည့်ပြောလိုက်နော်'

'နင် မလစ်တဲ့အခါများ ရှိသေးလို့လား'

'ရှိပါတယ်၊ လခထုတ်တဲ့နေ့လေ'

မြစမ်းရည်သည် စာရွက်အလွတ်နှစ်ရွက်ကို ပူးကာ လက်နှိပ်စက်ထဲ ထည့်လိုက်၏။ ပြီးမှ မင်ခံစာရွက်ကို စာရွက်နှစ်ခုကြားမှာ ထည့်သည်။ သေးသွယ်သော လက်ကလေးများသည် လျင်မြန်သွက်လက်စွာ လှုပ်ရှား သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့အိမ်က ဧည့်သည်တွေက ဘယ်ကလဲ'

'မုဒ္ဒုံကလေ၊ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးလို့ ငါက လိုက်ပို့နေရတာ'

'ဟုတ်လား၊ ကောင်မလေးချောချောပါလို့လား'

'တစ်ယောက်ယောက်တော့ပါတယ်ဟ၊ ဒါပေမယ့် နင့်လောက် မချောပါဘူး၊ ဒါထက် အပျိုကြီးမမတစ်ယောက် ဒီနေ့ သိပ်ငြိမ်တယ်နော်'

'နင် စကားသွားပြောလိုက်ဦးပေါ့'

'အေး ပြောတော့ ပြောရဦးမယ်၊ ဦးဟန်တင်မရှိတော့ ညနေလစ်ဖို့ သူ့ပဲ ပြောရဦးမှာပဲ၊ သူ စိတ်ညစ်နေတုန်းဆိုတော့ ရပ့်မလား မသိဘူး'

'ရပါတယ်ဟာ သွားပါ'

သာထွန်းဦးသည် ဒေါ်ဥမ္မာကျော်ဆီသို့ မျက်နှာပိုးသေသေဖြင့် ထသွားလေသည်။

မရင်ရွှေသည် တကယ်ပင် ညက အိပ်ရေးပျက်ဟန်တူ၏။ လက်နှိပ်စက်ပေါ်တွင် မျက်နှာအပ်၍ အိပ်မောကျနေပေပြီ။ မအေးတင့်တို့တစ်သိုက်ကတော့ ထမင်းဘူးများကို ဖွင့်၍ စားနေကြပြီ။ ခင်ပပကမူ မျက်မှန်ကြီးကြီး ဝိုင်းဝိုင်း ထူထူကိုတပ်ကာ အလုပ်တွင် အာရုံစူးစိုက်နေဟန်ရှိ၏။ ကျန်အမျိုးသားများကမူ အလုပ်တစ်ဖက် ရေနွေးကြမ်းခွက်တစ်ဖက်နှင့် ဘောလုံးပွဲအကြောင်း ပြောသူက ပြောသည်။ သတင်းစာဖတ်ကာ နိုင်ငံရေးတရား ဟောသူက ဟောသည်။ တယ်လီဖုန်းတစ်လုံးနှင့် ဘယ်နေရာမှာ ဘာပစ္စည်းဝယ်လို့ရသလဲဟု စုံစမ်းသူက စုံစမ်းသည်။ သူတို့ အခန်းထဲမှာ ဝန်ထမ်း ၂၀ ကျော် ရှိလေသည်။

သာထွန်းဦးသည် ဒေါ်ဥမ္မာကျော်ကို ကျောခိုင်း၍ ထွက်ခွာလာသည်နှင့် တစ်ပြိုင်နက် သူ့မျက်နှာက အပိုးမသေတော့။ သူ့နေရာကို မသွားသေးဘဲ မြစမ်းရည်ဘေးမှာ ဝင်ထိုင်သည်။



'အဘွားကြီးကတော့ အိုကေပဲ၊ နင်လဲ လစ်လို့ရရင် လိုက်ခဲ့ပါလားဟာ၊ ဧည့်သည်တွေပို့ရင်း ငါနဲ့ အတူ ဘုရားဖူးရတာပေါ့'

'သွားစမ်းပါဟယ်၊ ငါ့မှာ အလုပ်တွေ တစ်ပုံကြီး၊ မရင်ရွှေကလဲ သူ့ကလေး နေမကောင်းလို့ အိပ်ရေးပျက်လို့တဲ့၊ သူ့အလုပ်တွေ ဝိုင်းလုပ်ပေးရဦးမယ်'

'အေး ဒီလိုဆို ငါသွားတော့မယ်၊ နင် ဟိုကောင်တွေနဲ့ အရောမဝင်နဲ့နော်'

မြစမ်းရည်ကို ရိတိတိ စကားပြောတတ်သော သန်းအောင်ကို စိတ်မချ၍ သာထွန်းဦးက မှာသည်။

'အမယ် ဘာဆိုင်လို့လဲ၊ သွားမှာသာ သွားစမ်းပါ၊ နင်သာ ဟိုဧည့်သည် ကောင်မလေးနဲ့ ကြည်မနေနဲ့၊ ညနေကျ ငါ လက်မှတ်ခိုးထိုးရဦးမှာလား'

'မထိုးနဲ့ မထိုးနဲ့ ငါ ပြောပြီးသား၊ လစ်ပြီဟေ့'

သာထွန်းဦးသည် အခန်းထဲမှ ဏ္ဍန္တြမပျက် ပြန်ထွက်သွားသည်။ လမ်းတွင် ခင်ပပ စားပွဲပေါ်ရှိ နေကြာစေ့ထုပ်ထဲမှ နေကြာစေ့ အနည်းငယ် နှိုက်ယူသွားကာ မအေးတင့်တို့ ထမင်းဝိုင်းမှ ထမင်း တစ်လုတ် နှစ်လုတ် ဝင်စားသွားသေးသည်။

မြစမ်းရည်၏ ပျော့ပျောင်းသွက်လက်သော လက်များက လက်နှိပ်စက် စာလုံးများပေါ်မှာ လျင်မြန်စွာ ပြေးလွှားနေကြလေသည်။ ကျန်လူတွေကတော့ အလုပ်လုပ်သူက လုပ်၊ စကားပြောသူက ပြောသည်။ စာဖတ်သူက ဖတ်၊ ထမင်းစားသူက စားသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်တာဝန်နှင့် ကိုယ်မို့ ကိုယ့်အသိစိတ်ဖြင့်ကိုယ် လုပ်ကိုင်ကြရစမြဲဖြစ်၏။ ရုံးစည်းကမ်းကို ကြပ်မတ်၍ရသော်လည်း လူ့စိတ်ကို ထိန်းချုပ်ရရန် ခဲယဉ်း၏။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အခါမလပ် စောင့်ကြည့် ပွဲပြင်ဖို့ဆိုသည်ကလည်း အခက်သားလား။ ထမင်းစားရေသောက်ကအစ လိုက်ပြောရမှာကလည်း ကလေးတွေမဟုတ်တော့။ သည်တော့လည်း စည်းကမ်းချက်တွေကိုသာ တစ်ရွက်ပြီးတစ်ရွက် လှည့်ထုတ်ရလေတော့သည်။ ထိုသို့ဖြင့် စည်းကမ်းချက်တွေတိုးလာလိုက်၊ လူတွေက ဖောက်ဖျက်လိုက်၊ နောက်တစ်မျိုး တိုးလာလိုက်နှင့် သံသရာလည်နေတော့၏။

အခန်းထဲမှာပေမင့် လူကစုံတော့ စိတ်သဘော အကျင့်စရိုက်ကလည်းစုံသည်။ ဘဝပေါင်းကလည်း စုံသည်။ အခန်းထဲက လူတွေကို တစ်ယောက်ချင်း လိုက်ကြည့်လျှင်ပင် သူတို့အမူအရာတွေသည် မြင်ကွင်းကျယ် ရုပ်ရှင်ကားတစ်ခုမှာ ပါဝင်နေသူများလို စိတ်ဝင်စားစရာ ကောင်းလှသည်။ သူတို့တစ်တွေ အိမ်မှာနေလျှင်တော့ မည်သို့နေသည် ထိုင်သည် မသိ။ သို့သော်သည်နေရာမှာတော့ အပေါ်ယံ မျက်နှာဖုံးဖြင့် ပါဝင်လှုပ်ရှားနေကြလေသည်။

မြစမ်းရည်နှင့် အနီးကပ်ဆုံးကတော့ မရင်ရွှေ။ သူ့အိမ်ကိုတော့ မြစမ်းရည် လေးငါးခါမက ရောက်ဖူးသည်။ ရုံးမှာ တော်ရုံသင့်ရုံ အဝတ်အစားဖြင့် သေသပ်လှပစွာ နေတတ်သော မရင်ရွှေသည် သူ့အိမ်မှ ကလေးငါးယောက်အမေ မရင်ရွှေနှင့် တခြားစီ။

မြစမ်းရည် ခေတ္တနားစဉ်မှာ မရင်ရွှေ အိပ်ရာမှ နိုးလာ၏။ မျက်လုံးကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်ကာ မျက်စိကို ကြိုးစားဖွင့်သည်။

'အင်္ဂလိပ်စာတွေ အများကြီးလား'

အလုပ်ကို စိတ်မဖြောင့်စွာ မေးလိုက်သည့်အသံ။ မြစမ်းရည်က မြန်မာ လက်နှိပ်စက်ကို တာဝန်ယူ၍ မရင်ရွှေက အင်္ဂလိပ် လက်နှိပ်စက်ကို တာဝန်ယူရသည်။

'ကိစ္စမရှိပါဘူး၊ ပြီးရင် ကျွန်မ ရိုက်လိုက်မယ်'



'နေပါစေဟယ်၊ ငါ ထမင်းစားပြီးရင် ရိုက်ပါ့မယ်၊ နင်ကော စားပြီးပြီလား၊ ဘာဟင်းလဲ'

'မစားရသေးဘူး၊ ကြက်ဟင်းခါးသီးကြော်ပဲ ပါတယ်၊ စားကြမယ်လေ'

သူတို့နှစ်ယောက် ထမင်းဘူးကိုဖွင့်၍ အတူစားကြ၏။ ရုံးမှာ မည်သူတွေက အလုပ်မလုပ်ဘဲ ရေသာခိုနေသည်ဖြစ်စေ သူတို့အဖို့တော့ ခိုချင်တိုင်းလည်း ခို၍မရ။ သူတို့အလုပ်က မလုပ်လျှင် မလုပ်မှန်း သိသာသည်။ အစစအရာရာ သူတို့လက်မှ လွန်မြောက်ပါမှ ရုံးကိစ္စ အထမြောက်သည် မဟုတ်ပါလား။ တစ်ခါတစ်ရံ အရေးကြီးလျှင် ကြီးသလို လုပ်ပေးရတတ်သေး၏။ အချိန်ပိုဆင်းရသည့်အခါကလည်း ရှိသေးသည်။ သည်ကြားထဲ သူ့ကိစ္စ ငါ့ကိစ္စ အခမဲ့ကူညီရသည့် အပိုဆုကြေးလေးတွေကလည်း ရှိသေးသည်။ သူတို့နှစ်ယောက် ထမင်းကို ရေနွေးကြမ်းနှင့် မျှောချနေသည့်အချိန်မှာ ကိုသန်းအောင်တို့ဘက်မှ ဘောလုံးပွဲတစ်ပေးသံကို ကြားနေရသည်။

'ဘာပဲဖြစ်ဖြစ် ရှမ်းက သာနေတာတော့ အမှန်ပဲကွ၊ ပဲခူးက ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုတာလောက်တော့ နိုင်ခြေရှိပါရဲ့၊ ဒါပေမယ့် ဘောလုံးဆိုတာ ကျိန်းသေတော့ ပြောလို့မဖြစ်ဘူး'

ခင်ပပကတော့ သားရေအိတ်ကိုဖွင့်ကာ မျက်နှာကို ကရင်းပတ်ဖြင့် တို့သုတ်ပြီး အပြင်သို့ မုန့်စားဆင်းသွားလေသည်။ ခင်ပပ မာနကြီးသည်ဆိုသော်လည်း အလုပ်ကြိုးစားသည်ကိုတော့ အားလုံးက အသိပင်။ ကိုယ်တိုင်က ဘာအလုပ်မှ မည်မည်ရရ မလုပ်ချင်ဘဲ ရုံးက ချမှတ်သမျှ စည်းကမ်းများကိုသာ ဝေဖန် အပြစ်ဖို့နေတတ်သော မအေးတင့်တို့ထက် စာလျှင်တော့ အဆင့်အတန်းမြင့်သေး၏။ မအေးတင့်တို့အုပ်စုတွင် မအေးဆင့်က အသက်အကျယ်ဆုံး။ ကျန်သည့် မငွေရင်တို့၊ ခင်ဆွေဝင်းတို့ကတော့ အေးအေးဆေးဆေး နေကြ၏။ ခင်ဆွေဝင်းက သူဌေးသမီးမို့ မာနကြီးသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မအေးတင့်လိုတော့ အတင်းအဖျင်း မပြောတတ်ပေ။ သို့သော်လည်း တံငါ နားနီး တံငါပေပဲ။

မိန်းကလေးတွေကသာ အုပ်စုဖွဲ့နေတတ်သော်လည်း ယောကျ်ား တွေကတော့ တစ်ယောက်တစ်ဘာသာ ဖြစ်၏။ ကိုယ့်ဝါသနာနှင့်ကိုယ် သန်ရာ သန်ရာ ကျင်လည်တတ်ကြ၏။ သူတို့၏ တူညီသော ဝါသနာတစ်ခု ကတော့ ဘောလုံးပွဲနှင့် စစ်တုရင်ကစားခြင်းပင်။

'ပဲခူးကလဲ မန္တလေးကိုတောင် အနိုင်ကစားခဲ့တာ၊ သူ့မှာလဲ ရာဇဝင် ကြွေးဆပ်ဖို့က ရှိသေးတယ်၊ ဒီပွဲမှာတော့ အနိုင်ကြပစ်မှာကွ'

'သေချာရင် ပဲခူးဘက်က နေပေ့၊ သရေအရှုံးပေးမယ်'

မြစမ်းရည်တို့က ထမင်းစားခြင်းကို လက်စသပ်ကာ အောက်ခဏ ဆင်းဖို့ ပြင်ကြသည်။

'ထမင်းလဲ စားလို့ မကောင်းပါဘူး၊ အောက်ဆင်းပြီး ချောက်သီးသုပ် နဲ့ ဟင်းခါးသောက်ရရင် ကောင်းမယ်'

သူတို့နှစ်ယောက် အောက်ဆင်းမည်ပြင်ဆဲမှာ ဒေါ်ဥမ္မာကျော်က လှမ်းခေါ်လေသည်။ ဒေါ်ဥမ္မာကျော်က ခိုင်းစရာရှိလျှင် နေရာကမထ ဤသို့ လှမ်းခေါ်နေကျ။ မရင်ရွှေက ထသွားလေသည်။

'မရင်ရွှေတို့ အောက်ဆင်းရင် ခေါက်ဆွဲသုပ် တစ်ထုပ်လောက် ဝယ်ခဲ့ စမ်းပါနော်'

'ဟုတ်ကဲ့ မမ၊ မမ အောက်မဆင်းတော့ဘူးလား၊ နေမကောင်းလို့ လား'

'ဟုတ်တယ် မရင်ရွှေရယ်၊ ခေါင်းကိုက်နေလို့'

တကယ်တော့ ဒေါ်ဥမ္မာကျော်သည် ဓားခွဲခံထားရသော သူ့သားရေ အိတ် အသစ်စက်စက်ကိုလည်း လူမြင်မှာစိုးသဖြင့် ငြိမ်ပြီး ထိုင်နေခြင်းဖြစ် သည်။ စိတ်ထဲကလည်း သိပ်မကြည်လင်လှ။ ခါတိုင်းတော့ ဒေါ်ဥမ္မာကျော်



၏ အသံက စီစီညံနေတတ်သည်။ ယခုတော့ လူတွေက သူ့ကို အကဲခတ် နေကြသည်ဟု ယူဆကာ စိတ်ထဲမှာ မလုံမလဲဖြစ်နေတာလည်း ပါသည်။ သူနှင့် လေပေးဖြောင့်သော ဦးခင်မောင်တို့၊ ဦးဟန်တင်တို့ ရုံးမတက်ခြင်း ကလည်း တစ်ကြောင်းဖြစ်သည်။

မြစမ်းရည်တို့ ရုံးပေါ်မှ ဆင်းပြီး ဆူးလေဘုရားလမ်းကို ဖြတ်ကာ ပါတီရုံးဘက်အထိ လျှောက်လာခဲ့ကြ၏။ ပန်းဆိုးတန်းလမ်း၏ဘေးဘက် နောက်ဖက်တွင် စည်ကားသော မုန့်ဈေးတန်းကြီးရှိလေသည်။ လမ်းဘေး ဈေးသည်တွေ စုပေါင်းပြီး နေရာချထားသဖြင့် စားစရာကလည်း စုံသည်။ ရုံးပေါင်းစုံကလည်း လာရောက်စုဝေးကြသည်။ အမှုထမ်း အရာထမ်းအစုံ ပျိုပျိုအိုအိုတွေ ကျင်လည်ကျက်စားရာဖြစ်၍ မြင်ကွင်းကလည်း ကောင်း သည်။ ဆင်ယင်ထုံးဖွဲ့မှု အမျိုးမျိုးကိုလည်း လေ့လာနိုင်သည်။ အမူအရာ အဖုံဖုံကိုလည်း တွေ့မြင်နိုင်သည်။ အရွယ်အစား အမျိုးမျိုးကို မျက်စိ စားပွဲထိုင်နိုင်သည်။

မြစမ်းရည်တို့သည် လက်သုပ်ဆိုင်တစ်ဆိုင်မှာ ဝင်၍ ခေါက်ဆွဲသုပ် ဝယ်၏။ ထိုစဉ် မုန့်ဈေးတန်းလမ်းဖြစ်သော ၃၆ လမ်း ကြားထဲသို့ အချုပ် ကားကြီးတစ်စင်း ဝင်လာလေသည်။ သည်နေရာမှာ မြို့နယ် ပြည်သူ့ တရားရုံးက ရှိနေသည်ကိုး။ အချုပ်ကား၏ လေးထောင့် သံတိုင် ပြတင်း ပေါက်မှနေ၍ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်ရှုနေသူတို့ကို တွေ့ရလေ၏။ အပြင်မှ လာစောင့်နေသူ ဆွေမျိုးများကလည်း သူတို့လူကို တွေ့လိုက် သည်နှင့် နာမည်ကို ဟစ်ခေါ် နှုတ်ဆက်ကြလေသည်။ ဆေးလိပ်ထုပ်၊ မုန့်ထုပ်ကလေးတွေကို ပေးရန် အသင့်ကိုင်ထားကြ၏။

အချုပ်ခံနေရသူများ ကားပေါ်မှ ဆင်းသည်နှင့် တစ်ပြိုင်နက် သူ့ ဆိုင်ရာ ရဲများက ယာယီအချုပ်ခန်းအတွင်းသို့ လျင်မြန်စွာ ခေါ်သွင်းသွား

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ အပြင်ကလူတွေမှာ မျက်ရည်တို့သုတ်သူက သုတ်ကြပြီ။ ငိုသူက ငိုကြပြီ။ အမှုတစ်ရာပွေ့ရသည့် လူ့ဘဝပါကလား။

လက်ဖက်ရည်ဆိုင်တွေမှာတော့ လူတွေစည်ကားလှ၏။ ရုံးအမှုထမ်းတွေ၊ စီးပွားရေးသမားတွေ၊ အလုပ်လက်မဲ့တွေ၊ ပွဲစားတွေ စုံလှသည်။ ခေတ်မီပုံစံဖြင့် မိန်းမလှလေးတွေကလည်း ပျားပန်းခတ်မျှ လူးလာခေါက်တုံ့သွားလာနေကြသည်။ လူတန်းစားတစ်ရပ်၏ နေ့လယ်ခင်းဈေးလေးပေပဲ။

မြစမ်းရည်တို့ ရုံးပေါ်ပြန်ရောက်တော့ ဘောလုံးပွဲလောင်းသည့် အမျိုးသားတစ်သိုက်၏ စကားဝိုင်းက မရပ်သေး။ မြစမ်းရည်တို့နှစ်ယောက်သည် အလုပ်စားပွဲမှာ ပြန်ထိုင်ကြ၏။

မျက်စိ ပြန်ကျယ်လာပြီဖြစ်သော မရင်ရွှေသည် သူ့စားပွဲပေါ်မှ စာရွက်များကို ရှေ့ချကာ လက်နှိပ်စက်ကို တဂျောင်းဂျောင်း မြည်အောင် ရိုက်ပစ်လိုက်လေသည်။

❑

၆

တကယ်တော့ ခင်ပပ မာနကြီးခြင်း မဟုတ်။ စကားနည်းခြင်းသာဖြစ်၏။ တစ်ခုတော့ရှိသည်။ ခင်ပပသည် အပေါင်းအသင်းတော့ ရွေးသည်။ ဆင်းရဲသည် ချမ်းသာသည်က အကြောင်းမဟုတ်။ သဘောထားသေးသိမ်ကျဉ်းမြောင်းသူ၊ စကားအလေအလွင့် ပြောတတ်သူတွေကိုတော့ ခင်ပပ အမှန်တကယ် ရှောင်ရှားသည်။

သို့သော် လောကကြီးကလည်း သည်လိုလူတွေနှင့် ပြည့်နေသည် မဟုတ်လား။ သည်တော့လည်း ခင်ပပမှာ အလိုလိုပင် အပေါင်းအသင်း နည်းလာရလေသည်။

လူဆိုသည်ကလည်း ကိုယ်နှင့်သင့်လျှင် သင့်မြတ်ပါမှ။ ကိုယ်နှင့် အနည်းငယ် ဆန့်ကျင်သည်ဆိုသည်နှင့် ထိုသူ့အကြောင်း မကောင်းပြောဖို့ ဝန်မလေးတော့ပါပေ။ ခင်ပပမှာ အပေါင်းအသင်း နည်းရသည့်အထဲ မိဘကလည်း ရာထူးဂုဏ်ရှိန်ရှိသူဆိုတော့ အချို့က မိဘဂုဏ်ဖြင့် ဘဝင်မြင့်သည်ဟု စကားတင်းဆိုကြသည်။ မိမိစိတ်ဖြင့် မိမိကိုယ်ကိုယ် လှုပ်ရှားနေသော်လည်း မိဘ၏အရှိန်အဝါဖြင့် ခြောက်လှန့်ခြင်းကို ခံနေရသည်။ အချို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူတို့ဘာသာ ဝင်မရောရဲတိုင်း ခင်ပပကို ပုတ်ခတ်ခြင်းဖြင့်သာ လက်စားချေကြသည်။

ခင်ပပအဖို့ လှုပ်ရှားကျင်လည်ရာ ဝန်းကျင်က တစ်စတစ်စ ကျဉ်းမြောင်းလာလေသည်။ ကြာတော့လည်း သည်ဝန်းကျင်မှာပင် တဖြည်းဖြည်း နေသားကျလာသည်။ ကားပေါ်ကဆင်းပြီး ရုံးပေါ်တက်၊ စားပွဲမှာထိုင်၊ ရုံးပေါ်မှဆင်းပြီး ကားပေါ်တက်၊ ပြီး အိမ်ပြန်။ ဤသည်ကိုကြည့်ပြီး တချို့ တလေကတော့ ခင်ပပတို့ ဘဝကုသိုလ်ကံအကျိုးပေး ကောင်းလှသည်ဟု ထင်ကြပြန်သည်။

အပြင်ပန်းအားဖြင့်ကြည့်လျှင်တော့ ခင်ပပ ဘဝသည် အားကျစရာပင်။ သို့သော် အိမ်မှာတော့ ခင်ပပမှာလည်း ကိုယ့်ဘဝအပူနှင့် ကိုယ်ပါပဲ။ ဝင်ဒါမီယာထဲမှာ ခြံဝန်းတိုက်တာ အဆောင်အယောင်နှင့် နေရတာလည်း မှန်ပါရဲ့။ အခြွေအရံ အစောင့်အကြပ်နှင့်နေရတာလည်း မှန်ပါရဲ့။ သို့သော်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိဟု ဆိုရမည်ပင်။

ထိပ်တန်း ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သော ဒက်ဒီသည် အိမ်မှာတော့ ဘုရင်တစ်ဆူ သဖွယ်ပင်။ အချိန်တိုင်းမှာ ဒက်ဒီအတွက် ဝေယျာဝစ္စ၊ ဒက်ဒီ၏ ညွှန်ကြားချက်များ၊ ဒက်ဒီ၏ အဆုံးအဖြတ်များကြားတွင်သာ ကျင်လည် လှုပ်ရှားကြရလေသည်။ များသောအားဖြင့် အိမ်ဆိုသည်မှာ မိန်းမ၏ စီမံအုပ်ချုပ်မှုအောက်တွင်သာ တည်ရှိရစမြဲဟု ခင်ပပ နားလည်ဖူး၏။ ယခုတော့ သစ်ပင်စိုက်တာကအစ ဈေးဝယ်တာအဆုံး ဒက်ဒီထံမှ အတည်ပြုချက်ကို ရယူပြီးမှ လုပ်ရဲကိုင်ရဲကြလေသည်။ ဒက်ဒီကလည်း အစစအရာရာ ပါဝင်ခြယ်လှယ်လွန်း၏။ မေမေ့ကို တစ်စက်ကလေးမှ နေရာမပေးခြင်းကို ခင်ပပ စိတ်အထိခိုက်ဆုံး။ မေမေသည် ဒက်ဒီ၏ အိမ်ရှင်မ အနေအထားထက် အစေအပါးသဖွယ် ဖြစ်သည်ဟု ဆိုသည်က



ပိုမှန်ပေမည်။ မေမေ့မျက်နှာသည် အစဉ်လို ညှိုးငယ်နေတတ်သည်ဖြစ်ရာ သူ့ကိုယ်သူ သိမ်ငယ်စိတ်သာ ဝင်နေလေ၏။ အထူးသဖြင့်တော့ မေမေက ဒက်ဒီသည် သူ့ကို ချစ်ခင်စုံမက်၍ ယူခြင်းမဟုတ်။ မိဘများက သဘောတူပေးစား၍ ယူခဲ့ခြင်းဖြစ်သည်ဟု စွဲမြဲယုံကြည်ကာ ထိုယုံကြည်မှုကို ယခုအခါ ပိုမို ခိုင်မာစွာ လက်ခံနေလေသည်။ ဒက်ဒီသည် ခင်ပပတို့မိသားစုအပြင် သံယောဇဉ်တွယ်တာ ထောက်ပံ့စရာ နောက်ထပ် မိသားတစ်စု ရှိသေးသည်ကို ခင်ပပတို့အားလုံး သိနေကြပြီ။ မေမေသည် တရားဝင် လူသိရှင်ကြား ရပ်တည်နေရခြင်းကိုသာ ကြီးမြတ်သော အခွင့်အရေးကြီးအဖြစ် မှတ်ထင်နေရှာ၏။

ဒက်ဒီ၏ အပြစ်ရှာသော မျက်လုံးများအောက်တွင် သတိကြီးစွာ လှုပ်ရှားသွားလာနေရသော မေမေ့ကို ခင်ပပ သနားလှသည်။ သို့သော် ဘာတတ်နိုင်မည်လဲ။ အိမ်မှာ ဒက်ဒီ့ကို တော်လှန်ရဲသူ မည်သူမျှမရှိ။

ကျယ်ပြန့်စိမ်းလန်းသော ခြံဝန်း၊ သေသပ်လှပသော တစ်ထပ်တိုက်လေး၊ လှပသော ရောင်စုံပန်းခင်းလေးများ စသည်ဖြင့် အေးချမ်းဆိတ်ငြိမ်သည့် အသိုက်အမြုံလေးထဲတွင် မပျော်ပိုက်နိုင်သော သူ့အဖြစ်ကို မည်သူမျှ သိမည်မဟုတ်။

ခြံရှေ့ကို ကားဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် အစောင့်များက ဝင်းတံခါးကို အသင့်ဖွင့်ပေးကြ၏။ လက်ထဲမှ ပိုက်ဆံအိတ်နှင့် ခြင်းကို ကောင်မလေးတစ်ယောက်က ပြေး၍ ဆီးကြိုယူငင်လေသည်။ ရုံးမှ မအေးတင့်တို့များ မြင်လျှင် မည်မျှ မဲ့ရွဲ့ ကဲ့ရဲ့လိုက်မည်လဲ။ သံဆန်ကာ တပ်ထားသော တံခါးကို အသာတွန်း၍ ဝင်လိုက်သောအခါ ယုန်သူငယ်လို စိုးရွံ့ထိတ်လန့်နေသော မျက်လုံးများဖြင့် ကြည့်နေမည့် မေမေ့ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒက်ဒီ မရောက်သေးဘူးလား မေမေ'

ခင်ပပက သိပြီးသား မေးခွန်းကိုပင် မေမေ့ကို အားပေးသည့်အနေဖြင့် ထုတ်မေးလိုက်လေသည်။

'အစည်းအဝေးရှိလို့ နောက်ကျမယ်တဲ့ ဖုန်းဆက်တယ်'

တကယ်တော့ အစည်းအဝေးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒက်ဒီကတော့ နောက်ကျမြဲတည်း။ တစ်ခါတစ်ရံ အိမ်ရောက်ပြီးမှ ပြန်ထွက်သွားတတ်သည်လည်း ရှိသည်။ အိမ်မှာ မေမေရယ်၊ ခင်ပပရယ်၊ စကားမပြောတတ်သည့် ညီမလေး လဲ့လဲ့ရယ်၊ အခိုင်းအစေတွေရယ် ဒါပဲရှိနေတတ်သည်။ ကိုကိုကတော့ အိမ်ကပ်သည်မှ မဟုတ်ပါပဲ။ မည်သည့်အပူအပင်ကိုမှလည်း ခေါင်းထဲမှာ မထားတတ်။ ယခုထိလည်း ဘာအလုပ်မှ မလုပ်သေး။ အင်ဂျင်နီယာဘွဲ့ရထားတာ နှစ်နှစ်ရှိပြီ။ နိုင်ငံခြားသွားရမှ လုပ်မယ်တဲ့။ ကိုကိုတို့ကတော့ ပြတ်သည်။ ခင်ပပမှာတော့ အရာရာကို ငဲ့ရ၏။ ရာထူးကြီးနှင့် ခြံကြီးဝင်းကြီးနှင့် နေရသည်ဆိုသော်လည်း စရိတ်က မသေးတော့ ငွေက အမြဲလိုနေတတ်သည်။ အနည်းဆုံး ကိုယ့်စရိတ် ကိုယ်ရှာနိုင်မှ မေမေ့ကို ညှာရာကျပေမည်။

ဆိုဖာဆက်တီတစ်စုံ၊ ရိုးရိုးကြိမ်ကုလားထိုင်တစ်စုံကို သပ်သပ်ရပ်ရပ် ခင်းထားသော ဧည့်ခန်းကို ဖြတ်လာခဲ့၏။ ရခိုင်ချိတ်ဆင်များကို ခန်းလုံးပြည့် တပ်ထားသော လိုက်ကာရောင် အစိမ်းနုသည် ဆိုဖာကူရှင်အစိမ်းနုနှင့် လိုက်ဖက်လှသည်။ စားပွဲပေါ်ရှိ ရှည်လျားကျဉ်းမြောင်းသော ဖန်ပန်းအိုးအတွင်းဝယ် ဒေီပန်း ဝါဝါလေးများကို ထိုးစိုက်ထား၏။ အလှပြမှန်ဗီရိုထဲတွင်မူ ဆင်စွယ်ပန်းပုရုပ်များ၊ ချယ်ရီရုပ်လေးများ၊ အချိုးကျလှသော သစ်သား ပန်းပုရုပ်လုံးများဖြင့် တန်ဆာဆင်၍ ထားလေသည်။ အထက်တန်းစားတို့၏ မရှိမဖြစ်သော အပိုပစ္စည်းလေးတွေပဲဟု ခင်ပပ တွေးမိ၏။



အိမ်ခန်းထဲရောက်တော့ အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ် ခဏနားလိုက်မိသည်။ ခင်ပပ တစ်ယောက်တည်းနေရသည့် သီးသန့်အိပ်ခန်းလေးသည် အတန်ကျယ်ဝန်း၏။ ခုတင်ဘေးမှာ စားပွဲတစ်လုံး၊ မှန်တင်ခုံတစ်လုံးရှိသည်။ ဗီရိုရှိသည်။ စာအုပ်စင်ရှိသည်။ စားပွဲပေါ်မှာ အိမ်တွင်းပြော တယ်လီဖုန်းရှိသည်။ လူတစ်ယောက်အတွက် လိုအပ်ချက်မှန်သမျှ ပြည့်စုံလုနီးပါးပါပဲ။ အပျင်းပြေ ကက်ဆက် နားထောင်ချင်လည်း ရသေးသည်။

ခင်ပပတို့အတွက် ရေချိုးခန်းနှင့် အိမ်သာသည် အစဉ်မွှေးပျံ့သန့်ရှင်းနေတတ်၏။ ဆံပင်ကို မျက်နှာသုတ်ပဝါဖြင့်အုပ်၍ စည်းလိုက်ပြီး ရေပန်း ရေမွှားများအောက်ဝယ် ဝင်၍ ရေချိုးသန့်စင်ရသည့် အလုပ်ကိုတော့ ခင်ပပ နှစ်ခြိုက်လှသည်။ ပင်ပန်းနွမ်းနယ်သမျှ အားလုံးပြေပျောက်ကာ ပေါ့ပါး လန်းဆတ်၍ သွားလေသည်။

မီးဖိုဆောင်ကိုလည်း ခင်ပပ ဝင်ဖို့မလို။ လခကောင်းကောင်းပေးထားရသော စားဖိုမှူးကြီးသည် လျှပ်စစ် အသုံးအဆောင်များဖြင့်ပြီးသော မီးဖိုခန်းအတွင်းမှာ ကျင်လည်မြန်ဆန်စွာ လုပ်ကိုင်ပြီးစီးမြဲဖြစ်၏။ ခင်ပပတို့အိမ်မှာ ထမင်းကို စုစုဝေးဝေး စားတတ်သည့် အလေ့မရှိ။ ကိုယ့်တစ်ယောက်စာကို ကိုယ်ယူကာ လွတ်လွတ်လပ်လပ် တစ်ယောက်ချင်း စားတတ်ကြသည်။ ညီမ လဲ့လဲ့ကိုတော့ အိမ်ဖော်တစ်ယောက်က ခွံ့ကျွေးရသည်။ တစ်ခါတစ်ရံ မေမေက ခွံ့သည်။ လဲ့လဲ့သည် သူ့ထမင်းကို သူယူမစားတတ်ချေ။ လဲ့လဲ့မှာ သွက်ချာပါဒရောဂါ စွဲကပ်နေရှာ၏။

ကိုကို ပြန်ရောက်ချိန်တွင်တော့ တစ်အိမ်လုံးသည် ဆူညံလာတတ်၏။ တစ်အိမ်လုံးမှာ စတီရီယို သီချင်းသံများ သို့မဟုတ် အနောက်တိုင်းဂီတများဖြင့် ဆူညံမြိုင်ဆိုင်၍ လာတတ်၏။ ဒက်ဒီ ပြန်ရောက်ချိန်မှာ ထိုအသံများသည် ပြန်လည် တိတ်ဆိတ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ကားသံကို မကြားမီကပင် အသင့်စောင့်ဆိုင်းနေသော အစော
များ၏ ဝင်းတံခါးဖွင့်သံကို အလျင်ဦးစွာ ကြားရတတ်၏။ ထိုနောက် ကားဝ
လာသံ၊ အလေးပြုသံ၊ ကားရပ်သံ၊ တံခါးဖွင့်သံတို့ကို ဆက်တိုက်ကြား
သည်။ မေမေသည် ဖြူဖျော့သော မျက်နှာဖြင့် ဒက်ဒီကို ဆီးကြိုလေသည်
ဒက်ဒီ၏ မျက်နှာကလည်း ဘယ်တော့မှ ပျော့ပျောင်းခြင်းမရှိ။ ခင်ပပက
သွက်လက်စွာထ၍ ဒက်ဒီ့လက်ထဲမှ ပစ္စည်းများကို ဆီးယူခြင်း၊ ဖိနပ်ချွတ်
ပေးခြင်းပြုလျှင်တော့ ဒက်ဒီ့မျက်နှာသည် ညင်သာနူးညံ့လာလေသည်
သို့သော် ခင်ပပကလည်း အခါခပ်သိမ်း စိတ်မရှည်တတ်။ တစ်ခါတစ်ရံ
ဒက်ဒီ ရောက်နေမှန်းသိလျက် အိမ်ရှေ့မထွက်ဘဲ နေတတ်သည်။ ထိုအခါ
ဒက်ဒီ၏ ခြေသံပြင်းပြင်းနှင့် ဆူသံပူသံတို့ကို ကြားရတတ်မြဲ ဖြစ်၏။ ဒက်ဒီ
ရောက်သည်နှင့် ထိုင်နေကျ ကုလားထိုင်မှာ ထိုင်တတ်သည်။ ကုလားထိုင်
၏ ဘေးမှ စားပွဲပေါ်တွင် အဝါရောင်အရည်ဖြင့် ပြည့်သော ဖန်ခွက်သည်
အသင့်ရောက်နေတတ်သည်။ ဒက်ဒီသည် စကားပြောလျှင်လည်း ဖန်ခွက်ကို
ကိုင်၍ စကားပြောတတ်၏။ ဒက်ဒီ့လက်ထဲမှ ဖန်ခွက်သည် ဘယ်တော့မှ
အရည်လျော့သည် မရှိ။

တစ်ခါတစ်ရံတော့လည်း ခင်ပပသည် ရရှိထားသည့် အဆောင်
အယောင်တွေ အရှိန်အဝါတွေကို မုန်းတီးတတ်လာ၏။ သို့သော် ပျော်ပိုက်
မှုယစ်သည့်အခါလည်း ရှိသည်ကိုတော့ မငြင်းလို။ ချမ်းသာမှုသည် အဘယ်မျှ
တန်ဖိုးကြီးမားသည်ကို ဆင်းရဲခြင်းကို မြင်ဖူးရုံဖြင့် သိနိုင်သည် မဟုတ်ပါ
လား။ ထိုအခါမျိုးတွင် ငါသည် ကံကောင်းလေစွဟု အောက်မေ့မိ၏။
သို့သော် အိပ်မပျော်သောညမျိုးတွင် မွန်းကျပ်ပိတ်လှောင်သော အိမ်ကြီး
ရခိုင်အတွင်းမှာ ခေါင်းအုံးနှင့် မျက်နှာ အပ်နေရသည့် ဘဝမျိုးကို ငြီးငွေ့
မိပြန်လေသည်။ ထိုအခါ လူ့ဘဝကြီးကား ဘာမျှ မပြည့်စုံပါတကားဟု



အောက်မေ့မိပြန်၏။ မေမေ၏ ပူနွေးသော မျက်ရည်စများကို အမှတ်မထင်
တွေ့လိုက်ရသည့်အခါမှာတော့ ညီမငယ်လို ဦးနှောက်ပျက်နေရရင်
ကောင်းမှာပဲဟု တွေးမိပြန်လေသည်။ သို့သော် နောက်တစ်နေ့ မိုးသောက်
သောအခါ ထိုအရာအားလုံးကို မေ့သွားပြန်၏။

ညင်သာညက်ညောသော အိပ်ရာထက်မှာ ညအိပ်အင်္ကျီဖားဖားကို
ချွတ်ချခဲ့ကာ ရေချိုးခန်းအတွင်းမှာ ပူနွေးသောရေဖြင့် စိမ်၍ ချိုး၏။ ပြီးလျှင်
အလှပြင်မည်။ အဆင်သင့်ပြင်ထားသော ခြင်းကိုယူပြီး တံခါး အသင့်ဖွင့်ထား
သော ကားပေါ်တက်မည်။ ခင်ပပတို့ ရုံးအလုပ် သက်တမ်းတစ်လျှောက်
မှာ ကားပျက်သည့် တစ်ခါနှစ်ခါမှလွဲ၍ ရုံးနောက်ကျသည်ဟူ၍ တစ်ခါမျှ
မရှိစဖူး။ ကွယ်ရာမှာ ဘယ်လောက်ပဲ အတင်းပြောကြစေ ရှေ့တင်မှာတော့
စော်ကားဝံ့သူ မရှိ။ ရုံးမှာ အလုပ်ကို ဂုဏ်ရှိရုံသက်သက်၊ မုန့်ဖိုးရရုံ
သက်သက် လုပ်သည်ဆိုတာ ကြော်ငြာစရာမလို။ သို့သော် ခင်ပပ ရေသာ
မခိုတတ်။ အလုပ်ကိုတော့ စိတ်ဝင်စားစွာ လုပ်တတ်သည်။ အလုပ်ခွင်မှာမှ
စိတ်မဝင်စားလျှင်လည်း ခင်ပပမှာ အခြား စိတ်ဝင်စားစရာ မရှိ။ အိမ်ထောင်
ရေးအတွက်လည်း ပူစရာမလို။ ရည်မှန်းပြီးသူ ရှိပြီးသား။ ခင်ပပ ဘဝမှာ
ဘာလိုသေးလဲ။

ရုံးပေါ်မှ လူတွေ ညည်းညူကြသည်။ ရုံးစည်းကမ်းတွေ တင်းကျပ်
တော့ မကျေနပ်သံတွေ ထွက်လာသည်။ ရုံးချိန်မီအောင်လာရတာ ဒုက္ခ
များလှသည်တဲ့။ ဘတ်စ်ကားတွေက ကျပ်လှသည်တဲ့။ သည်လိုဆိုတော့
လည်း ခင်ပပသည် မေမေ့ မျက်ရည်စတွေကို မေ့လျော့ကာ ကံကောင်းလှ
သော သူ့ဘဝကို အားရကျေနပ်မိပြန်လေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၇

ရွံ့စေးများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများကို စုပေါင်း ရေဖျော်ထာ
သည့် အသွင်ရှိသော ပုဇွန်တောင်ချောင်းရေသည် ပျင်းရိစွာ စီးဆင်းနေ၏
မညီမညာ ခုံးထနေသော ကျောက်ခဲနီစွေးစွေးများကို နင်းဖြတ်ဆင်
လာပြီးသောအခါ ရွံ့စေးရေစပ်ကို ထိတွေ့ရ၏။ သမ္ဗန် ဦးပိုင်းသည် ယိမ်
ခါ၍ သွား၏။ လှေဝမ်းထဲ ဆင်းလိုက်သောအခါတွင် ခန္ဓာကိုယ်သည်
ယိမ်းထိုး၍ သွားပြန်လေသည်။
ရွံ့တို့ဖြင့် ပေကျံနေသော လှေဝမ်းထဲမှ သစ်သားပြားပေါ်မှာ အသ
ယူလာသော သတင်းစာစက္ကူဟောင်းကို ခင်းပြီး ထိုင်ချလိုက်သည်
ပုဇွန်တောင်ဈေးမှ ဟင်းချက်စရာများ ဝယ်ထည့်လာသော ကြိမ်ခြင်းက
ပေါင်ပေါ်တင်လိုက်၏။ သမ္ဗန်ပေါ်သို့ နောက်ထပ်လူများ တက်လာပြန်
သည်။ သမ္ဗန်သည် ရေညှိညှိပေါ်မှာ တလှုပ်လှုပ်တခါခါ ဖြစ်နေလေသည်
လူပြည့်သည်နှင့် သမ္ဗန် စ ထွက်၏။
မရင်ရွှေတို့ နေသည့်နေရာက ဘတ်စ်ကားစီးလျှင် ခရီးထောက်၏
ကားကလည်း ကျပ်သေးသည်။ ရပ်ချင်မှလည်း ရပ်ပေးသည်။ သည်တော့
ပုဇွန်တောင်ဈေးထိ ကြုံရာကားကိုစီးပြီး သမ္ဗန်ဖြင့် ကူးလိုက်သည်က ပို၍



နိုး၏။ အချိန်ကုန်လည်း သက်သာသည်။ ပိုက်ဆံကုန်လည်း သက်သာသည်။ ကူးတို့က ဆယ်ပြားပေးလျှင် ပုဇွန်တောင်ချောင်း တစ်ဖက်ကမ်းမှ ဒေါပုံသို့ ချက်ချင်းရောက်၏။

ချောင်းထဲမှာ လှေများ၊ သမ္ဗန်များ၊ သင်္ဘောများဖြင့် ပြည့်နေလေသည်။ မိုးတွင်းဆိုလျှင်တော့ ရေတွေ ပြည့်လျှံလာကာ ချောင်းကမ်းနားမှအိမ်များသည် လှေပေါ်မှ ဆင်းသည်နှင့် အိမ်ပေါ် ရောက်နိုင်၏။ ထို့ကြောင့်လည်း ရပ်ကွက်တစ်ခုလုံးကို တံတားများ ခင်းထားရလေသည်။ သူတို့ရပ်ကွက်၏ လမ်းသည် သစ်သားချောင်းများ ခင်းထားသော တံတားများပင် ဖြစ်ချေ၏။

သံများကျွတ်၍ ခနော်ခနဲ့ဖြစ်နေသော သစ်သားတံတားပေါ်ပြီးလှမ်းလာရင်း မရင်ရွှေသည် သက်ပြင်းကို လေးတွဲ့စွာ ချမိ၏။ အိမ်ကျလျှင် ဘာပြဿနာတွေနှင့် ရင်ဆိုင်ရဦးမည် မသိ။ အငယ်ဆုံးကလေးကလည်း ကိုယ်ပူမှ ကျပါသေးရဲ့လား။ ရုံးမှာလည်း ခွင့်ရက်တွေကုန်သဖြင့် ခွင့်ယူ၍ မရတော့။ လစာမဲ့ခွင့်ယူပြန်လျှင်လည်း လခထုတ်ရက်မှာ ပြဿနာတက်ဦးမည်။ နဂိုကမှ အကြွေးဆပ်ရသည်နှင့်ပင် မလောက်သည့်အထဲ လစာအဖြတ်ခံရလျှင် ဗိုက်မှောက်နေဖို့သာရှိမည်။ ခင်ပွန်းဖြစ်သူကလည်း ဆိပ်ကမ်းအလုပ်သမားတစ်ဦးမျှသာမို့ မလူးသာ မလွန့်သာ။

ရှေ့တူရူမှ ရေထမ်းလာသူ မိန်းကလေးများကြောင့် ကိုယ်ကို ဘေးသို့ ရှောင်ပေးလိုက်ရသည်။ သည်ရပ်ကွက်မှာ ရေကို ကိုယ့်ဘာသာ ထမ်းကြရသည်။ မိုးမလင်းမီကပင် ဘုံပိုင်မှာ ရေပုံးတွေ တစ်မိုင်လောက် တန်းစီနေ၏။ တစ်အိမ်ထောင်လျှင် ရေနှစ်ထမ်းရသည်။

မိုးတွင်းဆိုလျှင်တော့ ရေအတွက် စိတ်အေးရပါရဲ့။ သို့သော် အိမ်အောက်မှာ ရေတွေ တက်လာပြန်သဖြင့် တစ်မျိုး စိတ်ညစ်ရပြန်၏။ ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ရေ မြောင်းရေတွေနှင့် အတူ မစင်တုံးတွေ ပေါလောမျောလာသဖြင့် တုတ် ဖြင့် ထိုးထုတ် ဖယ်ရှားပစ်ရတတ်သည်။ သည်ကပစ္စည်း ဟိုအိမ်ရှေ့ရောက် ဟိုအိမ်ကယိုတာ သည်အိမ်ရှေ့ရောက်။

အိမ်ရောက်သည်နှင့် ကြိမ်ခြင်းကို မောမောနှင့် ပစ်ချလိုက်သည်။ အတူ ယောက်မက ခြင်းကိုယူကာ ချက်ပြုတ်ဖို့ ပြင်ဆင်၏။ တစ်အိမ် တည်း နှစ်အိမ်ထောင်နေရ၍ ကျဉ်းကျပ်လှသော်လည်း ကလေးတွေ ကူထိန်းပေး ထမင်းချက်ပေးရသဖြင့် ယောက်မနှင့် မောင်ကို နှင်မချရဲ သူ့အိုးနှင့်သူ ခွဲချက်သည်ဆိုသော်လည်း အရောရောအနှောနှောတော့ ဖြစ်သည်သာ။ ပြီးတော့ သူတို့မှာ ကလေးနှစ်ယောက်ရှိသေးသည်။ ၁၀ ပေ ပတ်လည်ရှိသော တဲသာသာအိမ်ကလေးအတွင်းမှာ လူကြီးကလေးယောက် ကလေးက ခုနစ်ယောက်၊ ယောကျ်ားနှစ်ယောက်ကတော့ အိမ်မှာ မရှိတာ များသည်။ မိုးမလင်းမီ အိမ်မှထွက်သွားပြီး မိုးကြီးစုပ်စုပ်ချုပ်မှ ပြန်ရောက် ၏။ မရင်ရွှေ၏ အသံကိုကြားသည်နှင့် ပုခက်ကို အားကုန်လွှဲ၍ သိပ်ထား ဟန်တူသော ကလေးအငယ်သည် အုံခနဲ အော်လိုက်လေသည်။ ကျောင်းမှ ပြန်ရောက်နှင့်သော သမီးလတ်သည် ရှင်မီးအင်္ကျီညိုညစ်ညစ်က လက်မောင်း တစ်ဖက် လျှောကျနေသည်ကို မ တင်ရင်း ကလေးကို ပုခက်တွင်းမှ နှိုက်ယူ ၏။ ပြီးတော့ မရင်ရွှေရင်ခွင်တွင်း ပစ်ချပေးသည်။

'ညည်းကလဲအေ၊ ငါ ပူရအိုက်ရတဲ့အထဲ ခဏလွှဲပေးလိုက်တာ မဟုတ်ဘူး၊ ကိုယ်ပူသေးလား မှန်းစမ်း'

မရင်ရွှေသည် အင်္ကျီမလဲနိုင်သေးဘဲ ကြယ်သီးကိုဖြုတ်၍ ဘော်လီအင်္ကျီ အပေါ်ဘက်မှ နို့ကို ဆွဲထုတ်ကာ ကလေးပါးစပ်ထဲတပ်ပေးရင်း နဖူးပြင်ကို အသာစမ်းကြည့်၏။ ချွေးစို့စို့ထွက်နေသည်ကို တွေ့ရသည်။ နို့ကို အငမ်းမရ စို့နေသော ကလေး၏ အာခေါင်တွေကမူ အနည်းငယ် ပူနေသေး၏။



'ဒီဟာလေးကလဲလေ အင်မတန်ချချာတာပဲ ဟဲ့ ဒါနဲ့ အကြီးကောင်ရော'

'ရေစောင့်ခိုင်းထားတယ်'

ယောက်မတော်၏ ကောင်းမှုကြောင့် နာရီဝက်အကြာမှာ ထမင်းနှင့် ဟင်းက အဆင်သင့်ဖြစ်ချေပြီ။ မရင်ရွှေသည် ပူလောင်နေသော သူ့ဝမ်းကို မဖြည့်နိုင်သေးဘဲ သားသမီးတွေကို ပြည့်စုံအောင် တကြော်ကြော်အော်ခေါ် ရ၏။ လူစုံတက်စုံစားမှ ဟင်းက လောက်မည်။ ဘူးစီးအစိတ်ကြီးကြီးကို ငါးရံ့တစ်ပိုင်းနှင့် ချဉ်ရည်ချက်ထားသည်။ ငါးပိရည်ဖျော်ထားသည်။ မရင်ရွှေသည် ရေမချိုး အဝတ်မလဲနိုင်သေးဘဲ ကလေးတွေကို တန်းစီထိုင် ခိုင်းကာ ထမင်းကို တစ်ပိုင်းတည်း စားစေ၏။ သူကတော့ နို့စို့ကလေးငယ် ကို ထမင်းနည်းနည်းခွံ့ရင်း သူပါ ရောစားလေသည်။ ထမင်းစားပြီးသော် ကလေးတွေသည် ဆူညံအော်ဟစ်ကာ တဲတားပေါ်မှ မြေကွက်လပ်သို့ ခုန်ဆင်း၍ ဆော့ကြလေ၏။

ဖုန်အလူးလူး သဲတရှပ်ရှပ်ဖြင့် ဆော့ကစားနေသော ကလေးငယ်များကို ကြည့်ကာ မရင်ရွှေသည် ကလေးတွေ သန်ချဆေးကျွေးရန် သတိရလာ၏။ ချောင်းရေထဲမှာ ကူးခတ်ဆော့ကစားတတ်သော သားအကြီးကောင်လေး မှာ အသားများ ညိုညစ်ကာ ဗိုက်ပူနံကားလေးတွေ ဖြစ်၍နေလေသည်။

ပေတစ်ရာလမ်းမကြီးပေါ်မှာမူ ဘတ်စ်ကားတွေ တဝီဝီ ပြေးလွှားနေ ၏။ ရန်ကုန်မြို့နှင့် တံတားတစ်ခုသာခြားသော်လည်း နေရာမြင်ကွင်းက တော့ ခြားနားလှ၏။ ရွှံ့ရေစပ်စပ်နှင့် သူတို့အရပ်ကို မရောက်ဖူးသူတွေ၊ မသိသူတွေ များလှပေမည်။

မရင်ရွှေကတော့ သည်အရပ်မှာ ကြီးပြင်းခဲ့သူဖြစ်၏။ သာကေတမြို့ ကြီး မတည်မီကတည်းက သူတို့နေရာ အဝန်းအဝိုင်းလေးသည် ပြောင်းရွှေ့ သွားစရာ သူတို့မှာ အင်အားမရှိ။ ကလေးသာ ငါးယောက် မွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗန်ဖြင့် ရုံးတက်ခဲ့ရသည့်အဖြစ်က မကျွတ်ခဲ့။ ရုံးမှ လူအချို့ကတော့ သူ သမ္ဗန်ဖြင့် ရုံးတက်သည်ဆိုလျှင် အံ့သြကြသည်။ ဒီလိုပါပဲ။ သူလဲ ကိုယ်ပိုင်ကားကိုမောင်းပြီး ရုံးတက်သော မိန်းကလေးတွေကို မြင်လျှင် မအံ့သြသည့်တိုင် ငေးမောကြည့်မိတတ်၏။

နေရောင် မှေးမှိန်စပြုပြီ။ မရင်ရွှေသည် သူ့ယောကျ်ားအပြန်ကို စောင့်စားနေမိ၏။ ပုဇွန်တောင်ချောင်းအတွင်းမှာ ဈေးသိမ်းပြန်သူတို့ဖြင့် စည်ကားနေလေသည်။ သမ္ဗန်ခတ်သံ တကျွိကျွိသည် ညနေဆည်းဆာတွင် ဂီတသံသဖွယ် ပေါ်ထွက်နေ၏။ သာကေတတံတားကြီးသည် နေရောင် လဲ့လဲ့အောက်မှာ လှပစွာ ရပ်တည်နေသည်။ တံတားပေါ်မှ မျှော်ကြည့်လျှင် အလျှံဝင်းဝင်းနှင့် ရွှေတိဂုံစေတီတော်ကို ဖူးမျှော်နိုင်၏။

ခဏကြာသော်သူ့ခင်ပွန်းဖြစ်သူသည် ထမင်းချိုင့်လေး လက်မှဆွဲကာ ကုပ်ကုပ်ဖြင့် လမ်းမပေါ်မှ ဆင်းလာသည်ကို တွေ့ရလေသည်။

အိမ်ထဲတွင်တော့ ရေနံဆီမီးခွက်ငယ်သည် အမှောင်ထုကို ဖြိုခွင်းရန် အားယူနေ၏။ မရင်ရွှေသည် ယောကျ်ားဖြစ်သူကို ထမင်းပြင်ကျွေးရင်း အနားမှ ကလေးချီလျက် ဆောင့်ကြောင့်ထိုင်နေလေသည်။ ကလေးများသည် ကစားရာမှ တက်လာကာ ခြေလက်မဆေးဘဲ အိပ်ရာထဲသို့ ကျွမ်းပစ်ဝင်ကြလေ၏။ အမှောင်သည် တစ်စတစ်စ လွှမ်းခြုံလာ၏။ ပုဇွန်တောင်ချောင်းဆီမှ သမ္ဗန်ခတ်သံများ တိတ်ဆိတ်ငြိမ်သက်စပြုသည်။ ကားလမ်းမကြီးပေါ်တွင်မူ ကတ္တရာလမ်းနှင့် ကားဘီးပွတ်တိုက်သံကို တစ်ခါတစ်ရံ ကြားရဆဲ ရှိသေး၏။

မရင်ရွှေသည် ရင်ခွင်ထဲမှ ကလေးကို ကိုယ်မှခွာ၍ အိပ်ရာပေါ် ချသိပ်လိုက်သောအခါ သူပါ တစ်ခါတည်း အိပ်ပျော်သွားလေသည်။

❑

## ၈

ခင်ဆွေဝင်းတို့ မအေးတင့်တို့ဆိုတာ ငယ်ပေါင်းကျောင်းနေဖက်တွေပါပဲ။ မအေးတင့်တို့အဖေက တစ်ချိန်က မြို့နယ်မှာ ဩဇာရှိသလို ခင်ဆွေဝင်းတို့ အဖေကလည်း မျက်နှာကြီးသူ ရပ်ရွာလူကြီးများအဖြစ် အပေါင်းအသင်း ဖြစ်ခဲ့ကြ၏။ မအေးတင့်နှင့် ခင်ဆွေဝင်းသည် စိန့်ဖလိုမီနာ မိန်းကလေး ကျောင်းမှာ ၁၀ တန်းအထိ အတူနေခဲ့ဖူးသည်။ တက္ကသိုလ်ရောက်တော့ လည်း အဓိက ဘာသာချင်းတူ၏။ ယခု အလုပ်အတူ လုပ်မိပြန်တော့ တတွဲတွဲ ဖြစ်ရပြန်သည်။ သို့သော်လည်း အရာရာတိုင်းမှာ စိတ်သဘော ထားချင်း ကိုက်ညီသည်တော့ မဟုတ်ပေ။ အယူအဆချင်း မတူသော်လည်း အတူတူ ပေါင်းသင်းလာရပြီဆိုတော့ အထိုက်အလျောက် ဆက်ဆံနေရ လေသည်။

ခင်ဆွေဝင်းတို့ စမ်းချောင်းမှ မြေနှင့်အိမ်ကို ရောင်းပြီး အလုပ်ပါ ပြောင်းလာကတည်းက အိမ်ချင်းဝေးသွားကြ၏။ ခင်ဆွေဝင်းတို့အဖေက ယခင်က စမ်းချောင်းမှာ ကိုယ်ပိုင်ကားထောင်သည့် လုပ်ငန်းဖြင့် ကြီးပွားခဲ့ သည်။ ယခုတော့ အင်းလျားကန်စောင်းမှာ တိုက်ဝယ်ဖြစ်၏။ ဒါကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ တစ်ယောက်တည်း၏ စီးပွားကြောင့် မဟုတ်။ ဖေဖေ့ ဦးလေးတစ်ယောက်၏ လုပ်ငန်းနောက်ကွယ်မှ ရလာသော အကျိုးစီးပွားဖြင့် ပေါင်းလိုက်ခြင်း ဖြစ်သည်။ ခေတ်အဆက်ဆက်မှာ ပန်းပန်မပျက် လည်သူစားတန်း ဖြစ်ခဲ့ရာဝယ် ဖေဖေလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

ခင်ဆွေဝင်းကတော့ မိသားစုထဲမှာ တစ်မျိုးတစ်ဘာသာ ထူးခြား၏။ ကျောင်းစာကို စိတ်ဝင်စားခြင်းနှင့် လခစားအလုပ်မှာ ပျော်မွေ့ခြင်းသည် ဆွေမျိုးများထဲမှာ ချွန်၍ထွက်လာသော ခင်ဆွေဝင်း၏ ထူးခြားချက်ပင် ဖြစ်သည်။

အိမ်မှာ မေမေသည် လည်းကောင်း၊ ခင်ဆွေဝင်း၏ အစ်မ တင်မေကြည်သည် လည်းကောင်း ဖေဖေ့လိုပင် စီးပွားရေးသမားများဖြစ်ကြ၏။ တင်မေကြည်သည် ဖေဖေ့လောက် မထက်မြက်သော်လည်း မေမေ့ခြေရာကိုတော့ မီလေသည်။ တင်မေကြည်က ဘွဲ့ရအောင် ပညာသင်ပြီး လခစားဝင်မလုပ်။ ဗိုလ်ချုပ်ဈေး စီရုံမှာ ဆိုင်ခန်းတစ်ခန်း ဖွင့်ထားသည်။ အလှကုန်နှင့် ပါတိတ်လုံချည်များ ဟန်ပြတင်ထားသော်လည်း သူ့အဓိက အလုပ်က စိန်ပွဲစား ဖြစ်လေသည်။

တင်မေကြည်ကတော့ ခင်ဆွေဝင်းကို အချောင်သမားဟု စွပ်စွဲ၏။ သူတို့ ရှာထားသည့် စည်းစိမ်ဥစ္စာနှင့် နေပြီး ရုံးအလုပ်ကို ဇိမ်ခံလုပ်သည်တဲ့။ သို့သော် သူတို့မှာ ညီအစ်ကို မောင်နှမ များများမရှိ၊ ညီအစ်မနှစ်ယောက်သာ ရှိသည်မို့ အလိုတော့ လိုက်ရှာသည်။

ခင်ဆွေဝင်းက ဦးနှောက်ခြောက်စရာတွေ စိတ်ရှုပ်စရာတွေ ခေါင်းထဲမှာ ကြာကြာမထားတတ်တာတော့ အမှန်ပင်။ တင်မေကြည်ပြောသလို သူက မိဘနှင့် အစ်မကြီး၏နောက်မှာ နို့သက်ခံစို့နေကျမို့ပဲ ထင်သည်၊ ကျောင်းမှာတုန်းကလည်း သူ့ကို အပြင်အလုပ် ဘာမျှ ခိုင်း၍မရ။ စာပဲ တော်အောင်



ကြိုးစားသည်။ တင်မေကြည်ကတော့ ကျောင်းအားလျှင် ဖေဖေ့ကို စာရင်းကူတွက်ပေးသည်။ မေမေတို့ဆီမှာ စိန်အကဲခတ်ပညာ သင်သည်။ ခင်ဆွေဝင်းသည် ကျောင်းမှာ သူဌေးသမီးဟု နာမည်ကြီးသည်ကိုတော့ ဂုဏ်ယူ၏။ သို့သော် ဖေဖေ့ဆီမှာ အဝေးပြေးကား ဘယ်နှစ်စင်းရှိဟာ၊ တိုက်ဘယ်နှစ်လုံးရှိတာ၊ ကျောက်အောင်တာတွေကို သူမသိပေ။ ဖေဖေ့ ဦးလေးက အထက်မြန်မာပြည် တစ်နေရာမှာ လေးကောင်ဂျင်နှင့် စီးပွားဖြစ်ပြီး ဖေဖေ့ကို ကူညီတာတော့ မေမေ ပြောလွန်း၍ သိနေသည်။

ခင်ဆွေဝင်း အနေနှင့်တော့ ခင်ပပကို မနာလိုဖြစ်စရာ ဘာမျှ အကြောင်းမရှိပေ။ ရုပ်ရည် မိဘ ဩဇာအာဏာတို့နှင့် ယှဉ်လျှင်သာ တစ်ဘာသာစီ ဖြစ်သော်လည်း စည်းစိမ်ဥစ္စာနှင့် ယှဉ်လျှင်တော့ ခင်ပပသည် သူ့အောက်က ဖွဲ့မျှသာတည်း။ လောကမှာ ရာထူးဌာနန္တရ ကြီးတိုင်းလည်း ဓနဥစ္စာ ပေါ်များသည်မှ မဟုတ်တာ။တစ်ခါတစ်ရံ ငွေကြေးက ဦးဆောင်တာတွေ အများကြီး။ ခင်ပပက ရုံးအလုပ်ကို ဂုဏ်ရှိအောင်လုပ်ရသည်ဆိုလျှင် သူကလည်း အပျင်းပြေလုပ်သည်ဟု ဆိုရပေမည်။ အလုပ်ကိုတောင် သက်သက်သာသာ လုပ်ချင်လို့ ဆရာဝန်ဖြစ်အောင် စာမသင်ခဲ့တာပေါ့။

ခင်ဆွေဝင်းက လူတွေကို အပေါ်စီးက မြင်တတ်သော်လည်း မအေးတင့်လိုတော့ ဝန်တို မစ္ဆရိယ ဖြစ်မနေပေ။ မအေးတင့်ကိုကြည့်ပြီး တစ်ခါတစ်ခါတော့ စိတ်ပျက်သည်။ ငယ်ငယ်ကတည်းက ပေါင်းလာသော်လည်း မအေးတင့်၏ စိတ်ထားမမှန်ပုံကို သူသိသည်။ သူကွယ်လျှင်ပင် သူ့အတင်းကို ပြောမည့်သူမျိုး။ ယခင်တစ်ခါ နာမည်ကြီး သူဌေးတစ်ဦး အဖမ်းခံရတုန်းက ခင်ဆွေဝင်းတို့ မိသားစုကိုပင် ရာဇဝတ်မှုနှင့် မကင်းသယောင် သတင်းလွှင့်ခဲ့ဖူးသဖြင့် တစ်လလောက် စကားမပြောဘဲ နေဖူးသည်။ နောက်တော့လည်း ခွင့်လွှတ်လိုက်ရသည်။ သူ မပြည့်ဝလို့ ပြောရတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းကလည်း ပေါင်းစရာ ဒါပဲရှိသည်။ အဆင့်အတန်းချင်း သိပ်မကွာလျှင်လည်း ပေါင်းမဖြစ်။ ခင်ပပနှင့်ကျတော့ ပြိုင်ဘက်လိုဖြစ်နေသည်။ ကိုယ့်အောက်က စာရေးမလေးတွေကျတော့လည်း ဘယ်ပေါင်းချင်မလဲ။ အထက်က အရာရှိ ဒေါ်ဥမ္မာကျော်တို့ကျတော့လည်း ခပ်ကြောင်ကြောင်ရယ်။ သို့သော် သိပ်တော့ အရေးမကြီးပေ။ ရုံးမှာနေရသည်အချိန်သည် တစ်ဒင်္ဂသာတည်း။

အိမ်မှာဆိုလျှင် ခင်ဆွေဝင်းသည် လူတကာကို နွံ့ဆိုးဆိုး၍ ရသည်။ သူ့အစ်မကြီးက သူ့ကို ဘယ်လောက်ပဲ သက်သာခိုသည့် အချောင်သမား၊ သာရာစီးလေးဟု ပြောသော်လည်း သူခေါင်းနှင့် ခွေလိုက်လျှင် လက်စွပ်တစ်ကွင်း ဆွဲပြားတစ်ခု ဖြစ်ဖြစ်ရတတ်သည်။ တစ်ခုတော့ ရှိသည်။ တင်မေကြည်က သူ့လိုပဲ အပျိုကြီးလုပ်ရမည်တဲ့။ ဒါတော့ ဘယ်ဖြစ်မလဲ။ ခင်ဆွေဝင်းမှာ ချစ်သူရှိသည်။ ကျောင်းတုန်းကတည်းက တိတ်တခိုးတွဲခဲ့ရသည့် ချစ်သူ။ ယခုတော့ ကော်ပိုရေးရှင်းတစ်ခုမှာ မန်နေဂျာဖြစ်နေပြီ။ သို့သော် စီးပွားရေးကိုသာ စိတ်ဝင်စားသော ဖေဖေတို့ကတော့ သဘောတူမည် မဟုတ်။ တဖြည်းဖြည်းတော့ စည်းရုံးယူရပေမည်။

ရုံးဆင်းလျှင် ခင်ဆွေဝင်းနှင့် ခင်ပပသည် ကားကိုယ်စီနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်တတ်၏။ ခင်ပပက ဆီဒင်အနက်နှင့် အမြဲပြန်တတ်သော်လည်း ခင်ဆွေဝင်းက ကားအမျိုးမျိုး လဲပြနိုင်သည်။ မြန်မာပြည်မှာ အစင်းရေနည်းသော ဘီအမ်ဒဗလျူလို ကားမျိုးကို သူတို့ ဌာနမှာ ခင်ဆွေဝင်း တစ်ယောက်ပဲ စီးနိုင်သည်။

အိမ်ရောက်လျှင် ကန်စပ်က မြက်ခင်းပြင်မှာ အချစ်တော်ခွေးလေးနှင့် အပန်းဖြေနိုင်၏။ ခြံထဲမှာ တင်းနစ်ကစားကွင်းလည်း ရှိသည်။ ရေကူးကန်လည်း ရှိသည်။ ညဘက်မှာ ရုပ်ရှင်ကြည့်ချင်လျှင်တောင် ရသေးရဲ့။



ထိုအရာအားလုံးကို စည်းစိမ်ခံဖို့ဆိုသည်ကလည်း ခင်ဆွေဝင်းတစ်ယောက်တည်း ရှိ၏။ ကျန်လူများကတော့ ဘာအတွက်မှန်း မသိဘဲ မနားမနေ အလုပ်လုပ်နေကြလေ၏။ ပြီးတော့ သူတို့က ညည်းသေးသည်။ 'ဒီခေတ်ထဲမှာ စီးပွားရှာလို့ မကောင်းဘူး' တဲ့။

သူတို့မိသားစုသည် အဝတ်ကောင်း အစားကောင်းကိုတော့ မက်၏။ မမတင်မေကြည်ကဆိုလျှင် ပါတိတ်လုံချည် တစ်ထောင်တန် ဝယ်ဝတ်သည်တဲ့။ မေမေ့ လက်ပတ်နာရီက ရှစ်ထောင်ကျော်ပေးရသည်။ ရိုးလက်စ်နာရီတဲ့။ ဖေဖေက မေမေတို့သားအမိကို ငွေသိပ်မသုံးဖို့ ပြောသည်။ သိုသိုသိပ်သိပ် နေရမည်။ သမီးငယ်အလုပ်ဝင်လုပ်တာ မှန်သည်တဲ့။ ဘေးကကြည့်ပြီး အထင်ကြီးနေရင် မကောင်းဘူးတဲ့။

ဖေဖေက တစ်လ တစ်ခါလောက်တော့ သူ့အပေါင်းအသင်းတွေ ခေါ်ပြီး စားတတ်သောက်တတ်ကြ၏။ မေမေနှင့် အိမ်ဖော်နှစ်ယောက်သည် ချွေးဒီးဒီးကျအောင် စီမံရလေသည်။ စားသည်ဆိုတာထက် သောက်တာက ပိုများသည်။ အမြည်းလုပ်ပေးရတာက အမိက ဖြစ်၏။ သည်လိုညမျိုးမှာ ငွေကြေးရှိသူတွေသာမက အရာရှိ အရာခံတွေ မကင်းရာ မကင်းကြောင်း တွေပါ ပါလာတတ်၏။ မမတင်မေကြည်က ရှက်တတ်သဖြင့် အပြင်မထွက်ပေ။ ခင်ဆွေဝင်းကိုမူ ဖေဖေက အနားခေါ်ကာ ဧည့်ခံခိုင်း၏။ အရက် အလွန်အကျွံသောက်ပြီး အင်္ဂလိပ်စကား တရွတ်ရွတ်ပြောကာ မျက်နှာအဆီပြန်နေတတ်သော ဦးမြရွှေ ဆိုသည့် လူကြီးကိုတော့ ခင်ဆွေဝင်း တော်တော်မုန်းသည်။ သူ့ကို သမီး သမီး ခေါ်ပြီး ခေါင်းပုတ်သည်ကိုလည်း မကြိုက်ပေ။

ဖေဖေသည် သူ့ဟာသူ အငယ်အနှောင်းထားချင်ထားသော်လည်း သားသမီးနှင့် မိန်းမကိုတော့ ဂရုစိုက်လေသည်။ မေမေကလည်း ဖေဖေ ပွေချင်ပွေ။ အတည်တကျ မယူရင်ပြီးရောဟု သဘောထားသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့တွင် ပြဿနာတက်မှာလည်း မပူရပေ။ ဖေဖေသည် သားသမီး မရနိုင်တော့ပေ။

ဘာပဲပြောပြော ခင်ဆွေဝင်းကလည်း သူ့ဘဝသူ ကျေနပ်သည်ပင်။

လောကမှာ ငွေကြေးအတွက် မပူမပင်ရတာလောက် ကုသိုလ်ကောင်းတာ ဘာရှိဦးမလဲ။

❏

၉

ပြောရစေတော့။ မအေးတင့်နှင့် ခင်ပပတို့ ခင်ဆွေဝင်းတို့ဆိုသည်မှာ ပညာအရည်အချင်းလဲ တူ၊ အလုပ်ရာထူးချင်းလဲ အတူတူပါပဲ။ တက္ကသိုလ်က တစ်နှစ်တည်း ဘွဲ့ရလာခဲ့ကြသူတွေပါပဲ။ ခင်ပပနှင့် အမိကဘာသာချင်း မတူသော်လည်း သိပ္ပံသမားချင်း အတူတူမို့ တစ်ယောက်နှင့် တစ်ယောက် မြင်ဖူးခဲ့ကြသည်။ ခင်ပပက မိဘမျက်နှာလည်းရှိ ရုပ်ရည်ကလည်းလှတော့ ပိုပြီး ထင်ပေါ်တာတော့ အမှန်ပင်။ သို့သော် အသားဖြူတာကလွဲပြီး သေသေချာချာကြည့်ရင် မလှပါဘူး မအေးတင့်က တွေး၏။ မျက်မှန်ထူထူကြီး တပ်ထားတော့ အိုစာတယ်လို့တောင် ထင်ရသေးတယ်။ သို့သော် အခန်းထဲက ယောကျာ်းတွေကတော့ ခင်ပပတို့ ခင်ဆွေဝင်းတို့ကိုပဲ အရောဝင်ချင်ကြသည်။ ခုခေတ် ယောကျာ်းဆိုတာကလဲ ဂုဏ်မက်တတ်ကြသည် ပဲကိုး။

ခင်ဆွေဝင်းကတော့ သူနဲ့ ငယ်သူငယ်ချင်းပါပဲ။ အရင်တုန်းကတော့ အဆင့်အတန်းချင်းကလည်း သိပ်မကွာသေးပေ။ ပေါင်းလို့ သင်းလို့ ကောင်းသေးသည်ဟု ဆိုရမည်။ ယခုတော့ သူတို့က သိပ်ကြီးပွားသွားကြပြီ၊ အင်းလေ၊

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မကောင်းတာလုပ်မှ ပိုချမ်းသာတာပဲ။ သူငယ်ချင်းချင်းကတော့ အခင်အမင်မပျက် ရှိပါရဲ့။ သို့သော် ခင်ဆွေဝင်းက ဓနဂုဏ်နှင့်အထက်စီးဆန်ချင်သည်။ ငယ်နိုင်မို့သာ တော်သေး၏။ ပြောသေးသည်။ သူက အလုပ်ကို အပျင်းပြေလုပ်တာတဲ့။ ဒါပေမယ့် သူတို့ဘဝကို အားမကျပါဘူး။တကယ်ပါ။ ကိုယ့်မှာ မရှိလို့ ပြောတာ မဟုတ်ပါဘူး။ ခင်ပပ အဖေအငယ်အနှောင်းထားလို့ သူ့အမေ ဒူးနဲ့ မျက်ရည်သုတ်နေရတာ သိသားပဲ။ ခင်ဆွေဝင်းတို့အဖေကတော့ မပြောနဲ့တော့၊ မှိုလိုပေါက်နေတာ။

သူတစ်ပါးအကြောင်းတွေးရသည်နှင့်ပင် မှတ်တိုင်ကျော်စပြုလာ၏။ 'မှတ်တိုင်ပါတယ် မှတ်တိုင်ပါတယ်' ဟု အော်လိုက်သောအခါ ဒရိုင်ဘာက တီးတိုးရေရွတ်ပြီး ကားကို ဆောင့်၍ ရပ်လိုက်လေ၏။ ရုတ်တရက် ထရပ်လိုက်ရသော မအေးတင့်၏ကိုယ်မှာ ယိမ်းထိုးသွားလေသည်။ လုပ်လိုက်ဦးပေါ့ ကားဆရာကြီးရေ့။

နံပါတ်နှစ် ကားပေါ်မှဆင်းပြီး ကြည့်မြင်တိုင်လမ်းမကြီးကို ဖြတ်ကူးလာခဲ့၏။ ပြီးတော့ မီးရထားသံလမ်းကို ဖြတ်ကျော်သည့် ကုန်းတံတားပေါ်သို့ တက်သည်။ တံတားပေါ်မှာ ဈေးသွားဈေးပြန်တို့ဖြင့် စည်ကားလျက်ရှိ၏။ ကြည့်မြင်တိုင်ညဈေးသည် ယခုလို ရုံးဆင်းချိန်မှာ ပိုမိုစည်ကားတတ်သည်။ စိန့်ဂျွန်းဈေးတို့၊ ဥက္ကလာ ၁၀ ရပ်ကွက်ဈေးတို့ မပေါ်မီက ကြည့်မြင်တိုင်ညဈေးသည် မှောင်ခိုပစ္စည်းရောင်းဝယ်ရာ အချက်အချာ ဖြစ်ခဲ့လေသည်။

တံတားပေါ်မှ ဆင်းလာပြီး သံတံတားလမ်း၏ ညာဘက် နောက်ဖေးလမ်းကြားသို့ ကူးလာခဲ့၏။ ညာဘက် မီးရထားဝင်းဖြစ်သော နေရာမှာ အိမ်တွေ ပြွတ်ကျပ်နေသည်။ အိမ်သာမှ ဇလားတွေကို အတိုင်းသားမြင်နေရ၏။ အမှိုက်သရိုက်တွေ၊ ဆိုးရွားသော အနံ့အသက်တွေသည် နေ့စဉ်ဖြတ်သန်းသွားနေရသဖြင့် ယဉ်ပါးနေပြီ။ နောက်ဖေးလမ်းကြားမှထွက်သော



ဇလွန်လမ်းသို့ ရောက်၏။ ထိုမှတစ်ဆင့် ဖြတ်လမ်းတစ်ခုကိုကူးမှ မအေးတင့်တို့နေရာ အင်္ဂပူလမ်းကို ရောက်လေသည်။

မအေးတင့်တို့မိသားစုတွေ စမ်းချောင်းဘက်မှာ နေလာခဲ့သည်မှာ ကြာပြီ။ မုန့်လက်ဆောင်းကုန်း မီးကြီးလောင်ပြီးစကတည်းကပင်။ မအေးတင့်တို့ အဖေကလည်း ယခင်ကတော့ မြို့နယ် လုံခြုံရေးကော်မတီ လူကြီးတစ်ဦးပင် ဖြစ်၏။ ယခုတော့ အငြိမ်းစားယူထားပြီ။ အမေက ကျောင်းဆရာမတစ်ယောက် ဖြစ်၏။ သူတို့ အဆင့်အတန်းက သိပ်အနိမ့်ကြီးထဲက မဟုတ်ပေ။ ညီအစ်ကိုမောင်နှမတွေထဲမှာလည်း ထူးခြွန်သူပေါ၏။ အစ်ကိုအကြီးဆုံးက ဗိုလ်ကြီးအဖြစ်နှင့် ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေ၏။ အစ်ကိုတစ်ယောက်ကလည်း နယ်မှာ ရောက်နေသည်။ သူက တတိယမြောက်ဖြစ်ပြီး ညီမအငယ်ဆုံးက စီးပွားရေး တက္ကသိုလ်မှာ တက်ရောက်နေဆဲ ဖြစ်လေသည်။ ထို့ကြောင့်လည်း သည်ရပ်ကွက်မှာတော့ သူတို့ မျက်နှာမငယ်ပေ။

သူ အိမ်ဝရောက်သည်နှင့် အိမ်ဖော်မလေး မသောင်းက ပြေးထွက်လာကာ သူ့ကြိမ်ခြင်းကို ဆွဲယူလေသည်။

'ဖြည်းဖြည်းယူဟဲ့ စာအုပ်တွေ ထွက်ကျဦးမယ်'

သူက မြည်တွန်တောက်တီးနေကျအတိုင်း အကျင့်ပါကာ လှမ်းငေါက်လိုက်၏။ သူ့ကို ထွက်မကြိုလျှင်လည်း 'ဟဲ့ ငါတစ်ယောက်လုံးလာနေတာ မမြင်ဘူးလား၊ မောရတဲ့အထဲ ခြင်းလေးတောင် လာယူဖော်မရဘူး' ဟု ပြောတတ်လေသည်။ ကောင်မလေးသည် မအေးတင့်ရှေ့မှာ ကောင်းကောင်းလမ်းမလျှောက်ရဲသဖြင့် လှေကားအတက်တွင် ခလုတ်တိုက်မိလေ၏။

'ကြည့်လေ ပြောနေတဲ့ကြားထဲက'

မအေးတင့် အိမ်ပေါ်ကိုလှမ်းတက်ရင်း ခြေရင်းဘက်ခန်းကို မျက်လုံးဝေ့ကြည့်လိုက်၏။ သူတို့မှာ တစ်ချိန်က ငွေကြေးအသင့်အတင့်ပြင့် ဝင့်ဝင့်

www.burmeseclassic.com

www.burmeseclassic.com



ထည်ထည်ဖြင့် နေနိုင်ခဲ့သော်လည်း ယခုတော့ ကျပ်တည်းစပြုလာ၏။ အစ်ကိုနှစ်ယောက်ကလည်း အိမ်ထောင်အသီးသီးကျကုန်ကြပြီမို့ အနည်းအကျဉ်းသာ ထောက်ပံ့နိုင်၏။ အမေကလည်း ပင်စင်ယူရကာနီးပြီ။ အပြင်ပန်းအားဖြင့် ဟန်ကောင်းသော သူတို့မိသားစုမှာ အိမ်တွင်းမှာတော့ ပရမ်းပတာ ဖြစ်လျက်ရှိလေသည်။ ထို့ကြောင့်လည်း အိမ်၏ ဘေးခန်းတစ်ဖက်ကို လူငှားတင်ထား၏။ မငှားခင်ကတည်းက လူနည်းသူကိုသာ ဦးစားပေး လက်ခံခဲ့သည်မို့ ညားကာစ လင်မယားနှစ်ယောက်တည်းသာရှိလေသည်။ သို့တိုင်အောင် မအေးတင့်ကတော့ ထုံးစံအတိုင်း ကျေနပ်သည် မရှိသေးပေ။ တစ်ခါတစ်ရံ အလည်အပတ်လာတတ်သော မိန်းကလေး၏ မိခင်ကြီးပင်လျှင် ကြည့်မရ ဖြစ်ချင်ဖြစ်နေတတ်လေသည်။ ညားကာစ ဇနီးမောင်နှံ၏ ချစ်ကြင်နာပုံကိုပင် အကဲပါလှသည်ဆိုကာ စောင်းမြောင်းချင် စောင်းမြောင်းနေတတ်၏။

ထို့ကြောင့်လည်း သူတို့အိမ်မှာ အိမ်ငှားမမြဲတတ်ပေ။

မအေးတင့်သည် တစ်ဖက်ခန်းက မိန်းကလေးက သူ့ကို လှမ်းကြည့်လိုက်သောအခါ မမြင်ချင်ဟန်ပြုကာ အိမ်ပေါ်သို့ ခြေသံပြင်းပြင်းနှင့် လှမ်းတက်လိုက်လေသည်။

'ဟဲ့ အိမ်ရှေ့က အဝတ်တွေက မခြောက်သေးဘူးလား၊ အရောင်တွေ လွင့်ကုန်ရောပေါ့၊ တကတည်း ဘာလုပ်နေကြသလဲ၊ ငါ မပြောရင် ဘာအလုပ်မှ မပြီးဘူး၊ ကြမ်းပေါ်မှာလဲ သဲတရှပ်ရှပ်နဲ့'

မအေးတင့်သည် အိမ်ရှေ့မှ နောက်ဖေးသို့ ဝင်ရာလမ်းတစ်လျှောက်တွင်လည်း အပြစ်ကို စေ့စေ့စပ်စပ်ရှာရင်း ဆူပူသွားလေ၏။ သည်အချိန်မျိုးတွင် အဖေကတော့ အပြင်ထွက်နေတတ်သည်။ သို့မဟုတ်ပါကလည်း အိမ်မှာ လျှာစောင်းထက်သော မိန်းမနှင့် သမီး၏ ဆူသံပူသံကို နားမခံသာ



အောင် ရှိရတတ်၏။ အငယ်မ တက္ကသိုလ်ကျောင်းသူကတော့ မည်သူ့ကိုမျှ ဂရုမစိုက်။ သူလုပ်ချင်ရာ လုပ်နေတတ်၏။ ယခုလည်း အိပ်ရာထက်မှာ ခွေရင်း မိန်းမလှလေးများနှင့် ဇာတ်လိုက်အမျိုးသား ဖြောင့်ဖြောင့်ချောချော ပါသော ဝတ္ထုတစ်ပုဒ်ကို တစ်ရှိုက်မက်မက် ဖတ်နေလေသည်။

'အိမ်ကတော့ ပြောမနေနဲ့တော့အေ၊ အိမ်နဲ့ကို မတူတော့ဘူး၊ သမီးမိန်းကလေးများ မွေးပြီးတော့လဲ အားမှ မကိုးရဘဲ ကျောင်းကပြန်လာရင် ဝတ္ထုစာအုပ်တစ်အုပ်နဲ့ အချိန်ကုန်တော့တာ၊ ခုကတည်းက လင်ယူသားမွေးဖို့ စိတ်ကူးနေတာပဲ၊ ဘယ်သူ့အားကျတယ် မသိပါဘူး'

သမီးကို ဆုံးမသူ ကျောင်းဆရာမကြီး၏ ဩဝါဒကလည်း အနှောင့်အသွား မလွတ်လှပေ။

'ဒါပေါ့ အမေရဲ့၊ ခုခေတ် မိန်းကလေးတွေက ယောကျ်ားယူဖို့သာ သိတာ၊ အိမ်မှုကိစ္စလဲ ဘာမှ နားလည်တာ မဟုတ်။ ယောကျ်ားကိုလဲ ဘယ်လို ပြုစုရမယ်ဆိုတာ သိတာမဟုတ်၊ အားအားရှိ လင်ကို ကပ်ချွဲဖို့လောက်သာ သိတာ၊ အဲဒါမျိုးတွေပေါ့၊ ခုကြိုက် ခုညား ခုကွဲ ဆိုတာလေ'

သားအမိနှစ်ယောက် အတိုင်အဖောက်ညီညီနှင့် လေနီကြမ်းကြီး ဆင်နေလေပြီ။ သူတို့အဖို့ကတော့ သည်သို့သော စကားများသည် ပြောနေကျ ဆိုနေကျ ပိယဝါစာများသာတည်း။ ပညာအဆင့်အတန်းမြင့်သည်ဟု ထင်ရသော်လည်း စိတ်ဓာတ်အားဖြင့် အောက်တန်းကျသည်ကို သတိထားမိဟန် မတူ။ တစ်ဖက်သားကို ပြုစုစောင်းမြောင်းရမှ နေသာထိုင်သာ ရှိ၏။

မအေးတင့်သည် အကျီလုံချည်များကို လဲပြီး ကြိုးတန်းပေါ် ပစ်တင်လိုက်၏။ သူကိုယ်တိုင်ကတော့ မည်သည့်အခါမျှ စည်းကမ်းတကျ မနေတတ် မထိုင်တတ်ပေ။ သူက ရုံးအလုပ်တစ်ဖက်နှင့်မို့ဟု အကြောင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေး မသောင်းသည် သူ့ရှေ့က ဖွသွားသမျှကို နောက်ကလိုက်သိမ်းရလေသည်။ မသောင်းသည်ကား တစ်အိမ်လုံး၏ ခိုင်းစရာ စေစရာများ ဆူစရာ ပူစရာများ စုဝေးရာဖြစ်လေ၏။ တစ်လလျှင် ငွေအစိတ်မျှပေးပြီး အဝတ်ဟောင်းကလေးများသာ တစ်ခါတစ်ရံ ဆင်ရသော မသောင်းသည် တစ်အိမ်လုံးအလုပ်ကို ဒိုင်ခံလုပ်ရလေသည်။ သို့သော် တစ်ခါမျှ မျက်နှာကောင်းမရပေ။

'ဟဲ့ မသောင်း ထမင်းခူးချေစမ်း၊ ထမင်းဆာလိုက်တာ၊ ဘာဟင်းချက်သလဲ အမေ'

'ညည်းအဖေဖို့ ပုစွန်ထုပ်လေးသုံးကောင် ကြော်ထားရတယ်၊ ကျန်တဲ့ ပုစွန်ခေါင်းနဲ့ ကင်ပွန်းရွက်ချဉ်ရည်၊ အဲ အဟင်း ပုစွန်ဆီပြန်'

သူ့အမေက စကားပြောရင်း ရုတ်တရက် အရှိန်တန့်သွား၏။ တစ်ဖက်ခန်းမှ ငှားနေသော ကောင်မလေးက အိမ်သာဘက်ထွက်လာသည်ကို တွေ့ရသောကြောင့် ဖြစ်၏။ ထို့ကြောင့် ပုစွန်ဆီပြန်ဟင်းတစ်ခွက်ကို ကမန်းကတန်း ဖြည့်လိုက်ရလေသည်။

'ဟဲ့ ထမင်းခူးပါဆိုနေ၊ ဘာငေးနေတာလဲ၊ ငါ လုပ်လိုက်ရ'

သူတို့ကြည့်ရာကို လိုက်ငေးမိသော မသောင်းခမျာ နဖူးနှင့် ယောက်မ ဂဟေဆက်လိုက်ရရှာ၏။ မသောင်းကလည်း အကင်းမပါး။

'ပုစွန်တုပ်ဟင်းက ဘယ်မှာလဲ ကြီးကြီး၊ ဘဘကြီးဖို့ ချန်ထားတာ ချလိုက်ရမလား'

'တယ်လေ လျှာက ရှည်ရန်ကော'

မသောင်းသည် ပေါင်တွင်းကြော လိမ်ဆွဲခံရသည်ကိုပင် ဘုမသိ ဘမသိ ဖြစ်နေရှာ၏။ သူတို့အိမ်မှာ အားလုံး အကြွားပိုသလောက် အစားအသောက်တော့ အင်မတန် ခြိုးခြံချွေတာကြလေသည်။ အဖေကြီးအတွက်



သာ သားငါးလေး အနည်းငယ် လုပ်ကျွေးတတ်ပြီး သူတို့က ချည်ရည်ဟင်းတစ်ခွက်မျှနှင့် ဖြစ်သလို စားကြ၏။ သို့သော် အပြင်ထွက်သွားလျှင်တော့ ကျော့ကျော့မော့မော့ ပြောင်ပြောင်ယောင်ယောင်နှင့်မို့ မြင်သူတိုင်း အထင်ကြီးလောက်သည်။ သားအမိနှစ်ယောက်လုံး စိန်နားကပ်နှင့်။ မအေးတင့်က အဆင်ဆန်း ပေါ်သမျှ ဝယ်ဝတ်တတ်၏။ အထူးသဖြင့် ခင်ပပထက် ဦးအောင် ဝတ်၏။ သို့သော် ခင်ပပက နိုင်ငံခြားက တိုက်ရိုက်လာသော အထည်တွေချည်း ဝတ်သောအခါ မအေးတင့်က နှာခေါင်းရှုံ့ပြီး ခင်ပပမှာ လူတကာထံမှ လက်ဆောင်ပဏ္ဏာကို လက်ခံတတ်သော မိန်းကလေးအဖြစ် မျိုးရောက်အောင် သွယ်ဝိုက် ပြောဆိုတတ်လေသည်။

သားအမိသုံးယောက် ပူညံပူညံဖြင့် ထမင်းဝိုင်းတွင် ထိုင်ကြလေသည်။ သမီးအငယ်သည် ဝတ္ထုစာအုပ်ကို လက်ကမချဘဲ စာအုပ်ကြားမှာ လက်ညှိုးညှပ်ကာ ထမင်းကို ဇွန်းဖြင့် ခပ်စား၏။ ချဉ်ရည်ဟင်းမှ ဇွန်းနှစ်ချောင်းနှင့် ငါးပိရည်ခွက်မှ ဇွန်းတစ်ချောင်းသည် လက်မလည်အောင် ရှိတော့၏။ သူတို့ ထမင်းစားပြီးသောအခါ ပန်းကန်ထဲတွင် ချဉ်ရည်ဟင်း အကပ်အသတ်နှင့် သခွားသီးတို့စရာ နှစ်ကွင်းခန့်၊ ငါးပိရည် အနည်းငယ်ခန့်သာ ကျန်တော့လေသည်။

'ဟဲ့ မသောင်း တစ်ခါတည်းလာစားချည်၊ ချဉ်ရည်ဟင်း နင့်အဘဖို့ ချန်ထားဦး၊ ငါးပိရည် ထပ်ထည့်ချင်ထည့်၊ ငရုတ်သီးမှုန့်တွေ အရမ်းမထည့်နဲ့နော်'

မသောင်းသည် ကျုံ့ကျုံ့လေးထိုင်ကာ ထမင်းကို ဝင်စားလေသည်။ မည်မျှပင် ကုပ်ကုပ်ကပ်ကပ် စားရသည်ဖြစ်စေ မသောင်းကလည်း အစားကောင်း အသောက်ကောင်း။ ဇေိန်ဆန် ထမင်းတစ်ပန်းကန်သည် တစ်ခဏချင်း ကုန်သွား၏။ မသောင်းက ထမင်းထပ်ထည့်ဖို့ ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ထမင်းကလည်း စားလှချည့်၊ စားကိုးလဲ နင့်နေဦးမယ်၊ ကြည့်လဲ လုပ်၊ ရှေ့လူ နောက်လူလဲ ချန်ဦး၊ အမလေးနော်၊ အစားအသောက်နဲ့ ပတ်သက်လို့ ပြောရတာ မကောင်းလိုက်တာ၊ ကိုယ့်ဘာသာ ဆင်ခြင်မှပေါ့ အေ'

ဆရာမကြီး ညည်းညူလိုက်သဖြင့် ထမင်းအိုးဆီ လက်လှမ်းနေသော မသောင်း၏ လက်သည် တန့်သွားရလေ၏။

'ခုခေတ် လူတစ်ယောက် ထမင်းကျွေးရတယ်ဆိုတာ နည်းတာ မဟုတ်ဘူးနော်၊ တချို့များဆို ထမင်းတောင် နပ်မှန်အောင် စားနိုင်တာ မဟုတ်ဘူး၊ ငါတို့လိုအိမ်မျိုးမို့လို့ အဲဒါ ညည်းတို့က အလိုက်သိသိ လိမ်လိမ် မာမာနေ၊ ကြိုးကြိုးစားစားလုပ်၊ ကြားရဲ့လား'

'ဟုတ်ကဲ့ရှင့်'

ထမင်း မဝတဝဖြင့် ပန်းကန်များကို ထိုင်ဆေးနေသော မသောင်းသည် မအေးတင့်၏ သြဝါဒကကို ခေါင်းတညိတ်ညိတ် လုပ်နေရရှာသည်။

မှောင်စပျိုးသော် မအေးတင့်၏ အဖေနှင့် ရပ်ကွက်မှ လူကြီးတချို့ အိမ်ပေါ် ရောက်လာ၏။ သူတို့ကား ရပ်ကွက် သာရေးနာရေးနှင့် တရားမမှုဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူနေသောသူများပင် ဖြစ်လေသည်။ ဆရာမကြီးက ရေနွေးကြမ်းဖြင့် ဧည့်ခံ၏။

'မီးတွေကလဲ မကြာ မကြာ လောင်လိုက်တာ၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့၊ ကပ်ဆေးတဲ့အချိန်ရောက်ပြီနော်၊ စိတ်ကောင်း နှလုံး ကောင်း ထားကြ၊ ငါးပါးသီလ မြဲကြ'

'ဟုတ်ပါ့ရှင်'

မကြာမီ အိမ်ပေါ်မှ လူကြီးများ ပြန်ဆင်းသွားသောအခါ ဆရာမကြီးသည် ထုံးစံအတိုင်း ခင်ပွန်းဖြစ်သူကို ဆူပူစပြုလာတော့သည်။



'ရှင့်မလဲ တစ်နေ့ တစ်နေ့ ဒီရပ်ရွာအလုပ်နဲ့ ပြီးနေတာပဲ၊ အိမ်လဲ နည်းနည်းဂရုစိုက်ပါဦးရှင့်၊ ဝင်ငွေတစ်ပြားမှ မရှိဘဲ ဒီလိုပဲ ထိုင်စားနေလို့ ပြီးမလား၊ ကြံဖန်ဦးမှပေါ့၊ သူများတွေက ဘယ်နေရာမဆို သူတို့အတွက်ရမှ အကွက်မြင်မှ လုပ်တာ၊ ရှင်ကသာ ရိုးရိုးကြီးလုပ်နေ၊ ရှင့်သားတွေကလဲ တစ်ယောက်မှ အားကိုးရတာ မဟုတ်ဘူး၊ သူတို့မယားတွေပဲ လုပ်ကျွေးနေကြတာ၊ ကျုပ်တို့မှာ ဟန်သာရှိတော့တာ၊ တကယ်တော့'

ဆရာမကြီးသည် ပြောရင်းမှ ဘေးလူကြားသွားမည်စိုးသဖြင့် အသံကို နှိမ့်လိုက်၏။ ထိုစဉ် မီးဖိုဆောင်မှ မဇအေးတင့်၏ အသံကို ဆူဆူ ညံညံ ကြားရလေသည်။

'ဟဲ့ ဘယ့်နှယ်ဖြစ်နေတာတုံး၊ အိမ်ရှေ့ကတစ်မျိုး၊ နောက်ဖေးက တစ်မျိုး၊ ငါ့နှယ် ပုတီးစိပ်မလို့ကြံနေတာ ခုထိ ဘုရားစင်ရှေ့ မထိုင်နိုင်သေးဘူး'

'ကျွန်မက အဖေစားဖို့ ထမင်းခူးခိုင်းလိုက်တာ မသောင်းရယ်လေ ထမင်းနဲ့ ရေတ်သီးမှုန့်တွေ နယ်ပြီးစားနေတယ်'

'အမလေးတော်၊ စားလေငတ်လေ ဆိုသလိုပါပဲလားဟဲ့၊ ဒီကောင်မလေး တော်တော်အတင့်ရဲနေ'

မသောင်း၏ ခေါင်းတွင် ဒေါက်ခနဲ ဒေါက်ခနဲ အသံနှစ်သံ ကြားလိုက်ရလေ၏။

မကြာမီ အိမ်ရှေ့ဆီမှ ဆရာမကြီး၏ ဘုရားရှိခိုးသံနှင့် မသောင်း၏ ရှိုက်သံတို့ ရောထွေး ပေါ်ထွက်လာသည်ကို ကြားကြရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

လစာထုတ်ရက်မို့ လူစုံလေသည်။

စားသောက်ဆိုင်တွေမှာ သက်သာချောင်ချိရေးဆိုင်မှာလည်း စောစီ စွာပင် လူစည်ကားနေ၏။ လခမရသေးသော်လည်း မကြာမီ လခရမှာမို့ တစ်ယောက်ဆီမှ တစ်ယောက် အလွယ်တကူ ဆွဲယူသုံးစွဲကြလေသည်။ အချို့က ငွေခဏလှည့်၍ ဈေးသွားသူက သွားသည်။ အချို့က ရမည့်လခ နှင့် ပေးရန် သုံးငွေများကို စာရင်းတွက်နှင့်ကြသည်။ လတစ်လ၏ နိဂုံး ရက်သည် လှုပ်ရှားရိုက်ခတ်လျက်ရှိ၏။

'လခတွေ ပေးနေပြီဟေ့'

တစ်ယောက်က သတင်းပေးလိုက်သောအခါ လခထုတ်ရာနေရာမှာ လူတွေ တန်းစီယူငင်နေကြပြီ။ စာရေးကလည်း စာရေးလခ၊ အရာရှိကလည် အရာရှိလခ၊ ရာတန်အသစ်လေးတွေ၊ အစိတ်တန်အသစ်လေးတွေကို ကိုင်ကာ တစ်လလုံးအတွက် ဇယားချမရတိုင်း လင်းတမှိုင် မှိုင်နေသူတွေ လည်း ရှိ၏။

ငွေစုငွေချေးအတွက် စုငွေနှင့် ချေးငွေဆပ်။ အရေးပေါ်ချေးငွေယူ ထားတာရှိလျှင် နုတ်၊ အထူးချေးငွေရှိသေးလျှင် ထပ်နုတ်၊ သာရေးနာရေ



အတွက် နုတ်၊ အဲ အထည်စတွေ လပေးယူထားတာရှိသေးလား၊ ဖယ်လိုက်ဦး၊ ထိုအချိန်တွင် အထည်လဆိုင်းပေးသော မငွေရင်ကလည်း စာရင်းလိုက် ကောက်နေပြီ။ သူ့အလုပ်က ရုံးမှာလုပ်ရင်း ဝင်ငွေအပိုရအောင်လုပ်နည်း ဖြစ်၏။ ငွေရင်းမြှုပ်နှံမှုလေးတော့ လိုသည်။ စိန်ဂွန်းဈေးလို၊ ၁၀ ရပ်ကွက် ဈေးလို နေရာမျိုးမှာ အထည်စ ဆန်းဆန်းကို ငါးကိုက်စီ၊ ၁၀ ကိုက်စီ စသည်ဖြင့် ဖောက်သည်ဈေးဖြင့်ဝယ်သည်။ ပြီးတော့ တစ်ကိုက်စ တစ်တောင်စ သင့်လျော်အောင် ဖြတ်သည်။ ပြီးတော့ အစလေးတွေပိုက်ကာ အခန်းစေ့ အောင် လူစုံအောင်ပြသည်။ ရောင်းသည်။

တချို့ကလည်း ရုံးတစ်ဖက် အိမ်တစ်ဖက်ဆိုတော့ ဈေးကို တော်ရုံ နှင့် မရောက်နိုင်ကြချေ။ သွားရသည်က ခရီးလည်းထောက်သည်။ ပင်လည်း ပင်ပန်းသည်။ ကားခလည်း ကုန်သည်။ အဆင်ဆန်းပေါ်သည် ဆိုတိုင်း လည်း မသွားနိုင်။ ဘာတွေဆန်းသလဲဆိုတာလည်း ခဏခဏ သွားမကြည့် နိုင်ပေ။ ထိုအခါ အသင့်လာပြသော အစလေးတွေကိုသာ ကြိုက်လျှင် ယူထား လိုက်၏။ ငွေကလည်း လက်ငင်းပေးစရာမလို။ တစ်လဆိုင်းပြီး ပေးလျှင် လည်း ရသည်။ နှစ်လ သုံးလဆိုင်း ဆိုလျှင်လည်း ဆိုင်းသည်။ ဈေးကတော့ နည်းနည်း ပိုပေးရမည်ပေါ့။ လက်ငင်းတစ်စ ၂၅ ကျပ် ပေးရမည့်အစကို တစ်လဆိုင်းလျှင် ၃၀ ကျပ်၊ နှစ်လဆိုင်းလျှင် ၃၅ ကျပ် စသဖြင့် အမျိုးမျိုး ရှိ၏။ ပိုက်ဆံကတော့ တစ်လကြာမှ တစ်ဆယ်ပေး၊ နောက်တစ်လကြာမှ နောက်တစ်ဆယ်ထပ်ပေး။ နည်းနည်းချင်းဆိုတော့ ပေးရမှန်းပင် မသိပေ။ အင်္ကျီကိုတော့ စောစောစီးစီး အများထက်ဦးအောင် ဝတ်နိုင်ပေမည်။ သည်တော့လည်း ရုံးဝန်ထမ်း မိန်းကလေးအတော်များများက သည်နည်း ကို သုံးကြ၏။ အင်္ကျီတစ်စအတွက် ၁၀၊ ၁၅ ကျပ် အပိုပေးရသည့် နစ်နာ ချက်ကို မမြင်ကြတော့ပေ။ အဆင်ဆန်းကို ဦးအောင် ဝတ်ရဖို့သာ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏။ တစ်ချီတည်းနှင့် ငွေသုံးလေးဆယ် ထွက်သွားမှာလည်း မတတ်နိုင်ပေ။

မငွေရင်အဖို့လည်း တွက်ချေကိုက်ပြီးသားပင်။ သူက ဖောက်သည်ဈေးနှင့် ဝယ်ထားသည့်အပေါ်မှာ လက်ငင်းရောင်းဈေးအတွက်ပင် အမြတ်တင်ပြီးသား။ တစ်ခါ တစ်လဆိုင်း နှစ်လဆိုင်းအတွက် ငါးကျပ်၊ ၁၀ ထပ်ရသေးသည်ဆိုတော့ ထက်ဝက်လောက် မြတ်၏။ အတိုးနှင့် တွက်လျှင်တောင် ၂၀ တိုးလောက် သွားကျ၏။

သို့သော် လှည့်ပတ်သုံးစွဲဖို့ငွေတော့ လိုသည်။ အတိုးနည်းသည့်ဆီက ငွေလှည့်ရသည်။ ရုံးမှာချေး၍ရသည့်ငွေသည် အတိုးအနည်းဆုံးတည်း။ သို့မဟုတ်ကလည်း ပစ္စည်းတစ်ခုကို အစိုးရချေးငွေဌာနမှာ ပေါင်လျှင်အတိုးနည်း၏။ ထိုငွေကို သဘ်လက်မှာ ရင်းနှီးမြှုပ်နှံလိုက်လျှင်တစ်ဖက်က အတိုးကျေရုံမက အမြတ်လည်း ထွက်သည်။ လူက နည်းနည်းပင်ပန်းခံရုံသာပင်။

ရုံးမှာ ထိုသို့ တစ်နည်းတစ်ဖုံ စီးပွားရှာသူများထဲတွင် ငွေတိုးသက်သက် ပေးစားသူကတော့ ပိုရက်စက်၏။ ဘဝတူချင်း ဓာတ်တူသားစားသည်နှင့် တူ၏။ များသောအားဖြင့် လစာနည်း ဝန်ထမ်းဆိုသူများမှာ မလောက်ငပေ။ အချို့ကတော့ အိမ်မှာ ဈေးဆိုင်လေးဖွင့်ကာ၊ စာအုပ်အငှားဆိုင်လေးဖွင့်ကာ အပိုဝင်ငွေရှာကြသည်။ အချို့ကတော့ ဘာမှမလုပ်တတ် မကိုင်တတ်။ ရိုးရိုးအအ။ ထိုအခါ အလွယ်လမ်းကိုလိုက်ကာငွေကို အတိုးနှင့် ချေးသုံးရသည်။ ချေးရာတွင်လည်း တိုးတိုးကျိတ်ကျိတ်ချေးရ၏။ အတိုးကတော့ မသေးလှပေ။ ငွေ ၁၀၀ ကို ၁၀ တိုး။ တစ်လတစ်လ အတိုးသာ ဆပ်နိုင်သည်။ အရင်းကို မဆပ်နိုင်ပေ။ လပေါင်းကြာလာသောအခါ အရင်းထက် အတိုးက များလာ၏။ အလကားနေရင်း လခထဲက ဆက်ကြေးပေးရသည်နှင့် တူတော့၏။



ရုံးခန်းထဲမှာ မရမ်းပြား ဇီးပြား ရောင်းပြီး ဝင်ငွေရှာသူကလည်း မရှား။ ကလစ်လေးတွေ ဖဲပြားလေးတွေ ရောင်းသူကလည်း မရှား။ နိုင်ငံခြားပစ္စည်း လိုချင်လျှင်လည်း ရသေး၏။ သင်္ဘောပစ္စည်း လိုချင်လား၊ နိုင်ငံခြားက ပြန်လာလို့ မြန်မာပြည်မှာ တစ်ခါမှ မသုံးသေးသည့် ပစ္စည်းတွေပြန်ရောင်းတာလည်း ရနိုင်၏။ အဟောင်းလည်းရှိ၏။ အသစ်လည်းရှိ၏။ အချို့အပြင်လူတွေက တစ်ခါသုံးပြီး မကြိုက်တော့သည့် ပစ္စည်းတွေ ဂွတ်စကင်းဟင်းတွေကို ရုံးဝန်ထမ်းတစ်ယောက်နှစ်ယောက်ဆီမှာ အပ်ထားသည်။ သူ့အတွက် ၅၀ ရလျှင် တော်ပြီ။ တစ်ရာရလျှင် တော်ပြီ စသည်ဖြင့်တစ်ဆင့်ရောင်းခိုင်း၏။ ဝန်ထမ်းက သူ့အတွက် အမြတ်ကျန်အောင်ရောင်းပေးသည်။ 'ပစ္စည်းက အကောင်းချည်းရှိသေးတာ၊ ဗိုလ်ချုပ်ဈေးမှာသွားဝယ်ရင် အနည်းဆုံး နှစ်ရာ့ငါးဆယ်တော့ဆိုမှာ'ဟု ကျအောင် ပြောသောအခါ ပစ္စည်းကောင်းသုံးချင်သူက အချောင်ရပြီဆိုကာ ဝယ်လေသည်။

ထို့ထက် လူလည်ကျသူကလည်း ရှိသေး၏။ အဟောင်းဈေးမှာကောင်းကောင်းလတ်လတ်လေးတွေကို ရွေးပြီး ဈေးဆစ်ဝယ်လာသည်။ ရုံးကျတော့ 'ဒါ သင်္ဘောပစ္စည်း၊ နိုင်ငံခြားက ပါလာတာ၊ ပိုက်ဆံလိုလို့ရောင်းတာ၊ ဈေးသိပ်သက်သာတယ် ဝယ်ထားပါလား' ဆိုကာ လူပေါ်လူဇော်လုပ်ခြင်းပင် ဖြစ်လေ၏။

နာမည်ကြီး ဖိနပ်ဆိုင်တွေ၊ သားရေအိတ်ဆိုင်တွေက ပုံစံဟောင်းပြီးရောင်းမစွံတော့သည့် ဖိနပ်အဟောင်း၊ ပိုက်ဆံအိတ်အဟောင်းတွေကိုဖောက်သည်ပေးကာ လဆိုင်းနှင့် ရောင်းခိုင်းသူတွေလည်း ရှိသည်။ ဤသို့အားဖြင့် လစာနည်း၍ လုံးခြာလည်နေသည့် ဝန်ထမ်းတွေသည် သူ့ထက်ငွေရှိသူ အရင်းရှင်ပေါက်စနလေးတွေ၏ တစ်ဆင့်ဝါးမျိုခြင်းကို ခံနေကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လခထုတ်ရက်၏ မြင်ကွင်းကား ပျော်စရာ၊ ရယ်စရာ၊ သနားစရာ၊ ငိုစရာ ဖြစ်၏။

ချေးငွေတစ်ခု အကျေမဆပ်နိုင်မီ နောက်ထပ်ငွေချေးပြီး ပထမ ချေးငွေကို ဆပ်၊ ကျန်သည့်ငွေကို ဆက်သုံးရမည့် အမယ်ဘုတ်ကယ် သူ့ချည်ခင် ဖြစ်နေသူတွေ၊ အကြွေးရှင်က ရုံးပေါက်ဝမှာ လာစောင့်နေ၍ နောက်ဖေးပေါက်မှ လစ်ရသူတွေ အဖြစ်ကလည်း ရယ်စရာ။ မိန်းမက ကလေးတွေပါခေါ်ပြီး လိုက်လာသူက လိုက်လာ၏။ လခလေးတွေကို ခါးပိုက်နှိုက်ခံရမည်စိုး၍ ထမင်းဘူးထဲထည့်သူက ထည့်သည်။ ပေးစရာ ဆပ်စရာတွေ ပေးဆပ်လိုက်၍ နောက်ဆုံး ငါးကျပ်၊ တစ်ဆယ်သာ ကျန်ပြီး ဒုံရင်းအတိုင်း ပြန်သူက ပြန်၏။

လခထုတ်ရက်မို့ အလုပ်တော့ နည်းနည်းပျက်၏။ သို့သော် ကိစ္စမရှိ။ နက်ဖြန်ခါဆိုရင် ပုံမှန်ပြန်၍ လည်ပတ်မည်။ မျှော်လင့်ချက်တွေ အသစ် တစ်ဖန် ရှင်သန်ပေဦးမည်။

နောက်တစ်ခါ လခထုတ်ဖို့ ၂၉ ရက်ပဲ လိုတော့သည် မဟုတ်လား။

□

## ၁၁

ဆူးလေ မီးရထားခုံးတံတားကြီးပေါ်မှ လူတွေ သွားလာလှုပ်ရှားနေကြ၏။ ဟိုနေရာတစ်စု သည်နေရာတစ်စုနှင့် တီးတိုးပြောဆို ဆွေးနွေးနေသူတွေလည်း တွေ့ရ၏။ ကိုသန်းအောင်တို့အနားကို တိုးကပ်သွားချိန်မှာ 'တစ်စောင်ကို ၂၀' ဟူသော အသံကို ကြားနေရပေပြီ။ အောင်ဆန်းကွင်းထဲကို ဝင်ရန် တန်းစီ နေသော လူတန်းကြီးတွေမှာ သမ္မတရုံရှေ့ကိုပင် ရောက်လုနီးနေပေပြီ။

ကိုသန်းအောင်သည် အလျင်အမြန် ပြေး၍ ဝင်တန်းစီလိုက်ရ၏။ ဘောလုံးပွဲစရန် မိနစ်နှစ်ဆယ်ခန့်သာ လိုတော့သည်။ လူတန်းကြီးက ရှည် လျားပါဘိ။ ပထမအဆင့် သံဆူးကြိုးဂိတ်ကို ကျော်အောင် အတော်စောင့် ရဦးမည်။ တိုင်းနှင့်ပြည်နယ် ဗိုလ်လုပွဲမို့ထင့်၊ အစောင့်အကြပ်တွေ အကာ အရံတွေကလည်း များလှ၏။ ဘယ်ဘက် ကုန်းမြင့်ပေါ်မှာလည်း လက်နက် ကိုင် အစောင့်အကြပ်တွေနှင့်။ ပရိသတ်ကတော့ စိတ်ဓာတ်တက်ကြွနေ သည်မှာ အမှန်။ ရိုးရိုးဝါသနာအိုးတွေလည်း ရှိသည်။ စီးပွားဖြစ် အလောင်း အစားသမားတွေလည်း ပါသည်။ အပျော်တမ်း လောင်းထားသူတွေလည်း မနည်းလှ။ ကိုသန်းအောင်ကတော့ ပဲခူးသားမို့ ဒေသစွဲနှင့် ငွေ ၁၀၀ လောင်း ထားသည်။ ရုံးက ကိုဘဆွေကလည်း မခံချင်အောင် စ သည်ကိုး။ သရေ

www.burmeseclassic.com

www.burmeseclassic.com



အရှုံးနှင့် ပေးသည်ဆိုတော့ ဘာပဲဖြစ်ဖြစ် အခြေအနေအများကြီးကောင်းသည်။ ပဲခူး နိုင်ရမည်။ နိုင်ကို နိုင်ရမည်။ နိုင်မှလည်း ဖြစ်မည်။ ယနေ့ လခထုတ်ရက်မို့ လခထဲကငွေကို လောင်းကြေးအဖြစ် အပ်ထားရ၏။ ပြန်မရလျှင် ဒုက္ခ၊ အိမ်ကမိန်းမသိလျှင် ငိုမည်လား မသိ။ သို့သော် မရှုံးနိုင်ပါဘူးလေ။

သံဆူးကြိုးဂိတ်ကို ကျော်ခဲ့၏။ ကွင်းထဲက အော်ဟစ် အားပေးသံများ ကြားရသည်။ ဘောလုံးသမားတွေ ကွင်းထဲဆင်းပြီထင့်။ စိတ်ထဲမှာ မရိုးမရွဖြစ်လာ၏။ လူတန်းကြီးကလည်း ရှည်လျားပါဘိ။ ရုံးဆင်းဆင်းချင်း မလာမိတာ မှားပြီ။ ဟိုကောင် ဘဆွေနှင့် ငြင်းရ ခုံရသေးသည်ကိုး။ သူကတော့ လိုက်မလာတော့ချေ။ သေချာပြီးသားမို့ အိမ်ကပဲ အေးအေးဆေးဆေး ရေဒီယိုနားထောင်တော့မည်ဟု မခံချင်အောင် ပြောသွားသေးသည်။

အထူးတန်းဂိတ်ကို ရောက်လာ၏။ အထဲသို့ ကမန်းကတန်း တိုးဝင်လိုက်ချိန်ဝယ် အော်ဟစ်သံများ ထပ်ကြားရ၏။ ပွဲစပြီထင်သည်။ သူ အပြေးအလွှားဝင်ကာ အထူးတန်းစင်မြင့်သို့ တက်ခဲ့လေသည်။ နေရာကို ရှာပြီး အေးအေးဆေးဆေး ထိုင်၍ ပဲခူးကို အားပေးရန် ဟန်ပြင်လိုက်၏။

ပရိသတ်ပင် ကောင်းစွာ မငြိမ်တတ်သေး။ အသံကုန် ဟစ်အော်အားပေးလိုက်သံများကြောင့် သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။ ဂိုးပြီတဲ့။ ဘုရား ဘုရား ဘယ်ကပါလိမ့်။ အလို ရှမ်းက တစ်ဂိုးသွင်းလိုက်ပြီဆိုပါလား။ သူ ရင်မောသွားလေ၏။ သူ့မှာတော့ နေရာတကျပင် မထိုင်ရသေး။ အရှုံးနှင့် စနေပြီကော။ သို့သော် တတ်နိုင်ပါဘူး၊ အချိန်တွေ အများကြီး ရှိသေးတာပဲဟု သူ့ကိုယ်သူ အားပေးလိုက်ရလေ၏။ သူ့မှာ ငွေတစ်ရာလောင်းထားမိသဖြင့် ဝါသနာပါသော ဘောလုံးပွဲကို အေးအေးဆေးဆေး မကြည့်ရတော့ချေ။ လောင်းထားသည့်ဘက်မှသာ နိုင်စေချင်သည့် ဆန္ဒဇောကပ်ကာ ပူပန်သောက ကြီးစွာရောက်နေရလေသည်။ ဘောလုံး



ကလည်း ပဲခူးဘက်ခြမ်းမှာသာ တရစ်ဝဲဝဲ လုပ်နေသည်ဆိုတော့ သူ့မှာ တစ်ချိန်လုံး စိတ်ဆင်းရဲနေရလေ၏။

ဘောလုံးဝါသနာအိုး ပရိသတ်ကလည်း မနည်းလှ၊ တစ်ကွင်းလုံး ပြည့်လျှံနေသည်။ အားမလိုအားမရဖြစ်ကာ အော်သူ အော်၊ ဆဲသူ ဆဲနှင့် နေပူကျဲကျဲအောက်မှာ လူငွေ့ဖြင့် ညည်းစော်နံပြီး အိုက်စပ်ပူလောင်မှုဒဏ်ကိုလည်း ကြံ့ကြံ့ခံနေကြရလေ၏။ ပထမပိုင်း ကစားချိန်ကုန်သည်အထိ ပဲခူးက ဂိုးမသွင်းနိုင်။ ကိုသန်းအောင် အကြီးအကျယ် စိတ်ဓာတ်ကျပြီ။ ပွဲခင်းထဲမှ ထပြန်ချင်စိတ်ပင် ပေါ်လာ၏။ သို့သော် မဖြစ်သေး။ ဘောလုံးဆိုသည်မှာ ပြော၍ မရ။ ပွဲပြီးခါနီး တစ်မိနစ်အလိုမှာ တစ်ဂိုးပြန်သွင်းနိုင်ရင်လဲ နိုင်တတ်သည်ပဲ။ တစ်ဂိုးတည်းပဲ ပြန်သွင်းပါ။ သူ နိုင်မည်သာတည်း။

ထမင်းကလည်း ဆာလှပြီ။ ရေခဲရေတစ်ခွက်ကို ဝယ်သောက်လိုက်ရ၏။ ဒုတိယပိုင်း စချေပြီ။ ဘုရားသိကြားမလို့ ပဲခူးက ဂိုးပြန်သွင်းပါစေ။ ကိုသန်းအောင် ဆုတောင်းပြည့်သွား၏။ ပဲခူးက တစ်ဂိုးပြန်သွင်းလိုက်ရာ ဆူညံ အော်ဟစ်သံတွေ တစ်ကွင်းလုံး လျှံတက်သွားလေသည်။ ကိုသန်းအောင်သည် နေရာမှ ခုန်၍ထကာ လက်နှစ်ဘက်ကို ဆန့်တန်း၍ အော်ဟစ်လေတော့သည်။

သို့သော် မကြာပါချေ၊ ရှမ်းအသင်းက တစ်ဂိုးပြန်သွင်းလေ၏။ ရှမ်းအသင်းကို အားပေးသူတွေက ထခုန်ကြပြီ။ ကိုသန်းအောင် နေရာမှာ ခွေ၍ ငိုင်ကျသွားရပြီ။ လူ့ဘဝကြီးကား နိုင်သူပြုံး၍ ရှုံးသူမဲ့ကြရမြဲမဟုတ်ပါလား။ ဆုံးရှုံးခြင်းကို ရင်ဆိုင်ရကာမှ တရားသဘောကို ကိုသန်းအောင် တွေးမိတော့၏။ သူတစ်ပါးတွေ ထောင်နှင့်ချီ၍ လောင်းကြသည်က အကြောင်းမဟုတ်။ သူ့အတွက်တော့ ထိုငွေသည် အရေးကြီးလှ၏။ လောင်းမိတာ မှားပြီ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်လည်း စောလှနီးပြီ။ မျှော်လင့်ချက်တွေ တစ်စတစ်စ ကုန်ခန်းလာ၏။ လခ။ ငွေတစ်ရာ။ အိမ်ကမိန်းမ။ ပြဿနာကို ဘယ်လိုဖြေရှင်းရပါ့မလဲ။ ပွဲပြီးကာနီးမှာ ဒိုင်းဆုကြီးကို ကွင်းထဲ မ ယူလာကြ၏။ အမလေး အဲဒီ ဒိုင်းဆုကြီးကိုသာ ခေါင်းနဲ့ ပြေးဆောင့်လိုက်ချင်ပါဘိတော့။ အချိန်လည်း စော့ပြီ။ ကိုသန်းအောင်သည် နွမ်းနယ်စွာဖြင့် ဘောလုံးကွင်းထဲမှ ထွက်ခဲ့၏။ အိမ်ပြန်ရတော့မည်။ အကယ်၍များ မိမိ လောင်းထားသည့်ဘက်က နိုင်လျှင်တော့ သမ္မတရုံကိုဝင်ကာ ဘီယာတစ်လုံးလောက်စုပ်ပြီး မိန်းမဖို့လည်း မုန့်ဝယ်သွားဦးမည်ဟု တွေးထားသော ကိုသန်းအောင်မှာ ဘီယာဝေး၍ ရေခဲရေပင် မသောက်နိုင်တော့။ ဒါကြောင့်လည်း လောင်းကစားမှုသည် မည်သည့်အခါမျှ ကောင်းကျိုးမပေးဟု ဆိုခဲ့ကြသည်ပဲ။

လေးတွဲ့သော ခြေလှမ်းများဖြင့် အမှတ်ငါး ဘတ်စ်ကားမှတ်တိုင်သို့ လျှောက်လာခဲ့၏။ ရှုပ်ထွေးသော ကားများကိုပင် ရှောင်ကွင်းရန် စိတ်မရှည်တော့။ ဖြစ်လိုရာ ဖြစ်စေဟု သဘောထားကာ ဘတ်စ်ကားခြေနင်းကို တွဲလောင်းခို၍ လိုက်ခဲ့၏။ ဟီးနိုးကားငယ်သည် ကတ္တရာလမ်းမထဲကို တစ်ခြမ်းနစ်ဝင်သွားမတတ် တစ်ဖက်စောင်းလျက် ထွက်ခွာလာခဲ့လေ၏။

ကိုသန်းအောင် အရက်ကို စွဲစွဲလမ်းလမ်း မသောက်တတ်။ ထို့ကြောင့်လည်း လခထုတ်ရက်တွင် သူ့လခသည် အိမ်ကို အပြည့်အဝ ပြန်ပါလာတတ်မြဲ ဖြစ်၏။ သူ မိန်းမရသည်မှာ သိပ်မကြာသေး။ တစ်နှစ်ပင် မပြည့်တတ်သေးချေ။ ထို့အတွက် ယခုကတည်းက လစဉ် ချွေတာစုဆောင်းနေရ၏။ သူ့မိန်းမက အိမ်မှာ စက်ချုပ်သည်။ သိပ်ဖြစ်မြောက်လှသည် မဟုတ်သော်လည်း ဟင်းချက်စရာဖိုးလေးတော့ ရတတ်သေး၏။ သူတို့နှစ်ယောက်လုံး အသုံးအစွဲ ချွေတာလေ့ရှိသည်။ ကိုသန်းအောင်သည် ရုံးမှာ လက်ဖက်ရည်ပင် မသောက်တတ်။ သူ ဝါသနာပါသည်မှာ ချက်စ်ထိုးခြင်းနှင့် ဘောလုံးပွဲကြည့်ခြင်းပင် ဖြစ်လေ၏။



ဘောလုံးပွဲကို ဝါသနာပါသော်လည်း တစ်ခါမျှ လောင်းကစားမလုပ်ခဲ့ဖူးပေ။ ယခုအခါမှ အဘယ်သို့သော နတ်ဆိုးက တိုက်တွန်းလေသည်မသိ။ ကိုသန်းအောင်သည် သနပ္ပင်သားဖြစ်၏။ ပဲခူးတိုင်းကို သံယောဇဉ်ရှိသည်မှာ အမှန်။ သို့သော် နိုင်စေချင်သောဆန္ဒသည် လောင်းကစားနှင့် မည်သို့မျှ မပတ်သက်သည်ကို ကိုသန်းအောင် မတွေးမိခဲ့။

ဘတ်စ်ကားသည် ကမ္ဘာအေးလမ်းမကြီးအတိုင်း မောင်းနှင်လာ၏။ သူ့အိမ်က မြောက်ဥက္ကလာမှာဆိုတော့ အိမ်ကို မိုးချုပ်မှ ရောက်ပေတော့မည်။ သူ့မိန်းမကို ဘောလုံးပွဲကြည့်မည့်အကြောင်း မနေ့က ပြောခဲ့၏။ အလောင်းအစား လုပ်မည့်အကြောင်းတော့ မပြောခဲ့ချေ။ မနေ့ကအထိတော့ လောင်းရန်လည်း စိတ်မကူးခဲ့ပေ။

ဟီးနိုးကားငယ်သည် လမ်းပေမှာ အားကုန်ရုန်းကန်၍ ပြေးသွားနေရဟန် ရှိတော့သည်။ မှောင်ရီပျိုးစ ပြုလာပေပြီ။ မယ်လမုဘုရားကို လွန်ခဲ့၏။ အိမ်ရောက်ကာနီးလေ ကိုသန်းအောင်၏ ရင်က ခုန်လေဖြစ်၏။ ခေမာသီလမ်းမကြီးပေါ်သို့ ရောက်လာသောအခါ သူသည် နောက်ကြောင်းကို ပြန်ပြေးချင်စိတ် ပေါက်လာလေသည်။ နီလာလမ်းမပေါ် ခြေချမိသည့်အခါတွင်ကား သူသည် မြေကြီးထဲသို့ ခွဲဝင်သွားချင်စိတ်သာ ပေါက်လာလေတော့၏။

သူ့မိန်းမကတော့ အေးအေးဆေးဆေး အင်္ကျီချုပ်ကောင်းဆဲတည်း။ ကိုယ်ဝန်ရင့်လာလျှင် စက်ပေါ်ထိုင်နိုင်မည် မဟုတ်တော့သဖြင့် ယခုကတည်းက ကြိုးစား၍ နင်းနေ၏။ ဒါတောင် ခြေထောက်များက ယောင်စပြုပြီ။ သည်စက်တစ်လုံးကို သူ့မိဘများက အမွေပေးလိုက်၍ တော်ပေသေး၏။ အိမ်ကိုတော့ လက်ဝတ်လက်စားများကို ရောင်း၍ ငှားရသည်။ လင်ကိုယ်မယား နှစ်ယောက်တည်းဆိုတော့ ကျပ်တည်းလှသည် မဟုတ်

www.burmeseclassic.com



သော်လည်း လောက်ငရုံသာ ရှိ၏။ အထူးသဖြင့် သူ့ အရက်မသောက်ပါမှ ဆေးလိပ်မသောက်ပါမှ၊ ဖဲမရိုက်ပါမှ စာရေးလခ ဘားဆုံးနှင့် ရှားပါးစရိတ်စုစုပေါင်း ၂၃၅ ကျပ်မှာ အလောတော်ဖြစ်လေသည်။

'ဘောလုံးပွဲက တော်တော်ကောင်းလား'

ဇနီးချော၏ နှုတ်ဆက်သံက သူ့ရင်ကို ဒိုင်းခနဲ မြည်ဟည်းသွားစေလေသည်။ အစစအရာရာ ဆင်ခြင်သုံးစွဲသူ ယောကျ်ားမို့ တစ်ခါတစ်ရံ ဘောလုံးပွဲကြည့်တာ ရုပ်ရှင်ကြည့်တာလောက်ကိုတော့ သူ့ဇနီးက ဘာမျှ မပြော။ အပေါင်းအသင်းများနှင့် တစ်ခါတလေ သောက်လာမိလျှင်လည်း မငြူစူ။ သူ့ယောကျ်ားကို သူ အစဉ်ယုံကြည်၏။

'ဗွီး မပြောပါနဲ့တော့ကွာ'

ကိုသန်းအောင်က စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေသည်။

'ကိုကလဲ ဘောလုံးပွဲဆိုတာ ဒီလိုပဲပေါ့၊ ရှုံးချင်လဲ ရှုံး၊ နိုင်ချင်လဲ နိုင်မှာပေါ့၊ ကိုက ဒေသစွဲကြီးလိုက်တာ'

ကိုသန်းအောင်သည် အဖြစ်သနစ်ကို ဘယ်ကစ၍ ရှင်းပြရမည်မှန်း မသိတော့။ ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် ပက်လက်ကုလားထိုင်ပေါ် ပစ်လှဲလိုက်လေသည်။ သူ့မိန်းမသည် မီးဖိုထဲသို့ ထမင်းခူးရန်ဝင်သွားရင်း စကားလှမ်းပြောနေ၏။

'ဒီနေ့ ဆေးရုံသွားပြတယ် ကိုရဲ့၊ ခြေထောက်တွေယောင်တာ အငန်ကို လျှော့စားရမယ်တဲ့၊ အေးက စက်ချုပ်တာကို မပြောရဲလို့ မပြောတော့ဘူး၊ ခု လက်ခံထားတဲ့အထည်တွေ ပြတ်ရင်တော့ တော်ပါပြီ။ ပြီးတော့ အားဆေးထိုးဖိုပလိုမယ်တဲ့၊ အင်ဖရွှမ်ဆိုတာလေ၊ အဲဒါ ဝယ်ရမယ်ကို၊ မနက်ဖြန် ကို့လခထဲက ဝယ်ခဲ့ပါ၊ ဈေးတော်တော်ကြီးလား မသိဘူး၊ ဒီလ အေးကို ဆေးဖိုးနှုတ်ပြီးမှ ပေး'



သူ့ဇနီးအေးသည် ဇယားစေ့သူ ဖြစ်၏။ လခကို သူ့လက်ထဲ ပုံအပ်လိုက်လျှင် ကားခ၊ ငွေစုငွေချေး၊ သာရေးနာရေး၊ လက်ဖက်ရည်ဖိုး အိတ်ဆောင်ထားရန်နှင့် အခြားသုံးငွေ ရှိ မရှိ မေးမြန်းပြီးမှ ၎င်းတို့ကို နုတ်ပယ်ပြီး ငွေကို တွက်ချက်လက်ခံသည်။ လမကုန်ခင် အသုံးလိုလျှင် ထပ်ပေးသည်။ လခထုတ်ရက်မှာတော့ သူ တွက်ချက်ထားသည့်အတိုင်း အပြည့်အဝပေးမှ ကျေနပ်၏။ ယခု ရုံးမှာ ချေးငွေ မရှိ။ မွေးဖွားသည့်လ ကျမှ ချေးရန် နှစ်ယောက် သဘောတူထားလေသည်။

'ထမင်းခူးထားပြီးပြီ ကိုရေ့၊ ရေမချိုးတော့ဘူးလား၊ မိုးချုပ်လို့ မချိုးချင်လဲ ခြေထောက်ဆေးလေ၊ အေးလဲ ထပ်စားမယ်၊ ခုလေ ထမင်းက သိပ်စားကောင်းတာ၊ စားပြီးရင်း ဆာရင်းပဲ၊ ကဲ လာလေ'

ကိုသန်းအောင်သည် ထမင်းဝိုင်းသို့ လေးကန်စွာ ထသွား၏။

'ဟင် အကျႌမချွတ်တော့ဘူးလား၊ ချွတ်စမ်းပါဦး'

သူက အကျႌကို ချွတ်ပေးလိုက်ရသည်။

'ဆေးက ၃၀ ကျော်လောက် ပေးရမယ်ထင်တယ် ကို၊ လိုလိုမယ်မယ် ၅၀ ပေးလိုက်မယ်လေ'

အေးသည် ပြောပြောဆိုဆို အကျႌအိတ်ထဲမှ ငွေနှင့် စက္ကူများ၊ ဖောင်တိန်များကို ထုတ်ယူကာ စားပွဲပေါ် ချလိုက်ပြီး အကျႌကို အဝတ်ဟောင်းဇလုံထဲ သွားထည့်၏။ ပြီးမှ ထမင်းစားပွဲမှာ ပြန်ထိုင်သည်။ ကိုသန်းအောင်၏ လက်တို့သည် နှေးကွေးလှလေ၏။ အေးသည် သူ့ပန်းကန်ထဲသို့ ငါးပြေမ အရိုးထုတ်ထားသော ဟင်းလျာကို ခပ်ထည့်ပေးရင်း မျက်စိက ငွေစက္ကူများ ပုံထားရာသို့ အမှတ်တမဲ့ စောင်းကြည့်၏။ ပြီးမှ မသေချာဟန်ဖြင့် ခေါက်ထားသော ရာတန်ကို ဘယ်လက်ဖြင့် လှန်ကြည့်သည်။ ညာလက်က ထမင်းလုတ်ကို ကိုင်လျက်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ကို၊ ရာတန်က တစ်ရွက်တည်းပါလား'

အေးလက်ထဲမှ ထမင်းလုတ်သည် ပါးစပ်ထဲကို မရောက်သေးချေ။ ကိုသန်းအောင် ဘာမျှ မပြောနိုင်သေး။

'ကို ခါးပိုက်နှိုက်ခံရသလား'

အေး၏အသံသည် တုန်ယင်စပြုလာ၏။ ကိုသန်းအောင်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ဘာဖြစ်လို့ တစ်ရာလျော့နေတာလဲ ကိုရဲ့၊ အေးကို ပြောစမ်းပါ၊ ကို့မျက်နှာလဲ မကောင်းဘူးလို့ ထင်တော့ ထင်သား'

အေး၏အသံသည် ငိုသံပါလာ၏။

'ဘောလုံးပွဲ လောင်းလိုက်မိတယ် အေးရယ်၊ နိုင်မလားလို့'

အေး၏ မျက်လုံးများသည် အဆမတန် ပြူးကျယ်သွား၏။

'ဖြစ်မှ ဖြစ်ရလေကိုရယ်၊ တစ်ခါမှလဲ အလောင်းအစားမလုပ်ဘူးဘဲနဲ့၊ ခုတော့ ရှုံးလာပြီပေါ့ ဟုတ်လား၊ တစ်ရာဆိုတာ နည်းတာမဟုတ်ဘူး၊ ကို့လခ အိမ်လခနဲ့ ဆန်ဖိုး ဆီဖိုးလောက် သုံးရတာ၊ ခုတော့ ဘယ်လိုလုပ်မလဲ၊ အေးက ခြေထောက်တွေ ယောင်လို့ စက်တောင် မနင်းတော့ဘူးလို့'

အေး၏အသံသည် တိမ်ဝင်သွား၏။ အလွန်အမင်း မျက်နှာပျက်နေသော ကိုသန်းအောင်ကိုလည်း သနားသွားပုံရသည်။

ထမင်းဝိုင်းလေးသည် တိတ်ဆိတ်လှစွာ၏။ 'ထမင်းက သိပ်စားကောင်းတာ၊ စားပြီးရင်း ဆာရင်းပဲ' ဟု ဆိုခဲ့သော အေးသည် ထမင်းလုတ်ကို မြိုချ၍ ရဟန် မတူတော့ပါပေ။ တစ်ဖက်အိမ်ရှိ ရေဒီယိုမှ သတင်း ကြေညာချက်တွင် ဘောလုံးပွဲသတင်း ကြေညာနေသံကို ကြားလိုက်ရလေသည်။

❑

၁၂

'ကိုအောင်စိုးရေ၊ ပုစွန်ခြောက်သုပ်တစ်ပွဲ ထပ်ပေးပါဦး'

မြခွာညို၏ နောက်ဖေးလမ်းကြားပေါ်တွင် ကျိတ်ဝိုင်းကလေးတွေဖြင့် စည်ကားလျက်ရှိ၏။ ကိုဘဆွေတို့လို အရက်ဝါရင့်သမားတွေကတော့ မြခွာညိုထဲကို မဝင်တော့။ ဒီနေရာမှာ လွတ်လည်း လွတ်လပ်သည်။ အမြည်းနှင့် အရက်ကိုလည်း အချိန်တိုတိုနှင့် ရသည်။ ကိုအောင်စိုးကိုလည်း ခိုင်းချင်တိုင်း ခိုင်း၍ရသည်။ ပိုက်ဆံမပါလျှင် အကြွေးသောက်ချင် သောက်သွားဦး ရသေး၏။ ကားနှင့်လာသူတွေကလည်း လမ်းဘေးမှာ ကားကို ထိုးရပ်၍ ကိုအောင်စိုးဆီကပင် မှာသောက်ကြသည်။ မြခွာညိုထက် စည်ကားအေးချမ်းသော မြခွာညိုဘေးက ယမကာဈေးတန်းလေး။

ကိုဘဆွေအဖို့တော့ အရက်နှင့် အကျွမ်းဝင်မိခဲ့သည်မှာ ကြာပေပြီ။ အရက်သည် သူ့အတွက် အရက် မဟုတ်တော့။ အရက်သည် သူ့အတွက် ရေဖြစ်နေပြီ။ သို့သော် တစ်ခုတော့ရှိသည်။ ရုံးချိန်အတွင်းမှာတော့ သူ အရက်မသောက်ပေ။ ရုံးဆင်းလျှင်တော့ အပေါင်းအသင်းနှင့် မသောက်နိုင်သည့်တိုင် ကြုံရာမှာ တစ်ခွက်လောက် ဝင်မော့ရမှ ကျေနပ်သည်။ ယနေ့လည်း ကိုသန်းအောင်နှင့် လမ်းခွဲပြီး တစ်ယောက်တည်း စိတ်ကျေနပ်ရုံ ဝင်သောက်ကာ အိမ်သို့ပြန်ခဲ့၏။ လခထုတ်ရက်မို့ စောစောပြန်လာရန် မိန်းမက တရရမှာသည်။ လခတွေအားလုံး အရည်ပျော်သွားမှာ စိုးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ကို ပြန်ခဲ့၏။ သူ့အိမ်က ၁၁၆ လမ်းထဲမှာ။ သည်တော့လည်း မြခွာညိုသည် သူ့အဖို့ လာချင်လျှင် အနီးလေးသာတည်း။

ကိုသန်းအောင်ကို မခံချင်အောင်စ၍ ဘောလုံးပွဲ လောင်းထားခဲ့သည်။ လောင်းကြေးငွေ ၁၀၀ စီကို စာရေးကြီး ဦးချစ်မောင်ဆီ အပ်ထား၏။ ဒီလူကြီးကလည်း ဇိုးသမားကြီးပဲ။ သို့သော် ငွေရေးကြေးရေးတော့ စိတ်ချရတတ်၏။ သူက ဂွတ္တလစ်က မဟာသိဒ္ဓိလမ်းထဲမှာ။ တလောက မီးလောင်ရာတွင် ကံကောင်းလို့ လွတ်ခဲ့၏။ သူက အသက်ကြီးမှ အိမ်ထောင်ကျရသဖြင့် သားသမီးမရှိ။ သူ့မိန်းမက သမဝါယမဆိုင်မှာ အရောင်းစာရေးဖြစ်၍ သူတို့အဖို့ ငွေရေးကြေးရေး မကြပ်တည်းလှ။ သို့သော် ဒီလူကြီးက အရက်သောက်လျှင် တစ်ခါတစ်ရံ သွေးဆိုးသည်။ မပြီးနိုင် မစီးနိုင်။ စကားလည်း များတတ်သည်။ နားအေးပါးအေး မနေရတတ်။

ယခုလည်းကြည့်။ သူ့အတွက် အနိုင်ရမည့် ငွေ ၁၀၀ တာမှာ တော်တော် လျော့ကုန်ပြီ။ အမြည်းလေးမှာလိုက်၊ အရက်မှာလိုက်နှင့် မပြီးတော့။ သောက်တာကလည်း ကြမ်းသည်။ ကိုဗဆွေ အိမ်ပြန်ရောက်ပြီး ဇိမ်နှင့် မှိန်းနေဆဲ ဦးချစ်မောင် ရောက်လာသည်။

'ဟေ့ကောင်၊ မင်း လောင်းထားတာ နိုင်ပြီမဟုတ်လား၊ ပွဲပြီကွ' ဟုလာပြောသည်။

'ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် ဟိုကောင်သန်းအောင် မခံချင်လို့ လောင်းသွားတာဗျ၊ သူ့ပိုက်ဆံ နှမျောမှာပဲ'

'ဘာလဲ မင်းက ပြန်ပေးမလို့လား၊ သူလဲ နိုင်ချင်လို့လောင်းတာ၊ သူနိုင်ရင်လဲ သူယူသွားမှာပေါ့ကွ'

'အကုန်တော့ ပြန်မပေးဘူး၊ ၅၀ လောက်တော့ ပြန်ပေးလိုက်မယ်ဗျာ၊ သူ့မိန်းမက ကိုယ်ဝန်ကြီးနဲ့ သနားပါတယ်၊ ၅၀ ကတော့ နောက်နေ့ ဝိုင်းလိုက်ကြတာပေါ့'



'နောက်နေ့ လုပ်မနေနဲ့ကွာ၊ လာ အခုပဲသွားမယ်'

သည်လူကြီးက တော်တော်ခက်သည်။ သူလုပ်ချင်လျှင် ဇွတ်တရွတ်ပင်။ သူ့မှာရှိလျှင်လည်း အတင်းခေါ် လာပြီး ကျွေးတတ် မွေးတတ် တိုက်တတ် ပြုတတ်သည်။ ကိုဘဆွေ မနေသာ၍ ထလိုက်ခဲ့ရသည်။

မြခွာညိုတစ်ဝိုက်မှာ အမှောင်ကြီးစိုးစပြုပြီ။ သူတို့ဝိုင်းက မပြီးသေး။ ဦးချစ်မောင်သည် သူ့ကိုသာမက နောက်ထပ် အပေါင်းအသင်းနှစ်ယောက်ကိုပါ ခေါ်လိုက်သေး၏။ သူဘာမျှ မတတ်နိုင်တော့။ တစ်ယောက်တစ်လှည့်စီ အနီမှာလိုက် အဖြူမှာလိုက်၊ ပုစွန်ခြောက်သုပ်မှာလိုက်၊ ခရမ်းချဥ်သီးသုပ်မှာလိုက်နှင့် ထုံးစံအတိုင်း မပြီးနိုင် မစီးနိုင်တော့။ သူလည်း အတော်ပင် မူး၍နေပြီ။ ပြီးတော့ ကိုသန်းအောင်ကို ၅၀ ပေးနိုင်ဖို့ နေနေသာသာ၊ သူ့တစ်ရာထဲမှ ပြန်ပါသွားမှာပင် စိုးရသည်။

'ကဲ တော်လောက်ပြီဗျာ'

'မင်းကလဲကွာ အလကားရတဲ့ငွေများ နှမြောမနေစမ်းပါနဲ့'

အကယ်၍ သူသာရှုံးလျှင်တော့ အဘယ်မှာ နှမြောလိုက်မည်နည်း။ ပြီးတော့ လောင်းကစားနိုင်သောငွေကို မည်သူမျှ တန်ဖိုးမထားချေတကား။

'ဟေ့ကောင် အောင်စိုးရေ၊ ဒီဝိုင်းအတွက် ရှင်းလိုက်တော့ကွာ၊ တော်ပြီ တော်ပြီ'

'အရင်ကျန်တာ ယူလိုက်ရမလား'

ကိုအောင်စိုးက ဦးချစ်မောင်ဘက်လှည့်ပြီး မေးနေသေး၏။ သူ့ခမျာလည်း သည်လိုလခထုတ်ရက်မှာ ပြန်ယူထားမှ သူ့အကြွေးရမည် မဟုတ်လား။

'ယူဟေ့ ယူ ယူ'

ဦးချစ်မောင်က ရာတန်တစ်ရွက်ထုတ်ပေးရင်း ပြော၏။ ကိုဘဆွေ ဟင်းချနေရသည်။

'ဟေ မင်းတစ်ရာလား၊ ရော့ကွာ ရော့ ရော့'

www.burmeseclassic.com

www.burmeseclassic.com



ကိုဘဆွေ ခုမှ သက်ပြင်းချနိုင်တော့၏။ ကိုအောင်စိုးဆီမှ ငွေ ၂၀ နှင့် အကြွေအနည်းငယ်သာ ပြန်ရတော့သည်။ မိန်းမဖို့ တစ်ခုခုဝယ်သွားမည်။ စိတ်ကူးသော်လည်း မဝယ်ဖြစ်တော့။ ခေါင်းထဲမှာ ရှုပ်ထွေး နောက်ကျစွာဖြင့် အိမ်သို့ပြန်ခဲ့၏။ သောက်နေကျဆိုသော်လည်း သည်လို များသွားသည့်နေ့မျိုးတွင်တော့ ခြေလှမ်းက သိပ်မမှန်ချင်။ အိမ်တွင် သူ့မိန်းမသည် သူ့ကို စောင့်နေဆဲဖြစ်၏။ သူတို့တွင် သားတစ်ယောက်တည်းသာရှိသည်။ သားအမိနှစ်ယောက် အိမ်ရှေ့တွင်ထိုင်ကာ သူ့ကို စောင့်နေကြသည်။

'အဖေ ဘောလုံးပွဲနိုင်တယ်ဆို၊ ကျွန်တော့်ကို မုန့်ဖိုးပေး'

သူ့အမေက ပြောထားဟန်တူ၏။

'ဟဲ့ နင့်အဖေသောက်တာနဲ့ ကုန်ရောပေါ့'

သူသည် စကားပြောချင်စိတ်မရှိတော့ဘဲ အိပ်ရာထဲသို့သာ ဝင်ခဲ့၏၊ သူ့မိန်းမက နောက်မှ လိုက်လာသည်။

'ရှင့်မလဲ တစ်ခါတစ်ရံ သောက်ရတာနဲ့၊ တစ်ခွက်တလေ သောက်ရတာနဲ့၊ တစ်ပွဲတစ်လမ်း သောက်ရတာနဲ့ ပြီးပဲ မပြီးနိုင်တော့ဘူး၊ အဲဒီဦးချစ်မောင်ကြီးလာရင် ဒီအတိုင်းချည်းပဲ၊ ကဲ ရှင် ဘောလုံးပွဲနိုင်တဲ့ငွေအသာထားလို့ လခထဲက တစ်ရာပြန်ပေးစမ်းပါဦး၊ ဘယ်မလဲ ပါရဲ့လား'

'အကျႌအိတ်ထဲ နှိုက်ယူကွာ၊ ယူ၊ ရှိတာအကုန်ယူလိုက်၊ ငါ့ကို နားမပူနဲ့၊ အိပ်ပြီ'

ကိုဘဆွေသည် ဘောလုံးပွဲကိုလည်း သတိမရ၊ ငွေ ၂၀ ပိုတာကိုလည်း သတိမရ။ ကိုသန်းအောင်ကိုလည်း သတိမရတော့ဘဲ တရှူးရှူးမြည်အောင် အိပ်ပျော်သွားလေတော့၏။

❑

၁၃

စိမ်းလဲ့ကြည်လင်သော ကန်ရေပြင်ထက်ဝယ် ပိန်းကြာရွက်လေးများ ပေါလောမျောနေ၏။ ဝါးကန့်လန့်ကာလေးများသည် လေလာတိုင်း လှုပ်ရှားကာ သံစုံမြည်နေသည်မှာ မိန်းမလှလေးတစ်ယောက် တခစ်ခစ် ရယ်မောနေသည်သို့ရှိ၏။ မီးရောင်မှိန်မှိန်အောက်မှာ စိမ်းဖန့် လန်းဆန်းသော မြက်ခင်းပြင်သည် အေးချမ်းငြိမ်သက်စွာ လဲလျောင်းနေ၏။ ပိတ်ဖြူခင်းထားသော စားပွဲထက်မှာ နှင်းဆီပန်း နီနီရဲရဲတစ်ပွင့်ကို ထိုးစိုက်ထားသော ပန်းအိုးလေးသည် မတ်မတ်ရပ်ထူလျက် ရှိသည်။

'ခရစ္စနားရေ'

စားပွဲဝိုင်းတစ်ခုမှ ပိုင်ပိုင်စီးစီး ခေါ်လိုက်သံကြောင့် အသားမည်းမည်း၊ အကျႌဖြူ ဘောင်းဘီဖြူ ဝတ်ထားသော စားပွဲထိုးသည် အပြေးအလွှား ရောက်လာ၏။

'ရေခဲနဲ့ ဆိုဒါ ထပ်ယူခဲ့ပါဦးကွာ'

'ရမယ် ဆရာ'

ခရစ္စနားသည် အပြေးအလွှား ဝင်ရောက် ပျောက်ကွယ်သွား၏။ မကြာမီ ရေခဲတုံးများထည့်ထားသော ဇလုံနှင့် ဆိုဒါပုလင်းကိုကိုင်၍ ကရစ္စနား ပြန်ရောက်လာသည်။ တစ်ဝက်ကျိုးလုနေသော အစိမ်းရောင် နပိုလီယံ ကော့ညက်ပုလင်းသည် စားပွဲထက်မှ မြောက်တက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်ခြင်း၊ ဣန္ဒြေရခြင်းတို့ကို ဆောင်သော လူကြီးလူကောင်းတို့၏ အရက်ဝိုင်းသည်ကား စိုပြည်လျက်ရှိ၏။ မြည်းစမ်းရုံမျှ မှာယူထားသော အသားကြော်၊ ဝက်အူချောင်းကြော် စသော စားစရာတို့မှာလည်း စားပွဲထက်မှာ တစ်ဝက်တစ်ပြက် စားလက်စအသွင်ဖြင့် ကျန်နေသေး၏။ ပုလင်းထဲမှ ဝါရွှေရည်တို့ကား တစ်စတစ်စ လျော့လာ၏။ တိုးတိတ်သော စကားဝိုင်းသည် အနည်းငယ် ညီစီလာ၏။ လေနုအေးက ညင်သာသွာ တိုက်ခတ်နေလေသည်။

'သောက်ပါ ဦးရွှေအောင်ရယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ မိတ်ဖြစ်ဆွေဖြစ် ဝိုင်းလေးပဲ၊ နောင်ဆို ကျွန်တော်တို့မှာ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီစရာ ဖေးမစရာတွေ ရှိလာမှာ မဟုတ်လား၊ တစ်ဌာနနဲ့ တစ်ဌာန ဆိုတာလဲ ကင်းနိုင်တာမှ မဟုတ်ဘဲ'

ဦးရွှေအောင်က ခေါင်းတဆတ်ဆတ်ညိတ်၏။ သူ့အနေနှင့်တော့ သည်လိုဝိုင်းတွေ မကြာခဏ တိုးဖူးပေါင်းများပြီ။ သူ့လို ညွှန်ကြားရေးမှူး အဆင့်လောက်ကို မဆိုထားနှင့်၊ အရာရှိငယ်လည်း အရာရှိငယ်အလျောက်၊ စာရေးလည်း စာရေးအလျောက် စေတနာဖြင့် ကျွေးမွေးပြုစုမှုတွေကို မလွှဲသာမရှောင်သာ စားရသောက်ရသည်မှာ အဆန်းမဟုတ်တော့။ လက်ဆောင်ပဏ္ဏာဖြင့် ဖြားယောင်းသွေးဆောင်သည့်ကိစ္စမျိုး မဟုတ်တော့လည်း အတိအလင်း မငြင်းသာ။ တစ်ခုတော့ရှိသည်ပေ့ါ၊ အရက်အတူသောက်ရသည်က ထမင်းအတူ စားရသည်ထက် ပို၍ ရင်းနှီးသည့်အသွင်ကို ဆောင်သည်။ မျက်နှာနာသည်။ အရေးရှိလျှင် သတိတရရှိတတ်သည်။ အကူအညီပေးဖို့ ဝန်မလေးတတ်။ အေးလေ၊ ကျွေးမွေးသည့်သူကလည်း တစ်စုံတစ်ခုသော အကျိုးကို မျှော်ကိုး၍ ကျွေးသည်ပဲ။ မိမိကလည်း တတ်နိုင်သည့် ဘောင်အတွင်းက ကူညီသည်ပဲ။ အပေးအယူ ဟူသည်မှာ နေရာ



တကာ ရှိတတ်သည်မို့ ဘယ်သူ့ဘယ်သူ အပြစ်မယူသာ။ သူ့နေရာနှင့်သူ ပေပဲ။ သည်တစ်ဝိုင်းတည်းမှာပင်ပဲ ဌာန ခေါင်းလေးခုလောက်က လူကြီးလူကောင်းတွေ ပါသည်။ ငယ်ပေါင်း ကျောင်းနေဖက်တွေဆိုလည်း ဟုတ်သည်။ အဆင့်တူ ဘဝတူဆိုလျှင်လည်း မှန်သည်။ အန္တရာယ် ဖြစ်စေနိုင်သော ကိစ္စမျိုးကို ကြံစည်ခြင်းလည်း မဟုတ်။ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ခြင်းမျှသာ။

'ကဲ ထည့်ကြဦးဗျာ၊ ဦးသက်ဖေလဲ နည်းနေပြီ၊ ဖြည့်ဦး'

အသားဖြူစပ်စပ် မျက်စိမှေးမှေးနှင့် ရန်ကုန်မြို့ပေါ်မှာနေရာတကာနှံ့စပ်ကျွမ်းကျင်လည်သူ ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြင့်ဦးဆိုသူက လိုရာကို ဖြည့်စွမ်းရင်း ဧည့်ဝတ်ပြုနေ၏။ သည်ပွဲမှာတော့ ဦးမြင့်ဦးသည် ခြေသုတ်ပုဆိုး မွေ့စွယ်ကျိုးပင်။

တစ်ဖက်ဝိုင်းမှာတော့ လူငယ်တစ်စုသည် တပေါးပေါး တဝါးဝါးနှင့် ပျော်ပျော်ပါးပါး စားသောက်နေကြ၏။ သူတို့၏ နှုတ်မှထွက်လာသော စကားများကို ဆက်စပ်၍ ငွေကို အလွယ်တကူရအောင် ရှာတတ်သူ၊ ပြီးတော့ အလွယ်တကူ ပြန်သုံးရန် လက်မနှေးသူတို့ ဖြစ်မှန်း သိသာလှ၏။ ဟင်းထပ်မှာသံ၊ ရေခဲတောင်းသံ၊ ပုလင်းဖွင့်သံတို့သည် အဆက်မပြတ် ပေါ်ထွက်နေ၏။

တစ်နေရာတွင်မူ ဆံပင်ဖားဖား၊ အင်္ကျီကားကားနှင့် ကောင်မလေးတစ်ယောက်သည် ဘောင်းဘီရှည်ရှည်၊ ဆံပင်ရှည်ရှည် ကောင်လေးနှစ်ယောက် အလယ်မှာထိုင်ရင်း တခစ်ခစ်ရယ်နေ၏။

တစ်သုတ်ပြန်သွားလျှင် နောက်တစ်သုတ် ရောက်လာ၏။ ကားတစ်စင်းထွက်သွားပြီး နောက်တစ်စင်း ဝင်လာ၏။ ကျပ်တည်းကျဉ်းမြောင်းလှပါသည် ဆိုသော ရန်ကုန်မြို့တွင်းဝယ် လွတ်လပ်ပျော်ရွှင်ဖွယ် သည်လိုနေရာမျိုးလေးတွေက လူ့ဘဝ၏ လောကနိဗ္ဗာန်ကို ဖန်ဆင်းလျက်ရှိသည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသိနိုင်မည် မဟုတ်ပေ။ သို့သော် အားလုံးသော လူတွေသည် ငွေကို ရေလိုသုံးနိုင်သူများကား မဟုတ်ကြ။ လူတန်းစားအချို့မှလွဲ၍ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာကြသူများတည်း။ အချို့ကလည်း ပေါပေါရှာရသည့် ငွေကို များများသုံးပစ်ရန် ရောက်လာကြခြင်းတည်း။ လူ့လောက၏ တစ်ဖက်စောင်းနင်း အဖြစ်ကို မည်သူမျှ တားဆီးမရနိုင်သေးပါပေ။

'ခရစ္စနားရေ ဒီဝိုင်းကို ရှင်းတော့ဟေ့'

စားပွဲထိုး ခရစ္စနားသည် အလိုက်သိ ရိုကျိုးစွာဖြင့် ငွေရှင်းပြေစာကို လာပို့လေသည်။ ရာတန်နှစ်ရွက်ကို ပေးလိုက်ပြီး ခဏကြာသော် ကျပ်တန်အချို့၊ အကြွေအချို့နှင့် ခရစ္စနား ပြန်ရောက်လာသည်။ ဝိုင်းထဲမှလူများ ထ၍ ပြန်ရန် ပြင်ကြသည်။ လူကြီးတစ်ဦးက ခရစ္စနားကို လက်ပြလိုက်သည်။ 'မင်းယူလိုက်တော့' ဟူသည့် သဘော။

ခရစ္စနားသည် သူ့အတွက် ငွေစက္ကူနှင့် အကြွေများကို ဘောင်းဘီအိတ်ထဲ ထည့်ရင်း သူတို့အားလုံးကို ဆလံပေး အလေးပြုလိုက်လေသည်။

❑

၁၄

လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်း၏ အလယ်တွင် ရန်ကုန်မြို့ကြီးသည် အကွက်အကွင်းကျစွာ တည်ရှိနေ၏။ ကားကြီးကားငယ် အသွယ်သွယ်တို့သည် မြို့တွင်းမြို့ပြင် ဥဒဟို ဖြတ်သန်း၍ ပြေးလွှားနေကြလေ၏။ လူတို့သည်လည်း နံနက် လင်းအားကြီးမှစ၍ ညဉ့်နက်သန်းခေါင်အထိ လှုပ်ရှားသွားလာနေကြလေ၏။ ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက် တစ်ထောင့် တစ်နေရာတွင်တော့ လူတွေသည် တစ်စုံတစ်ခုအတွက် လှုပ်ရှားလုပ်ကိုင်နေကြမြဲဖြစ်၏။

တပေါင်းလ၏ နေသည် တစ်နေကုန် ခြစ်ခြစ်တောက်ပူပြင်းခဲ့သည့် အလျောက် ကတ္တရာလမ်းတို့သည် အရည်ပျော်၍ အငွေ့တထောင်းထောင်းထနေသည်သို့ ထင်ရလေ၏။ ငမိုးရိပ်တံတားကြီးသည် နေရောင်အောက်မှာ ထီးထီးမားမား ရပ်တည်နေသည်။ တံတားပေါ်မှ မျှော်ကြည့်လျှင် ရွှေတိဂုံစေတီကို ရေးရေးငယ်မျှ ဖူးမြင်နိုင်လေသည်။

အမှတ် ၁၃ ကားသည် ဂိတ်ဆုံးတွင် ထိုးဆိုက်လိုက်သည်။ အေးအေးဆေးဆေး ဆင်းလာကြသည်။ မောင်အေးသည် နောက်ဆုံးမှနေ၍ ဖြည်းဖြည်းလေးစွာ ဆင်းလာလေသည်။ ရုံးအကူ လုလင်တစ်ဦးမျှသာဖြစ်သော သူ့

www.burmeseclassic.com

www.burmeseclassic.com



အဖို့တော့ အိမ်ပြန်ချိန်သည် များစွာ တန်ဖိုးရှိပေသည်။ ရုံးတွင် တစ်နေကုန် သူတစ်ပါး ခိုင်းသမျှ ဖင်ပေါ့စွာ လုပ်နေရသည့်တိုင် လစာကတော့ အနိမ့်ဆုံး အဆင့်သာ ဖြစ်သည် မဟုတ်လား။ ဝင်ငွေနည်းသည် ဆိုသော်လည်း သူ သည်လည်း အသည်းနှလုံးနှင့် လူသားတစ်ယောက်ပင်မို့ သဘာဝကို မလွှဲ မရှောင်နိုင်။ လွန်ခဲ့သည့်လက သူ မိန်းမခိုးခဲ့လေ၏။ သို့သော် ကံအား လျော်စွာ သူ့မိန်းမက ဝင်ငွေရှိသောမိန်းမ ဖြစ်ခဲ့လေသည်။

ကျူးကျော်ရပ်ကွက် ဟူသော ဆိုင်းဘုတ်ကြီးသည် လမ်းဘေးတွင် ပျင်းရိ ခြောက်သွေ့စွာ ရပ်လျက်ရှိ၏။ ကတ္တရာလမ်းပေါ်မှ ဆင်းလာသော အခါတွင်မူ ကြီးပွားရေးရပ်ကွက် ဟူသော သမဝါယမဆိုင်းဘုတ်ကြီးသည် သူ့ကို အန်တုယှဉ်ပြိုင်နေ၏။ မည်သို့ပင်ဆိုစေ သည်ရပ်ကွက်မှာ မောင်အေး တို့ နေလာခဲ့သည်မှာ ကြာပြီ။ သူ့အဖေသည်လည်း ယခင်က ရုံးလုလင် တစ်ဦး သို့မဟုတ် သူတို့ခေတ်က မင်းစေတစ်ဦးပင် ဖြစ်လေသည်။ သူ့ကို သူ့အဖေကပင် အလုပ်ရှာပေးခဲ့ခြင်းဖြစ်၏။ ယခုတော့ အဖေသည် အငြိမ်းစား ယူထားပေပြီ။ အဖေ အလုပ်လုပ်စဉ်ကတည်းက သူတို့ သည်ရပ်ကွက်မှာ နေခဲ့သည်။ ယခု မောင်အေးတို့ အလုပ်လုပ်သည့် အချိန်တွင်လည်း သည်နေရာမှာပင် ရှိနေသေး၏။ အခြေအနေသည် မပြောင်းသေး၊ သို့သော် တိုးတက်မှုတော့ရှိလာသည်ဟု ဆိုရမည်။ အဖေ့လက်ထက်က တဲသာသာ ရှိသော သူတို့အိမ်သည် ယခု ပျဉ်ထောင် သွပ်မိုး နှစ်ထပ်အိမ်ပင် ဖြစ်နေ ပေပြီ။ အံ့သြဖွယ်ပင်ကောင်း၏။

ယခုဆိုလျှင် ရုံးအလုပ်ကို ခင်တွယ်စွာ လုပ်နေသော မောင်အေးကို သူ့အမေနှင့် မိန်းမကပင် ရှုတ်ချနေပေပြီ။ သူ့မိန်းမက တစ်လကို ဝင်ငွေ ၃၀၀ လောက် ရ၏။ သူ့မိန်းမသည် စာတစ်လုံးမျှ မတတ်။ ဘယ်သူက စလိုက်သည်မသိ၊ သူတို့ရပ်ကွက်တွင် စက်မှုလုပ်ငန်းကြီးတစ်ခုကို ထူထောင်



မိကြပြီ။ လုပ်ငန်းတွင်ကျယ်ပုံမှာလည်း စက်ရုံတစ်ရုံ တည်လောက်၏။ နိုင်ငံခြားသားများပင် လာလေ့လာဖို့ ကောင်းသည်။ သူတို့အလုပ်က ငွေ အရင်းအနှီးတော့ လိုသည်။ လူလည်း ပင်ပန်းမည်။ ခရီးလည်း မကြာမကြာ ထွက်ရ၏။

တစ်ခါခရီးထွက်လျှင် ငွေတစ်ထောင် ကိုးရာ စသည် ဆောင်သွားရ တတ်သည်။ နယ်စုံအောင်သွားရသည်။ ဘက်ထရီ အဟောင်းပစ္စည်း ကောင်းကောင်းကို ၅၀ - ၆၀ စသည်ပေး၍ လိုက်လံဝယ်ယူခြင်းပင် ဖြစ်လေ သည်။ သူတို့လက်ထဲရောက်လာသော ဘက်ထရီအိုး အဟောင်းများမှ ခဲများကို ထုတ်ယူပြီး အရည်ပြန်ကြိုကြလေသည်။ အမှိုက်မှ ငွေဖြစ်နည်း တစ်ခုပင်။ အရည်ကြိုပြီးသားခဲကို တစ်ပိဿာ ၁၂ ကျပ်နှင့် ပြန်သွင်းရလေ သည်။ ဘက်ထရီကောင်းကောင်းတစ်အိုးကို ခြောက်ပိဿာလောက် ထွက် သည်ဆိုတော့ သူတို့အဖို့ တွက်ချေကိုက်၏။ ယခုဆိုလျှင် သူတို့တစ်အိမ်လုံး သည် သည်အလုပ်မှာ စိတ်ဝင်စားနေကြပြီ။ တစ်ခါတစ်ရံ သူက ရုံးမှ ခွင့်ယူပြီး ကူညီရသည်။ မိန်းမကိုယ်တိုင်က သည်အလုပ်ကို ဦးဆောင်နေ သည် မဟုတ်လား။ ထို့ကြောင့်လည်း သူသည် လခလေး တစ်ရာကျော်မျှ နှင့် ရပ်တည်နေနိုင်ခြင်း ဖြစ်၏။ အံ့သြစရာ မကောင်းပြီလော။ ထို့ကြောင့် နို့ဆီခွက်ကောက်နေသူများကို အရမ်း အထင်မသေးတော့ချေ။ မြန်မာတို့ သည် သံပြားကိုပေမင့် အလယ်ခွက်အောင် ထုပြီး ဆေးသုတ်ကာ ဇွန်းလုပ် ရောင်းတတ်သည်။ သံချောင်းကိုကွေး၍ တူနှင့်ထုပြီး အိမ်တွင်းမှု ဆံညှပ် စက်ရုံ တည်၏။ ရှိသည့်ပစ္စည်းကို ဖြစ်သည့်နည်းနှင့် ကြံဖန်လုပ်ဆောင် ကာ တီထွင်တတ်သည်မှာ ချီးကျူးဖွယ်ရာပင် မဟုတ်ပါလား။

ဖုန်တထောင်းထောင်းထသောလမ်းကို လျှောက်ရင်း သူ ပြုံးလာ ၏။ ပတ်ကြားအက်သော မြေကွက်များကို ဖြတ်ကျော်ခဲ့၏။ လမ်းဘေးတွင်

www.burmeseclassic.com

www.burmeseclassic.com



ခရာပင်များ ထူထပ်စွာ ပေါက်လျက်ရှိ၏။ ရှေ့ကို မျှော်ကြည့်လျှင် ရိုးမြတ်လယ်ကွင်းပြင်များကို လှမ်းမြင်ရသည်။ ထိုမှလွန်သော် ယောက်ကော်ကျွန်းမြတ်မှ မြင်းမိုရ်တောင် အဆောက်အဦကို တွေ့မြင်နိုင်၏။ ယောက်ကော်ကျွန်းတွင်ကား ကြီးပွားချမ်းသာလိုသူ၊ ရာထူးတိုးတက်လိုသူ စသည်ဖြင့် လောကီအကျိုးအတွက် လာရောက်သူတို့ဖြင့် စည်ကားနေတတ်၏။ သူတို့ဆီမှ ငမိုးရိပ်ချောင်းကို ကူးတို့နှင့် ကူးလိုက်လျှင် ရောက်နိုင်လေသည်။

သူကတော့ စီးပွားရေး အချက်အချာတစ်ခုကို ရထားပြီဖြစ်၍ နောင်ရေးအတွက် သိပ်မပူရတော့ပေ။ မြန်မာပြည်အရပ်ရပ်မှာ လျှပ်စစ်အားကို တွင်ကျယ်စွာ မသုံးနိုင်သေးသမျှ လက်ဆွဲဘက်ထရီအိုးလေးတွေကို အရာရာမှာ အသုံးချ အားကိုးနေရသေးသမျှ သူတို့ စီးပွားဖြစ်ထွန်းနေဦးမည်သာ။ လွတ်လွတ်လပ်လပ်လုပ်ကိုင်၍ရသော သည်လိုနေရာမျိုးတွင် လာရောက်နေထိုင်မိသည်ကိုပင် ကျေးဇူးတင်ရဦးတော့မလို ဖြစ်နေပြီ။ ယခုဆိုလျှင် ရုံးမှာ သူ့ထက်ဝင်ငွေပိုသော စာရေးလေးတွေ့ စာရေးကြီးတွေကို သူကပင် လက်ဖက်ရည် ပြန်တိုက်နိုင်သေး၏။ ရုံးလခနှင့် မလောက်င၍ ညဘက် ဆိုက်ကားထွက်နင်းရသော ရုံးစောင့် ကိုဘမြင့်တို့နှင့်စာလျှင် သူ့ဘဝက အများကြီး သာလေသည်။

ကျနေသည် တစ်ရပ်ကွက်လုံးကို လွှမ်းခြုံ ကျရောက်နဆဲဖြစ်၏။ မောင်အေးသည် အိမ်ထဲရောက်ရောက်ချင်း ရေတစ်ခွက်ကို အမောတကောသောက်ချလိုက်ရသည်။ ဗိုက်က ဆာသော်လည်း ပူအိုက်လွန်းသဖြင့် ရုတ်တရက် ထမင်းမစားနိုင်သေးပေ။

'ဟင်း၊ မောလာပြီ မဟုတ်လား၊ ဒါကြောင့်ပြောတာ၊ နင် အလုပ်ကထွက်လိုက်စမ်းပါလို့၊ ရုံးမှာ လူတကာခိုင်းဖတ်ဖြစ်နေတာ မလုပ်ချင်စမ်းပါနဲ့၊ မြင့်မောင်တို့နဲ့လိုက်ပြီး ပစ္စည်းလိုက်ဝယ်ပေးစမ်းပါဆိုတာ ပြောမရဘူး၊



ရုံးက ခွင့်ယူလို့ မရဘူးလေး ဘာလေးနဲ့၊ သူ့ရုံးပဲ အားအားရှိ သွားချင်နေ၊ ရုံးက ဘယ်ကောင်မတွေနဲ့ အကြည်ဆိုက်နေရလို့လဲ မသိ'

သူ့မိန်းမနှင့် သူသည် တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်းများဖြစ်၍ သူ့ကို နင်နှင့် ငါနှင့် ပြော၏။ ယခုတစ်ဖန် မောင်အေးထက် နည်းနည်းတော့ ဒေါ်ပွသွား၏။ သူက ရုံးမှာ ဘာမှမဟုတ်ဘူးဆိုပေမင့် ဝန်ထမ်းလုပ်လာသည်မှာ ကြာပြီဖြစ်၍ ပညာတတ် မာနလေးတော့ ဝင်၏။

'နင်က အခုမှ ငွေလေးကြေးလေးကိုင်ရတာနဲ့ လူပါးဝစကား မပြောပါနဲ့၊ ငါ့ဖာသာ ရုံးအလုပ်လုပ်တာ ဘာဖြစ်လဲ၊ ဆယ်တန်းအောင်ပြီးရင် စာရေးခန့်မယ်လို့ ငါ့ဆရာက ပြောပြီးသား၊ နင်က လေးတန်းမှမအောင်ဘဲနဲ့၊ နင့်အလုပ်က တစ်သက်လုံးစာသာမယ်လို့ကော ထင်လို့လား'

'အံမယ်၊ တစ်သက်လုံး စားရ စားရ မစားရ မစားရ၊ အခု နင့်လခတစ်ပဲခြောက်ပြားများ အားကိုးရလို့လား၊ ငါ ဒီအလုပ် မလုပ်ရလဲ ဒိပြင်အလုပ်လုပ်စားမှာပဲ၊ ပလတ်စတစ်ကောက်ရောင်းတောင် နင့်ထက်သာတယ် ဟဲ့'

ညားကာစ လင်မယားသည် ပညာနှင့် ငွေချင်းပြိုင်ကာ စကားနိုင်လုရပေပြီ။ သူတို့ထက် ပညာတတ်သူ ချမ်းသာသူတွေတော့ ဘယ်သို့ရှိမည် မသိ။

'ဟေ့ ပြောမနေနဲ့၊ ပလတ်စတစ်လဲ ကောက်မရောင်းဘူးဟေ့၊ ငါဆယ်တန်းအောင်ရင် ညကျောင်းတက်ပြီး အရာရှိဖြစ်အောင် ကြိုးစားမှာဟဲ့'

'အမယ်လေးတော်၊ အသက်ကဖြင့် ကြီးလှပြီ၊ ရှင့်အဖေတောင် ဒီလိုနဲ့ပဲ အိုသေရော့မယ်၊ ဘာများဖြစ်လာလို့တုန်း၊ ကြီးကျယ်လိုက်တာ တကတဲ'

လူကြီးတွေ ဝင်လာသဖြင့် သူတို့ရန်ပွဲကို ခေတ္တရပ်စဲလိုက်ရ၏။ သူကတော့ မကျေမချမ်းနိုင်သေး။ ရုံးမှာ အရာရှိကဝေါက်တာ ရုံးအုပ်က မျက်နှာထားနှင့်ကြည့်တာ စာရေးမလေးတွေက ညာခိုင်းတာထက်ပင် အခံရခက်ပြီး အံကြိတ်နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ထမင်းစားရန် နေရာမှ ထလာခဲ့သည်။ အိမ်နောက်ဖေးဘက်တွင် ရပ်ကာ အတန်ကြာ ငေးနေမိ၏။

ချောင်းကမ်းပါးဆီမှ ခဲကို အရည်ကျိုသော အနံ့ကြီးသည် လှိုက်၍ ထွက်လာ၏။ ဟိုးဝေးဝေးဆီတွင်မူ ကြိုးလ်တုဆက်သွယ်ရေးစခန်းမှ တိုင်ကြီးများကို လှမ်း၍မြင်နေရလေသည်။

❑

# အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

## ၁

'ဖူးထိုက်လို့ ဖူးရတာပဲ ရှင်မရေ၊ လေးဆူဓာတ်ပုံ ရွှေတိဂုံတဲ့၊ ဘုရားလေးဆူရဲ့ ဝတ္ထုပစ္စည်းတွေ ဆံတော်တွေ ကိန်းဝပ်တော်မူတာ ရှေးမွန်မြန်မာမင်းအဆက်ဆက် ပြုပြင်ကိုးကွယ်ခဲ့တာ'

ရိုးသားသော ဦးကြီးနှင့် သူ့အဖွဲ့သည် ရွှေတိဂုံစေတီကို ရှိကျိုးစွာ ဦးခိုက်ရင်း၊ နှုတ်မှလည်း တဖွဖွရွတ်ဆိုသီကြွေးလျက် ရှိ၏။ ပါသမျှငွေများကိုလည်း စေတနာရက်ရောစွာ လှူဒါန်းကြ၏။

'မောင်မင်းကြီးသားလဲ ကျန်းမာပါစေ ချမ်းသာပါစေ၊ ရာထူးဌာနန္တရတိုးတက်ပါစေ၊ ငါတို့ကို လိုက်ပို့ရတာ ခမျာ အလုပ်ပျက်ရှာမယ်နော်'

'ကိစ္စမရှိပါဘူး ခင်ဗျ'

သာထွန်းဦးက ဘုရားဖူးလာသော ကောင်လေးနှင့် ကောင်မလေးတစ်တွဲကို မျက်စိကစားရင်း ပြောလိုက်၏။

'ဟဲ့ ဒါနဲ့ မင်း ဘုရားရှိခိုးတာ မမြင်ပါလား၊ ဘာလဲ မင်းက ခရစ်ယာန်လား'

'အို၊ မဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် မေ့နေလို့ပါ'

'မင်းနှယ်ကွာ၊ ဘုရားကြီးမြင်နေရမှ ရှိခိုးဖို့ မေ့နေရတယ်လို့ပဲ'



သာထွန်းဦးသည် ဘောင်းဘီကို ဒူးဆစ်မှ အသာဆွဲတင်ရင်း ဘုရားရှိခိုးရလေ၏။ ဒီဦးကြီးတွေနဲ့ လိုက်လာရတာ တယ်မလွယ်ပါလားဟု တွေးမိ၏။

'ယင်ပြင်တော်ကြီးကလဲ ကျယ်ဝန်းပါပေ့၊ ဘုရားကြီးကလဲ သပ္ပာယ်ပါပေ့၊ ငယ်ငယ်က တစ်ခါရောက်ဖူးပြီး နောက် မရောက်တော့တာပဲ၊ ဒါနဲ့ မောင်သာထွန်းရယ်၊ ငါ မေးစမ်းပါရစေ'

'ဟုတ်ကဲ့ မေးပါ ဦးကြီး'

ဘုရားသမိုင်းမတွေများ မေးနေဦးမှာလားဟု သာထွန်းဦး စိတ်ပူမိ၏။ သူ့ကိုမေးလျှင် ဘာမျှဖြေတတ်မည် မဟုတ်ချေ။ ရွှေတိဂုံဘုရားပေါ် မကြာမကြာ ရောက်သော်လည်း ယခုထိ နေရာအနှံ့ စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာဖူးခြင်း မရှိသေးပေ။

'ဘုရားပေါ်မှာကွယ် သူငယ်လေးတွေ သူငယ်မလေးတွေ လက်ချင်းချိတ်သွားလိုသွား၊ ခါးဖက်သွားလိုသွား၊ ပြီး ဟိုနေရာထိုင် ဒီနေရာထိုင် တပူးတွဲတွဲနဲ့၊ ဘုရားပေါ်မှာ မြင်ရတာ မျက်စိ မရဲလိုက်တာကွယ်၊ သူတို့ကို ဘယ်သူမှ မတားကြဘူးလား'

'ဟို ဒါကတော့ ဦးကြီးရယ်၊ အဲ သူတို့လဲ ဣန္ဒြေရရ သွားနေရင် မပြောသာဘူးပေါ့၊ တွဲသွားတွဲလာလောက်တော့. . .'

'အရွယ်လေးတွေက ငယ်လွန်းလို့ လင်မယားတော့ ဟုတ် မထင်ဘူး'

'အိုတော် ရှင်ကလဲ၊ ဒီလိုပဲ သွားနေကြတာကို'

အဒေါ်ကြီးက ဝင်ပြောလိုက်၍ သာထွန်းဦး အသက်ရှူချောင်သွား၏။ တန်ဆောင်းတစ်ခုအတွင်းမှာ လုံချည်စိမ်းနှင့် လွယ်အိတ်လွယ်ထားသော ကောင်မလေး တစ်ယောက်သည် ရွယ်တူကောင်လေး၏ ပခုံးကိုမှီရင်း ဖရုံစေ့ ဝါးနေလေသည်။ သူတို့အုပ်စုတွင်ပါသော အပျိုပေါက်[illegible]မှာ မျက်နှာနီလျက် ခေါင်းကို ငုံ့ထား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားဖူးလို့တော့ အားရပါပြီ၊ ကလေးတွေက ပါသေးတော့ ရေပေါ် ဟိုတယ်ဆိုတာ ပို့စမ်းပါဦး၊ ဒီတစ်ခါ သုံးဘီးလေး ဘာလေး ငှားကွယ်၊ မင့် ဘတ်စ်ကားကြီးတော့ တော်ပါရော့၊ ငါ့နှယ် အရင်ဘဝက ငါးချဉ် ရောင်းခဲ့ မိသလား အောက်မေ့တယ်'

သူတို့အားလုံး ရယ်မောကြရသည်။ သာထွန်းဦးကတော့ သူ့အင်္ကျီ အိတ်ကပ်ကို မသိမသာ စမ်းနေရ၏။ ဘုရားပေါ်မှ ဆင်းပြီး သုံးဘီးငှားရ သည်။ ကရဝိက်ကို ပို့ခိုင်းရသည်။ ကရဝိက်ခန်းမထဲ ဝင်မည်လုပ်တော့ သာထွန်းဦးက ဝင်ကြေး တစ်ယောက်တစ်ကျပ်အတွက် ကျသင့်ငွေ ထုတ် ပေးသည်ကို ကလေးများက နားမလည်စွာ ကြည့်နေသည်။ ဦးကြီးကတော့ ကြားဖူးနားဝ ရှိဟန်တူ၏။ 'နေပစေ မောင်သာထွန်းရေ၊ ငါ ပေးပါ့မယ်' ပြောသေးသည်။ သို့သော် မယူဖြစ်။ မှန်ချပ်တွေ၏အပြင်ဘက် စင်္ကြံလမ်း တစ်လျှောက်မှာ လှည့်ပတ်ပြတော့ ဦးကြီးက မကျေနပ်ချင်။

'မောင်သာထွန်းရေ၊ အထဲဝင်ပြီး ကာဖီလေး ဘာလေး သောက်ရ မကောင်းလား'

သာထွန်းဦး ခေါင်းနပမ်းကြီးသွား၏။

'ရေခဲမုန့် စားချင်တယ်'

ကလေးတွေက ပူဆာ၏။ သာထွန်းဦး အခက်တွေ့နေသည်။ မနက်က သူ့အစ်မက ငွေလေးဆယ် ထုတ်ပေးလိုက်သည်။ ယခု နှစ်ဆယ်ပဲ ကျန်တော့ သည်။ ကော်ဖီတစ်ဝိုင်းကို မုန့်တွေ ဘာတွေနှင့် စားကြလျှင် လောက်မည် မဟုတ်။

'တော်ကလဲ တော်၊ ကြည့်ရရှုရ တော်ရောပေါ့၊ သူတို့ဟာတွေက ဈေးက အတော်ကြီးမှာ၊ ဟဲ့ ကလေးတွေ နင်တို့ တိရစ္ဆာန်ရုံ သွားချင်သေး တယ်ဆို၊ ဟိုဟိုဒီဒီ ပူဆာမနေကြနဲ့'



အားလုံး ငြိမ်သွားကြလေသည်။ သာထွန်းဦးလည်း စိတ်မကောင်း။ ဒါတောင် ဦးကြီးက အတွင်းဘက်မှ စားသောက်နေသူများကို မျှော်ကြည့်ပြီး 'ဈေးကြီးတယ်ဆိုပေမယ့် စားသောက်နေတဲ့သူတွေ အပုံပါကွာ' ဟု ထပ်ကွန့် လိုက်သေးသည်။

ကရဝိက်ခန်းမမှ ထွက်လာတော့ နေကလည်း အတော်ပူလျက်ရှိပြီ။ အားလုံး ဆာလည်း ဆာနေကြပြီ။ မနက်က အိမ်မှာ နံပြားနှင့် လက်ဖက် ရည်ပဲ သောက်ခဲ့ကြရ၏။ သို့သော် တိရစ္ဆာန်ရုံကို ခရီးဆက်ရပြန်သည်။ 'တစ်ခါတည်း နေရာစုံအောင် ပို့ခဲ့' ဟု အစ်မက မှာလိုက်သည် မဟုတ်ပါ လား။ သာထွန်းဦးက ခေါင်းဆောင်ကာ တိရစ္ဆာန်ရုံသို့ ချီတက်ကြပြန်၏။ ရုံးပိတ်ရက် မဟုတ်သဖြင့် တိရစ္ဆာန်ရုံမှာ လူရှင်းလျက်ရှိသည်။

မြက်ခင်းတွေကြားမှာ၊ အုတ်လှေကားပေါ်မှာ၊ ထိုင်ခုံထက်မှာ၊ ဗာဒံပင် ရိပ်မှာ အတွဲတွေများလှစွာ၏။ ကြည့်လိုက်တော့လည်း ဆယ့်နှစ်နှစ် ဆယ့် သုံးနှစ် အရွယ်လေးတွေ။ ရင်ချင်းအပ်၊ မျက်နှာချင်း ထိမတတ် ခေါင်းချင်း ဆိုင် တိုးဝှေ့ကာ နှစ်ဆယ့်တစ်ရာစုကို ကြိုဆိုနေကြလေသည်။ ဦးကြီးသည် တိရစ္ဆာန်တွေကို ဖြောင့်အောင် မကြည့်နိုင်တော့ပေ။

'ပြန်ကြစို့ မောင်သာထွန်းရယ်၊ ကြာရင် ငါ့မြေးလေး အတုယူမှားမှာ စိုးရသကွဲ့၊ မင်းတို့ဟာက ရုံထဲက တိရစ္ဆာန်ထက် အပြင်က တိရစ္ဆာန်က ပိုမျက်စိနောက်လှတယ်'

'မျက်စိအေး နားအေးမယ့် နေရာ သွားရအောင်ကွယ်၊ ဗိုလ်ချုပ်ပန်းခြံ ဆိုတာ မကောင်းဘူးလား'

သည်တစ်ခါတော့ အဒေါ်ကြီးကပါ ဆိတ်ငြိမ်ရာကို ရှာချင်ဟန်တူ၏။

'အမယ်လေး အဒေါ်ရေ၊ အဲဒီနေရာက သာဆိုးသေး'

www.burmeseclassic.com

www.burmeseclassic.com



'ဟော၊ မင်းတို့ ရန်ကုန်ကလဲကွာ၊ မျက်စိအေး နားအေးတဲ့နေရာ မရှိတော့ဘူးလား၊ မြို့ထဲကျတော့လဲ နံစော် လှောင်ပိတ်လို့၊ အသက်တောင် ဘယ်လိုရှူရမယ် မသိဘူး၊ လေကောင်း လေသန့်ရမယ့် နေရာကျတော့လဲ အမြင်က မသန့်၊ လူတွေ ကြည့်ရတာလဲ တစ်ယောက်မှ အေးအေးဆေးဆေး မရှိဘူး၊ ပြေးလွှားနေကြသလား အောက်မေ့ရတယ်'

'အဟဲ ဒီလိုပဲ ဦးကြီးရဲ့၊ ကျွန်တော်တို့တော့ နေသားကျနေပြီ'

'ဟုတ်မယ်၊ ဟုတ်မယ်'

သို့ဖြင့် သူတို့လူသိုက်သည် တိရစ္ဆာန်ရုံအပြင်သို့ ပြန်ထွက်လာကြပြန်လေ၏။

'မောင်သာထွန်းရေ၊ ဆာလဲ ဆာပြီ၊ ရေကလဲ ငတ်သနဲ့ ပြန်ကြို'

ကလေးတွေသည် ပူကလည်း ပူ၊ ရေကလည်း ဆာသဖြင့် ချွေးပြန်ကာ မျက်နှာပျက်နေကြပေပြီ။ သာထွန်းဦးသည် မနေသာတော့ဘဲ သူ့လူအုပ်ကို ရေခဲဆိုင်ရှေ့ကို ခေါ်သွားကာ ရေခဲရေ အဝတိုက်လေတော့သည်။ ကလေးတွေသည် ရေဆာလွန်းသဖြင့် တစ်ယောက် နှစ်ခွက်စီမျှ သောက်ကြ၏။

'မောင်သာထွန်းရေ ငါ ပေးလိုက်မကွဲ့'

ဦးကြီးသည် အကြွေ ငါးမူးစေ့ကို ထုတ်ကာ ရေခဲရေသည်ဆီ လှမ်းပေးလိုက်လေသည်။

'တစ်ကျပ်ခွဲကျတယ် ခင်ဗျ'

'ဟေ ဘာဖြစ်လို့'

'တစ်ခွက် ဆယ့်ငါးပြားလေ၊ အားလုံး ဆယ်ခွက်'

သည်တစ်ခါတော့ ဦးကြီးသည် ပိုက်ဆံတစ်ကျပ်ခွဲကို ထုတ်ပေးရင်း ဘာမျှမပြောတော့ဘဲ ခေါင်းကိုသာ ခါရမ်းနေလေတော့သည်။

❑

၂

'ရုံးပိတ်ရက်လေး တစ်နေ့တလေအားတာ ရုပ်ရှင်လေးဘာလေး ကြည့်ချင်တာ၊ အမေတို့များ သိပ်ရက်စက်တာပဲ၊ တကယ် တကယ်'

မြစမ်းရည်က မကျေမနပ် ရေရွတ်နေ၏။

'အမယ်၊ အစ်မတို့ ရုံးပိတ်ရက် မဟုတ်လဲ ကြည့်နေတာပဲ မဟုတ်လား'

သူ့မောင်လေး ဇော်ထွန်းက ဝင်ထောက်လိုက်လေသည်။

'ဟဲ့ ရုံးတက်နေရတာ ဘယ်လိုလုပ်ကြည့်မလဲ'

ရုံးကလူတွေ ရုံးလစ်ပြီး ရုပ်ရှင်ကြည့်တာ မသိတာမှတ်လို့ အစ်မရာ'

မြစမ်းရည်က ဇော်ထွန်းကို အံကြိတ်ပြပြီး မပြောရန် တားမြစ်၏။

'အရင်တစ်ခါလေ ကျွန်တော်ကလဲ ကျောင်းလစ်ပြီး ရုပ်ရှင်လာအကြည့် အစ်မကလဲ ရုံးကလစ်ပြီး ရုပ်ရှင်လာကြည့်၊ တွေ့ကြတာလေ၊ ဟဲ ဟဲ'

ဇော်ထွန်းသည် မပြောစေချင်မှန်းသိ၍ တမင်ပြောနေလေသည်။ သည်တော့လည်း အမေက ရယ်မောနေ၏။ အမေသည် သားနှင့် သမီး နှစ်ယောက်ကို ချစ်လည်း ချစ်၊ အားလည်းကိုးသဖြင့် သူတို့ ဘာပြောပြော သဘောကျနေတတ်၏။

'ဟဲ့ နင့်အစ်မ ရုပ်ရှင်ကြည့်တာ တစ်ယောက်ထဲလား'

www.burmeseclassic.com

www.burmeseclassic.com



အမေက မြစမ်းရည်ကို မေးငေ့ါပြီး မေး၏။

'မပြောချင်ပါဘူး အမေရာ၊ သူ့ဘဲကလဲ မြို့ထဲမှာသာနေတာ ဘိုင်ကောင်ပါ၊ ရှိုးကတော့ ဖြောင့်ပါရဲ့၊ တစ်ထည် ပေါင်းရင် တစ်ထည် ဝယ်ဝတ်ဆိုတဲ့ အစားထဲကပါ'

'အမယ် ရှည်လိုက်တာ၊ ငါ ရုပ်ရှင်ကြည့်တာ မိန်းကလေးတွေနဲ့ချည်းပါပဲနော်၊ ပိုမနေပါနဲ့'

'အင်းလေ၊ ကျွန်တော်ကကော ဘာပြောလို့လဲ'

မြစမ်းရည်သည် မလုံမလဲနှင့် ရယ်လိုက်၏။ တစ်ခါတစ်ခါတော့လဲ ရုံးမှလစ်ပြီး ရုပ်ရှင်ကြည့်ရတာ အရသာရှိ၏။ ၁၀ နာရီထိုးလောက်မှာ မယောင်မလည် လစ်သွားပြီး ၁ နာရီလောက်မှာ ပြန်ရောက်သည်ဆိုတော့ တစ်ခါတလေ ဘယ်သူမျှ မသိလိုက်။ ကံဆိုး၍ ရုံးက လူတစ်ယောက်ယောက်နှင့် သွားတွေ့လျှင်တော့ မဟုတ်နိုင်။ သို့သော် သူလည်း လစ်၊ ကိုယ်လည်း လစ် လစ်သူချင်း တွေ့ကြလျှင်တော့ အကြောင်းမဟုတ်ပေ။ စည်းကမ်းတွေ တင်းကျပ်ထားသည့်ကြားက ရုံးမှ မိန်းကလေးတွေ ပိုလ်ချုပ်ဈေးမှာ၊ စိန့်ဂျွန်းဈေးမှာ ရောက်နေတတ်သည်။ တချို့က ရည်းစားနှင့် ချိန်းတွေ့ကြသည်။ ပြီးတော့ ရှိသေးသည်။ မိန်းကလေးတချို့ ငွေနောက်လိုက်သည်တဲ့။ ဟုတ် မဟုတ်တော့ တတ်အပ်သေချာ မသိ။ မကြာခဏ စစ်ဆေးတာတွေ၊ အလုပ်မှ ထုတ်ပယ်ပစ်ရတာတွေတော့ ရှိသည်။ ယခုတော့ ဝန်ထမ်းအားလုံး တူညီဝတ်စုံတွေ ဝတ်ရမည်ဆိုတော့ လစ်ဖို့ သိပ်မလွယ်တော့ပေ။ တချို့ ရုံးတွေ ဝတ်ကုန်ကြပြီ။ မြစမ်းရည်တို့လည်း မကြာမီ ဝတ်ရတော့မည်။ မြစမ်းရည်ကတော့ အဝတ်အစား ဒုက္ခငြိမ်းမည်မို့ ဝမ်းသာ၏။ ဒါတောင် မိုးတွင်းဘက်မှာ သာကေတ ခရီးကို လုံလောက်အောင်ဝတ်နိုင်ဖို့ သုံးလေးစုံ ချုပ်ထားမှဖြစ်မည်။



'ရုပ်ရှင်ကြည့်ချင်လဲ ဒီလောက် ငိုင်မနေပါနဲ့အေ၊ သွားပါ၊ ငါက တစ်ခါတလေ နားချင်လို့ ခိုင်းတာပါ'

'မဟုတ်ပါဘူး၊ အမေ နားပါ၊ ကျွန်မပဲ သွားပါ့မယ်'

နံနက်စောစော ကီလီဈေးကို သွားရပေမည်။ ယခုလို ခရမ်းချဉ်သီး ပေါချိန်၊ ဘူးသီး ခရမ်းသီး ပေါချိန်မျိုးမှာ ကီလီဈေးဒိုင်ကို သွားနိုင်လျှင် ကိုယ့်အတွက် အမြတ်ငွေ ပိုကျန်နိုင်သည်။ အမေသည် နေ့စဉ် မသွားနိုင်သဖြင့် သူတို့ မောင်နှမ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွင်မှ သွားရလေသည်။ တစ်ခါတလေတော့လဲ အမေ မတတ်နိုင်၍ သူတို့ကို ခိုင်းရသည်။ မြစမ်းရည်ကလည်း နေ့စဉ် သာကေတမှ မြို့ထဲအထိ ရုံးတက်ရသည်မှာ ပင်ပန်းလွန်း၍ တစ်နေ့တလေ အပန်းဖြေချင်သည်။ သို့သော် အမေ့ကို ညှာရပေမည်။

နွေဦး၏ နံနက်ခင်းသည် မိုးသားမြူတိမ်ကင်း၍ ဝင်းပနေ၏။ နေရောင်ခြည်သည် စောစီးစွာပင် လင်းဖြာလျက်ရှိ၏။ သို့သော် ညပိုင်း၏ အအေးဓာတ်သည် မပြယ်တတ်သေး။ မြစ်ကမ်းဘက်ဆီမှ လေနုအေးသည် ဝှေ့ရမ်းတိုက်ခတ်နေဆဲဖြစ်၏။ ဟင်းလင်းပြင် လယ်ကွက်များကို ကျော်၍ ကြည့်လျှင် ပင်လယ်ကူးသင်္ဘောများ၏ ကိုယ်ထည်ပိုင်းကို မြင်ရလေသည်။ ဘတ်စ်ကားပေါ်တွင် ဈေးသည်နှင့် အလုပ်သမားတချို့ ပါလာ၏။ ဇော်ထွန်းနှင့် မြစမ်းရည်သည် အိပ်ရေးမဝသဖြင့် ချောင်တစ်ချောင်မှာ ကပ်ကာ ငိုက်မြည်းလိုက်ပါလာကြလေသည်။

သာကေတတံတားကို လွန်ခဲ့၏။ ပုစွန်တောင်ဈေးကို ဖြတ်ခဲ့၏။ ၃၈ လမ်းဈေးကို ကျော်ခဲ့သည်။ မြို့ပေါ်မှလူတွေ အိပ်ကောင်းဆဲ၊ အနားယူနေဆဲ ဖြစ်သော်လည်း မြစမ်းရည်တို့လို လက်လုပ်လက်စား ဈေးသည်တွေမှာ စောစီးစွာပင် လမ်းပေါ် ရောက်နေကြပေပြီ။ လျင်မြန်စွာ ထိုးထွက် လင်းဖြာလာသော နေရောင်နှင့်အတူ သွားလာလှုပ်ရှားနေရပေပြီ။ အများအတွက်

www.burmeseclassic.com

www.burmeseclassic.com



မရှိမဖြစ်သော စားကုန်ပစ္စည်းတွေကို ငွေကြေးနှင့် လဲလှယ်ရန် အလို့ငှာ စောစီးစွာပင် ဝိရိယအားထုတ်၍ ရောက်နေကြပေပြီ။ ငွေကိုပေး၍ ဈေးဝယ်မည့်သူတွေကား မိမိတို့နေအိမ်မှ အေးဆေးစွာပင် ထွက်လာကြလေ၏။

ကီလီဈေးကြီးအတွင်းတွင်ကား အလုပ်သမားတွေ၊ ဈေးသည်တွေ၊ ကုန်သည်ပွဲစားတွေ၊ ဆိုက်ကားသမား၊ သုံးဘီးသမားတွေဖြင့် စည်ကားညီစီ၍ နေလေ၏။ လူတန်းစားတစ်ရပ်၏ ဘဝရပ်တည်မှု နယ်ပယ်လေးပါပဲ။ သူတို့အဖို့တော့ နေ့ဟူ၍လည်း မနေ၊ ည ဟူ၍လည်း မအိပ်၊ အချိန်တိုင်းမှာ လူ၏လုပ်အားနှင့် ငွေကို လဲလှယ်နေကြလေသည်။

သည်နေရာမှာလဲ ရုံးမှာလိုပါပဲ။ သို့မဟုတ် လူ့လောကကြီးလိုပါပဲ။ ကွာခြားချက်လေးတွေတော့ ရှိသည်သာ။ တစ်နေ့တာ စားဖို့အတွက် သည်နေရာက ပစ္စည်းကိုဝယ်၊ ဟိုနေရာမှာ ထိုင်ရောင်းနေသူတွေရှိသလို၊ ငွေကိုကိုင်၍ နောက်ကွယ်တွင်ရပ်ကာ အမြတ်အစွန်းကို အသင့်ရယူနေသူတွေလည်း ရှိလေ၏။

မြစမ်းရည်ကတော့ ကီလီဈေးကို မကြာမကြာ ရောက်တတ်သော်လည်း အမေ့လို အသိအကျွမ်းမပေါပေ။ အမေ တစ်ခါက ပြထားဖူးသော ဒိုင်မှာ အမေမှာသော ပစ္စည်းကို သွားယူရ၏။ ဇော်ထွန်းကတော့ အိပ်ချင်မပြေသေးသော မျက်လုံးကို ပွတ်၍ ခပ်ကုပ်ကုပ်ပင် လိုက်လာလေသည်။ ဟင်းရွက်ပုပ်တွေဖြင့် ချော်ကျိနေသော ကုန်လှောင်ရုံထဲမှ တောင်းတွေ ပလုံးတွေ၊ အသီးအရွက်ပုံတွေကို နင်းခွ ကျော်လွှားပြီး အမေမှာသော ပစ္စည်းများကို စုံစေအောင် လိုက်ဝယ်ရလေ၏။

'ကျုပ်ကို အပျိုမဟုတ်ဘူးဆိုပြီး ရှင်က အထင်သေးသပေါ့လေ၊ ဒီမှာကြည့်၊ ကလေးသုံးယောက်အမေ ဆိုပေမယ့် အကောင်းကြီး ရှိပါသေးသတော့၊ စမ်းကြည့်စမ်းပါ အပျိုနဲ့ မလဲနိုင်ရှိရော့မယ်'



ဈေးသည် မအေးကြည်သည် ထဘီကို ဟန်ပါပါပြင်ဝတ်ရင်း ရင်ဘတ်ကိုပုတ်ကာ ဒိုင်စာရေး ကိုမြအောင် ဆိုသူကို ထိမထင်သလို မျက်နှာချင်းဆိုင်ကာ ပြောနေလေ၏။ သည်နေရာမှာ သည်လို နှုတ်ကြမ်း လျှာကြမ်းသော အပြောမျိုးတွေမှာ ရိုး၍ နေပြီ။ မြစမ်းရည်သည် ကြားဖူး မြင်ဖူးသော အမူအရာ ဖြစ်သော်လည်း ရုတ်တရက် မျက်လွှာမပင့်ရဲပေ။

'ဟဲ့ကောင်မလေး၊ နင့်အမေ မလာဘူးလား'

'မလာဘူးရှင့်'

မြစမ်းရည်သည် ဒိုင်စာရေး ကိုမြအောင်ကို မရဲတရဲ ကြည့်၏။ ပြီတီတီ အမူအယာဖြင့် ကြည့်နေသော မအေးကြည်ဘက်ကို မလှည့်ရဲပေ။

'အေး အေး လိုတာတွေ ငါလိုက်ဝယ်ပေးမယ်၊ လာ လိုက်ခဲ့'

'ဟင်း ဒါမျိုးကျတော့ သိတတ်လိုက်တာ'

အနှောင့်မလွတ်သော မအေးကြည်၏အပြောကို ကိုမြအောင်က သဘောကျစွာ ရယ်နေလေ၏။

ဇော်ထွန်းသည် ခရမ်းချဉ်သီးခြင်း တစ်ခြင်းဖြင့် အပြင်မှာစောင့်ကျန်ရစ်၍ တော်ပေသေးသည်။ မြစမ်းရည်သည် ကိုမြအောင် ဝယ်ပေးသမျှ ပစ္စည်းတွေကို တောင်းတစ်ခုဖြင့် လိုက်သယ်ရ၏။ ဈေးသည်တွေဆီက အတင်းရော အဓမ္မရော အပိုအဆစ်တွေကို မျက်နှာလိုအားရ ယူပေးသော အခါ မြစမ်းရည် မျက်နှာပူသဖြင့် ခေါင်းမမော့ရဲပေ။ သူတို့အဖို့ကတော့ ဆဲသူက ဆဲ၊ ယူသူက ယူ၊ ခေါင်းကို လှမ်းပုတ်လိုက်၊ တင်ပါးကို လှမ်းရိုက်လိုက်နှင့် ဒွေးရောယှက်တင် ရှိလှချေ၏။

ရုံးမှာလဲ သည်လိုပါပဲ။ တချို့ အမျိုးသား အမျိုးသမီးတွေသည် တစ်ယောက်နှင့် တစ်ယောက် ဖင်ပုတ် ခေါင်းပုတ်ပြီး စကားပြောတတ်ကြ၏။ တစ်ခါတစ်ရံ လင်နှင့်မယား ပြောသော စကားမျိုးကို မထိတထိ ပြောကာ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အရသာခံကြ၏။ ပညာတတ်တွေဆိုတော့ အမြင်မှာတော့ သိပ်မရိုင်းဘူးပေါ့။ သို့သော် ဖောက်ပြန်ကြသည်ချည်းပင်။ သည်မှာကမှ ပွင့်လင်းမှုဖြင့် ယုတ်မာမှုကို ချေဖျက်နိုင်သေး၏။ အရာရှိကြီးက စာရေးမလေးကို အလုပ်ခန့်ပေးပြီး ဖျက်လိုဖျက်ဆီး ကြံတာလောက်တော့ မရင့်သီးလှပေ။

သည်မှာကတော့ ဈေး။ လူတန်းစားစုံသည့်ဈေး။ လေ့သမား၊ သမ္မာန်သမားကအစ ခါးပိုက်နှိုက်၊ အလစ်သုတ်အထိ ဘဝမျိုးစုံ ကျင်လည်နေသူတို့ဖြင့် စုစည်း တည်ရှိနေသော စိတ်ဝင်စားစရာ လောကဇာတ်ခုံတစ်ခုပင် ဖြစ်လေ၏။

'ပြီးရင်လဲ ပြန်ကြရအောင် အစ်မရာ၊ ဆာလိုက်တာလဲ လွန်ပါရော'

'အေးပါဟဲ့၊ ပြန်မှာပေါ့၊ ကြုံတုန်း ဟင်းချက်စရာလေး ဝယ်သွားဦးမယ်'

ကုန်ရုံတွေ၏ အပြင်ဘက် လမ်းဘေးမှာ ဟင်းရွက်သည်တွေ ငါးပုစွန်သည်တွေ တန်းစီကာ ရောင်းနေကြ၏။ တချို့ ပေါပေါများများ ဝယ်စားလိုသူတွေက ကီလီဈေးကိုပင် လာကြ၏။ အထူးသဖြင့်တော့ ကိုယ်ပိုင်ကားရှိသူတွေက ကီလီဈေးကို အသုံးချကြသည်။ ကားလေးနှင့်ဆိုတော့ ဘယ်လောက်ဝေးသည့်နေရာကဖြစ်စေ လာဝယ်နိုင်၏။ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်နှင့် ပေါပေါများများ ရနိုင်သဖြင့် တွက်ချေကိုက်၏။ ဩော် ချမ်းသာတဲ့ သူများကျတော့လည်း ပို၍ အဆင်ပြေပါဘိ။ ပြန်ခါနီးတော့ စေတနာရှင် ဒိုင်စာရေးကြီးကို နှုတ်ဆက်ရသေး၏။

'ဟဲ့ကောင်မလေး၊ နောက်လဲ နင့်အမေ မလာနိုင်ရင် ငါ့ဆီလာခဲ့သိလား၊ ဒါနဲ့ နင်က ရုံးအလုပ်လုပ်တယ် မဟုတ်လား'

'ဟုတ်ကဲ့ရှင့်'

'နင့်လခ ဘယ်လောက်ရသလဲ'



'သိပ်မရပါဘူး၊ တစ်ရာကျော်လောက်ပါ'

'ဒါနဲ့များ လုပ်နေရသေးတယ်ဟယ်၊ ဒီမှာလာပြီး ဈေးရောင်း ဈေးဝယ် သင်ပါလား၊ ရာသီပေါ်ပဲ လုပ်ဦး၊ နင့်တစ်နှစ်လုံး လုပ်စာထက်တော့ သာတယ်'

'ဟုတ်ကဲ့ရှင့်၊ ကျွန်မတို့ ပြန်တော့မယ်'

မြစမ်းရည်က မြန်မြန်စကားဖြတ်၍ ပြန်လာရ၏။ ဖော်ထွန်းကတော့ ထိုလူကြီး မျက်နှာကိုကြည့်ကာ ကျက်သရေမရှိလိုက်တာဟု အော့နှလုံးနာစွာ ရေရွတ်၏။

မြစမ်းရည်သည် အပြင်ဘက်တန်းမှာ သားငါးတချို့ ဝယ်သည်။ ဈေးကတော့ သက်သာလှ၏။ မသက်သာဘဲ ရှိပါ့မလား။ တောင်ပုံရာပုံ ပုံနေသော သားငါးတွေနားမှာ သွားပြီး မယောင်မလည်နှင့် အလစ်သုတ်ယူငင်တတ်သော ကောင်လေးတွေက လာရောင်းထားသည့် သူခိုးဈေးတဲ့။ သို့သော် အလေးကတော့ ခိုး၏။ ငါးဆယ်သားဝယ်၍ လေးဆယ်သားရလျှင် ကံကောင်း။

'သုံးဘီးငှားရအောင် အစ်မရယ်'

'ဟဲ့ အမလေး သာကေတကို သုံးဘီးခနဲ့ မွဲရချည့်၊ ဘယ်သုံးဘီး ကရော လိုက်မှာလဲ၊ လာပါ ဘေးကြားကြီးနဲ့ ပြန်ရအောင်'

သာကေတကို ပြေးဆွဲသော ရိန်းဂျားကားတွေကို သာကေတမှ လူတချို့က ဘေးကြားကြီးတွေဟု ခေါ်သည်ကို မြစမ်းရည်က သတိရ၍ ပြောလိုက်၏။ တောင်းနှစ်တောင်းကို တစ်ယောက်တစ်လုံး မ လာရသော မြစမ်းရည်တို့ မောင်နှမသည် ချွေးဒီးဒီးကျကာ ဖတ်ဖတ်မောနေ၏။

'နင်ကလဲ လောကြီးလိုက်တာ၊ ဒါတွေ အမေရောင်းလို့ ကုန်မှာလား ပုပ်ကုန်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ ဈေး သက်သက်သာသာနဲ့ ရတာ၊ ဖောက်သည် ပြန်ပေးလဲ ဖြစ်တာပဲ၊ နင်က တစ်ခါတလေ လိုက်ရတာနဲ့ ညည်းလိုက်တာ၊ ငါတို့ကို လုပ်ကျွေးနေရတဲ့ အမေက ဘယ့်နှယ်ရှိမလဲ'

'မသိဘူးဟာ ဆာတာပဲ သိတယ်'

ဇော်ထွန်းက ဘုတောဓ၏။

'နင် ဒီလောက်ဆာရင်လဲ တစ်ခုခုဝယ်စားဟယ်'

'မစားဘူးဗျာ၊ ထမင်းပဲ စားချင်တယ်'

လမ်းဘေးထမင်းဆိုင်များတွင်မူ လူတွေ စည်ကားစွာ တိုးဝှေ့စားနေကြ၏။ ထမင်းရောင်းသူသည် ယပ်တစ်ချောင်းဖြင့် ယင်တွေမောင်းနေရသည်။ စားသူတွေကမူ ဘာကိုမျှ ဂရုမစိုက်အား၊ ချွေးဒီးဒီးကျသည်အထိ အားပါးတရ စားနေလေသည်။ လူသည် ထမင်းစားဖို့ အရေးကြီးသည် မဟုတ်လား။

ဘတ်စ်ကားပေါ်တွင်တော့ တောင်းတွေ ပလုံးတွေ ဈေးသည်တွေဖြင့် ပြည့်ကျပ် ဆူညံနေ၏။ ပူနွေးသော နေရောင်အောက်ဝယ် ရန်ကုန်မြို့ကြီးသည် တက်ကြွစွာ လှုပ်ရှားရုန်းကန်နေလေသည်။

'တနင်္ဂနွေ တစ်နေ့နေ့မှာ သူများတကာလို ဝတ်ကောင်းစားလှဝတ်ပြီး တစ်ခါလောက် လျှောက်လည်ပစ်ဦးမယ်'

မြစမ်းရည်သည် မဆီမဆိုင် တွေးလာမိ၏။ ဇော်ထွန်းကမူ အလွန်ဆာလောင်စိတ်တိုသော မျက်နှာဖြင့် လိုက်ပါလာ၏။

'သာကေတကို၊ သာကေတကို လိုက်မလား၊ လာ လာ ရသေးတယ်၊ ဟိုးဆရာ ခဏနေဦး'

ကားပေါ်မှာတော့ မတ်တတ်ရပ်စရာ နေရာပင်မရှိတော့။ သို့သော် နောက်ထပ် ဆယ်ယောက်လောက်တော့ ထပ်တက်လာသေး၏။ လာသမျှ



လူကို ဆန့်အောင်တင်နိုင်သော ဘတ်စ်ကားတွေကို မြစမ်းရည် အံ့ဩ၏။ ကားသည် အရှိန်ကောင်းစွာဖြင့် သာကေတမြို့ကြီးဆီသို့ ဦးတည်မောင်းနှင်လာလေ၏။

တံတားသစ်ကြီး၏ နေရာတစ်ဝိုက်ကိုသာ ဓာတ်ပုံရိုက်ပြလျှင် နိုင်ငံခြားအဆင့်မီ မြို့ကြီးတစ်မြို့ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။

သာကေတမြို့ပတ်လမ်းနှင့် ဈေးလမ်းထောင့်တွင် အရက်ဖြူဆိုင်တစ်ဆိုင်ရှိ၏။ မိုးတွင်းအခါတွင် ဆိုင်အောက်မှာ ရေတွေပြည့်လာသဖြင့် သာကေတမြို့သားတွေက ရေပေါ် ကရဝိက်ဟိုတယ်ဟု ခေါ်ကြလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

၃

'ကြားပြီးပလားဟင်'

ရုတ်တရက် ဆိုင်းမဆင့် ဗုံမပါ၊ မျက်လုံးပြူး မျက်ဆံပြူးဖြင့် မေးသူက မေးသော်လည်း ဒေါ်ဥမ္မာကျော်က အထူးတလည် ထိတ်လန့် တုန်လှုပ်ခြင်းကား မဖြစ်ပေ။ အရေးကြီး၍ လျှို့ဝှက်သော သတင်းတစ်ခုကို ကြားသိရတော့မည်ဟု နားလည်လိုက်လေ၏။ သူ့ကို ပြောလာသူကား ရပ်ကွက်တစ်ခုလုံး အပ်ကျသည်ကအစ ဘယ်အခန်းကလင်မယားက တစ်လမှာ ဘယ်နှစ်ခါ ရန်ဖြစ်ပြီး ဘယ်သူ့ယောက္ခမက အိမ်သားတွေ မရှိတုန်း အိမ်ဖော်မလေးကို အခန်းထဲခေါ်ပြီး ဆံပင်ဖြူနုတ်ခိုင်းသည်ဆိုသည်အထိ နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းသိရှိတတ်သော မသန်းကြည် ဖြစ်လေ၏။

'ပြောစမ်းပါဦး၊ ဘာများလဲ မသန်းကြည်ရဲ့'

ဒေါ်ဥမ္မာကျော်သည် ဈေးခြင်းကို လှေကားထစ်တွင် ခဏချထားကာ လုံချည်ပြင်ဝတ်ရင်း မေးလိုက်လေ၏။ မသန်းကြည်က ဒေါ်ဥမ္မာကျော်တို့၏ အပေါ်ထပ်မှဖြစ်သည်။ သူ့ယောကျ်ားက ပုလဲနှင့် ငါးမှာ လုပ်သည်။ သူကတော့ အလုပ်မရှိ။ တက္ကသိုလ်ရောက်ဖူးသည်ဟု ကြား၏။ သို့သော် ဘွဲ့ရဟန်မတူပေ။ အိမ်မှာ ကလေးလေးတစ်ယောက်ကို ထိန်းကျောင်းရင်း



အတင်းအဖျင်း ပြောရင်းနှင့် အချိန်ကုန်၏။ သူတကာ မိန်းမတွေ လှလှပပ ဝတ်စားကာ အိမ်မှထွက်သွားတိုင်း မဲ့ကာရွဲ့ကာဖြင့် ကျန်ရစ်တတ်သည်။ ရှေ့တင်မှာတော့ လူတိုင်းကို တည့်အောင် ပေါင်းတတ်သည်။ စပ်စပ်စုစု မေးတတ်မြန်းတတ်သည်။ အမြောက်ကြိုက်သော ဒေါ်ဥမ္မာကျော်နှင့်တော့ အဖွဲ့ကျ၏။

'အမလေး၊ ဟို စောကလျာသင်းရယ်လေ'

'ဟင် ဟုတ်လား၊ ပြောစမ်းပါဦး'

ဘာမှန်းမသိခင်ကပင် အလွန် စိတ်ဝင်စားစွာဖြင့် ဒေါ်ဥမ္မာကျော်က မေးလိုက်သည်။ အပေါ်ကို လှမ်းတက်မည့် ခြေလှမ်းကိုလည်း ပြန်ရုတ်ကာ လက်တစ်ဖက်က မ ပြီးသား ခြင်းတောင်းကို ပြန်ချလိုက်၏။ စောကလျာသင်းက ရန်ကင်းမြို့က ပိုျပို့အိုအိုတွေ စိတ်ဝင်စားရသော အမျိုးသမီးပေတည်း။ တောင့်တောင့်တင်းတင်းနှင့် ဖြူဖြူချောချောဖြစ်သဖြင့် အမျိုးသားပိုင်းက စိတ်ဝင်စားသည်။ ဝတ်နိုင်စားနိုင် ပြင်နိုင်ဆင်နိုင်၍ အမျိုးသမီးထုက မနာလိုခြင်းကြီးစွာဖြင့် စိတ်ဝင်စားသည်။ သူ့ယောကျ်ားက ကုန်သွယ်ရေးဌာနတစ်ခုက ကြီးကြီးပုဂ္ဂိုလ် တစ်ဦးပေပဲ။ သူကလည်း ခေသူမဟုတ်၊ အမ်အေဘွဲ့ ရပြီးသား။ သို့သော် အလုပ်မလုပ်ပေ။ မိဘတွေက ပိုက်ဆံချမ်းသာသတဲ့။ လူကြီးက သူ့ထက်အသက်ကြီးသည်။ မိဘက အတင်းပေးစားလို့ ယူရတာဆိုပဲ။ သို့သော် လူကြီးက ခပ်ပွေပွေရယ်။

'ဒီလို ဒီလို မဥမ္မာရဲ့၊ ညက ကျွန်မက ကလေးတွေကျူရှင်ပို့ကအပြန် ဟို အကြီးကောင်က စာမေးပွဲဖြေရတော့မယ်လေ၊ လေးတန်းဆိုတော့ အရေးကြီးတယ် မဟုတ်လား၊ အိမ်မှာကလဲ ကလေးအငယ်တွေနဲ့ ကိုယ်က သင်မပေးနိုင်တော့ ဘယ်လောက်ကုန်ကုန်ဆိုပြီး'

'ဟုတ်ပါပြီ၊ စောကလျာသင်းအကြောင်း ဆက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပ့ါမယ် မဉမ္မာရဲ့၊ အဲဒါနဲ့ သူတို့အိမ်ရှေ့က ဖြတ်လာတော့'

စကားပြောရင်း အပေါ်ထပ်မှ လူတစ်ယောက်ဆင်းလာသဖြင့် လမ်းဖယ်ပေးလိုက်ရသေးသည်။ အပေါ်ထပ်က တံခါးဝရှေ့မှာ ပြောလျှင်လည်း မကောင်းပေ။ အိမ်ထဲကလူတွေ ကြားမှာစိုးရသည်။

'အိမ်ရှေ့က ဖြတ်လာတော့ ဘာဖြစ်သလဲ'

စောကလျာသင်းက သူတို့နှင့် မျက်စောင်းထိုး တိုက်မှာ နေလေသည်။

'တစ်မြန်နေ့ညက သူတို့လင်မယား ရန်ဖြစ်တာတော့ သိသား၊ သူ့အိမ်က ခိုင်းတဲ့ကောင်မကလေး ကလေးချီပြီး လမ်းပေါ် ထွက်နေတာမြင်လို့ ခေါ်မေးကြည့်တာ'

'သူတို့က အမြဲရန်ဖြစ်နေကျဟာကိုပဲ၊ အဲဒါနဲ့ ညကတော့ ဘာဖြစ်သလဲ'

'လူတွေစုစုနဲ့ ဖြစ်နေကြတာ အပေါ်က လှမ်းမြင်လို့ ဆင်းသွားပြီး မေးကြည့်တော့၊ လား လား၊ စောကလျာသင်းရယ်လေ အဆိပ်တွေသောက်လို့ ဆေးရုံတင်လိုက်ရသကဲ့တော့'

'အို ဟုတ်လား၊ ကျွတ် ကျွတ် ကျွတ်၊ ဘာဖြစ်သွားသေးသလဲဟင်၊ ကြားရတာ ရင်တုန်လိုက်တာ'

ဒေါ်ဉမ္မာကျော်က ရင်ဘတ်ကို လက်ဝါးဖြင့် သာသာဖိကာ ညည်းလိုက်သည်။

'ခုတော့ အိမ်ပြန်ရောက်နေပြီ ပြောတာပဲ၊ အလကားပါ မမဉမ္မာရယ်၊ ယောကျ်ားကို မနိုင်တာနဲ့ ဟန်ပြသောက်တာနဲ့ တူပါတယ်၊ ဟင်း ဟင်း၊ သူ့ခမျာ ပညာလဲတတ်၊ ရုပ်ကလေးကလဲ ချောပါရက်နဲ့ ယောကျ်ားရံကံမကောင်းဘူးနော်'



'ကံမကောင်းဘူးလို့တော့ ဘယ်ပြောနိုင်မလဲလေ၊ သူ ဒီလို ဝတ်နိုင်စားနိုင်တာ သူ့ယောကျ်ား ဝင်ငွေကောင်းလို့ပေါ့၊ ငနဲကြီးက စားလဲစားတယ် မဟုတ်လား၊ ဒါကြောင့် ပွေနိုင်တာပေါ့'

'သိပါဘူး မမဉမ္မာရယ်၊ ကျွန်မတော့ သူ့ဘဝ အားမကျပါဘူး၊ ကျွန်မတို့သာဆိုရင်တော့ အိမ်ကယောကျ်ား ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ကလေးလေးယောက်သာရတယ်၊ သန်းကြည်မက ဟင်ဆို မော်ကြည့်ဝံ့တာမဟုတ်ဘူး၊ ဟဲ ဟဲ၊ မီးသေအောင် လုပ်ထားရတယ်လေ၊ ဒါနဲ့ ဟိုတစ်ယောက်ခုတလော တယ်ငြိမ်နေတယ်၊ သူ့ယောကျ်ားလဲ တစ်ခေါက်သွားရင် တော်တော်နဲ့ ပေါ်လာတာမဟုတ်ဘူးနော်၊ ပစ္စည်းကတော့ သုံးရပါရဲ့၊ တစ်လကိုးသီတင်း သွားနေတာ စိတ်မချနိုင်ပါဘူးနော်'

ဖြူသွယ်မြင့်ကို ဆိုလိုခြင်းဖြစ်၏။

'ဒါတော့ သိနိုင်ပါဘူးအေ၊ ညည်းတို့ဥစ္စာတွေ'

ဒေါ်ဉမ္မာကျော်က သူ အပျိုကြီးဖြစ်ကြောင်း ကြားရင်း ဈေးခြင်းကို ဆွဲကာ အပေါ် လှမ်းတက်လိုက်သည်။

'မဉမ္မကလဲ ဒီခေတ်ထဲမှာ သိပ်ရွေးမနေနဲ့လေ၊ တော်ကြာ ရတာယူမယ်၊ ရတာယူမယ် ဖြစ်နေဦးမယ်၊ ဟင်း ဟင်း'

'တော်ပါအေ၊ အချိန်တန်တော့လဲ ဖြစ်လာလိမ့်မပေါ့'

ဒေါ်ဉမ္မာကျော်သည် သူ့ဘက်လှည့်လာသည့် စကားလမ်းကြောင်းကို ပြောင်းပစ်ရလေ၏။ ယခင်ကတော့ သူ့ကို ရုံးမှာ ဘယ်အရာရှိက ဘယ်လို ပိုးကြောင်းကို အကြောင်းရှာ၍ ပြောတတ်ခဲ့သည်။ ယခုတော့ ဦးဟန်တင် လက်ထပ်ပြီးကတည်းက ထိုအကြောင်းတွေ မပြောချင်တော့ပေ။ ဒါတောင် မသန်းကြည်က မရပ်သေး။ လှေကားဆုံး၍ အခန်းရှေ့ရောက်သည့်တိုင် အပေါ် ဆက်မတက်မီ လှမ်းပြောလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်လာလိမ့်မယ်ဆိုပြီး လက်သည်ချည်းပဲ အားကိုးမနေနဲ့ဦးလေ'

'သောက် ကောင်မ'

ဒေါ်ဥမ္မာကျော်က တံခါးကိုပိတ်ရင်း တိုးတိုးရေရွတ်လိုက်လေ၏။

'ဟဲ့ ဘာဖြစ်လာသလဲ'

နှုတ်ခမ်းစူ၍ ဝင်လာသော သမီးဖြစ်သူကို သူ့အမေက မေး၏။

'ဘာမှမဖြစ်ပါဘူး မေမေရယ်၊ လူတွေများ စိတ်ပျက်ပါတယ်၊ အလကား နေ တစ်ယောက်ကို တစ်ယောက် မနာလိုဖြစ်ပြီး အမနာပ ပြောချင်နေကြတာ မေမေရဲ့'

'အိုအေ၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရှေ့ပါဘူး၊ ဒါထက် သမီးရေ၊ မေမေ အိမ်တစ်လုံးငှားဖို့ စကားစပ်ထားတာ ဒီနေ့ ကြည့်ဖို့ပြောထားတယ်၊ ဟင်းတွေ သမီးပဲ ကြည့်စီမံလိုက်တော့၊ ညည်းအဖေလာရင်လဲ ပြောလိုက်၊ မေမေ သွားလိုက်ဦးမယ်'

'သွား သွား၊ မေမေ့မှာလဲ တစ်နေ့တစ်နေ့ သွားလိုက်ရတာ၊ တစ်ခါမှ လဲ လောက်လောက်လားလားရတာ မမြင်ဘူး'

'အမယ် အေ၊ ရတဲ့အခါတော့ မပြောဘူး'

သူ့အမေသည် လက်ကိုင်သားရေအိတ်ကြီးကို ကိုင်ကာ ထဘီကိုမ၍ ထွက်သွားလေသည်။ တစ်ချိန်ကတော့ မေမေလည်း မင်းကတော်ပွဲစားကြီး အဖြစ် လူသိများခဲ့၏။ ယခုတော့ အရွယ်ကလည်း ထောက်လာပြီ၊ ခေတ်ကိုလည်း လိုက်မမီ၍ သိပ်အလုပ်မဖြစ်တော့။ ခုခေတ်က အိမ်တစ်အိမ် ငှားတော့မည် ရောင်းတော့မည်ဆိုလျှင်လည်း ပွဲစားတွေက ခြေချင်းလိမ် နေသည်။ တစ်ယောက်က တစ်ယောက်၊ တစ်နေရာက တစ်နေရာ ဆင့်ကာ ဆင့်ကာ ပွားလာသည်နှင့် နောက်ဆုံး ဝေစုခွဲလိုက်သောအခါ အနည်း အကျဉ်းသာ ရတော့သည်။ သို့သော် လမ်းခုလတ်က နောက်ဆုတ်၍မဖြစ်။



လိုက်လျှင်လည်း ရေဆုံးရေဖျားလိုက်မှ။ ဝယ်မည့်သူတစ်ယောက်ကို ကိုယ်က ရထားပြီဆိုလျှင် သူ့စိတ်ကြိုက် အိမ်မတွေ့မချင်း အခြားပွဲစားတွေနှင့် အဆင့် ဆင့် လိုက်ကြရသည်။ ကိုယ်မလိုက်နိုင်သည့်အခိုက်မှာ အကြိုက်တွေ့၍ အလုပ်ဖြစ်သွားလျှင် ကိုယ့်အတွက် ဝေစုမရဘဲရှိမည်။ သည်တော့လည်း ဝယ်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ လိုက်နိုင်မှ။ ယခုတလော ဈေးတွေ ကျ၍ အရောင်းအဝယ် သိပ်မဖြစ်။ သည်ကြားထဲ မီးတွေ မကြာမကြာ လောင်တော့ လန့်ပြီး အရောင်းအဝယ် တန့်သွားသည်။

မေမေ ထွက်သွားတော့ ဒေါ်ဥမ္မာကျော် တစ်ယောက်တည်း အိမ်မှာ ကျန်ရစ်၏။ ဟင်းချက်စရာ ဈေးခြင်းတောင်းကို ခဏချကာ အထီးကျန်သည့် သူ့ဘဝကို တွေးတောစိတ်ပျက်စွာ ငေးနေမိ၏။ ယခုခေတ် ယောကျ်ားတွေကလည်း ငယ်ငယ်ချောချောလေးတွေ၊ ပျံလန်နေတာလေးတွေမှ ကြိုက်ချင်ကြသည်။ ရုံးမှာတောင် မိမိက ရာထူးကြီးသည်ဆိုသည့်တိုင် ခင်ပပတို့ ခင်ဆွေဝင်းတို့လို အလှအလာလည်းရှိ၊ ရုပ်ရည်လည်း ချော၊ ပစ္စည်းလည်း ချမ်းသာသူတွေကိုသာ ကိုယ်တော်ချောတွေက စိတ်ဝင်စား ကြ၏။ မိမိကိုတော့ ပါးစပ်အရသာခံကာ သားပြောမယားပြော ပြောကြသော် လည်း လက်တွေ့တွင်တော့ ရှောင်ရှောင်သွားကြသည်။ ဒေါ်ဥမ္မာကျော်သည် သူ့ဘာသာ တွေးကာ မကျေမနပ်ဖြစ်ရင်း ဈေးခြင်းထဲမှ ငါးကို ဆွဲထုတ်ကာ ခုတ်ဖို့ ထစ်ဖို့ ပြင်၏။ ထိုစဉ် အပေါ်ထပ်မှ ငြန်းခနဲ အမှိုက်နှင့် ရေတွေ သွန်ချ လိုက်သံကို ကြားရပြီး မီးဖို ပြတင်းပေါက်ကို ကာထားသော သံဆန်ကာမှာ အမှိုက်တွေတင်လာသဖြင့် နှုတ်က အသံမထွက်ဘဲ ကြမ်းတမ်းစွာ ဆဲလိုက် မိလေသည်။ ထိုစဉ် အိမ်ရှေ့မှ ခေါင်းလောင်းမြည်သံ ကြားရလေသည်။ မေမေ ပြန်လာတာဖြစ်မှာပဲဟုတွေးကာ အိမ်ရှေ့ကို ပြေးထွက်ခဲ့ ရသည်။ အပြင်ကို ချောင်းမကြည့်တော့ဘဲ တံခါးကို အလျင်စလို ဖွင့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

ဒေါ်ဥမ္မာကျော်သည် ရှက်စနိုး ရေရွတ်လိုက်မိသည်။ ပြီးတော့ ပထမ ဦးစွာ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ဖရိုဖရဲ ဝတ်ထားသော အင်္ကျီအနားစကို မသိမသာ ဆွဲချနေမိသည်။

'ဘယ်လိုလဲ ဒေါ်ဥမ္မာကျော်ရယ်၊ ဧည့်သည်တွေ အထဲ မဝင်ရတော့ ဘူးလား'

ဦးဟန်တင်နှင့် ဆရာဝန်ပေါက်စ ကိုစိုးသိမ်းတို့ ဖြစ်လေသည်။

'ဝင်ရပါတယ် ဦးဟန်တင်ရယ်၊ ရုတ်တရက်ဆိုတော့ အံ့သြသွားလို့ ပါ၊ ဧည့်သည်ကလဲ မလာစဖူး မဟုတ်လား၊ ကဲ ထိုင်ကြပါဦး၊ မေမေ အပြင်သွားလို့ ဟင်းဝင်ချက်နေရတယ်၊ အဟင်းဟင်း'

ဒေါ်ဥမ္မာကျော်သည် မျက်နှာပေါ်မှာကျနေသော ဆံပင်များကို သပ် တင်ရင်း ဧည့်သည်များကို ထိုင်စေရ၏။ သူက ဧည့်သည်တွေနှင့် မျက်နှာ ချင်းဆိုင်မှာ ခပ်ကျုံ့ကျုံ့လေး ထိုင်သည်။ ဘာကြောင့်မှန်းမသိဘဲ မျက်နှာ တွေနီကာ ရှက်အမ်းအမ်း ဖြစ်နေလေသည်။ စောစောက မသန်းကြည် ပြောသွားသော စကားကိုလည်း သတိရနေ၍ဖြစ်၏။ လက်သည်ချည်း အားမကိုးနဲ့တဲ့။ အင်း ကိုယ်ကလည်း ကြိုးစားဦးမှ။

'မလာစဖူးဆို ဒီလိုလေဗျာ၊ ကျွန်တော်လဲ ရှမ်းပြည်နယ်ဘက်သွားနေ တာ ပြန်ရောက်တာ မကြာသေးပါဘူး၊ ဒီက သူငယ်ချင်းက ဟိုဘက် အရိယ မဂ္ဂင်လမ်းမှာ ဆေးခန်းဖွင့်ထားတာဆိုတော့ ဒီကနဲ့ နီးတယ် မဟုတ်လား'

'ဪ လမ်းကြုံလို့ ဝင်လာတာဆိုပါတော့၊ ရှမ်းပြည်နယ်မှာ တော် တော် ပျော်ခဲ့ရဲ့လား၊ မြင့်မြင့်ထွန်းကော နေကောင်းတယ်နော်'

ဒေါ်ဥမ္မာကျော်က ခပ်ထေ့ထေ့လေးပြောသည်ကို ဦးဟန်တင်က ပြုံး၍ နားထောင်နေရ၏။



'လမ်းကြုံလို့ တမင် ဝင်လာတာပါဗျာ၊ ဒီက ကိုစိုးသိမ်းကလဲ ပူဆာ နေတာနဲ့၊ ဟဲ ဟဲ'

ဒေါ်ဥမ္မာကျော်၏မျက်နှာက ရှက်သွေးဖြန်းနေပြန်သည်။ ကိုစိုးသိမ်း က အရင်တစ်ခါ တွေ့ကြစဉ်က စကားတွေ ရွှန်းရွှန်းဝေသလောက် ယခု တော့ နှုတ်ဆိတ်နေ၏။ ဒေါ်ဥမ္မာကျော့်စိတ်တွင်းမှ 'အရင်တစ်ခါတွေ့တုန်း က ငါကလဲ ပြုပြုပြင်ပြင်နဲ့မို့ သူ စိတ်ဝင်စားတယ်နဲ့ တူပါတယ်၊ ခုတော့ ငါက အိမ်နေရင်း ကပိုကရိုနဲ့ဆိုတော့ စိတ်ပျက်သွားပြီ ထင်ပါရဲ့၊ ငါကလဲ လေ ပြုပြုပြင်ပြင်နေဖို့ကောင်းတယ်' ဟု တွေးကာ မိမိကိုယ်ကို အပြစ်တင် နေမိလေသည်။

'ဧည့်သည်တွေကို ကျွေးစရာ ဘာမှတောင်မရှိဘူး၊ ခဏထိုင်ကြဦး နော်၊ အိမ်မှာက ခိုင်းစရာ လူခွဲမရှိတော့'

'အို ဘာမှလုပ်မနေနဲ့ ဒေါ်ဥမ္မာကျော်၊ ကျွန်တော်တို့က ခဏတဖြုတ် ပါ၊ နောက်တော့ အေးအေးဆေးဆေး လာပါလိမ့်မယ်၊ ကိုစိုးသိမ်းကလဲ ဆေးခန်းက ဖွင့်စဆိုတော့ မိတ်ဆွေလဲ မရှိသေးဘူး၊ အဲဒါ ဒေါ်ဥမ္မာကျော် ကလဲ အကူအညီပေးပါဦး၊ ညနေအားရင် လျှောက်သွားကြည့်ပါဦးဗျာ၊ လမ်းဟိုဘက်ကူးလိုက်ရင် ရတာပဲ'

ရန်ကင်းနှင့် ကျောက်ကုန်း ဆိုသည်က အနီးကလေးပင်။ ဒေါ်ဥမ္မာ ကျော်က ကူညီပါမည်ဟု ကတိပေး၏။

'ဘာမှ မကျွေးရတာတော့ စိတ်မကောင်းဘူးရှင်၊ ခဏလေးစောင့်ပါ၊ နေကပူပူနဲ့ဆိုတော့ ကျွန်မ အအေးလေး ဘာလေး တိုက်ချင်လို့'

'ဒေါ်ဥမ္မာကျော် တိုက်ချင်ရင်တော့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ဗျာ၊ အိမ်ပိတ်ထားခဲ့လို့ ရလား'

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ကိုစိုးသိမ်းက စကားစ ပြော၏။

'ဟော လုပ်ပြီ၊ ဦးဟန်တင်တို့က ရုံးမှာ အကျင့်ပါနေလို့ ဒေါ်တပ်ခေါ်တာ၊ ကျွန်မကို မဥမ္မာလို့ပဲဖြစ်ဖြစ် ခေါ်ပါ ဆရာဝန်ကြီးရယ်'

ခုတော့ ဒေါ်ဥမ္မာကျော်လည်း ပညာသုံးလာရပြီ။ ဦးဟန်တင်က တဟားဟား ရယ်၏။ သူက ဒေါ်ဥမ္မာကျော်ကို သံယောဇဉ်တော့ရှိသား။ ဒေါ်ဥမ္မာကျော်ကလည်း သူ့ကို ငြိတွယ်မှန်း သိသား။ သို့သော် ဘာဖြစ်လို့မှန်းမသိ၊ တကယ့်တကယ် လက်ထပ်ဖို့ ရွေးတော့ သူ့စိတ်က ဇဝေဇဝါ ဖြစ်နေသည်။ မြင့်မြင့်ထွန်းက ငယ်ရွယ် ဖျတ်လတ်တာလည်း တစ်ကြောင်း ဖြစ်မည် ထင်သည်။

'ဪ ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့က ရန်ကုန်မှာ ကျောင်းလာနေရပေမယ့် တောသားဆိုတော့ လူရည်မလည်ဘူးဗျာ၊ ခုလဲ အမျိုးတစ်ယောက် အိမ်မှာနေပြီး ဆေးခန်းလေး ဖွင့်မယ်လို့ စိတ်ကူးတာ၊ ဟန်မကျရင်တော့ တောပဲ ပြန်ရမှာပဲ'

'အို၊ ဘယ်ကိုပြန်ရမှာလဲ'

'ကျွန်တော်က မြစ်ဝကျွန်းပေါ် သားပါ၊ ဟင်္သာတဘက်က ဆိုပါတော့၊ မိဘတွေကလဲမရှိတော့ သိပ် မပြန်ချင်တာနဲ့'

'အို ဟုတ်လား'

ဒေါ်ဥမ္မာကျော်က ကရုဏာသက်ဟန်ဖြင့် စုပ်သပ်လိုက်သည်။

'ဒါကြောင့် ပြောတာပေါ့၊ ဒေါ်ဥမ္မာကျော်က အစ်မကြီးတစ်ယောက်လို စောင့်ရှောက်ဖို့'

'တော်ပါရှင်၊ တတ်နိုင်သလောက် ကူညီပါဆိုလဲ စေတနာသန့်သန့်နဲ့ ကူညီပါတယ်၊ ကျွန်မတို့က လူတစ်ယောက်ကို ခင်မင်တယ်ဆိုရင် အရိုးခံအတိုင်းပါပဲ၊ ပရိယာယ်တွေ ဘာတွေလဲ နားမလည်ဘူးရှင့်'



ဒေါ်ဥမ္မာကျော်က အခွင့်သင့်တိုင်း ဦးဟန်တင်ကို ခနဲ့လျက်ရှိ၏။ ဦးဟန်တင်က တဟားဟားရယ်ရင်း ဒေါ်ဥမ္မာကျော်ကို အပြင်လိုက်ခဲ့ဖို့ ခေါ်သည်။

'ကဲဗျာ၊ ကားလဲ ပါပါတယ်၊ ကျွေးချင်တယ်ဆိုလဲ လိုက်ကျွေးလေ၊ ဟိုဘက်မှာ အအေးဆိုင်တစ်ဆိုင် တွေ့ခဲ့လို့'

'ဪ ရပါတယ်ရှင်၊ ခဏတော့ စောင့်ပါ'

ဒေါ်ဥမ္မာကျော်သည် အခန်းထဲဝင်ကာ မျက်နှာကို အပြေးအလွှား ပေါင်ဒါဖို့ရသည်။ ဆံပင်ကို သပ်သပ်ရပ်ရပ်ပြုပြင်ပြီး နှုတ်ခမ်းနီ ပါးပါးဆိုးကာ အဝတ်အစား အသင့်အတင့်လဲ၍ ပြန်ထွက်ခဲ့လေသည်။

အိမ်ရှေ့ခန်းမှာ သော့ခဏအပ်ထားဖို့ ခေါ်တော့ ဖြူသွယ်မြင့် ထွက်လာသည်။ ဦးဟန်တင်နှင့် ကိုစိုးသိမ်းကို အံ့အားသင့်သလို ကြည့်နေသည်။ ဒေါ်ဥမ္မာကျော်က ခေါင်းကလေးကို မော့်ရင်း 'ညည့်သည်တွေ လိုက်ပို့ချင်လို့' ဟု ခပ်ကြွားကြွားလေး ပြောသည်။

တိုက်ပေါ်က ဆင်းလာတော့ အောက်ထပ်က မိန်းမတချို့က ပြူတစ်ပြူတစ် ကြည့်သည်။ ဥမ္မာကျော်ကို တစ်သက်လုံး စွံမှာ မဟုတ်ဘူးလို့ အောက်မေ့တယ် ထင်ပါရဲ့။

ဦးဟန်တင်၏ လေးဘီးကားလေးဖြင့် ကန်ဘဲ့ လမ်းမကြီးဘက်ကို ထွက်ခဲ့သည်။ လမ်းဘေးမှ တိတ်ဆိတ်ငြိမ်သော အအေးဆိုင်လေးတစ်ဆိုင်ကို ဝင်ကြသည်။ ဝက်စ်ဝါး ဟု အင်္ဂလိပ်လို ရေးထားသော ခြံလေးအတွင်းမှာ ဝါးလုံးလေးများဖြင့် လှပစွာဆောက်ထားသော သီးသန့်ခန်းလေးတွေရှိသည်။ အုန်းပင်ရိပ်မှာ အအေးစုံသောက်ပြီး အေးအေးဆေးဆေး စကားပြောနိုင်၏။ နွေ၏ အပူရှောင်အောက်မှာ အေးမြသော အရိပ်အငွေ့လေးကို ခံစားရသည်။ ခရုကန့်လန့်ကာလေးများ လှုပ်ရှားသံနှင့်အတူ ဒေါ်ဥမ္မာကျော့် ရယ်သံများ ပျံ့လွင့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာ့ကျော့်ကို အိမ်ရှေ့ထိ လိုက်ပို့ပြီး သူတို့ ပြန်ထွက်သွားသည်ကို အပေါ်ထပ်က မသန်းကြည်က မြင်ဖြစ်အောင် မြင်လေသည်။ သူသည် ဒေါ်ဥမ္မာကျော့်နှင့် လှေကားမှာဆုံနိုင်စေရန် မတော်တဆလိုလိုနှင့် တမင်တကာ ပြေးဆင်းလာလေသည်။

'မဥမ္မာ ဘယ်က ပြန်လာတာလဲဟင်'

စူးစမ်းစပ်စုသော မျက်လုံးများကို ဂရုမစိုက်ဘဲ ရှောင်ရင်း ဒေါ်ဥမ္မာကျော့်က ကရုမထားဟန်ဖြင့် ဖြေသည်။

'အိုကွယ်၊ တစ်ရက်တလေအားလို့ အိမ်မှာ မီးဖိုချောင်ဝင်နေတာ ညည်းညည်တွေလာလို့ အအေးလိုက်တိုက်ရတယ်'

'ဩော် ဟုတ်လား၊ ဟိုလူကြီးက ဦးဟန်တင် မဟုတ်လား မမရဲ့၊ တလောက မိန်းမရသွားတာလေ၊ နောက်တစ်ယောက်ကကော'

ဒေါ်ဥမ္မာကျော့် မျက်နှာပျက်သွားသော်လည်း အပြုံးမပျက် ပြန်ပြောသည်။

'ဩော် သူက ဆရာဝန်တစ်ယောက်ပါ၊ မမနဲ့ခင်တာ ကြာပြီလေ၊ ဒါနဲ့ မသန်းကြည် ဘယ်သွားမလို့လဲ'

'ဟို အောက်ခဏပါပဲ'

မသန်းကြည်ကွယ်သွားမှ ဒေါ်ဥမ္မာကျော့်က နှုတ်ခမ်းကိုမဲ့ရင်း အပေါ်ကို တက်ခဲ့လေ၏။ အိမ်မှာ ဖေဖေ ပြန်ရောက်နေပြီ။ ဖေဖေက သူ့ကို မသိမသာ အကဲခပ်၏။ ဒေါ်ဥမ္မာကျော့်သည် မိမိဘာသာ ကျေနပ်ပီတိဖြစ်ကာ မှန်ရှေ့မှာ အတန်ကြာ ရပ်နေမိသေးသည်။ လူဆိုတာ အချိန်တန်တော့လည်း ဖြစ်လာတာပါပဲ။ လောကမှာ ဒါလောက် ယောကျ်ား မရှားပါဘူး။ ဟန်ကိုယ့်ဖို့သာ လိုတာပါ။ ထိုအချိန်တွင် တစ်စုံတစ်ခုကို သတိရ၍ မီးဖိုဆောင်ကို ပြေးဝင်ခဲ့မိ၏။ စဉ်းတုံးပေါ်မှ ငါးရံ့တစ်ကောင်မှာ ပျောက်ခြင်း



မလှ ပျောက်သွားပေပြီ။ ကြောင်ဆွဲသွားပြီ ထင်ပါရဲ့။ အဲဒါမှ ဒုက္ခ။ ဒေါ်ဥမ္မာကျော့် စိတ်ပျက်စွာဖြင့် ဟင်းချနေမိလေ၏။

အကယ်၍များ ဦးဟန်တင်နှင့် ကိုစိုးသိမ်းတို့ ပြောစကားတွေကိုသာ ဒေါ်ဥမ္မာကျော့် ကြားရလျှင် ပို၍ပင် စိတ်ခုတ်ကျပေလိမ့်မည်။

'ခင်ဗျားအဘွားကြီးက အရင်တစ်ခါတွေ့တုန်းကတော့ ပြင်ဆင်ထားလို့လား မသိဘူး၊ တော်တော်လှတယ်ဗျ၊ အိမ်မှာ တွေ့ရတော့ စိတ်ပျက်စရာကြီးဗျာ၊ အပြင်ထွက်ခါနီး ပြင်လိုက်တော့မှ ကြည့်ပျော် ရှုပျော် ရှိသွားတယ်'

'ဟာကောင်ရ မင်းက ဆရာဝန်လုပ်နေပြီး မိန်းမဆိုတာ ဒီလိုပဲပေါ့ကွ၊ ပင်ကိုကတော့ ဖရိုဖရဲပေါ့၊ ပက်ကင်လုပ်လိုက်မှ ကြည့်ကောင်းသွားတာ၊ အထူးသဖြင့် ရန်ကုန်က မိန်းမတွေက ပက်ကင်နဲ့ စားနေကြတာ'

'ခင်ဗျားစကားကလဲ ဘာလဲဗျ'

'အိုကွာ မင်းကလဲ၊ နဂိုရှိတာကို ဘရာစီယာတွေ ဘောင်းဘီတွေ သေသေချာချာဝတ်၊ အပေါ်ကလဲ မျက်စိပသာဒဖြစ်အောင် အရောင်အသွေးကျအောင်ဆင်၊ မျက်နှာကိုလဲ မိတ်ကပ်တွေ မျက်ခုံးမွေးတွေ နှုတ်ခမ်းနီတွေနဲ့ ပြင်လိုက်တော့ ကြည့်ကောင်းသွားတာပေါ့ကွ၊ ပစ္စည်းတစ်ခုကို သေသေသပ်သပ် ဖြစ်အောင် ပက်ကင်ထုပ်လိုက်သလိုပေါ့၊ ဟုတ်ဘူးလား၊ ဟား ဟား၊ ရန်ကုန်သူတွေက ပက်ကင်ကောင်းလို့ ကြည့်ကောင်းနေတာကွ၊ ဟားဟား ဟား'

ဦးဟန်တင်က သူ့ဝသီအတိုင်း တဟားဟား ရယ်မောလိုက်လေ၏။ ထိုအခါမှ ဆေးကျောင်းမှာ ခုနစ်နှစ် ရှစ်နှစ် ကြာပြီး လမ်းမတော်ဆောင်မှာ ဖဲရိုက်တာကလွဲ၍ ရည်းစား မထားဘူးသော ကိုစိုးသိမ်းသည် သဘောကျစွာ တဟားဟား ရယ်လိုက်မိလေသတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၄

ရေပန်းမှ ဖွာကျလာသော ရေမွှာလေးများသည် ဆံပင်ကို အုပ်ဆိုင်းထားသည့် ဦးထုပ်ပေါ်မှတစ်ဆင့် ပခုံးသားအိအိပေါ်သို့ လွင့်စင်ကျလာကြလေသည်။ ဖြူဖွေး သွယ်ညွတ်သော ပေါင်တံလေးများကို လက်ဖြင့်အသာပွတ်သပ်လိုက်သောအခါ ရေမွှာလေးတို့သည် ကျောပြင် ဝါဝါဝင်းဝင်းပေါ်သို့ သွန်းလောင်းကျလာပြန်၏။ ခင်ပပသည် ခရမ်းရောင်စက္ကူပန်းပင်လေး၏ အရိပ်အောက်မှ ရေပန်းတွင် ရေချိုးသန့်စင်လိုက်ပြီး ရေကူးကန်သို့ တစ်လှမ်းချင်း လှမ်းလာလေ၏။ သူ့အဖို့တော့ တစ်ပတ်မှာ တနင်္ဂနွေ တစ်ရက်သည် အလွန် အဖိုးထိုက်လှပေသည်။

စိမ်းလဲ့ကြည်လင်သော ရေကန်နှင့် ထိတွေ့လိုက်ရသည့်အခါ သူ့စိတ်သည် အလိုလို လန်းဆန်းသွားလေသည်။ ရေထဲမဆင်းမီ ခင်ပပက အပေါ်တွင်ထိုင်နေသော ဒေါက်တာကျော်သူဆီသို့ လက်ကလေး ဝှေ့ယမ်းပြလိုက်၏။ လှေကားထစ်လေးများအတိုင်း ဆင်းလာပြီး ရေထဲတွင်လက်နှစ်ဘက်ကို ရှေ့သို့ပစ်ကာ ခြေထောက်များကို ခတ်လိုက်သောအခါ ဖြူဖွေးသော သူ့ခန္ဓာကိုယ်လေးသည် ငါးကြင်းတစ်ကောင်လို ရွှေ့မျောသွားလေတော့သည်။



ပျိုပျိုအိုအို ကြီးကြီးငယ်ငယ်၊ အရွယ်ရွယ်သော မိန်းမတို့သည် ရေထဲမှာ ကူးခတ်ဆော့ကစားနေကြလေ၏။ ချောချောလှလှတွေလည်းပါသည်။ အကျည်းတန် အရုပ်ဆိုးသူတွေလည်း ပါသည်။ သည်အထဲမှာ အနီရင့်ရောင် ရေကူးဝတ်စုံနှင့် ခင်ပပသည် ထင်ပေါ်မြူးကြွနေတာ အမှန်ပင်။

ဒေါက်တာ ကျော်သူသည် အပေါ်ဘက် အမိုးအောက်မှ ကုလားထိုင်ပေါ်တွင် ကိုယ်ကို လျှော၍ ထိုင်ပြီး ခြေထောက်ကို စားပွဲပေါ်ပစ်တင်ကာ ကျေနပ်နှစ်သိမ့်စွာ ငေးမောကြည့်ရှုနေလေသည်။ စားပွဲပေါ်တွင်ကား နွမ်းမြေပဲကြော် တစ်ပန်းကန်နှင့် ဖန်ခွက်တစ်လုံး အညိုရောင်ပုလင်းတစ်လုံး ရှိ၏။ ခင်ပပက ရေထဲမှာ အတန်ကြာ ငုပ်ပြီး ဘွားခနဲ ခေါင်းဖော်ကာ သူ့ကို ရေထဲမှ ပြုံးပြသည်။ သူက ဖန်ခွက်ကို မသိမသာမြှောက်ပြပြီး တစ်ကျိုက် မော့လိုက်လေ၏။ ပြီးတော့ စီးကရက်တစ်လိပ်ကိုထုတ်ကာ ဖွာနေလိုက်သည်။

ခင်ပပလို ရုပ်ရည်ချောမောပြီး မိဘအရှိန်အဝါ ကြီးမားသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ရန် ရည်စူးထားခြင်းခံရသည့်အတွက် ဒေါက်တာကျော်သူ ကျေနပ်မိ၏။ သူ နိုင်ငံခြားမှ ပြန်ရောက်ပြီး မကြာမီမှာ မိဘများက သူ့အတွက် အိမ်ထောင်ရေးကို စီမံကိန်း ရေးဆွဲပေးခဲ့လေသည်။ ခင်ပပကို မြင်ကာစကတော့ သူ့နောင်ရေးအတွက် အနည်းငယ် စိတ်ပူမိ၏။ လွတ်လပ်ပျော်ရွှင်စွာ နေတတ်သော သူ့ကို ခင်ပပက မိဘ အရှိန်အဝါဖြင့် ချုပ်နှောင် ကာဆီးထားမည်ကို သူစိုးသည်။ သို့သော် ခင်ပပနှင့် ဆက်ဆံလာရသည့်အခါတွင် သူသည် ခင်ပပအတွက် မည်သို့မျှ အနှောင့်အယှက် မဖြစ်တော့ဘဲ ကရုဏာပင်သက်မိလေသည်။ သူတို့လို မိန်းကလေးတွေမှာ ဘဝ၏ အချုပ်အနှောင်ထဲမှာနေရင်း ထိုအနှောင်အဖွဲ့ အတွင်းမှ ချမ်းသာ ကြည်နူးမှုကို မက်မောကာ ရုန်းကန် ထွက်မြောက်နိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသော မိန်းကလေးမျိုးပင် ဖြစ်လေသည်။ သည်လိုမိန်းမမျိုးသည် ဘဝကြင်ဖော်ရွေးရန် အသင့်တော်ဆုံး မဟုတ်ပါလား။

ဒေါက်တာကျော်သူ ပြုံးနေမိ၏။ သူ့လိုပင် ရေကူးကန်မှာ အသင်းဝင်ပြီး ဘီယာစုပ်ကာ မိန်းမလှလေးတွေကို ငေးမော အပန်းဖြေနေသူတွေဖြင့် စည်ကားနေ၏။ အချို့ကလည်း ဘီလီယက်ခုံမှာ စိတ်ပါဝင်စားစွာ ဘီလီယက်ထိုးနေကြလေသည်။ အလွှာတစ်ခု၏ လူမှုဆက်ဆံရေး နယ်ပယ်လေးပါပဲ။

မှောင်ရိပ်သန်းလာသောအခါ ကန်ရေထဲမှာ မီးရောင်လေးများ ယှက်ဖြာ ကျရောက်လာလေသည်။ စိမ်းဖန့်ဖန့် ရေပြင်သည် မီးရောင်ဖြင့် ရွှန်းလက်တောက်ပလာ၏။ အခြားမိန်းကလေးများကို ဖယ်ပြီး ခင်ပပ တစ်ယောက်တည်း မြင်ကြည့်ရသည်မှာ မှန်လှောင်အိမ်ထဲမှာ ကူးခတ်နေသော ရွှေငါးလေးနှင့် တူလေသည်။

ဒေါက်တာကျော်သူ ဘီယာနှစ်ပုလင်း ကုန်ချိန်ဝယ် ခင်ပပ ရေကူးကန်ထဲမှ ပြန်တက်သွား၏။ ရေချိုး အဝတ်အစားလဲပြီး ပြန်ရောက်လာသော ခင်ပပသည် မိတ်ကပ်မတင်သော မျက်နှာပြောင်လေးဖြင့် သဘာဝကျကျ လှနေ၏။ လုံချည်အနက်ပြောင်နှင့် စပို့ရှပ်အကျႌ အပြာနုကို ဝတ်ထားသဖြင့် အမြင်ကလည်း ဆန်းသည်။ မျက်မှန်ထူထူနှင့် အစဉ်မြင်ရတတ်သော ခင်ပပမျက်နှာသည် ယခုလို အခါတွင် အနီးကပ် ကြည့်ရသည်မှာ အနည်းငယ် ကြောင်သလို ဖြစ်နေသည်။ ခင်ပပက သူ့ဘေးမှာ ထိုင်ချလိုက်ရင်း ဆံပင်ကို လက်တစ်ဖက်ဖြင့် သပ်ကာ မျက်မှန်ဝိုင်းကို ပြန်တပ်လိုက်လေသည်။

'ပျင်းနေပြီလား'



ခင်ပပသည် ဆံပင်များကို စုကိုင်၍ ခါလိုက်ရင်း ဒေါက်တာကျော်သူကို မေးသည်။

'မပျင်းပါဘူး၊ အမောပြေရင် ပြန်မယ်လေ'

'သွားတာပေါ့'

သူတို့၏ အပြင်ပန်း ဆက်ဆံရေးကား ဤမျှသာ ဖြစ်၏။ ထို့ထက်လည်း ပိုပြောစရာ မလိုပေ။ သို့သော် သူတို့နှစ်ယောက်သည်ကား တစ်ယောက်နှင့် တစ်ယောက် စိတ်ဝင်စားမှုမရှိပါဟု မဆိုနိုင်ပေ။ ဒေါက်တာကျော်သူသည် ခင်ပပ၏ အလှနှင့်ကျက်သရေကို စိတ်ဝင်စား၏။ ခင်ပပက ဒေါက်တာကျော်သူ၏ ပညာနှင့် အလိုက်သိတတ်မှု၊ အနောက်တိုင်းဆန်ဆန် မိန်းမကို ဦးစားပေးမှုတို့ကို နှစ်ခြိုက်၏။ ထို့ထက်ပို၍ ဘာလိုသေးလဲ။

သူတို့နှစ်ယောက်သည် ပုဏ္ဏရိက်ပင်များ ရံထားသော ရေကူးကန်အပြင်ဘက်သို့ ပြန်ထွက်လာကြလေသည်။ ကားရပ်ရာနေရာတွင် ဒေါက်တာကျော်သူ၏ နီညိုရောင် ဖီးယက် ဝမ်းတူးဖိုက် ကားလေး ရပ်ထား၏။ မကြာမီ သူတို့ကားလေးသည် ကုက္ကိုင်း ရေကူးကန် လမ်းသွယ်လေးတစ်လျှောက် တလိမ့်လိမ့် ပြန်ထွက်လာလေသည်။

ခင်ပပက ဒေါက်တာကျော်သူ့ဘေးမှာ ခေါင်းကို နောက်သို့ပစ်မှီပြီး ကန့်ကလျ ထိုင်လိုက်လာ၏။ စိုထိုင်းသော ဆံပင်များသည် နောက်သို့ ဝေ့ဝဲကျနေ၏။ စပို့ရှပ်အကျႌအောက်မှ ရင်သားမို့မို့ တင်းတင်းလေးများ ထင်း၍ထွက်နေသည်။ ကက်ဆက်မှ ဂီတသံလေးက မြူးကြွစွာ ထွက်လာလေသည်။

'အင်းလျားလိတ်ကို ခဏသွားရအောင်နော်'

ခင်ပပက အပြုံးဖြင့် ပူဆာသည်။ ဒေါက်တာကျော်သူက အေးဆေးစွာ ခေါင်းညိတ်သည်။ သူတို့အတွက် သည်လိုနေရာလေးတွေသည် စိတ်[illegible] အပန်းဖြေရာ၊ နားနေရာ ဌာနလေးတွေပေပဲ။ သူတို့အတွက်[illegible]အထူး

www.burmeseclassic.com

www.burmeseclassic.com



တလည် ဝါယမစိုက်ထုတ်ပြီး သွားနေရမည့်နေရာ မဟုတ်။ ခရီးသွားဟန်လွှဲ အချိန်မရွေး ဝင်ရောက်နိုင်သည့်နေရာ။

ကားလေးသည် ကမ္ဘာအေးစေတီလမ်းဘက်သို့ အရှိန်မြှင့်၍ ပြေးလွှားလာ၏။ တရုတ်ဘုံကျောင်းကို လွန်ခဲ့၏။ အင်းလျားကန်မှ လေနုအေးလေး ဝှေ့ယမ်းတိုက်ခတ်လာသည်။ ခင်ပပ၏ ဆံပင်များ နောက်သို့ ဝေ့ဝဲစပြု၏။ မာကျူရီမီးရောင်လဲ့လဲ့အောက်မှ ကတ္တရာလမ်းပေါ်တွင် ကားမီးရောင်များ ဖြာကျစပြု၏။

နီယွန်ဆိုင်းဘုတ်၏ ညွှန်ပြရာသို့ ကွေ့ဝင်လာသောအခါ ထိန်လင်းတောက်ပနေသော နိုင်လွန်လမ်းပေါ်သို့ ရောက်သွားလေသည်။

သည်လို အေးချမ်း ဆိတ်ငြိမ်စွာ နေရာမျိုးမှာ အထက်တန်းကျတဲ့ ညစာစားပွဲကို မိမိချစ်သူနှင့်အတူတကွ အေးဆေးစွာ စားသောက်နိုင်သည် ဆိုသည်မှာ ဘယ်လောက် ကျေနပ်အားရဖွယ်ကောင်းလဲ။ လူ့လောကမှာ သည်လို စည်းစိမ်ချမ်းသာလေးတွေ ရှိသေးလို့သာ နေပျော်တာ မဟုတ်လား။ သည်လိုဆိုတော့လည်း ခင်ပပသည် ဒက်ဒီ့ကို ကျေးဇူးတင်လေ၏။ ဘယ်လို အခြေအနေပဲရောက်ရောက် မိမိ ရထားသည့် အနေအထားမှ ရွေ့လျားမသွားအောင် ကြံ့ကြံ့ခံနိုင်သော မေမေ့ကိုလည်း ကျေးဇူးတင်လေ၏။ ထို့ထက်ပို၍ သူ၏ အနာဂါတ်အတွက်ပါ အမြော်အမြင်ကြီးစွာ ခင်ပွန်းလောင်း ရွေးချယ်ပေးသော ဒက်ဒီနှင့် မေမေတို့ နှစ်ယောက်လုံးကို ကျေးဇူးတင်ပြန်လေ၏။

ခင်ပပသည် အိမ်မှာ စိတ်ညစ်ရတာ၊ မေမေ့ကို သနားတာတွေကို မေ့သွားလေသည်။ တံခါးစောင့်က အသင့်ဖွင့်ပေးသော မှန်တံခါးမှ ဝင်၍ ကော်ဇောနီနီပေါ်မှာ ရွရွလေး နင်းသွားရသည်ကို အရသာတွေ့၏။ သပ်ရပ်သော ဝတ်စုံဖြင့် ယဉ်ကျေးပျူငှာသော စားပွဲထိုးက ကုလားထိုင်ကို ဂရုတစိုက် အသင့် နောက်ဆုတ်ပေးရာမှာ ကြော့ကြော့လေး ဝင်ထိုင်ရ



သည်ကိုလည်း ဂုဏ်ယူ၏။ အချမ်းပြေ ဝိုင်ချိုချိုကိုသောက်ပြီး အသားစုံကို ခေါနှင့် လှီးကာ ခက်ရင်းနှင့် စိုက်စားရသည်ကိုလည်း နှစ်ခြိုက်လေသည်။

'ဒက်ဒီက ပြောတယ်၊ ပပတို့ကို ဒီနှစ်ကုန်လောက်မှာ လက်ထပ်ပေးချင်ပြီတဲ့၊ သူ့အခြေအနေက ဘယ်လိုလဲဆိုတာ မပြောနိုင်ဘူးတဲ့၊ ပပကတော့ ခုလိုပဲ နေချင်သေးတယ်၊ မေမေ့ကိုကြည့်ပြီး အိမ်ထောင် တာဝန်ယူရမှာ ကြောက်တယ်'

'အိမ်ထောင်တာဝန်ယူရမှာ ကြောက်တာလား၊ ကို့ကို မယုံတာလား'

'ပပ ဘယ်သူ့ကိုမှ မယုံဘူး၊ လူတွေကိုလဲ မယုံဘူး၊ လူတွေဟာ ဘာဖြစ်လို့ သူတစ်ပါး အကျိုးစီးပွား ပျက်တာကို မြင်ချင်ကြတာလဲ'

'သူတို့မှာ မရှိလို့ပေါ့၊ ဟား ဟား'

ဒေါက်တာကျော်သူက ခင်ပပလောက် အလေးအနက် မထားဘဲ ပေ့ါပါးစွာ ရယ်လိုက်၏။ ခင်ပပကလည်း ခေါင်းကို မော့ပစ်ပြီး စိတ်ညစ်စရာတွေကို ဖယ်ထုတ်လိုက်၏။ ဟုတ်တယ်။ လူတွေအားလုံးဟာ တစ်ယောက်ကို တစ်ယောက် အသာစီးရယူချင်ကြတာချည်းပဲ။ မရတဲ့လူက ရနေတဲ့ လူကို မနာလို မရှုစိမ့်နိုင်တာပဲ။ ထိုသို့ တွေးလိုက်သောအခါ ခင်ပပရင်မှာ ပေ့ါသွား၏။ ဒေါက်တာကျော်သူသည် အရက်ထပ်မှာနေသည်။ ခင်ပပသည် မိမိယူမည့် ယောကျ်ားတစ်ယောက်ကို အရက်မသောက်ရန် တားရကောင်းမှန်း မသိပေ။ တချို့ မိန်းကလေးတွေက သူတို့ ရည်းစားတွေ အရက်သောက်လျှင် မကြိုက်။ ဘာကြောင့်မှန်း မသိ။ သက်သက် အနိုင်ယူချင်လို့ ချွဲတာထင်ပါရဲ့။ ဘာဖြစ်လဲ၊ သူ့ဘာသာ သောက်တာ သောက်ပစေပေ့ါ။ အရက်မူးပြီး ကိုယ့်ကို ရိုက်မှာမှ မဟုတ်တာ။ တချို့တော့ ရိုက်သည်ထင်၏။ ဒေါက်တာကျော်သူကတော့ ရိုက်မည် မထင်ပေ။ အိမ်ပြန်မလာဘဲ နေလျှင်တောင်ကွာ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒါတွေ ကြာရှည်မတွေးချင်တော့ပေ။ လက်ရှိ ရယူထားသော အခြေအနေကိုသာ ကျေနပ်ရမည်ပင်။

တစ်ဖက်စားပွဲတွင် မိန်းကလေးတစ်ယောက်သည် ကမ္ဘာလှည့် ခရီးသည် တစ်ယောက်ကို အင်္ဂလိပ်စကား မပီမသဖြင့် စကားပြောနေ၏။ စားပွဲထိုးသည် စားဖိုဆောင်သို့ အတွင်းသို့ စကားပြောခွက်ဖြင့် ဟင်း လှမ်းမှာနေ၏။

အင်းယားလိတ်မှာ အပျင်းပြေ ညစာစားပြီး သူတို့ ပြန်လာကြလေသည်။ ဒေါက်တာကျော်သူသည် ကားကို အေးဆေးစွာပင် မောင်းလာခဲ့၏။ ကမ္ဘာအေးစေတီလမ်းမှ တက္ကသိုလ်ရိပ်သာလမ်း၊ ထိုမှတစ်ဆင့် အင်းယားလမ်း။ ခင်ပပုသည် ဒေါက်တာကျော်သူဘက်ကို ခေါင်းလေးမှီကာ လိုက်ပါလာ၏။ သူတို့နှစ်ယောက်သည် တနင်္ဂနွေနေ့တိုင်း တွေ့ဆုံနေကျဖြစ်၏။ ဒေါက်တာကျော်သူသည် သူ့ကို လက်ထပ်ရန် ရည်စူးထားသည့် မိန်းကလေးတစ်ယောက်အဖြစ် ဂရုစိုက်စွာ ဆက်ဆံ၏။ ကျန်သည့် အချိန်တွေမှာတော့ ဘယ်လိုနေသည် မသိပေ။ သိအောင်လည်း မကြိုးစားတော့ပေ။ သူကိုယ်တိုင်ကလည်း ရုံးအလုပ်မှာ နှစ်မြှုပ်လိုက်ခြင်းဖြင့် သူ့စိတ်ကို အလုပ်ပေးထား၏။ ဒေါက်တာကျော်သူနှင့် လက်ထပ်ပြီးလျှင်လည်း သူ အလုပ်လုပ်ဦးမည်။ မဟုတ်လျှင် မေမေ့လို အိမ်မှာ အစေခံကြီးလိုနေပြီး စိတ်ညစ်နေရမှာ စိတ်ညစ်နေရမှာ ကြောက်သည်။ ဒေါက်တာကျော်သူကလည်း လုပ်ခွင့်ပေးမည်တဲ့။ အလုပ်လုပ်ရတာလည်း ဘာပင်ပန်းတာလိုက်လို့။ သူများတွေလို ဘတ်စ်ကား တိုးစီးရမှာမှ မဟုတ်ဘဲ။ အိမ်ပြန်ရောက်ရင် ကလေးထိန်း၊ ထမင်းချက်ရမှာမှ မဟုတ်ဘဲ။ တစ်ခါတလေ ကားစီးပြီး ရုံးတက်ရတာ ပျင်းလွန်းလို့ ဦးဝိစာရလမ်းတစ်လျှောက်မှာ ရေတမာပင်ပေါင်း ၂၂၆ ပင် ရှိတာကို အပျင်းပြေ ရေတွက်ကြည့်ပြီးပြီ။



အိမ်ရှေ့တွင် ကားကိုထိုးဆိုက်လိုက်သောအခါ မေမေသည် အပြေးအလွှား ရောက်လာကာ တံခါးဖွင့်ပေး၏။ ပြီးတော့ ခါတိုင်းထက် အားတင်း၍ ပြုံးပြပြီး အထဲပြန်ဝင်သွားလေသည်။ ထိုအခါ ခင်ပပကလည်း ဒေါက်တာ ကျော်သူကို နှုတ်ဆက်ဖို့ သတိရသည်။

ဒေါက်တာကျော်သူသည် ခင်ပပ၏ ပါးပြင်နုနုကို အလွန် မြတ်နိုးတန်ဖိုးထားသည့်အသွင်ဖြင့် တယုတယ နမ်းလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၅

အိတာလျံဝက်စုတဲ့။ ဘယ်သူက ဘာကြောင့်ပေးခဲ့သည့်နာမည်မှန်း မသိ
ပေ။ အမည်က ဆန်းသည်။ သာကေတမြို့သစ်ကြီး မတည်မီကတည်းက
သည်နေရာ သည်ဒေသမှာ လူအချို့ နေထိုင်ခဲ့သည်မှာ ကြာလည်း ကြာခဲ့ပြီ။
ရန်ကုန်မြို့တော်ကြီးနှင့်ကား ချောင်းတစ်ခုသာခြား၏။ ရွံ့ရေ မြောင်းရေ
တို့ဖြင့် အစဉ်စွတ်စိုပြီး ပွက်ထနေသော သည်ဝန်းကျင်မှာ ဆိုးဝါးသော အနံ့
အသက်တို့ဖြင့်လည်း လှိုင်နေတတ်သည်။

သာကေတ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သုဝဏ္ဏ စသည်ဖြင့်
ရန်ကုန်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်တွေ အသီးသီး ပေါ်ထွက်လာပြီး
တစ်စ တစ်စ စည်ကားသိုက်မြိုက်လာသည့်တိုင် သည်နေရာ သည်အရပ်
ကား ပြောင်းလဲမှုမရှိသေး။ လူဆိုသည်မှာ ကိုယ်မွေးဖွားရာဒေသမှာ
ကျင်လည် ကြီးပြင်းဖို့သည် ရာခိုင်နှုန်း အများဆုံးမို့ အစဉ်အဆက် နေထိုင်
ကျက်စားသူတို့သည်လည်း တိမ်ကော ပပျောက်ခြင်း မရှိ။ မရင်ရွှေတို့ အဖေ
နှင့် အမေသည် အသက် ၅၀ ကျော်သည့်တိုင် သည်ရပ်ကွက်မှ မပြောင်းရွှေ့
နိုင်သေးပေ။ အခြေချသည် ဆိုသည်ကလည်း ကောင်းသည် ဆိုးသည်
ပေါ်မှာချည်း တည်သည်မှ မဟုတ်ပါပဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်
ဆိုသည့်တိုင် တစ်ခါတစ်ရံတော့ ပြောင်းဖြစ်ဖို့ရန်ပင် မလွယ်။



မရင်ရွှေသည် ကလေးငယ်ကိုချီကာ နေပူထဲမှာ လမ်းလျှောက်ရင်း
စိတ်ကလည်း ရောက်တတ်ရာရာ တွေးလာခဲ့၏။ မနက်က သူ့ယောကျ်ား
ကိုမြဒင်နှင့် စကားများကြသည်။ စကားများသည် ဆိုခြင်းထက် ရန်ဖြစ်
သည်ဆိုလျှင် ပိုမှန်ပေမည်။ ကိုမြဒင်က သူ့နားထင်ဆီကို လက်ဝါးနှင့်
နှစ်ချက်မျှ ရိုက်ပြီး သူက ထင်းစဖြင့် ပြန်ပေါက်ရာ ကိုမြဒင် လက်မောင်းကို
မှန်သွားခဲ့သည်။ ကိုမြဒင်ကတော့ ဘယ်လိုနေသည် မသိ။ သူ့ခေါင်းတွေ
တော့ ကိုက်ခဲနာကျင်လျက်ရှိ၏။ တော်သေးသည်။ မောင်ဖြစ်သူ စိုးရွှေက
အလုပ်သွားနေ၍ အိမ်မှာ မရှိ။ သို့မဟုတ်လျှင် ပြဿနာမှာ သူပါ ပါဝင်
နေသည်ဆိုတော့ မခံမရပ်နိုင်ဖြစ်ပြီး တုတ်ဆွဲ ဓားဆွဲဖြစ်မှာ စိုးရသည်။

ကတ္တရာလမ်းသည် ခြစ်ခြစ်တောက် ပူပြင်းလျက် ရှိ၏။ အားကာ
ဇာတ်ရုံကြီးကို လွန်ခဲ့သည်။ မင်းနန္ဒာလမ်းပေါ် ရောက်၏။ လမ်း၏ ဟိုမှာ
ဘက်တွင် ကြာပွင့် ကြာစွယ်တို့ဖြင့် တင့်တယ်သော ရေကန်ကြီးတစ်ကန်
ရှိ၏။ သည်နားတစ်ဝိုက်ကတော့ သည်ရေကန်ကြီးကိုပင် နတ်ပြည်မှ နန္ဒာ
ကန်ကြီးလို အားကိုးအားထားပြုနေရပေသည်။ ကန်ထဲကို သစ်သားတံတား
များခင်းကာ ရေဆင်းခပ်ကြရသည်။

လမ်း၏ ဝဲဘက်တွင် သက်ငယ်မိုး ဓနိမိုး တဲအိမ်များ ပြွတ်သိပ်နေ
သည့် ရပ်ကွက်တွင်းသို့ ဆင်းလာခဲ့၏။ သူတို့ရပ်ကွက်မှာလိုပင် လမ်းပေါ်မှ
အိမ်ရှေ့ထိ သစ်သားတံတားများ ခင်းထားလေသည်။

အမေက သူ့ကိုမြင်တော့ အံ့ဩဟန်မပြ။ ထုံးစံအတိုင်း မေးငေါ့ပြီး
'ကောင်မ၊ ညည်းလင်နဲ့ ရန်ဖြစ်လာသလား' ဟု တစ်ခါတည်း မေးလေ
သည်။ မရင်ရွှေသည် ကလေးကို ကြမ်းပေါ်ချပြီး သူက ဒူးနှစ်ချောင်း
ထောက်၍ လက်နှစ်ဘက်ကို ဒူးပေါ်တင်ကာ ထိုင်သည်။ မျက်နှာကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ထားသည့်ဒဏ်ဖြင့် မို့ကိုင်းနေသည်။ မရင်ရွှေသည် အမေ့ကို မြင်သော်လည်း မငိုချင်ပေ။ ဒေါသတွေသာ ပို၍ ဖြစ်လာလေ၏။

'အမေတို့များ တကယ်နေနိုင်တယ်၊ ကျွန်မတစ်ယောက် ရှိတယ် ဆိုတာ သိမှ သိသေးရဲ့လား၊ အမေ့သားတစ်ယောက် ချွေးမတစ်ယောက် ကို မြေးနှစ်ကောင်နဲ့ အိမ်ပေါ် ပစ်တင်ထားပြီး နေစိမ့်တယ်၊ ပြဿနာ ဖြစ်စရာ ရှိတော့ ဟောဒီ မိရင်ရွှေက ဒိုင်ခံ၊ အမေ့သားက လူပါးဝတယ်လေ၊ အစက တော့ အိမ်လခ ဒင်းတို့ပေးမယ်ဆိုပြီး ခုတော့ ဒင်းက သူ့မိန်းမက တစ်အိမ် လုံး ကျွန်ခံနေတဲ့သဘော ပြောသေး၊ ဒီမှာဖြင့် ဆီကအစ ဆန်ကအစ မပါဘူးဆို အောက်ထစ် တစ်လမှာ အစိတ်လောက် စိုက်ကျွေးထားရတာ'

သူ့အမေသည် လုံချည်ရင်လျားကို ပြင်ဝတ်ရင်း သမီးဖြစ်သူကို ခပ်စင်းစင်းပင် ကြည့်၏။

'နို့ ညည်းကလေး ငါးယောက်လုံး သူ့ချည်းထိန်းနေရဆို၊ မကြင်က ပြောတော့၊ ကပ်နေရတယ်ဆိုပေမယ့် တော်ကြာ ငါးဆယ်မျိုး တစ်ရာမျိုး ဆွဲပြီး ပြန်မပေးတာကလဲ ရှိသေး မဟုတ်လား၊ ညည်းတို့ကလဲ ရှင်းရှင်းမှ မလုပ်တတ်ဘဲကို'

'အမယ် အမေ့ချွေးမက ဒီလိုပဲပြောလား၊ ကလေးက ဒီအငယ်လေး တစ်ယောက်သာ ကြည့်ရတာပါ၊ ကျန်တာတွေက သူ့ဟာသူ လျှောက်ဆော့ နေတာ ဖမ်းလို့တောင် မမိဘူး၊ သူတို့ ပိုက်ဆံကို မလည်သေးလို့ ပြန်မဆပ် သေးတာပါ၊ ကိုမြဒင် လက်သန်းအတွက် လျော်ကြေးရရင် ပြန်ဆပ်မယ်လို့ ပြောပြီးသား၊ သူ့ကလေးတွေလဲ အိမ်မှာ ရောကျွေးထားတာတော့ မပြော ဘူး၊ သူ့မှာသာ ရွှေတွဲလဲ ငွေတွဲလဲနဲ့'

ကိုမြဒင်သည် အလုပ်ခွင်မှာ ထိခိုက်မိ၍ လက်သန်း တစ်ချောင်း ပြတ်သွားခဲ့သည့်အတွက် နစ်နာကြေးရမည်ကို မရင်ရွှေက ဆိုလို၏။



'ဟဲ့ စိုးရွှေ ကားမောင်းတာ အောက်ဆိုက်ရလို့ ဝတ်တာ ဝတ်ပစေပေါ့၊ ဘာပဲပြောပြော သူတစ်ယောက်လောက် အိမ်မှာရှိနေတော့ ညည်း အလုပ် သွားရတာ စိတ်မဖြောင့်လား၊ ညည်းယောကျ်ား ညဆိုင်းဆင်းရတော့ကော အဖော်သဟဲ မရလား၊ သူတို့ အိမ်လခ ပေးမယ် ပြောထားတာ ပေးလိမ့် မယ်၊ ညည်းတို့ယူထားတဲ့ ငွေထဲက တွက်ပြီး နှိမ်၊ အဲဒါ ငါ ပြောလိုက်မယ်'

သူ့မောင် စိုးရွှေသည် ရုံးတစ်ရုံးမှ ဒရိုင်ဘာလုပ်သည်။ ရုံးဆင်းချိန် မှာ အရာရှိကားကို အိမ်အတွက် မောင်းပေး၏။ သို့အတွက် အပိုကြေးများ ရတတ်သည်။

မရင်ရွှေသည် သူ့အမေနှင့် ဤသို့ပင် စကားကို အချီအချ ပြောလေ့ ရှိ၏။ ငယ်ငယ်ကဆိုလျှင် အမေဆိုပေမည့် စိတ်မထင်လျှင် ပြန်၍ အော်တတ် သည်။ သူ့အမေကလည်း ဒေါသထွက်လျှင် တွေ့ကရာနှင့် မညှာမတာ ရိုက်တတ်သည်။ ဆူညံ အော်ဟစ်ခြင်း၊ ရိုက်နှက်ခြင်း၊ ရန်ဖြစ်ခြင်းတို့သည် မရင်ရွှေတို့နှင့် ယဉ်ပါးသော အလေ့အထများ ဖြစ်ခဲ့ရသည်။ ယခုတော့ ရုံးမှာ အလုပ်လုပ်ကတည်းက လိမ္မာယဉ်ကျေးသော လူတွေ၏ အငွေ့အသက် ရိုက်ခတ်ကာ စကားကို ချိုချိုသာသာ ပြောတတ်လာ၏။ သို့တိုင်အောင် ဆိုလိုရင်းကို ဒက်ခနဲနေအောင် ပြောလိုက်ရသည်လောက် အားမရပေ။

အမေသည် မြေးဖြစ်သူကို ချော့ရန် မြူရန် စိတ်မကူးပေ။ သူ့အိမ်မှာ အတူနေသူ မြေးလေးယောက် ရှိလေ၏။ မရင်ရွှေထက်အငယ် စိုးရွှေထက် အကြီး၊ သမီးအလတ် ခင်ရွှေသည် ဆိုက်ကားသမားနှင့် အိမ်ထောင်ကျကာ အမေ့အိမ်မှာပင် အတူနေလေသည်။ ခင်ရွှေသည် မရင်ရွှေလို ရှစ်တန်း အောင်ရုံမျှပင် ကျောင်းမနေခဲ့ရ၊ အမေက ပိုက်တန်းမှာ ငါးဖမ်းရာတွင် လိုက်ပါရင်း ငါးရောင်းရန် ဈေးသို့ နေ့စဉ်အသွား ၁၆ နှစ်သမီးအရွယ် မှာပင် ဆိုက်ကားသမားနှင့် လိုက်ပြေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မရင်ရွှေတစ်ယောက်သာ ကံကောင်းထောက်မ၍ အဖေက သူအလုပ်လုပ်ရာ ပွဲရုံကို ခေါ်ခေါ်သွားသဖြင့် ပွဲရုံသူဌေးက ကျောင်းထားပေး၍ ပညာရေးနှင့် နီးစပ်ခွင့် ရခဲ့သည်။ ထိုစဉ်ကတော့ အဖေကလည်း သူဌေး၏ လက်ရုံးတစ်ဆူသဖွယ် ဖြစ်ခဲ့ရာ အဖေ့မှာ ငွေစလည်း ရွှင်၏။ အဖေသည် သူဌေးအတွက်ဆိုလျှင် လိုအပ်သမျှ ရှာကြံပေး၏။ ယခုတော့ အဖေ့သူဌေးလည်း သေပြီ။ အဖေလည်း မွဲပြီ။ အဖေသည် စိတ်ရင်း သဘောရင်း ကောင်းသော်လည်း အကျင့်က မကောင်း။ ယခင်က သည်နေရာမှာ အရက်လည်း ရနိုင်သည်။ မိန်းမလည်း အလွယ်တကူ ရနိုင်သည်။ ပြောရလျှင်တော့ မကောင်းပေ။ အဖေသည် ထိုမှာဘက်တွင်လည်း နာမည်ကြီးလေ၏။

မရင်ရွှေသည် အမေ့လက်မှ ခဏချထားသော ဆေးပေါ့လိပ်ကို တစ်ဖွာနှစ်ဖွာ ကောက်ဖွာလိုက်ပြီး အမေ့ကို မည်သို့ စကားဆက်ရမည်ကို စဉ်းစားနေ၏။ ပြီးတော့မှ လမ်းပေါ်မှာ ဓာတ်တိုင်ကို ခဲနှင့်ပေါက်နေသည့် ခင်ရွှေ့ကလေး အကြီးနှစ်ယောက်ကို တကြော်ကြော် အော်ခေါ်နေသော အမေ့ကို ခေတ္တမျှ စောင့်ပြီး အမေ ပြန်အထိုင်မှာ မရဲတရဲ ပြောရလေသည်။

'ကလေးတွေက စာမေးပွဲဖြေကာနီးလို့ ခဲတံလေး ပေတံလေး ဝယ်ပေးရမယ်၊ အလတ်မကလဲ စာအုပ်မရှိတာ ကြာပြီ၊ စာမေးပွဲနီးတော့ ငှားမရဘူး၊ ဝယ်ပေးရဦးမယ်၊ အစိတ်လောက် ခဏချေးပါဦး၊ လခထုတ်တော့ ဖြစ်ဖြစ် ဒါမှမဟုတ်လဲ အရင်ယူထားတဲ့ ငါးဆယ်ပေါင်းပြီး ကိုမြဒင် လက်သန်း. .'

'တော်ပါအေ၊ ညည်းကလဲ ဒါအကြောင်းပြုပြီး လျှောက်ချေးနေတာပဲ၊ မကြွင် ပြောလဲ ပြောစရာ၊ ငါ့မျှား ငွေဖြစ်တဲ့ မိန်းမ မှတ်လား၊ မိဘကိုလဲ ညှာဦးမှပေါ့အေ၊ ညည်းသမီး ဘာလို့ ကျောင်းထားနေလဲ၊ အိမ်မှာ ထမင်းချက် ကလေးထိန်းခိုင်းပါလား'



မရင်ရွှေသည် သူ့ကလေးတွေကိုတော့ ပညာကို ဖြစ်သည့်နည်းဖြင့် သင်ပေးရန် ဆုံးဖြတ်ထား၏။ သူ့တုန်းက သူတကာလို ဆယ်တန်းအောင်အောင် ဖြေချင်လျက်နှင့် မဖြေခဲ့ရ။ အနည်းဆုံး ကိုးတန်းလောက်သာ အောင်ခဲ့လျှင် ယခုပင် ဆက်ဖြေချင်သေးသည်။ ဘာပဲပြောပြော ပညာ အရည်အချင်း သာသူက တစ်ပန်းသာစမြဲဟု သူ အကြမ်းဖျင်း နားလည်၏။ သို့သော် အမေ့ကိုတော့ သည်အချက်ကို ဘက်ပြိုင်၍ ပြောလို့လည်းရမည် မဟုတ်ပေ။

မရင်ရွှေသည် စိတ်ပျက်လက်ပျက်နှင့် ကလေးကို ကောက်ချီကာ ပြန်ခဲ့၏။ နောက်ဆုံး မတတ်သာလျှင်တော့ ရုံးက နီးစပ်ရာ လူဆီမှာပဲ အတိုးနှင့် ချေးရပေတော့မည်။ ကလေးတွေ ကျောင်းပိတ်လျှင်တော့ ပုစွန်တောင်ဈေးမှာ တစ်ခုခု ရောင်းခိုင်းမည်ဟု စိတ်ကူးသည်။

နေပူပူအောက်မှာ ကလေးငယ်ထိပ်ကို လက်ဝါးတစ်ဖက်နှင့် အုပ်ပေးရင်း လမ်းမကြီးအတိုင်း ပြန်လျှောက်လာခဲ့၏။ အိမ်တစ်အိမ်ရှေ့ တံစက်မြိတ်အောက်တွင် မိန်းမတွေ တံးစီထိုင်ကာ တစ်ယောက်ကို တစ်ယောက် သန်းရှာပေးနေကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၆

သည်နေ့မှ ဂြိုဟ်ဝင်တာပါပဲ။ ကျောင်းနေစဉ်တစ်လျှောက်လုံး မောင်နှင့် တွဲလာခဲ့တာ ယခုလို အိမ်ကလူတွေနှင့် တစ်ခါမျှ ပက်ပင်း မမိစဖူး။ မောင်က ရုပ်ရှင်ကြည့်ချင်သည်ဆို၍ အိမ်ကိုလိမ့်ပြီး ထွက်ခဲ့ရသည်။ သည်နေ့ တနင်္ဂနွေနေ့ ဈေးပိတ်ရက်ဆိုတော့ အိမ်မှာ မေမေကော မမတင်မေကြည်ကော ရှိမည်။ ဖေဖေကလည်း မေမေရှိသည့်ရက်မို့ အိမ်မြဲချင်ဟန်ဆောင်နေမည်။ ခင်ဆွေဝင်းက မအေးတင့်နှင့် ရုပ်ရှင်ကြည့်ဖို့ ချိန်းထားသည်ဆိုကာ အိမ်မှ ထွက်ခဲ့ခြင်းဖြစ်၏။ လွတ်လွတ်လပ်လပ် နေနိုင်အောင်ဆိုပြီး ကားလည်း မယူခဲ့။ အပြန် မအေးတင့်တို့အိမ်မှာ ထမင်းစားမည်ဟု ပြောခဲ့သေးသည်။ မနေ့က ရုံးမှာ မအေးတင့်ကိုတော့ အရိပ်အမြွက် ပြောခဲ့သည်။ အိမ်က စကားစပ်၍မေးလျှင် မလွဲနိုင်အောင် ဖြစ်၏။ မအေးတင့်က နှုတ်မလုံတော့ အသေအချာတော့ မပြောရဲ။

နှစ်ယောက်အတူ ရုပ်ရှင်ကြည့်သည်အထိတော့ အဆင်ပြေနေသည်။ ရုံပြင်ကိုထွက်တော့ အေးနေသည့် ခန္ဓာကိုယ်သည် ရုတ်တရက် နွေးသွား၏။ ကားသစ်မို့ လူတွေကလည်း ကြိတ်ကြိတ်တိုးနေသည်။ နေပူရှိန်ဖြင့် အိုက်စပ်ပူလောင်ကာ ချွေးတွေပြန်လာ၏။ မောင်က အအေးတစ်ခုခု



သောက်ရန် ပြောသည်။ ညနေစာစားပြီးမှ ပြန်မည်ဆိုတော့ အချိန်ကလည်း ရသေးသည်။ သမ္မတဟိုတယ် အပေါ်ထပ်ကို တက်ခဲ့ကြလေ၏။

'ကလေးတွေလဲ မဟုတ်တော့ပါဘူး ဝင်းရယ်၊ ခိုးချောင်ခိုးဝှက်သွားနေရတာ မကောင်းပါဘူး၊ ဝင်းကိုက အကြောက်လွန်တာပါ၊ အိမ်ကို ဖွင့်ပြောလိုက်ရင် ကောင်းမယ်၊ ဒါမှမဟုတ်လဲ တစ်ခါတည်း ရုံးမှာ လက်မှတ်ထိုးပြီးမှ ပြော၊ မကောင်းဘူးလား'

မောင်က ပြောနေကျစကားကိုပင် ဆို၏။ ခင်ဆွေဝင်းကတော့ ထုံးစံအတိုင်း နှုတ်ဆိတ်နေ၏။ သူ့ဘက်က သတ္တိနည်းတာတော့ အမှန်ပင်။ ပြီးတော့ မောင့်ကို ဝန်မခံချင်တာ ရှိသေးသည်။ ခင်ဆွေဝင်းက ဆင်းရဲမှာ အလွန်ကြောက်သည်။ ဖေဖေတို့ မေမေတို့ အမွေဖြတ်မှာကို အပူဆုံးတည်း။

မောင့်မှာက ညီအစ်ကို မောင်နှမ ရှစ်ယောက်တောင် ရှိသည်ဆိုတော့ မောင်တို့မိသားစုသည် ချောင်လည်လှသည် မဟုတ်ပေ။ ကမာရွတ်သုခလမ်းထဲမှာ ကိုယ်ပိုင်အိမ်နှင့် ဝန်းနှင့် နေသော်လည်း မောင်နှမ ရှစ်ယောက်မှာ အကြီးနှစ်ယောက်သာ အိမ်ထောင်ကျသေးသည်ဆိုတော့ မိသားစုက မသေးလှ။ မောင့်ဖေဖေကလည်း ကျောင်းဆရာကြီးတစ်ဦးမျှသာ ဖြစ်သည်။ မောင့်မေမေက ယခင်က ရုံးအလုပ် လုပ်ဖူးသော်လည်း ယခုတော့ ကျန်းမာရေး မကောင်းသဖြင့် ပင်စင်ယူထားရသည်။ ကျန်သားသမီးများထဲမှာ အလုပ်လုပ်တာ တစ်ယောက်ပဲရှိသေးသည်။ အားလုံးက ကျောင်းသားတွေချည်း။ သည်တော့ မောင့်မိသားစု တာဝန်သည် မောင့်အပေါ် များစွာတည်သည်။

ဆိုပါတော့။ ပစ္စည်းဥစ္စာအတွက် ခင်ဆွေဝင်းတို့ဘက်က ဘာမျှပူစရာမလို။ သို့သော် မေမေတို့ မမတို့က တစ်ယူသန်သမားတွေ။ သူတို့ရှိသည့်စည်းစိမ်ဥစ္စာကို တိုးပွားဖို့သာ လိုလားသည်။ လျော့ပါးမည့်အလွန်

www.burmeseclassic.com

www.burmeseclassic.com



စိုး၏။ လောကမှာ သူတို့ကလွဲလျှင် ကျန်သည့်လူတွေ ဘယ်လိုနေ ဘယ်လို စားသည်ကို စိတ်ပါဝင်စားခြင်းမရှိပေ။ ဖေဖေကတော့ စည်းရုံးလျှင် ရနိုင်သေး၏။ သို့သော် ဖေဖေက ခင်ဆွေဝင်းကို အချစ်ဆုံး။ သည်တော့ အချစ်ဆုံး သမီးကို သူသဘောတွေ့သူနှင့်သာ ပေးစားချင်မည်။ ဖေဖေ့ အပေါင်း အသင်းတွေကိုတော့ ခင်ဆွေဝင်း တစ်ယောက်မျှ ကြည့်မရပေ။

မောင့်ကိုတော့ ခင်ဆွေဝင်း ချစ်၏။ သို့သော် ခင်ဆွေဝင်းသည် ဘဝကို သက်သက်သာသာ ကျော်ဖြတ်လာသူပီပီ သတ္တိနည်းလေသည်။

'အိမ်ကို ချက်ချင်းကြီးတော့ မပြောရဲသေးဘူး မောင်ရယ်၊ ဖြည်းဖြည်း တော့ ပြောပါ့မယ်၊ ဖေဖေ့ကိုပြောရင် ရမှာပါ၊ လက်မှတ်ထိုးတာတွေ ဘာ တွေ မလုပ်ပါရစေနဲ့ ဝင်း ကြောက်တယ်'

'ဝင်းကလဲကွာ၊ ငယ်တော့တာမှ မဟုတ်တာ၊ အသက်ပဲ ဆုံးဆယ် ကျော်နေပြီ'

'အမယ် မပြည့်သေးပါဘူး'

သူတို့နှစ်ယောက်က စကားတပြောပြောဖြင့် အပေါ်ထပ်သို့ တက်ခဲ့၏။ မောင်က စသဖြင့် ခင်ဆွေဝင်းက မောင့်လက်မောင်းကို အသာဆွဲ ဆိတ်ရင်း ရယ်မောလာသည်။ ဘားခန်းထဲမှာ လူစည်ကားနေသည်။ မြို့ လယ်ခေါင်က နေရာဖြစ်သော်လည်း သည်အခန်းမှာတော့ မှန်ကလုံသဖြင့် တိတ်ဆိတ်၏။ လမ်းပေါ်မှာ ကားတွေ ဥဒဟို သွားလာနေသည်ကို မြင်နေ ရသော်လည်း ဘာသံမျှ မကြားရသည်က အရသာတစ်မျိုးထူးလေသည်။ ခန်းဆီး လိုက်ကာ အစိမ်းနုများကြားမှ ရှေ့ဘက်က ဘုရားရှိခိုးကျောင်းနှင့် ရေတမာပင်ကို လှမ်းမြင်ရသည်။

'ဝင်း ဘာသောက်မလဲ'

'ဂျူစ် တစ်ခုခုပေါ့'



'မောင်က ဘီယာသောက်မယ်၊ နည်းနည်းနော်၊ တစ်ပုလင်းထဲပါ၊ ပြီးရင် တရုတ်တန်းမှာ ထမင်းသွားစားမယ်၊ အတူတူပြန်မယ်၊ ကမာရွတ် လမ်းထိပ်ရောက်ရင် ဝင်းတစ်ယောက်ထဲပြန်၊ ဟုတ်ပြီလား'

'ကောင်းပါပြီ၊ အမိန့်တော်မြတ်အတိုင်းပါပဲ၊ မမကတော့ ရုံးပိတ်ရက် အိမ်မှာမနေလို့ ကျေနပ်မှာ မဟုတ်ဘူး၊ အပျိုကြီးတွေများ တယ်အပေါင်းရ ခက်တယ်၊ ဒါပေမယ့် မမကို မတော်လှန်ရဲဘူး၊ ခုဆို သူက တစ်အိမ်လုံးကို ချုပ်ကိုင်ထားတာ၊ ဖေဖေတောင် မမဆိုရင် ခပ်လန့်လန့်ရယ်'

'ဒါဆိုရင် ဝင်းရဲ့မမကြီးကို အရင် ယောကျ်ားပေးစားရအောင်၊ မောင့်သူငယ်ချင်း လူပျိုကြီးတွေရှိတယ်'

'ယူပါလိမ့်မယ် အားကြီးကြီး'

သူတို့နှစ်ယောက် တခစ်ခစ် ရယ်မောကြ၏။ ငယ်ရွယ်တော့သည် မဟုတ်ပေမည့် ချစ်သူချင်း ခိုးချောင်ခိုးဝှက် တွေ့ရသည်မှာ အရသာရှိလှ သည်။ အိမ်ထောင်သည်တွေ ဖြစ်လာလျှင် သည်မျှ ပျော်တော့မည်မထင်။ သူတို့ အပေါင်းအသင်းထဲက မငွေရင်ဆိုလျှင် ကြည့်၊ အချိန်တိုင်းမှာ အိမ် အတွက် ကလေးတွေအတွက် ပူပင်နေရသည်။ သည်ကြားထဲ ယောကျ်ားမ နှင့် မတည့်တာက ပါသေး။ မရှိသူချင်းအတူတူ မအေးတင့်က ဟန်ဆောင် နိုင်သေးသည်။ အိမ်ထောင်သည်တွေမှာတော့ ညည်းရ ညူရသည်ကပင် အလုပ်တစ်ခု။ အကျင့်ပါနေလေသလား မသိ။

'ဘာတွေ တွေးနေလဲ ဝင်းရဲ့၊ စားလေ'

ဆင်းဒဝစ်နှင့် လိမ္မော်ရည် ရောက်နေပြီ။ မောင်က ဘီယာမတ်ခွက် ကို မြှောက်ကာ သောက်၏။ ယောကျ်ားတွေ အရက်သောက်နေတာများ သဖြင့် နေရသည်မှာ ရှုံးတိုးရှုန်းတန်း ဖြစ်လာသည်။ မိမိအတွက် အမြန်ဆုံး သော်လည်း သူတစ်ပါးက အဆန်းထင်မှာ စိုးရသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်ခုတွင်တော့ မိန်းကလေးတစ်ယောက်နှင့် လူကြီးတစ်ယောက် ထိုင်နေ၏။ မိန်းကလေးက သူ့ဘက်ကို မျက်နှာလှည့်ထားသည်။ ဆံပင်ကို ဖြတ်ပြီး ကောက်ထားသဖြင့် အသက်ကိုတော့ မှန်း၍မရ။ ဟန်ပန်က သွက်လက်ပြီး အပြုံးအရယ်ဖြင့် စကားပြောတတ်ဟန်တူ၏။ စကားပြော ရင်း သူ့စကားကို သူ့ဘာသာ သဘောတွေ့ကာ ရယ်မောနေလေသည်။ လူကြီးကတော့ အသက်ကြီးပြီ။ ဖေဖေတို့ အရွယ်လောက်။ အလို မြတ်စွာ ဘုရား။

'မောင်ရေ'

ခင်ဆွေဝင်းက အလန့်တကြား ခေါ်လိုက်သည်။

'ဘာလဲ ဝင်း၊ ဘာဖြစ်လို့လဲ'

'ဒုက္ခပဲမောင်၊ မောင် လှည့်မကြည့်နဲ့နော်၊ ဟိုထောင့်က စားပွဲမှာ ထိုင်နေတာ ဖေဖေ မောင်ရဲ့'

'ဟုတ်ပါတယ် တကယ်ပါပဲ ဖေဖေ အစစ်ပါ၊ ဝင်းတို့ ဝင်လာကတည်း က မြင်မှာ သေချာတယ်၊ ဒါကြောင့်လေ ဝင်း စိတ်ထဲမှာ ထင့်တော့ ထင့်မိသား၊ ဒီနေ့ ဒီကို ဝင်လာရတာ စိတ်ထဲမှာ မလုံသလိုချည်းပဲလို့၊ ဒုက္ခပဲ မောင်ရယ်'

မောင်က မကြည့်ပါနှင့် ဆိုသော်လည်း မသိမသာ ငုံ့ကြည့်လေသည်။

'ဟို ကောင်မလေးတစ်ယောက်နဲ့ ထိုင်နေတာလား'

'ဟုတ်တယ် မောင်ရဲ့'

'ဘယ်က ကောင်မလေးလဲ ဝင်းရဲ့'

'မသိပါဘူး မောင်ရယ်'

'ဟား တကယ်ဟားရတယ်ကွာ၊ သားအဖနှစ်ယောက် အတွဲကိုယ်စီ နဲ့ လာတွေ့တာပဲ၊ ဒါဆို ဘာကြောက်စရာရှိလဲ ဝင်းရဲ့၊ ဘဝတူတွေပဲ၊ သားအဖ နှစ်ယောက်စလုံး နှုတ်ပိတ်နေရုံပေါ့'



'အို ဒုက္ခပါပဲ၊ တိုးတိုးပြောပါ မောင်ရဲ့၊ ဖေဖေက မရဘူးနော်၊ သူ့ဘာသာ ဘယ်လိုနေနေ အိမ်ကိုကျတော့ သိပ်ဂရုစိုက်တာ၊ ဝင်း ဒီလို လာတာကို ခွင့်လွှတ်မှာ မဟုတ်ဘူး၊ မေမေတို့ မမတို့ကို ပြန်ပြောရင် ဝင်းတော့ ဒုက္ခပဲ'

'ဝင်းကလဲကွာ၊ ကလေးမှ မဟုတ်တာ၊ ဒီတော့လဲ တစ်ခါထဲ ဖွင့်ပြော လိုက်ပေါ့၊ မောင်ပါ လိုက်ခဲ့မယ်'

'အမလေး၊ မလုပ်ပါနဲ့ မောင်ရယ်၊ ဝင်းတောင် မပြန်ရဲတော့ဘူး'

'ဒီလိုဆို ဟန်ကျတာပဲ၊ အိမ်ကို တစ်ခါတည်း လိုက်ခဲ့ပေတော့'

'အဲဒါမှ အသတ်ခံရမှာ'

'ဒါဆိုလဲ အတူတူ သေလိုက်မယ်ကွာ'

'သူက ရယ်စရာ ပြောနိုင်သေးတယ်နော်'

'ခက်တော့တာပဲကွာ'

သူတို့နှစ်ယောက် တီးတိုး တီးတိုး ဖြစ်နေဆဲမှာ ဖေဖေတို့ နှစ်ယောက် ကတော့ ဣန္ဒြေမပျက်ပင် ထိုင်နေဆဲဖြစ်၏။ ဖေဖေက ကျောပေးထား သဖြင့် ဖေဖေ့ မျက်နှာကိုတော့ မမြင်ရ။ မိန်းကလေးက ခင်ဆွေဝင်းကိုလည်း သိဟန်မတူ။ အပြုံးအရယ်မပျက် စကားပြောလျက်သာရှိ၏။ ဖေဖေတော့ ဘယ်လိုခံစားနေရမည် မသိပေ။ ခင်ဆွေဝင်းကတော့ မြေခွဲမြို့သွားစေချင် စိတ် ပေါက်နေပေပြီ။ ဖေဖေ့ကို အခြားမိန်းမတစ်ယောက်နှင့် တွေ့ရသည့် အတွက် အံ့ဩထိတ်လန့်ရမည့်အစား သူ့ကို ဖေဖေ တွေ့သွားသည့်အတွက် များစွာ တုန်လှုပ်နေမိလေသည်။

'ဘယ်လို လုပ်မလဲ မောင်၊ ဖေဖေ ဝင်းတို့ဆီ ထလာရင် ဘာပြောရ မလဲ'

'ကွယ်၊ မလာပါဘူး ဝင်းရယ်၊ သူ့မှာလဲ ကြီးကောင် ကြီးမား အရှုပ် အထည်ကြီးနဲ့ မိနေတာကို'

www.burmeseclassic.com

www.burmeseclassic.com



'အို မောင်ကလဲ'

ဖေဖေ့ကို ပြောတော့လည်း ဝင်း မခံချင်ပြန်ပေ။ သို့သော် လောလောဆယ် မောင်ပြောသလိုပင် ဖေဖေ ထလာမည် မဟုတ်ဟု တွေးမိ၍ စိတ်အေးရသည်။

'ဟော သူတို့ ပြန်ကြတော့မယ်'

စားပွဲထိုးက သူတို့ဆီ လျှောက်သွားသည်ကို တွေ့ရသည်။ ယခုအချိန်ထိတော့ ဖေဖေသည် သူတို့ဘက်ကို လှမ်းမကြည့်သေးပေ။ ခင်ဆွေဝင်းက ခေါင်းကို ငုံ့ထားလိုက်သည်။ မောင်ကတော့ ဣန္ဒြေမပျက် အေးအေးဆေးဆေးပင်။ ခဏကြာတော့ ဖေဖေတို့ ထ၍ အောက်ကို ဆင်းသွားကြသည်။ လောလောဆယ်တော့ ခင်ဆွေဝင်း ရင်အေးသွား၏။ သို့သော် လက်ဖျားခြေဖျားတွေ အေးစက်နေသည်။

'အိမ်ရောက်ရင် ဘယ်လိုရင်ဆိုင်ရမလဲ မသိဘူး၊ ဖေဖေ့ အရင်ရောက်အောင် အိမ်ကိုပြန်မှ ဖြစ်မယ်'

'ဝင်းကလဲကွာ ဖြည်းဖြည်းပေါ့ ဣန္ဒြေပျက်လိုက်တာ၊ တကယ်တော့ ဝင်းက ဘာကြောက်စရာရှိလဲ၊ လွတ်လပ်တဲ့ လူငယ်ပဲဟာ၊ ဝင်းဖေဖေကသာ'

'အို ဖေဖေ့ကို ဒီလိုမပြောပါနဲ့၊ ဝင်းက မောင်နဲ့ ဝင်းတို့ကို ခွဲပစ်မှာစိုးလို့ ပြောတာ'

'ခွဲပစ်လို့ ရမလား ဝင်းရယ်၊ ဒီခေတ်ထဲမှာ'

'ဖေဖေက အကြောင်းမဟုတ်ဘူးနော်၊ မမက သိရင် တကယ်ခွဲမှာ'

မောင်က စိတ်မရှည်တော့။ ခင်ဆွေဝင်းကိုကြည့်ပြီး သက်ပြင်းချသည်။

'ဒါဖြင့်လဲ ဝင်းရယ်၊ မောင်နဲ့ ဝင်းက တစ်သက်လုံး ဒီလိုပဲနေသွားမှာမို့လား'

'အို ဝင်းမသိဘူး'



မောင်က ခေါင်းကို ဖြည်းလေးစွာ ခါလေသည်။ သမ္မတဟိုတယ်ပေါ်မှ နှစ်ယောက်သား လေးကန်စွာ ပြန်ဆင်းလာခဲ့ကြသည်။ ရုပ်ရှင်နောက်တစ်ပွဲ ပြပြီဖြစ်၍ လူရှင်းစပြုသည်။

'မောင် လိုက်မပို့နဲ့တော့၊ ဝင်းဘာသာ ပြန်မယ်'

ခင်ဆွေဝင်းက ချက်ချင်းပင် လမ်းခွဲဖို့ပြင်၏။

'နေပါဦး ဝင်းရယ်၊ မောင် သုံးဘီးငှားပေးလိုက်ပါ့မယ်၊ ဘာပဲဖြစ်ဖြစ် ဝင်း သိထားဖို့က မောင်တို့ဟာ ဆယ်ကျော်သက်တွေလဲ မဟုတ်တော့ဘူး၊ အရာရာကို ခေါင်းအေးအေးနဲ့ စဉ်းစားပါ ဝင်း၊ သတ္တိရှိရှိ ရင်ဆိုင်လိုက်ပါ ဝင်းရယ်၊ နက်ဖြန် မောင် ရုံးကို လာခဲ့မယ်'

'အို မလာပါနဲ့ဦး၊ ဝင်း မောင့်ဆီ အခြေအနေ ဖုန်းဆက်မယ်'

'မောင် စောင့်နေပါ့မယ် ဝင်းရယ်'

မောင်ကတော့ ခင်ဆွေဝင်းကို ဘယ်လိုမှ တားမရတော့။ ခင်ဆွေဝင်းတစ်ယောက် သည်မျှ အမူအရာ ပျက်သည်ကို မောင် အံ့လည်း အံ့သြသည်။ ဝမ်းလည်းနည်းသည်။ အစကတော့ ခင်ဆွေဝင်းသည် သည်လောက် သတ္တိနည်းလိမ့်မည်ဟု မထင်ခဲ့ပေ။ ခင်ဆွေဝင်းတစ်ယောက် သူ့ မနဥစွာ အသိုင်းအဝိုင်းအောက်မှ ရုန်းမထွက်နိုင်ဟူ၍တော့ မောင် မတွေးချင်ပေ။

သမ္မတဟိုတယ်ရှေ့မှာ မောင်တစ်ယောက်တည်းရပ်၍ ကျန်ခဲ့လေ၏။ ယခုတော့ ရေခဲစိမ်ဘီယာ၏ အရသာလည်း မောင့်ဆီမှာ မရှိတော့။ နွေ၏အပူရှိန်သည်သာ ပြင်းစွာ ကျရောက်နေလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၇

'နွေမှ ရောက်မယ်မကြံသေးဘူး၊ ရေက အလာနည်းနေပြီ၊ ဟဲ့ မသောင်း ဒီခြင်ထောင် ရေညှစ်ပြီးရင် နောက်ဖေးကို ရေ တစ်ပုံးနှစ်ပုံး ဆွဲတင်ချီဦး'

'ဟုတ်ကဲ့ မမ'

'ပြီးရင် အိမ်ရှေ့မှာလှမ်းထားတဲ့ အဝတ်တွေကိုရုပ်၊ ခြင်ထောင်ကို အောက်မကျအောင် သေသေချာချာလှမ်း၊ ကြားလား'

'ဟုတ်ကဲ့ မမ'

'နောက်ပြီး မနေ့ကထုတ်လာတဲ့ ဆန်ကို စပါးလုံးရွေးပြီး ဆန်ကွဲချ ထားနော်၊ ဒါမှ ချက်ခါနီးတော့ အဆင်သင့်ဖြစ်မှာ'

'ဟုတ်ကဲ့ မမ'

'အမလေး၊ မောလိုက်တာ၊ တစ်နေ့တလေ အားတာ နားရတယ် မရှိဘူး၊ တကယ်ပါပဲ'

မအေးတင့်သည် ညည်းညည်းညူညူနှင့် အိမ်ပေါ်တက်လာလေသည်။ တစ်ဖက်ခန်းမှ ဇနီးမောင်နှံသည် အဝတ်အစားလဲပြီး အပြင်ထွက်ရန် ပြင်ဆင်နေကြလေသည်။ မအေးတင့်သည် တစ်ဖက်ခန်းသို့ မျက်လုံးစွေ ကြည့်ပြီး ပက်လက်ကုလားထိုင်ပေါ်ထိုင်၍ ဝတ္ထုဖတ်နေသော သူ့ညီမ ဆီသို့ မျက်လုံးက ရောက်သွားပြန်သည်။



'ဟင်း ကောင်မကိုက အပိုးမကျိုးဘူး၊ အားရင် အိမ်မှာ ထိန်းသိမ်း မြှုပြင်မယ်၊ လုပ်စရာရှိတာ လုပ်မယ် စိတ်မကူးဘူး၊ အိမ်ရှေ့မှာဆိုလဲ အမှိုက်တွေပုံနေပြီ၊ နည်းနည်းပါးပါး လှဲပါကျင်းပါဦးလား၊ နေနိုင်လိုက်တာ၊ တကတည်း၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေ'

သစ်ငုတ်တိုပင် တိုက်ပါများလျှင် လှုပ်တတ်သည်ဆိုသည့်အတိုင်း သူ့ညီမကို ပြောသည်ဆိုသော်လည်း တစ်ဖက်ခန်းမှ မိန်းကလေးသည် မျက်နှာညိုစပြုပေပြီ။

'အေးအေးဆေးဆေးနေချင်လို့ နှစ်ယောက်တည်း လာနေပါတယ်၊ နားကို ညည်းနေတာပဲ တကတည်း၊ အစီစီ ပွက်သလား အောက်မေ့ရ တယ်'

တစ်ဖက်က ကြက်ခေါင်းဆိတ်မခံ ပြန်ပက်လာပြီဆိုတော့ မအေးတင့် သည် သူ့ကို ပြောမှန်းသိကာ ဆတ်ဆတ်ခါတော့၏။

'အမလေး ကိုယ့်အိမ်မှာ ကိုယ်ပြောတာပဲ၊ ကိုယ့်ညီမကိုယ် မဆုံးမရ တော့ဘူးလား၊ ဒီလောက်တောင် အေးအေးဆေးဆေး နေချင်လဲ လွတ်ရာ ကျွတ်ရာ သွားနေကြ၊ ကျုပ်တို့ကတော့ ပြောစရာရှိတာ ပြောရမှာပဲ၊ ပါးစပ် ပိတ်မနေနိုင်ဘူး၊ မရှိလို့ ငှားစားတာ မဟုတ်ဘူးဟေ့'

မအေးတင့်က အတိအလင်း စစ်ကျေညာပြီဆိုတော့ တစ်ဖက်က မိန်းကလေးလည်း မနေသာတော့။ သူ့ခင်ပွန်းက တိုးတိုးတိတ်တိတ် ချော့ မော့သံကြားမှုပင် ဒေါသသံနှင့် ငိုရှိုက်သံနှော၍ ထွက်လာလေ၏။

'သူများကလဲ အေးအေးဆေးဆေးနေတာပါပဲ၊ သူတို့က လွန်လွန်း တယ်၊ ကိုယ့်ယောကျ်ား ကိုယ်ချွဲလဲ ချွဲပြန်ပြီ၊ တွဲလဲ တွဲပြန်ပြီနဲ့ လင်လုဘက် ကျနေတာပဲ'

'အို တော်ပါ ညီမရယ်'

www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက် တိုးတိုးတိတ်တိတ်ပြောသံကို မအေးတင့်က နားစွင့်ကာ တိုက်စစ်ဆင်ရန် စကားလုံးရှာနေ၏။

'အမလေးတော် ယောကျာ်းများ ရှားလွန်းလို့ လင်ဆိုတာ အချိန်မရွေး ယူလို့ရတယ်၊ သူတို့သာ ငမ်းငမ်းတက်နေတာ၊ ဒါကြောင့် အိမ်က သဘော မတူလို့ ပစ်ထားတာ မသိဘူးမှတ်လို့'

အဖေရော အမေရော အိမ်မှာမရှိသဖြင့် မအေးတင့်တစ်ယောက် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေ၏။

'မမတို့ကလဲ အော်ကျယ် အော်ကျယ်နဲ့ သိပ်ရှက်စရာကောင်းတာပဲ၊ သူတို့ဟာသူတို့ နေနေတာကို၊ ဘာလို့များ သွားသွားပြီး ရန်လိုနေတာလဲ'

ညီမဖြစ်သူက မနေသာ၍ ဝင်ပြော၏။

'အမယ် ငါက ဘယ်သူ့ကို ရန်လိုနေလို့လဲ၊ ညည်းကို ကိုယ့်ညီမမို့ ကိုယ် ဆုံးမတာ ဘာဖြစ်လဲ၊ သူတို့က ဆူသလေး ပူသလေးနဲ့ ပြောနေတာ တော့ မကြားဘူး၊ ငါ့အိမ် ငါ့ဘာသာ ဆူတာ ဘာဖြစ်သလဲ၊ သူတို့ မနေချင် ဆင်းသွားပေါ့၊ ဒီလိုအိမ်မျိုး ငှားကြည့်စမ်းပါ၊ ခုချက်ချင်းဆင်းရင် ခု စပေါ် တစ်သောင်း လာပေးမယ့်လူတွေ တစ်ပုံကြီး'

မအေးတင့်တို့က သူတို့အခန်းကို စပေါ်ငါးထောင်ယူ၍ ငှားထားသည်။ အိမ်လခက တစ်ရာ ယူသည်။ အခန်းကကျဉ်းပြီး အိမ်သာက သီးသန့်မရှိ။ မြေကုန်ဆောက်ထားသဖြင့် ဟိုဘက်သည်ဘက် အိမ်ချင်း ထိစပ်လုမတတ်ရှိသည်။ သို့သော် အိမ်ခန်းရှားသည့်အခါဆိုတော့ တောင်း သလောက်ပေး၍ နေကြရသည်သာ ဖြစ်၏။ ရန်ကုန်မြို့ပေါ်မှာ မှီခိုကပ်ရပ် နေသူတွေ များလာလေလေ အိမ်ခန်းတွေက ရှားလေလေ။

'ဒီမှာရှင့်၊ ကျွန်မတို့ကလဲ နေစရာမရှိလို့ သူများအိမ် အလကားတက် နေတာ မဟုတ်ပါဘူး၊ တန်ရာတန်ကြေး ပေးနေတာပဲ၊ အိမ်ကြီးရှင်ဆိုပြီး



ဒီလောက်လဲ မာနမတက်ပါနဲ့၊ ဆင်းဆိုရင် အခုဆင်းဖို့ အသင့်ပါပဲ၊ စပေါ် သာ ပြန်အမ်းလိုက်ပါ'

တစ်ဖက်က မိန်းကလေးကလည်း သူ့ယောကျာ်း ဆွဲထားသည့် ကြားမှပင် အိမ်ရှေ့ထွက်ကာ အော်လေတော့သည်။

'အမလေး ဆင်းပါ ဆင်းပါ၊ မတားပါဘူး၊ နောက်ထပ် ငှားမယ့်လူ လာရင် ချက်ချင်း အမ်းလိုက်မယ်၊ ထုံးစံအတိုင်း စောင့်ပေါ့၊ ဒါပဲရှိတယ်'

သူတို့နှစ်ယောက် ရန်ဖြစ်နေစဉ် မအေးတင့်၏ အမေကြီး ဈေးမှ ပြန်လာလေသည်။ သူတို့ကိုကြည့်ပြီး 'ဟဲ့ ဘာဖြစ်ကြတာလဲ' ဟု မေးသည်။ မအေးတင့်က ဘာမျှ ပြန်မပြော။ အိမ်နောက်ဖေးကို ခြေဆောင့်၍ဝင်သွား သည်။ တစ်ဖက်က ဇနီးမောင်နှံလည်း အိမ်ကိုသော့ခတ်၍ အပြင်သွားကြ လေသည်။

BURMESE CLASSIC .com

'အလကားပါ မေမေရယ်၊ မမပေါ့'

အငယ်မက ဝင်ပြောသည်။

'ဘာ မမပေါ့လဲ၊ ညည်းတို့ အနေအထိုင်မတတ်လို့ ပြောရ ဆိုရတာ၊ ဟိုဘက်က ကောင်မလေးက အိုးမလုံ အုံပွင့်၊ ဟင်း၊ ဘယ်က ဘယ်လို ကမြင်းကြောထပြီး လင်နောက်လိုက်လာတယ် မသိဘူး၊ ကောင်မက လူပါး ဝလို့'

မအေးတင့်က ဒေါသ မပြေသေး။ ထာဝစဉ် သူ့ကိုယ်သူ လောင်မြိုက် လျက်ရှိသော မစ္ဆေရိယစိတ်နှင့် ဒေါသမီးသည် တငြီးငြီး တောက်လောင် လျက်ရှိလေ၏။ သည်အခါတော့ သူ့အမေက စိတ်ပျက်စွာ ညည်းသည်။

'အေး၊ ညည်းကလဲ အရင် အိမ်ငှားတွေနဲ့လဲ ညည်းနဲ့ပဲ ဖြစ်တာပဲ၊ လူငှား တင်တယ်ဆိုတာလဲ မိသားစုနည်းမှ ကောင်းတာ၊ သူတို့က နှစ်ယောက်ထဲ သမား'

www.burmeseclassic.com

www.burmeseclassic.com



'အမလေး၊ အဲဒီ နှစ်ယောက်ထဲသမားက သာဆိုးသေး၊ ညဥ့်နက်သန်းခေါင် မီးဖွင့်လားဖွင့်ရဲ့၊ အိမ်ကိုလဲ မလှဲမကျင်းဘဲ ပစ်ထားတာ၊ ခြစ်ခွဲနေပြီ မဟုတ်လား'

BURMESE CLASSIC .com

'ခြတွေက အစထဲက ရှိတာကို'

ညီမဖြစ်သူက ဝင်ပြောပြန်၏။

'တော်စမ်း ညည်းပါးစပ်၊ ဘာလဲ ညည်းက အဲဒီလင်မယား အားကျနေသလား'

မဆီမဆိုင် အပြောခံရသဖြင့် သူ့ညီမ မျက်နှာပျက်သွားသည်။

'ဘာဆိုင်လို့လဲ မမရဲ့၊ မမသာ သူတစ်ပါးကို အလကားနေရင်း မနာလိုဖြစ်နေ'

'ကြည့်စမ်း ကောင်မ၊ ဘာစကားပြောတာလဲ'

မအေးတင့်က အနီးရှိ ဆေးလိပ်ခွက်နှင့် ကောက်ပေါက်သဖြင့် သူ့ညီမ ထွက်ပြေးလေသည်။ အိမ်ရှေ့ကို ပြေးဆင်းသွားသောညီမသည် ဝမ်းသာအားရ အော်ရင်း ပြန်တက်လာလေ၏။

'မေမေရေ၊ ဒီမှာ ကိုကိုကြီး လာတယ်၊ မမရေ ကိုကိုကြီး လာပြီ'

သူတို့အစ်ကိုအကြီးဆုံး ဗိုလ်အောင်တင် ရောက်လာ၍ တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဆူဆူညံညံ ဖြစ်သွားကြသည်။ အစ်ကိုကြီး၏နောက်မှာ ရုပ်ရည် သနားကမားနှင့် အမျိုးသားတစ်ဦးပါလာသည်။ သူတို့ညီအစ်မနှင့် မသောင်းက သုံးဘီးကားပေါ်မှ ပစ္စည်းများကို သွားကူသယ်ကြသည်။

'ပစ္စည်းတွေက များလိုက်တာ၊ အစ်ကိုကြီး ပြန်ပြောင်းလာတာလား'

'မဟုတ်တာဟယ်၊ ဟောဒီက ငါ့သူငယ်ချင်းဟာတွေပါ'

ညီအစ်မနှစ်ယောက်သည် အတူ ပါလာသူ အမျိုးသားကို ပြိုင်တူကြည့်မိကြလေသည်။



သူတို့တွေ အိမ်ပေါ်မှာထိုင်မိကြတော့ ဗိုလ်အောင်တင်က သူ့မိတ်ဆွေကို အိမ်သားများနှင့် မိတ်ဆက်ပေးသည်။

'ဒါ ကျွန်တော့်အမေပဲ၊ ဖေဖေကတော့ အိမ်မှာ မရှိတာများတယ်၊ ဒါက ညီမ မအေးတင့်၊ ဟောဒါက ညီမအငယ်ဆုံး ဆင့်ဆင့်၊ မေမေ ဒါ ကျွန်တော့်သူငယ်ချင်း ကိုမောင်မောင်မြင့် တဲ့၊ မိတ္ထီလာမှာတော့ သူတို့အိမ်က ကျွန်တော်တို့ စားအိမ် သောက်အိမ်ပဲ၊ ခုသူက ရန်ကုန်ကိုပြောင်းလာရတယ်၊ လောလောဆယ် နေစရာမရှိသေးလို့ အိမ်ကို ခေါ်လာတာ'

အမေကြီး မျက်နှာကတော့ သိပ်မကြည်သာလှပေ။ သားဖြစ်သူသည် ဤသို့ပင် မကြာခဏ သူ့အပေါင်းအသင်းများနှင့် ပတ်သက်ပြီး အမေကို တာဝန်ပေးတတ်သည်။ ညီမဖြစ်သူကမူ ဧည့်သည်ကို မျက်လုံးစွေကြည့်ရင်း သွက်လက်စွာ မေးသည်။

'ဒီက အစ်ကိုကကော စစ်ဗိုလ်ပဲလားဟင်'

'မဟုတ်ဘူး ညီမရဲ့ ဘဏ်မန်နေဂျာလေ၊ အခုမှ ရန်ကုန်ပြောင်းလာရလို့၊ ဒီမှာ နေစရာ အတည်တကျမရှိသေးခင် အိမ်မှာပဲ ခဏနေရမယ်၊ အိမ်တွေဘာတွေရမှ သူ့အိမ်သားတွေကို ခေါ်ရမယ်'

'ဪ မိန်းမနဲ့လား'

မအေးတင့်က ဝင်မေးသည်။

'မဟုတ်ပါဘူး၊ သူ့အမေနဲ့ အဒေါ်ကို ပြန်ခေါ်ရမှာပါ၊ သူက လူပျိုကြီးလေ၊ ဟဲ ဟဲ'

ညီအစ်မတတွေ စကားစ မပြတ်သေးသည်ကို အမေကြီးက စိတ်မရှည်စွာ စောင့်ဆိုင်းနေလေသည်။

'ဒါထက် အောင့်တင်ရဲ့ မင်းမိန်းမနဲ့ ကလေးတွေကော နေကောင်းရဲ့လား၊ မင်းလဲ အိမ်ကို စာလေးဘာလေးမှ ရေးဖော်မရဘူး၊ မအေ ဖအေတွေ ရှိတယ်ဆိုတာ သတိမှရသေးရဲ့လားဟင်၊ မအေကတော့ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အေးအေးချမ်းမချမ်း ရှိရဲ့လား၊ ခရီးထွက်နေရသလား၊ အိမ်ပြန်ရောက်နေလားဆိုတာ အမြဲ စုံစမ်းပြီး မေတ္တာပို့နေရတယ်၊ မင်းတို့က အကျိုးအကြောင်းလေးမှ စာရေးဖော်မရ၊ ဟိုအငယ်ကောင်လဲ ဒီအတိုင်းပဲ'

အမေသည် ပြောနေရင်း မျက်ရည်ဝဲစပြုလာ၏။ အစ်ကိုကြီးသည် ထုံးစံအတိုင်း တဟဲဟဲရယ်ရင်း သူ့အမေကို နှစ်သိမ့်လေသည်။

'အမေကလဲ ကျွန်တော် ရှေ့တန်း မထွက်ခင်ကပဲ စာတစ်စောင် ထည့်လိုက်ပါသေးတယ်၊ ပြန်ရောက်တော့ လူကိုယ်တိုင်လာမှာပဲ ဆိုပြီး မရေးတော့တာပါ။ အမေ့ချွေးမရော အမေ့မြေးတွေရော နေကောင်းပါတယ်'

'မင်း ငွေမပို့တာ နှစ်လရှိပြီ'

'အရင်လကတော့ မြကလဲ နေမကောင်းလို့ ဆေးကုရသေးတယ် အမေရာ၊ အခုလအတွက်တော့ ပါလာပါတယ်၊ အမေတို့မှာကမှ အမေတို့သားအမိနှစ်ယောက်နဲ့ အဖေ့ပင်စင်လခနဲ့ အိမ်လခနဲ့ဆိုတော့ ချောင်လည်ပါသေးတယ်၊ ကျွန်တော်တို့မှာ ကလေး ငါးယောက်နဲ့'

'အမယ်၊ ငအောင်တင်ရယ် အကြောင်းမသိရင် ခက်မယ်၊ နင့်မိန်းမဘက်က အမျိုးတွေဆီ ဖို့နေရတာ ငါ မသိဘူးမှတ်လား၊ ငါမအေက မွေးထုတ်လိုက်တဲ့ သူပါဟဲ့၊ မအေလဲ ညာဦးမှပေါ့၊ နင့်အဖေများ ဘာအားကိုးရလို့လဲ၊ အားအားရှိ ရပ်ရေး ရွာရေးနဲ့ အချိန်ကုန်နေတာ'

'အဖေ အလုပ် မလုပ်ရတော့ပေမယ့် အမေ့မှာက ဝင်ငွေကောင်းပါတယ် အမေရာ'

'ဟဲ့ ငါက ဝင်ငွေကောင်းရအောင် မပုမှ မဟုတ်တာ'

ဧည့်သည်ကတော့ ဘာမှန်းမသိ၍ မရယ်ပေ။ ကျန်လူများက တခစ်ခစ်ရယ်ကြ၏။ သံတံတားလမ်းတစ်ဝိုက်က လူတွေကတော့ ထိုနာမည်ကို ကြားဖူး၏။



'မဟုတ်ပါဘူး အမေရာ၊ အမေ့မှာ တခြား အတိုးအရင်းချစရာလေးတွေ ရှိသေးတယ်လို့ ပြောတာပါ'

'အမယ်၊ ဒါတွေကျတော့ မြင်တတ်လိုက်တာ'

'မမြင်ပါဘူး အမေရာ၊ သဘောကို ပြောတာပါ အမေကလဲ'

ဧည့်သည် ကိုမောင်မောင်မြင့်သည် တဖြည်းဖြည်း အနေခက်လာပုံရ၏။ မအေးတင့်ကတော့ ကွမ်းတစ်ခွဲသားဖြင့် နှုတ်ဆိတ်နေသည်။ ညီမဖြစ်သူ ဆင့်ဆင့်က 'ဒီလိုပဲ' ဟူသော အမူအရာဖြင့် အမေနှင့် အစ်ကိုကြီးဘက်ကို မေးငေါ့ပြီး နှုတ်ခမ်းရွဲ့ပြသည်။

'ကဲပါ အမေရာ၊ ကျွန်တော့်သူငယ်ချင်းကို ဂရုစိုက်လိုက်ပါဦး၊ လောလောဆယ်တော့ စားရေးသောက်ရေးပါ တာဝန်ယူလိုက်ပါ၊ သူက ဂျီးမများပါဘူး၊ လူအေးပါ'

'မင်းက ဘယ်တော့ ပြန်မှာမို့လဲ'

'မနက်စောစော ပြန်မှာ'

'ဒါ ကိစ္စရှိလို့ လာတာပေါ့လေ၊ မအေကို အပူကပ်ဖို့ကျမှ သတိရတယ်'

မအေးတင့်က ဧည့်သည်ကို အားနာဟန် ပြုံးပြ၏။

'အမေကလဲ ဒီက ဧည့်သည် အားနာစရာ'

'မဟုတ်ပါဘူးကွယ်၊ ဒီကောင်က ဒီလိုပဲ ပြောပေးရတယ်၊ မင်းသူငယ်ချင်းက ကျောင်းက ထွက်သွားပြီးကတည်းက အိမ်ဆိုလှည့်ကြည့်တော့တာ မဟုတ်ဘူးကွဲ့၊ ဒါကြောင့် ပြောနေရတာပါ'

'အမေကတော့ ဒီလိုပဲ သူငယ်ချင်းရ၊ ဘာရယ် မဟုတ်ဘူး၊ ဒီအိမ်မှာ ဘာမှ အားမနာနဲ့နော်၊ အိမ်ရှာလို့ မရမချင်း နေသာနေ'

'အိမ်ကတော့ သိပ်ရှာစရာ မလိုပါဘူး၊ ခြေရင်းဘက်ခန်းက အိမ်[illegible] တွေ ဆင်းတော့မှာ'

www.burmeseclassic.com

www.burmeseclassic.com



မအေးတင့်က ရုတ်တရက် ပြော၏။

'အို မမကလဲ ဆင်းမယ် ပြောသေးလို့လား'

'မနက်က ပြောတာ မကြားဘူးလား'

ဆင့်ဆင့် ငြိမ်သွား၏။ စေတနာကောင်းနေသော မအေးတင့်ကို လည်း နားမလည်သလို ကြည့်နေသည်။

'ဒီလိုဆိုရင်တော့ အဆင်ပြေတာပေါ့ ခင်ဗျာ၊ အမေတို့ကတော့ တော်တော်နဲ့ လိုက်လာနိုင်မှာ မဟုတ်သေးပါဘူး၊ အခန်းရရင်တော့ ကျွန်တော် နေနှင့်ပါ့မယ်၊ အဲ ထမင်းအတွက်ကလဲ လခ သဘောမျိုးပဲဖြစ်ဖြစ် လက်ခံ ပါ ခင်ဗျာ၊ စေတနာကိုတော့ နားလည်ပါတယ်'

အမေကြီး မျက်နှာကတော့ အနည်းငယ်ကြည်လင်လာ၏။

'ဟာ မဟုတ်တာကွာ'

ကိုအောင်တင်က ငြင်းသည်။ သို့သော် သူ့အမေအကြောင်း သိ၍ သိပ်တော့ မပြောရဲ။

'လခရယ် ဘာရယ် မဟုတ်ပါဘူးရှင်၊ ကျွန်မတို့က အစ်ကိုကြီးသူငယ် ချင်း ဆိုတော့ စေတနာနဲ့ ကျွေးမှာပါ'

သူ့ညီမက အစ်မအကြောင်း သိသဖြင့် မသိမသာ မဲ့ပြသည်။ ဉာဉ့်သည် ကတော့ သားအမိတွေကိုကြည့်ကာ အကဲခတ်မိသလောက် ရှိ၏။

'ကိစ္စမရှိပါဘူး ခင်ဗျာ၊ စေတနာကို စေတနာနဲ့ပဲ တုန့်ပြန်ရမှာပေါ့'

အဖေကြီး ပြန်လာသဖြင့် သူတို့စကားဝိုင်း ပြတ်သွားလေသည်။ အဖေ နှင့် သားက စကားကောင်းနေဆဲ၊ ဆင့်ဆင့်နှင့် မသောင်းက ဉာဉ့်သည်၏ ပစ္စည်းတွေကို နေရာချသည်။

'မေမေတို့တော့ ရတနာပုံဆိုက်တာပဲ၊ ဒီတစ်ခါ အိမ်ငှားတွေနဲ့ ရန် ဖြစ်တာ ဟန်ကျသွားပြီ၊ နေမယ့်လူက တစ်ယောက်တည်း လူပျိုကြီး၊ အိမ်



လခလဲ ရဦးမယ်၊ ထမင်းလခလဲ ရဦးမယ်၊ အဆင်သင့်ရင် မမလဲ စွံမှာယ၊ တစ်ခုပဲရှိတယ်၊ ဟိုက ယောက်ျမတွေလိုက်လာမှ မမနဲ့ နောင်ဂျိန်ချမှာ မြင်ယောင်သေး၊ ဟီဟိ'

ဆင့်ဆင့်က ပြောသည်ကို မသောင်းက သဘောကျစွာ ရယ်၏။ နားပါးသော မအေးတင့်က ကြားသော်လည်း မသိဟန်ဆောင်ကာ သူတို့ကို ဆုံးမနေသည်။

'ဒါပဲနော်၊ သူစိမ်းယောက်ျားရှေ့မှာ အနေအထိုင် ဆင်ခြင်ကြ၊ မိဆင့် က သိပ်အရောမဝင်နဲ့ ကြားလား၊ ဣန္ဒြေရရနေ၊ ဟိုကောင်မလေးကလဲ လုပ်စရာရှိတာ သွက်သွက်လက်လက်လုပ်၊ ခုညနေ ဘာဟင်းရှိသလဲ'

'ငါးခေါင်းနဲ့ ကင်ပွန်းရွက်ချဉ်ရည်လေ မမရဲ့၊ အဖေကြီးဖို့က ငါးရဲ့ ကြော်ထားတာ ရှိတယ်'

'ကဲ သွားသွား၊ ဈေးကို ပြေးစမ်း၊ ကြက်တစ်ခြမ်း ဝယ်ချည်'

မအေးတင့်သည် ဆယ်တန်တစ်ရွက်ကို ခပ်သွက်သွက် ထုတ်ပေး လိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၈

စဥ့်အိုးတန်း အောက်လမ်းဘက်မှ မျှော်ကြည့်လျှင် ရွှေတိဂုံစေတီတော်ကို ဖူးတွေ့နိုင်လေ၏။

ရှေးအခါက ရွှေတိဂုံစေတီသည် ရန်ကုန်မြို့၏ အပြင်ဘက် တော တောင်တို့၏ အလယ်တွင် တည်ရှိသော တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်ခဲ့ သည်။ စေတီတော်၏ ဝန်းကျင်တွင် သဘာဝ တောတောင်ရေမြေတို့ဖြင့် ခြံရံလျက်ရှိကာ ရန်ကုန်မြို့ ဟူသည်မှာလည်း ရွှေတိဂုံစေတီတော်ကို အကြောင်းပြု၍ ထင်ရှားခဲ့ရသော မြို့လေးတစ်မြို့သာ ဖြစ်ခဲ့သည်ဟု အဆို ရှိလေ၏။ အလောင်းဘုရား တိုက်ခိုက်စည်းရုံး၍ ရန်အပေါင်း ကုန်သော နိမိတ်ဖြင့် ရန်ကုန်ဟု သမုတ်ခဲ့သည် ဆိုသော ရန်ကုန်မြို့ကြီးသည် ယခု အခါတွင်တော့ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်အတူ မြို့တော်ကြီးအဖြစ် စည်ကားသိုက်မြိုက်စွာ ရပ်တည်နေလေပြီ။

ရွှေတိဂုံစေတီတော်ကြီး၏ တန်ခိုးတော် ကြီးမားထင်ရှားသည်နှင့် အမျှ ရန်ကုန်မြို့တော်ကြီးသည်လည်း မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံ လာရောက် စုဝေးကာ မှီတင်းနေထိုင် လုပ်ကိုင်စားသောက် ကြသော မြို့ကြီးအဖြစ် အထင်အရှား ရှိခဲ့လေပြီ။ အကျင့်စရိုက်စုံသော



အလွှာအသီးသီးမှ လူတို့သည် ရန်ကုန်မြို့ကြီးတွင် ကျင်လည် ကျက်စားကာ တစ်ဦးပေါ် တစ်ဦး အသာစီးရနိုင်ရန် ကြိုးပမ်း အားထုတ်လျက် ရှိကြလေ သတည်း။

လသာလမ်းနှင့် စဥ့်အိုးတန်း လမ်းမတော် တစ်ဝိုက်ကိုတော့ တရုတ် တန်းဟု အခေါ် များကြသည်။ အစားအသောက်ဘက်မှ နာမည်ကြီးသည် မို့လည်း ညအခါတွင် ပို၍ စည်ကားနေတတ်၏။

ရန်ကုန်မြို့သားတွေကား အစားအသောက်ဘက်တွင်လည်း ဝါသနာ ထုံကြလေ၏။ ပိုက်ဆံရှိလေ၊ အစားအသောက်ကို ရှာကြံစားလေ၊ ဇိမ်ခံ စားလေပင် ဖြစ်၏။ လမ်းဘေး ဈေးသည်မှအစ မတန်တဆပေးကာ စားကြရသည့် ဟိုတယ်ကြီးငယ်အထိ ရောင်းသမျှ အစားအသောက်သည် ကုန်သည်သာချည်း။ တချို့ကလည်း ချောင်ကြိုချောင်ကြားမှ နာမည်ကြီးသည့် အစားအစာကို ရှာကြံစားကြသည်။ ဘယ်နေရာက မုန့်ဟင်းခါး ကောင်း တယ်၊ ဘယ်ဆိုင်က ဒိန်ချဥ်က အကောင်းဆုံးဟု မိမိ စားဖူးကြောင်း ကြွားရ သည်ကပင် အရသာတစ်ခု။

ရန်ကုန်မြို့လယ်မှာ ကြီးပြင်းလာရသူ မငွေရင်အဖို့တော့ ရန်ကုန် မြို့က လူတွေအကြောင်းကို နောကျေပြီဟု မဆိုသာသည့်တိုင် အတန် အသင့်တော့ နားလည် သဘောပေါက်ခဲ့ပြီ။ မငွေရင်တို့က ရန်ကုန်သူ စစ်စစ်ဟု ဆိုရမည်။ သူ့အမေက သူ့ကို ယခင် ဂျမခါနာခေါ် အမျိုးသမီး ဆေးရုံကြီးတွင် တစ်နေ့ ၁၀ ကျပ် ပေးရသော ပိုက်ဆံခန်းမှာတက်ပြီး မွေးခဲ့ခြင်းပင် ဖြစ်လေသည်။

မငွေရင်တို့က မွေးချင်းမောင်နှမ ဆယ်ယောက်ရှိသည် ဆိုတော့ ယခု ကလေး လေးယောက် မွေးပြီးသော မငွေရင်က သူ့အမေကို အံ့သြ ချီးကျူး၏။ အမေသည် ၂ နှစ်လျှင် တစ်ယောက်ကျ မှန်မှန်မွေးကာ

www.burmeseclassic.com

www.burmeseclassic.com



မွေးတိုင်းလည်း အဖတ်တင်၏။ ဆယ်ယောက် မွေးပြီးသောအခါ သားသမီး မရစေရန် ခွဲစိတ် တားဆီးလိုက်ရသည်။

မငွေရင့်ကလည်း လေးယောက်နှင့်ပင် တော်ချင်ပြီ။ မွေးရသည် မှာလည်း ပင်ပန်းလှပြီ။ ကျွေးရသည်မှာလည်း ပင်ပန်းလှပြီ။ သို့သော် ဆရာဝန်က ငါးယောက်မွေးပြီးမှ ထောက်ခံပေးမည်ဆိုတော့ စောင့်နေ လိုက်ရ၏။ သူ့ယောကျ်ားကတော့ ခွဲစိတ်ရမှာ အလွန်ကြောက်သူဖြစ်သည်။

သူ့ယောကျ်ား ကိုကျင်စိန်သည် ငယ်စဉ်ကပင် သူနှင့် တစ်အိမ်တည်း အတူနေခဲ့ကြသူများ ဖြစ်လေသည်။ လမ်း ၂၀ တွင် သူတို့က အပေါ်ထပ်၊ ကိုကျင်စိန်တို့က အောက်ထပ်မှာ နေ၏။ ရှေးနှစ်ထပ်အိမ်ဟောင်းဖြစ်၍ လှေကားက အိမ်တွင်းမှာပင် ရှိသည်။ သည်တော့လည်း မငေ်ရင်နှင့် ကိုကျင်စိန်သည် အပေါ်ထပ်နှင့် အောက်ထပ် ဇာတ်လမ်းကို ဖန်တီးခဲ့မိ ကြတော့သည်။

မငွေရင်တို့အိမ်က မောင်နှမများသည်မို့ အဝင် အထွက်များသည်။ လူရှုပ်သည်။ သည်တော့လည်း အောက်ထပ်က လူတွေသည် ဆက်လက် သည်းမခံနိုင်တော့။ အမေက ခုနစ်ယောက်မြောက် ကလေးကို မွေးစဉ်မှာ ကိုကျင်စိန်တို့ စဉ့်အိုးတန်းကို ပြောင်းသွားလေသည်။ သူ့မိဘများက လေဟာပြင်မှာ ဆီချက်ခေါက်ဆွဲ ရောင်းသည်ဆိုတော့ စီးပွားလည်း အသင့် အတင့် ဖြစ်ထွန်းသည်။

အစကတော့ မငွေရင်သည် ကိုကျင်စိန်နှင့် လူငယ်တို့ဘာဝ ချစ်မိ ကြိုက်မိသော်လည်း ယူဖြစ်သည်အထိတော့ ရောက်လိမ့်မည်ဟု မထင်ခဲ့ပေ။ ငယ်ရွယ်စဉ် စိတ်လှုပ်ရှားစဉ်က အဖြစ်အပျက်တစ်ခုသဖွယ် မေ့ပျောက်ဖို့ ကြိုးစားခဲ့၏။ ဆယ်တန်းအောင်ပြီး အလုပ်ဝင်လုပ်ချိန်မှာ အနေဝေးခဲ့ပြီ ဖြစ်သော် ကိုကျင်စိန်ကို မေ့သလိုဖြစ်လာ၏။ သို့သော် သူရုံးသွားရုံးပြန်



အပြင်ထွက်ရချိန်မှာ ကိုကျင်စိန်က မပြီးဆုံးသေးသော ဇာတ်လမ်းကို ဆက် လာခဲ့လေသည်။ နောက်ဆုံးတော့လည်း မငွေရင်တို့အိမ်ကပါ အတားအဆီး ပြုမည့်သူ မရှိသဖြင့် ပါးစပ်တစ်ပေါက် လျော့ရင် ပြီးရောဟု သဘောထား သည်လား အောက်မေ့ကာ မငွေရင်သည် ကိုကျင်စိန်နောက်ကို ကောက် ကောက်ပါအောင် လိုက်ခဲ့လေသည်။ ယခုတော့ ယောက္ခမအိမ်မှာ ကလေး လေးယောက် ရသည်အထိ အနေကြာခဲ့ပြီ။ အိမ်ကို ပြန်သွားဖို့လည်း မဖြစ်။ အိမ်ခွဲနေရလောက်အောင်လည်း မတတ်နိုင်သေး။ ယောက္ခမက လည်း အရင်းအနှီး ခွဲမပေးသဖြင့် ဝိုင်းလုပ်ဝိုင်းစားဘဝဖြင့် နေနေရလေ၏။ မငွေရင် အလုပ်ထွက်လုပ်ခြင်းကို ယောက္ခမတွေက သဘောမကျပေ။ သို့သော် အိမ်မှာနေပြီး သူတို့ပေးသမျှကို လက်ဖြန့်ခံသုံးရမည့် ဘဝမှ ရုန်းထွက်ရန် မငွေရင် အလုပ်ထွက်လုပ်၏။ လခအပြင် အပိုဝင်ငွေရအောင် အကြံအဖန်လေးတွေ လုပ်တတ်သည်ဆိုတော့ မငွေရင် အတွက်တော့ မဆိုးလှ။ ကိုကျင်စိန်က လေဟာပြင်မှာ ဈေးကူရောင်းရင်း ညဘက်မှာ လည်း ၁၉ လမ်းထိပ် ထွက်ကာ ကလေးတွေနှင့်အတူ ဆာတေးရောင်း၏။

ငယ်စဉ်က လမ်း ၂၀ နောက်ဖေးလမ်းကြားကို ကြည့်လိုက်တိုင်း ကြက်တွေ၊ ဘဲတွေ ပေါ်နေသည်ကိုကြည့်ကာ စိတ်မချမ်းမသာ ဖြစ်ခဲ့ဖူး သည်။ ဝက်အကောင်လိုက်ကြီးကို အမွေးနုတ်ပြီး တုံးလုံးကြီးလှဲထားသည် ကို ကြည့်ရသည်မှာ အလွန် မသတီစရာမို့ အော့ချင် အန်ချင်ပင် ဖြစ်ခဲ့ရ၏။ ဝက်အူချောင်းလုပ်မည့် ဆိတ်အူကြီးတွေကို လေမှုတ်သွင်းပြီး တွဲလောင်းဆွဲ ထားသည်ကို ကြည့်၍လည်း အသဲယား အူယား ဖြစ်ခဲ့ရသည်။ ယခုတော့ လည်း မိသားစု လုပ်ငန်းဖြစ်လာပြီမို့ မရှောင် မလွှဲသာတော့။ ပြီးတော့ ကိုကျင်စိန်သည် မငွေရင်ကိုတော့ တော်တော်ချစ်လေသည်။ ကလေးတွေကို လည်း အလွန်ဂရုစိုက်၏။ အိမ်မှာ သူက အစ်ကိုအကြီးဆုံးဖြစ်ပြီး ညီအငယ်

www.burmeseclassic.com

www.burmeseclassic.com



တွေက ကျောင်းနေဆဲဖြစ်သဖြင့် သူ့မိဘတွေကလည်း ကိုကျင်စိန်ကို အားကိုးသည်။ သို့သော် မငွေရင်ကတော့ ယောက္ခမတွေကို သိပ်မကျေနပ်ပေ။ ကိုကျင်စိန် အပင်ပန်းခံရသမျှ သူ အကျိုးမခံစားရဟု စကားများတိုင်း မငွေရင်သည် အိမ်မှ ဆင်းသွားလေ့ရှိ၏။ သို့သော် ကြာကြာမနေနိုင်။ ကိုကျင်စိန်က လိုက်ခေါ်လျှင် ဖြစ်စေ၊ သို့မဟုတ်ပါကလည်း သူ့အမေက အတင်းပြန်လွှတ်၍ ပြန်လာရသည်ချည်းပင်။ အိမ်ထောင်သည် သမီးတစ်ယောက်ကို သူ့အမေသည် ကြာရှည် တင်ကျွေးမထားနိုင်တော့ပေ။

ပွက်ပွက်ဆူနေသော ရေနွေးအိုးကြီးထဲမှ နားရွက်တွေ နှာခေါင်းတွေ အထင်းသားရှိနေသေးသော ဝက်ခေါင်းကြီးကို ဆယ်ပြီး သံချောင်းနှင့် ချိတ်ကာ တွဲလောင်း ဆွဲလိုက်သည်ကို မငွေရင်က အငေးသားကြည့်နေမိ၏။ သူ့သားနှင့် သမီးကြီး နှစ်ယောက်သည် ဘဲမွေးနှုတ်သည့်အလုပ်၊ ကြက်သွန်နွှာသည့်အလုပ်မျိုးတွင် ကောင်းကောင်း အဖော်ရနေပေပြီ။ ကိုကျင်စိန်ကတော့ ပုဆိုးတိုတိုဝတ်၍ ခုံဖိနပ်စီးကာ ဝက်ခေါင်းတစ်ခေါင်းမှ အမွေးအမျှင်များကို ဓားပါးတစ်ချောင်းကို မီးမြှိုက်ကာ ကပ်လိုက်ခြင်းဖြင့် သုတ်သင်ရှင်းလင်းနေလေသည်။ ခဏကြာသော် နားရွက်တွင်းမှ နဖာချေးများကို ဓားဖြင့်ခြစ်၍ တောက်ထုတ်နေလေ၏။

မနက် ဈေးထွက်ရန် အသင့်လုပ်ကိုင်ထားပြီးသောအခါ ညဘက်ထွက်ရောင်းရန် ပြင်ဆင်ရပြန်သည်။ ဝက်သား အသားတွေကို လှီးပြီး တုတ်နှင့်သီကာ ယနေ့ညရောင်းဖို့ အသင့်ထည့်ထားသည်။ ၁၉ လမ်းထိပ်သည် ကိုကျင်စိန်တို့အတွက် ထမင်းရှာစားသော ဈေးကွက်ကြီးပင် ဖြစ်လေသည်။

မငွေရင်ကတော့ ဈေးရောင်းရာကို တစ်ခါတစ်ရံမှသာ လိုက်၏။ ကလေးအငယ်များကို ထိန်းကျောင်းရင်း အချိန်ကုန်သည်က များသည်။ သူရုံးသွားချိန်တွင် ကလေးအကြီးနှစ်ယောက်က ကျောင်းသွားလျက် အငယ်



နှစ်ယောက်က အဘိုး အဘွားများ လက်တွင်သော် လည်းကောင်း၊ သူတို့ဘာသာ ညစ်ပတ်ပေရေစွာ ဆော့ကစားခြင်းဖြင့်သော်လည်းကောင်း အချိန်ကုန်ရလေ၏။

နေဝင်၍ မှောင်စပျိုးသည်နှင့် တရုတ်တန်း တစ်ဝိုက်သည် အထူးတလည် စည်ကားလှုပ်ရှား၍ လာလေသည်။ ကားကြီး ကားငယ်များဖြင့် သော်လည်းကောင်း၊ အပျင်းပြေ လမ်းလျှောက်၍သော်လည်းကောင်း လာရောက် စားသောက်သူတွေဖြင့် ညံစီ၍လာသည်။ သည်နေရာတစ်ဝိုက်မှာ နာမည်ကြီး အစားအသောက်တွေကလည်း ရှိသည်။ လမ်း ၂၀ က ပြည်ကြီးငါးသုတ်၊ စဥ့်အိုးတန်းက ရေခဲသုတ်၊ ၁၉ လမ်းက အအေးဆိုင်၊ ကြေးအိုးပြုတ်ဆိုင် တို့သည် အစားအသောက်မက်သူ ရန်ကုန်လူထုအတွက် နေ့စဉ် ငွေထွက်ပေါက်တို့ပင် ဖြစ်လေသည်။ ရန်ကုန်သား ဆိုသည်ကလည်း တစ်မျိုး၊ နောက်မှ စားစရာမရှိလျှင် ဗိုက်မှောက်၍ နေရစေတော့ လောလောဆယ် ရှိလျှင် ရှိသလို စားပစ်သူမျိုးတွေ ဖြစ်လေ၏။

၁၉ လမ်းထိပ် လမ်းဘေး စားသောက်ဆိုင်လေးတွေမှာ အမျိုးသားတွေ ဝိုင်းဖွဲ့၍ ထိုင်နေကြ၏။ အမဲကြော်တွေ၊ ဆိတ်သားကင်တွေ၊ ဆာတေးတွေကို ခပ်သွက်သွက်လေး မှာနေကြသည်။ တကယ်တော့ အစားချည်း သက်သက်ကြောင့် မဟုတ်။ သောက်စရာ ယမကာလေးတွေနှင့် တွဲဖက်၍ စည်းစိမ်ခံနေကြခြင်းပင် ဖြစ်လေ၏။ သည်နေရာမှာ အမြည်းကို အကြောင်းပြု၍ အရက်ရောင်းကြသည်။ အရက်ကို အကြောင်းပြု၍ အမြည်းရောင်းကြသည်။ နေရာမရွေး အချိန်မရွေး၊ အရက်သောက်သူကလည်း ပေါပါဘိ။ သူတို့ကြောင့် မငွေရင်တို့ ကိုကျင်စိန်တို့ စီးပွားဖြစ်ကြလေသည်။

လသာလမ်းဘက်မှာကျတော့ မြင်ကွင်းကတစ်မျိုး။ ဗာဒံပင်အောက်မှာ ထိုင်ခုံကလေးချကာ အနှိပ်ခံနေသူတွေဖြင့် စည်ကား၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနှိပ်ခံသူက ကုလားထိုင်ကို နောက်ပြန်ထိုင်၍ ဇက်ကို စင်းပေး၏။ အနှိပ်သည်များက ကွမ်းတမြုံ့မြုံ့ဝါးရင်း သီချင်းတအေးအေးဖြင့် စေ့စေ့စပ်စပ် နှိပ်ပေးနေလေသည်။ သူတို့အတွက် တစ်ခါနှိပ်လျှင် ၇ ကျပ်မှ ၁၀ အထိ ရသည်။ ရန်ကုန်မြို့မှာ အလုပ်အကိုင် ရှားသည်ဟု မည်မျှပင် ညည်းညူကြပါစေ ဖိနပ်ချုပ်သူ ခေါက်ထီးပြင်သူမှအစ ဇက်ကြောဖြေပေးသူ၊ နားဖာကလော်ပေးသူ အဆုံး ကျွမ်းကျင်ရာပညာဖြင့် ထမင်းရှာစားနေသူတွေ ပြည့်နေလေ၏။

မငွေရင်တို့အဖို့ ငယ်ငယ်ကတည်းက တရုတ်တန်းတစ်ဝိုက်မှာ ကျင်လည် ကျက်စားလာခဲ့သဖြင့် အရောင်းအဝယ် တစ်ခုဖြင့် စီးပွားရှာသည့် အလုပ်သည် အသစ်အဆန်း မဟုတ်တော့။ မငွေရင်တို့အဖေသည် ဈေးရောင်းသည့်အလုပ်ကို အပျင်းပြေ အလုပ်တစ်ခုအဖြစ် ကလေးတွေကို ဇာတ်သွင်းပေးခဲ့သည်။ အိမ်တွင် အငယ်ဆုံးကလေးကစ အိမ်ရှေ့ထွက်ကာ စီးကရက်ဖြစ်စေ၊ သကြားလုံးဖြစ်စေ ထိုင်ရောင်းရတတ်၏။ မငွေရင် တစ်ယောက်သာ ကျောင်းစာကို စိတ်ဝင်စားစွာ သင်ခဲ့သော်လည်း ကျန်သည့် မောင်နှမတွေကတော့ ကြုံရာ အလုပ်ကို ကျပန်း ဝင်လုပ်ကာ သူတို့ဝမ်း သူတို့ ရှာစားနေတတ်ပေပြီ။

ပူအိုက်သောညမို့ ရန်ကုန်မြို့က လူတွေသည် အိမ်အပြင်ဘက်ကို သွန်၍ ထွက်လာကြဟန် တူ၏။ လမ်းပေါ်မှာ ဥဒဟို သွားလာသူတွေ စည်ကား၍နေ၏။ မငွေရင်သည် ကလေးချီကာ သူ့ယောက်ျား ကိုကျင်စိန် ဈေးရောင်းသည်ကို စိတ်ဝင်စားခြင်း ကင်းစွာဖြင့် ထိုင်စောင့်နေ၏။ ကိုကျင်စိန်သည် မီးသွေးဖိုပေါ်မှာ သံဆန်ကာလေးတင်ကာ ဝက်သား တုတ်ထိုးလေးများကို ဟိုဘက် သည်ဘက် ကင်ပေးနေလေသည်။

'ဆာတေး တစ်ပွဲ၊ ရမ်နှစ်ပက် ပေးပါ'



ကိုကျင်စိန်သည် စားပွဲနောက်ကို အသာငုံ့ကာ ဖန်ခွက်ထဲကို အရက်နှင့် ရေခဲတုံးများ ထည့်ပြီး စားပွဲပေါ် သွားချပေးလေသည်။

ညသည် တစ်စတစ်စ တိတ်ဆိတ်လာ၏။ ၁၀ နာရီမှာ ရုပ်ရှင်သိမ်းသည်ဆိုတော့ ရန်ကုန်မြို့သည် စောစီးစွာ အိပ်ရာဝင်ဖို့ ဖြစ်လာလေသည်။ ယခင်ကဆိုလျှင်တော့ ညနှင့် မနက်သည် ဆက်၍ နေတတ်သည်။

နောက်ဆုံးအခေါက် ခရီးသည်တင်ရန် ကြားကားများသည် တကြော်ကြော် လူခေါ်လျက် ရှိသည်။ မျက်ထောင့်နီ၍ ယိမ်းယိုင်နေပြီဖြစ်သော အရက်သမားတချို့သည် နေရာမှ အသီးသီး ထပြန်စပြုသည်။ ၁၂ နာရီ ထိုးလုပေပြီ။

'မငွေရင် နင် ပြန်ချင် ပြန်နှင့်တော့၊ ငါ သိမ်းပြီး လိုက်လာခဲ့မယ်'

ကိုကျင်စိန်က မငွေရင်နှင့် ကလေးတွေကို ပြန်နှင့်ရန် ပြောသည်။

'မပြန်သေးပါဘူး၊ သိမ်းမှပဲ ပြန်တော့မယ်၊ အိမ်ရောက်ရင်လဲ နားငြီးတယ်၊ အိမ်ခွဲရအောင်လို့ ပြောတာလဲ ရှင် ဘာမှ မစဉ်းစားဘူး'

မငွေရင်သည် အခွင့်ရတိုင်း ကိုကျင်စိန်ကို တိုက်ခိုက် ပူဆာလျက်ရှိသည်။

'အိမ်ခွဲပြီး ဘယ်မှာ သွားနေမလဲ၊ ဒီနားတစ်ဝိုက်မှာပဲ လုပ်စားလို့ကောင်းတယ်၊ တခြားနေရာမှာ ဘာသွားလုပ်မလဲ'

ကိုကျင်စိန် ပြောသည်မှာ မှန်သည်။ သူ့အနေနှင့် သည်နားတစ်ဝိုက်သည် သူတို့နယ်မြေ။ ရန်ကုန်မြို့က လူတွေသည် သည်နေရာမှာ လာပြီး ညစဉ် စားသောက်ကာ သူတို့အတွက် ဈေးရောင်းကွက်ကို ဖန်တီးပေးနေသည် မဟုတ်လား။

'ဒါပေမယ့် ကျုပ်တော့ ရှင့်မိဘတွေနဲ့ တစ်သက်လုံး မနေနိုင်ဘူး၊ ကျုပ်ကို အပျင်းထူသလေး ဘာလေးနဲ့ အမြဲပြောနေတာ၊ ကျုပ် ဒီ[illegible]လုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ မလုပ်ချင်ဘူး၊ အထည်ရောင်းဆို ရောင်းချင်သေးတယ်၊ သံဈေးဘက်မှာ အထည်ရောင်းရရင် ကောင်းမယ်၊ ရှင်လဲ ဒီအကုသိုလ် အလုပ်တွေ မလုပ်နဲ့တော့'

'ဘာအကုသိုလ်အလုပ်လဲ၊ ငါ နားမလည်ဘူး၊ စားတဲ့လူတွေကတော့ အကုသိုလ် မဟုတ်ဘူးလား'

'အိုတော်၊ နေ့ရှိသရွေ့ ဒီကြက်တွေ ဘဲတွေနဲ့ အလုပ်ရှုပ်နေတာ စိတ်ညစ်တယ်၊ ကျုပ် စားလဲ မစားချင်ဘူး၊ မြင်လဲ မမြင်ချင်ဘူး'

'နင် အလကားခွတိုက်မနေနဲ့၊ ငါ တစ်သက်လုံး ဒီအလုပ် လုပ်စားလာတာ၊ နင့်လခ တစ်ပဲ ခြောက်ပြားနဲ့ စားလောက်လို့လား'

'ရှင်ကော ကျုပ်ကော ဒို့ပြင်အလုပ် လုပ်မယ်လေ၊ အိမ်တစ်လုံး သပ်သပ်ငှား၊ ကုန်စုံဆိုင်ဖွင့်မယ်'

'အခု အရင်းအနှီးမှ မရှိသေးတာ၊ အငယ်ကောင်တွေကို အားကိုးရရင် ငါလဲ ခွဲထွက်မှာပါပဲ၊ ပြောထားရက်နဲ့ သက်သက် နားပူနေတယ်'

ကိုကျင်စိန်သည် စိတ်တိုလာဟန်ဖြင့် ဝက်အူချောင်းများ ဆာတေးများကို ဆွဲခြင်းတစ်ခုထဲ ပစ်ထည့်နေသည်။ ထိုစဉ်မှာ အဝတ်အစား ကပိုကရိုနှင့် အလုပ်ခွင်မှ အိမ်ပြန်ရောက်ဟန်မတူသေးသော လူတစ်ယောက်က ဆိုင်ရှေ့မှာ လာရပ်သည်။

'သိမ်းပြီလားဗျ၊ အစောကြီးရှိသေးတယ်၊ နည်းနည်း လုပ်စမ်းပါဦး၊ ရမ်နှစ်ပက်လောက် မှာပေးပါ'

ပြောပြောဆိုဆို ခေါက်စားပွဲဘေးမှ ခွေးခြေတွင် ဝင်ထိုင်သည်။

'မရတော့ဘူး ဆရာကြီး၊ အားလုံး သိမ်းကုန်ပြီ၊ ကျွန်တော်လဲ ပြန်တော့မယ်၊ ဘာမှ မကျန်တော့ဘူး'

'ဟာ လုပ်စမ်းပါကွာ၊ ဒီမှာ ရေချိန်မကိုက်သေးလို့'



'ဟိုဘက်ဆိုင် သွားဗျာ၊ ဒီမှာ ကျွန်တော် အားလုံး သိမ်းပြီးပြီ'

'ဟကောင်ရ လုပ်စမ်းပါကွ၊ ငါလဲ ခဏပဲ ထိုင်မှာပါ'

ကိုကျင်စိန်သည် နဂိုကတည်းက စိတ်တိုနေသဖြင့် ဘာမှ ပြန်မပြောဘဲ ပစ္စည်းပစ္စယများကိုသာ ဆိုးဆိုးဆတ်ဆတ်နှင့် သိမ်းနေလေသည်။ အမူးသမားက သူ့ကို ဆဲလေတော့၏။

'မအေပေး၊ တော်တော် လူပါးဝတဲ့အကောင်'

ကိုကျင်စိန် စိတ်ကို ချုပ်တီးထားလိုက်ရ၏။ မူးနေသူနှင့် ဘက်ပြိုင်ရန်ဖြစ်၍ မဖြစ်။ ပြီး သူတို့အလုပ်က လူတကာကို ပျူငှာစွာ ဆက်ဆံရသည့်အလုပ်။ သူ့ထံမှ ထွက်သွားသော အမူးသမားသည် ဒယီးဒယိုင်ဖြင့် လမ်းထိပ်ထွက်ကာ သုံးဘီးတားနေလေသည်။

ကိုကျင်စိန်က ပစ္စည်းများကို အားလုံး ဆွဲခြင်းကြီးထဲပစ်ထည့်နေ၏။ အခြားဆိုင်များလည်း သိမ်းစပြုပြီ။ ဆီချက်ခေါက်ဆွဲဆိုင်ရှေ့မှ လေးဘီးကားတစ်စီး ထွက်သွားသည်။ မိန်းကလေးတစ်ယောက်သည် ကောင်လေးနှစ်ယောက်ကြားမှာ ထိုင်လျက် ရယ်မောကာ လိုက်ပါသွားလေသည်။

'ကိုကျင်စိန် ရှင် ပြန်နှင့်တော့၊ ကျုပ် အမေတို့အိမ် ခဏသွားဦးမယ်'

'ဘာလုပ်မလို့လဲ'

'ဟိုမှာ ခဏပြန်နေမလို့'

'နင့်သဘောပဲ၊ နင့် သဘောပဲ'

ကိုကျင်စိန်သည် ဒေါသဖြစ်နေသဖြင့် မငွေရင်ကို မတားတော့ပေ။ မငွေရင်က ကလေးငယ်ကိုဆွဲကာ လမ်း ၂၀ ဘက်ကို ထွက်ခဲ့သည်။ ကိုကျင်စိန်သည် စိတ်တိုတိုဖြင့် သူ့ရှေ့မှ စားပွဲများကို ဆောင့်၍ ကန်လိုက်လေသည်။

မငွေရင်သည် ကိုကျင်စိန်ကို လှည့်မကြည့်ဘဲ လမ်း ၂၀ ထိပ်သို့ ဘောက်ဆတ်ဘောက်ဆတ်နှင့် လျှောက်ခဲ့လေ၏။ သည်အချိန်ကျမှ အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလျှင် ညမကူးခင် ပြန်လာရမှာ သေချာသည်။ သူတို့အိမ်တွင် ခြင်ထောင်တွေ တန်းစီနေသဖြင့် ခြေချစရာ နေရာပင် ရှိတော့မည် မဟုတ်ချေ။ တချို့မှာ ဝရံတာတွင်ပင် ထွက်၍ အိပ်ရ၏။ သို့သော် ညဦးနက်အောင်တော့ နေလိုက်ဦးမည်။ တော်ကြာ ကိုကျင်စိန်ကလည်း လာခေါ်မှာပါပဲ။

မငွေရင်သည် လမ်း ၂၀ တွင်းသို့ ဝင်ခဲ့၏။ လမ်းထိပ်မှ တရုတ် ဘုရားကျောင်းတွင် မီးရောင်စုံများ ထိန်လင်းလျက်ရှိလေသည်။

□

၉

နေရင်းထိုင်ရင်း လခထဲက ငွေတစ်ရာလျော့သွားသည့်အတွက် သည်လထဲမှာ ချွေတာရတော့သည်။ ချွေတာသည်ဆိုသည်ကလည်း အပြောသာ လွယ်ပေမည့် လက်တွေ့တွင်မလွယ်။ ဇနီးဖြစ်သူကလည်း ခြေထောက်တွေ ယောင်ကိုင်းလာသဖြင့် စက်မနင်းနိုင်တော့။ ကိုသန်းအောင် ဦးနှောက်ခြောက်ရပြီ။ သားဦးလေး မွေးရန်အတွက် ခြစ်ခြစ်ခြုတ်ခြုတ် စုထားသော ငွေလေးများကို ထုတ်သုံးရသည့်အခါ ကိုသန်းအောင် ရင်က စိုးရိမ်စပြုလာ၏။ သို့သော် မတတ်နိုင်။ မွေးဖွားရန် တစ်လအလိုမှာ ရုံးမှ ငွေတစ်ထောင်လောက် ထုတ်ချေးမည်ဟု စိတ်ကူးသည်။ ယခုတော့ တတ်နိုင်သမျှ လှိမ့်ပိမ့်နေရုံသာပဲ။

အစ်မဖြစ်သူ မမသိန်းကတော့ သူ့ကို မကြာမကြာ လာခေါ်သည်။ မမသိန်းက ကြံခင်းစုမှာနေ၏။ သူ့ယောက်ျားက ရေတပ်မှာ လုပ်သော်လည်း ကြံခင်းစုမှာ အတော်အသင့် ကျယ်ဝန်းသော ခြံနှင့် အိမ်ကို ဝယ်ထားသည်။ အစက ငွေပန်းစပျိုး၏။ ယခုတော့ နှင်းဆီ စိုက်နေပြီ။ အလုပ်တွင်ကျယ်လာသည်နှင့်အမျှ လူလိုလာ၏။ နှင်းဆီကလည်း အလွန် ဂရုစိုက်နိုင်မှ တော်ကာကျသည်။ မမသိန်းတစ်ယောက်တည်း အလုပ်သမားကောင်လေးတစ်ယောက်နှင့် မနိုင်တော့။ ထို့ကြောင့် ကိုသန်းအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



မကြာမကြာ ခေါ်သည်။ သူနှင့်အတူလာ ဝိုင်းဝန်းလုပ်၊ နောင်ဖြစ်ထွန်းတော့ မြေလေး နည်းနည်းဝယ်၊ ကိုယ့်ဘာသာလုပ်။ သို့သော် ကိုသန်းအောင်သည် လခစားအလုပ်ကို ခင်တွယ်ကာ အလုပ်ထွက်ရမှာ ဝန်လေးနေလေသည်။ အလုပ်ထွက်လျှင် ထမင်းငတ်မည်ဟုချည်း ထင်နေ၏။ စိုက်ပျိုးရေး လုပ်တာကတော့ ဟုတ်ပါရဲ့၊ မဖြစ်ထွန်းခင် ဘာနဲ့စားမလဲ။ ဖြစ်လာတော့လည်း ရာသီဥတုဘေးဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံးလျှင် ဘယ့်နှယ်လုပ် နာလန်ထူမလဲ။ နေပူစပ်ခါးမှာ မြေဆွရမှာ ရေလောင်းရမှာ သူ့ခန္ဓာ အင်အားနှင့် ဖြစ်ပါ့မလား။ တတ်နိုင်သမျှ အပျက်ဘက်ကချည်း သူတွေးနေမိလေသည်။ သို့ဖြင့် သူသည် နေ့စဉ် မြောက်ဥက္ကလာမှ ပဲပြုတ်နှင့် ထမင်းကြမ်းကို စားလျက် မြို့တော် ရန်ကုန်မှ ခန့်ညားထည်ဝါသော ရုံးကြီးဆီသို့ ဘတ်စ်ကားဖြင့် တိုးဝှေ့ခိုကပ်ကာ သက်စွန့်ဆံဖျား သွားလာလုပ်ကိုင်နေဆဲပင် ရှိလေသည်။

ယခနေ့တေတာ့ မမသိန်းဆီ မသွား၍ မဖြစ်ပေ။ သူ့ဇနီးအေးက စိတ်ဓာတ်ရော ကျန်းမာရေးပါ ကျဆင်းကာ အားငယ်နေ၏။ မိဘများကလည်း အနေဝေး၍ မွေးဖွားကာနီးလျှင် အိမ်တွင် အဖော်သဟဲမရှိ။ မမသိန်း၏ သမီးအကြီးလေးက စာမေးပွဲဖြေပြီးချိန်တွင် အေး မွေးဖွားမည့် အချိန်နီးပြီမို့ အိမ်တွင် အဖော်ခေါ်ထားလိုသည်။ အစ်မဖြစ်သူကတော့ အရေးရှိမှ သူ့ကို သတိရသည်ဟု စကားနာထိုးပေလိမ့်မည်။

ကိုသန်းအောင်သည် ဖုန်တထောင်းထောင်း ထနေသော ဥက္ကလာလမ်းများပေါ်မှာ ချွေးဒီးဒီးကျအောင် လျှောက်ရင်း မြို့ပတ်ရထားလမ်းဘက်သို့ ထွက်ခဲ့၏။ ကိုသန်းအောင်တို့ ငယ်စဉ်က ပဲခူးနှင့် သနပ်ပင်တွင် နေထိုင်ခဲ့ရဖူးသည်။ သနပ်ပင်တွင်မွေးပြီး ပဲခူးတွင် ကျောင်းနေ၏။ သူ့အစ်မက ရန်ကုန်က အမျိုးအိမ်တစ်အိမ်တွင် လာနေရင်း အိမ်ထောင်ကျကာ ကြံခင်းစုကို ရောက်လာသည်။ သူက ရန်ကုန်တက္ကသိုလ်ရောက်ပြီး တတိယနှစ်မှာ



စာမေးပွဲ နှစ်ခါကျသဖြင့် ကျောင်းမှထွက်ရပြီး အစ်မဆီမှာ ကပ်နေလိုက်သေးသည်။ နောက်တော့ မိန်းမရပြီး မြောက်ဥက္ကလာမှာ နေဖြစ်ပြန်သည်။

သူတို့အတွက်တော့ တောမှာ နေခဲ့ရသည်နှင့် ရန်ကုန်မှာ နေရသည်မှာ ဘာမျှ မထူးခြားချေ။ တောထဲမှတုန်းကလည်း ဖုန်တထောင်းထောင်း။ ယခု ရန်ကုန်ရောက်တော့လဲ ဖုန်တထောင်းထောင်း။ မဟာ ရန်ကုန်မြို့၏ အပြင်ဘက်က ဆင်ခြေဖုံး ကျေးရွာလေးတွေသည် တောနှင့် ဘာမျှမခြား။ အချို့ အရပ်များမှာ တောထက်ပင် ဆိုးသေး၏။ တောမှာကမှ လေကောင်းလေသန့် ရသေးသည်။ သွားမှုလာမှု လွယ်သေးသည်။ သည်မှာဖြင့် ညစ်လည်းညစ်ပတ်သည်။ အန္တရာယ်လည်း များသည်။ ပြီးတော့ စားရိတ်ကလည်း ကြီးသေး၏။

သူတို့မှာ အဖေမရှိတော့။ အမေက ရန်ကုန်ကို တစ်ခေါက်နှစ်ခေါက် လာလည်ဖူးသည်။ သို့သော် ကြာကြာ မနေနိုင်။ 'ငါ့ဟာငါ တောမှာပဲ အေးအေးဆေးဆေး ကျယ်ကျယ်ဝန်းဝန်း နေပါရစေအေ၊ ညည်းတို့ရန်ကုန်ဆိုတာကလဲ နာမည်သာရှိတာ၊ ဘာထူးလို့တုန်း' ဆိုပြီး ပြန်သွားလေ၏။ ဩော် ရန်ကုန်ဆိုတာကလည်း အလုပ်ရှိမှ၊ ငွေရှိမှ၊ လူတန်းစေ့နေနိုင်မှ ပျော်ရွှင်ဖွယ်ကောင်းသည့် အရပ်ပေတကား။

မီးရထားသံလမ်းပေါ် လျှောက်လာခဲ့၏။ ဘူတာရုံတွင် လူတွေ စုပုံနေ၏။ ယခင် မမသိန်းဆီမှာ နေစဉ်က ရထားဖြင့် ရန်ကုန်မြို့ထဲကို ရုံးတက်ဖူးသည်။ တစ်ခါတစ်ရံ ရထားပျောက်၍ ရုံးမတက်ရသည့်နေ့တွေ ရှိ၏။ အချိန်မှန်လာမည့် ရထားတစ်စင်းလုံး မည်သည့်အချိန်မှ ရောက်မလာတော့ခြင်းပင် ဖြစ်လေ၏။

ဘူတာဘေးကို ဆင်းလိုက်သော် ပုရွက်ဆိတ်ကုန်းကျေးရွာလေးကို ရောက်၏။ ထိုမှလွန်သော် ကြံခင်းစု။ သည်အရပ် သည်ဒေသကို ရန်ကုန်အမှတ်ဖြင့် ရောက်လာသူ အမေက 'ဩော် ရန်ကုန်ဆိုတာ ဒါလား၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ တောနဲ့ ဘာထူးလို့တုန်း' ဟု မှတ်ချက်ချသွားသည်မှာ ဆန်းတော့ မဆန်းလှ။ အမေက ရွှေတောင်ကြားလမ်းတို့၊ အင်းယားလိပ်ဟိုတယ်တို့မှ မရောက်လိုက်ရဘဲလေ။ ဘူတာက ဆင်း၊ သုံးဘီးကား စီး၊ လမ်းလျှောက်၊ အိမ်ရောက်တော့ သူ့စိတ်ထဲမှာတော့ တောပြန်ရောက်သွားသလား အောက်မေ့တယ်တဲ့။

မီးရထားသံလမ်းပေါ်မှ ဆင်းပြီး ရွာထဲကို ဖြတ်လျှောက်ခဲ့၏။ နေပူထဲမှာ ကလေးတို့ ပြေးလွှား ဆော့ကစားနေကြ၏။ အချို့က လမ်းပေါ်မှာ တဖုန်းဖုန်းမြည်အောင် ဘောလုံးကန်နေကြ၏။ အချို့က သူတို့ ငယ်စဉ်ကလိုပင် ပုဆိုးကွင်းသိုင်းပြီး ဘောလုံးကန်နေကြသည်။ အချို့ကလေးတွေမှာ ပုဆိုးမရှိ။

ကြံခင်းစု၏ ဟိုမှာဘက် ကွင်းပြင်ကြီးကို တက်သွားလျှင် မင်္ဂလာလေဆိပ်ကို ရောက်နိုင်၏။ ရွာထဲမှာတော့ ဥယျာဉ်ခြံမြေအလုပ်ဖြင့် အခြေချနေသူတွေရှိ၏။ တိုက်တာ၊ အဆောက်အဦးတွေ၊ မော်တော်ကားတွေ၊ အပြေးအလွှား လှုပ်ရှားနေသော လူတွေဖြင့် မွန်းကျပ်နေသော မြို့တွင်းနှင့် နှိုင်းစာလျှင် သည်နေရာကမှ လွတ်လပ် အေးချမ်းခြင်းကို ရနိုင်သေး၏ဟု ကိုသန်းအောင်က တွေးလာလေသည်။

'ဟဲ့ အမယ်၊ မလာစဖူး၊ သမီးရေ ဟိုမှာ နင့်လေးလေးလာတယ်'

မမသိန်းက နှင်းဆီပန်း လက်ချွေများကို ဆန်ကာတစ်ခုထဲ ရွေးထည့်ရင်း လှမ်းပြော၏။ သူတို့မောင်နှမက အသက် ဆယ်နှစ်ခန့် ကွာသည်။ သူ မိန်းမ မရခင် အချိန်အထိ မမသိန်းသည် သူ့ကို ကလေးတစ်ယောက်လိုပင် ပြုစုယုယခဲ့၏။ သူ့ဘာသာ ခွဲနေပြီး မလောက်မငဖြစ်နေသည်ကို သိသဖြင့် သူနှင့်နေရန် ပြန်ခေါ်နေခြင်း ဖြစ်၏။

'ဟုတ်တယ် မမသိန်း၊ ကျွန်တော် ကိစ္စရှိမှ မမကို သတိရလို့ တမင်လာတာ'



'ယုံပါတယ် နင့်ကို'

မမသိန်းသည် ဆန်ကာကို ကွပ်ပျစ်ပေါ် တင်ပြီး ခေါင်းပေါ်မှာပေါင်းထားသော မျက်နှာသုတ်ပဝါကို ဖြည်ချ၏။ မမသိန်းသည် အသက်ကြီးလာသဖြင့် အမေနှင့် ပိုတူလာပြီး ရန်ကုန်မှာ နှင်းဆီးခြံ စိုက်နေသော မမသိန်း၏ ပုံသဏ္ဍာန်သည် သနပ္ပင်မှာ စပါးလှေ့နေသော အမေ ငယ်စဉ်ကပုံနှင့် ဘာမျှ မခြားပေ။

'ညည်း စာမေးပွဲ ဘယ်တော့ ဖြေရမလဲ'

ကိုသန်းအောင်က တူမဖြစ်သူကို မေးလိုက်သည်။

'မတ်လလောက်မှ ဖြေရမှာပါ လေးလေးရဲ့၊ သမီးတို့က နောက်ကျတယ်၊ စံနစ်ဟောင်းလေ'

မမသိန်းသည် ရေနွေးကြမ်းနှင့် မြေပဲလှော်တချို့ကို လင်ပန်းထဲထည့်ကာ သူ့ရှေ့မှာ ချပေးလေသည်။

'ကဲ ဆိုစမ်း၊ နင် ဘာလိုချင်လဲ၊ ပိုက်ဆံချေးမလို့လား'

'မချေးပါဘူး မမရယ်၊ တောင်းမလို့ ဘောလုံးပွဲလောင်းတာ ငွေတစ်ရာရှုံးသွားတယ်ဗျာ၊ အေးကလဲ ခြေထောက်ယောင်လို့ စက်မနင်းနိုင်တော့ဘူး၊ မွေးတဲ့လကျရင် မိစုလဲ စာမေးပွဲပြီးမှာ၊ အိမ်မှာ လာနေပေးစမ်းပါဦး၊ အေးက မှာလိုက်သေးတယ်၊ အရင်တစ်ခါ မမသိန်း သုံးတယ်ဆိုတဲ့ မီးမကင်ဆေးက ဘာတံဆိပ်လဲတဲ့၊ ကြုံရင် ဝယ်ပေးစမ်းပါတဲ့'

'ဟဲ့ နင့်ဟာကလဲ များလှချည့်လား၊ ဖြည်းဖြည်းပြောစမ်းပါဦး၊ ဘာတွေမှန်းတောင် မသိတော့ဘူး'

ကိုသန်းအောင်က တစ်ခုချင်း ပြန်ပြောပြရသည်။

'ငါ့မှာ တစ်ရာတော့ မရှိဘူး၊ ငါးဆယ် ယူသွား၊ နှင်းဆီတွေ ပိုးကျလို့ ငါလဲ ဖတ်ဖတ်မောနေတာပဲ၊ မိစုကို ထည့်လိုက်ရင် ငါတစ်ယောက်ထဲ ထဘီတောင်နိုင်မှာ မဟုတ်တော့ဘူး၊ နင်က ငါ့ကို ကူမယ်တော့ စိတ်မကူး

www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့၊ နင်တို့လင်မယားနှစ်ယောက်လုံး ပြောင်းလာကြရင် ပြီးရော၊ နင်တ အရင်လို ရထားနဲ့ ရုံးတက်ပေါ့၊ နင့်မိန်းမလဲ အဖော်ရ၊ အိမ်လခလဲ သက်သာမယ်လေ'

'ဟာ မဖြစ်ပါဘူး မမသိန်းရာ၊ ဒီဘက်မှာ ညအချိန်မတော် ဗိုက်နာလာရင် ဘယ့်နှယ်လုပ်မလဲ'

'အမယ်၊ ငါ ဒီလိုပဲ မွေးနေတာပဲ၊ လက်သည်နဲ့ မမွေးချင်လဲ ဆေးရုံက ဆရာမကို မှာထားလို့ ရပါတယ်ဟဲ့'

'ဖြစ်ပ့ါမလား မမရာ၊ သားဦးဆိုတော့ ဆေးရုံမှာ မွေးမှ ကောင်းမယ်'

'ဒါဖြင့်လဲ နင့်သဘောပဲ၊ မိစုတော့ ထည့်လို့ မဖြစ်ဘူး၊ အမေ့ကို မှာချည်ပါလား'

'အင်း ဟုတ်သား၊ ဒီအချိန်ဆိုလဲ အမေတို့လဲ စပါးရောင်းပြီးလောက်ပြီ'

ကိုသန်းအောင်သည် ခလုတ်ထိမှ အမိတ ဆိုသော စကားကို သတိရလိုက်မိလေ၏။

'ဟုတ်တယ် ဟုတ်တယ်၊ အမေကတော့ မီးနေသည်လဲ ပြုစုတတ်မှာ၊ ကလေးလဲ ကြည့်တတ်မှာ၊ ပြီးရင် အမေ့ကို ချော့ပြီး ဆွဲထားရမယ်၊ ဒါမှ အေးလဲ စက်ပြန်ချုပ်နိုင်မှာ'

သူက ဝမ်းသာအားရ ပြောနေပြန်၏။

'နင့်ဟာကလဲဟယ်၊ နင့်ဖို့ချည်းပဲ၊ အမေကိုများ ပြုစုစောင့်ရှောက်မယ်တော့ မဟုတ်ဘဲနဲ့'

'အို မမကလဲ၊ အတူနေမှတော့ ပြုစုနိုင်တာပေါ့'

'အေးပါ၊ အမေက နင့်အိမ်မှာနေပြီး ငစိန်ဆန်နဲ့ စားနိုင်ပါလိမ့်မယ်၊ တစ်လနေရင် ကံကောင်း'



အမေသည် တောမှာနေသော်လည်း ကျန်းမာဖျတ်လတ်၏။ အမေတို့ ညီအစ်ကိုမောင်နှမတွေရှိရာ ကမာစဲတို့ မင်းရွာတို့ဘက်မှာ သားငါး ပေါသည်။ ငါးပိ ငါးခြောက် ပေါသည်။ ဆန်ကောင်းကောင်း စားရသည်။ ရန်ကုန်မှာ ခြိုးခြံချွေတာပြီး သမဝါယမဆိုင်မှ ခွဲတန်းနှင့် ထုတ်ပေးသော ဆန်ကွဲတစ်ဝက် ရောသည့် ငစိန်ဆန်ကို အမေ မစားနိုင်ပေ။

'ဒီလိုဆို ကျွန်တော်ပြန်တော့မယ် မမ၊ အမေ့ဆီပဲ စာရေးလိုက်တော့မယ်၊ မိစု စာမေးပွဲပြီးရင် လာလည်ဦးနော်'

'အေးပါ၊ တစ်နေ့တစ်ခါက်တော့ ငါ အကြည့် လွှတ်လိုက်ပါ့မယ်၊ ဟဲ့ နေဦး၊ နင့်အိမ်စားဖို့ ကင်ပွန်းရွက်နဲ့ ဗူးသီးတစ်လုံး ယူသွားဦး'

ကိုသန်းအောင်သည် သူ့အစ်မ ပေးသမျှကို တနင့်တပိုး သယ်ခဲ့လေသည်။ မိန်းမရသည့်တိုင် အမေနှင့် အစ်မ၏ အရိပ်အာဝါသအောက်က မလွတ်သေးသည့် အဖြစ်ကို သူ မတွေးအား။ ဗူးသီးတစ်လုံးနှင့် ကင်ပွန်းရွက် တစ်ပုံကြီးကို ပိုက်ကာ သူ ပြန်လာခဲ့လေသည်။

အိမ်ရောက်လျှင် အမေ့ဆီကို စာရှည်တစ်စောင် စီကာပတ်ကုံးရေးရပေမည်။ ဘာပဲဖြစ်ဖြစ် အမေလာသည်ဆိုလျှင် လက်ချည်းတော့ လာမည် မဟုတ်။ ဆန်ကအစ ငါးပိ ငါးခြောက် အဆုံး ပါလာပေလိမ့်မည်။ အနည်းဆုံး အမေ့ကို နှစ်လ သုံးလလောက် နေအောင်တော့ ဆွဲထားရမည်။ သို့မှသာ နို့စို့ကလေးကိုလည်း ကောင်းစွာ ပြုစုနိုင်မည်။ သူလည်း အလုပ် ဖြောင့်ဖြောင့် သွားနိုင်မည်။ ရန်ကုန်မှာ အမေ့ကို ပျော်အောင်ထားမှ။

သည်တစ်ခါက်တော့ အမေ့ကို ရွှေတိဂုံဘုရား လိုက်ပို့ရဦးမည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ယနေ့ ဦးဟန်တင်နှင့် မြင့်မြင့်ထွန်းတို့ ရုံးပြန်တက်၏။ အခန်းထဲတွင် လူစုံသဖြင့် စည်စည်ကားကား ဖြစ်၍နေသည်။ ဒေါ်ဥမ္မာကျော်ကလည်း ထူးထူးခြားခြား ရွှင်ပျတက်ကြွ၍ နေသည်။ ဦးဟန်တင်နှင့် ခပ်တည်တည် ကန္ဒြေရရ ဆက်ဆံပြီး မြင့်မြင့်ထွန်းကို အရောတဝင်ပြုသည်။ မအေးတင့်က လည်း ခါတိုင်းလို ဝန်တို မစ္ဆေရိယစိတ်ဖြင့် စူအောင့် ပုပ်သိုး၍မနေဘဲ ရွှင်ကြည် လန်းဆန်း၍ နေလေသည်။ ခင်ဆွေဝင်း တစ်ယောက်သာ စိတ်လက် မကြည်မသာ ပုံမျိုးဖြင့် နှုတ်ဆိတ်ငြိမ်သက်၍နေ၏။

တစ်ခါတစ်ရံတော့လည်း အိမ်ကအပူသည် ရုံးကိုပါလာတတ်ကြ၏။ တစ်ခါတစ်ရံတော့လည်း အိမ်ကပြဿနာများကို မေ့ပျောက်ကာ ရုံးမှာ ပျော်ရွှင်ကြည်နူးနေတတ်ကြသည်။ အိမ်က ပြဿနာများကို မေ့ပျောက်အောင် ကြိုးစားသူများထဲတွင် မရင်ရွှေတို့ မငွေရင်တို့ ကိုသန်းအောင်တို့က ထိပ်ဆုံးမှ ပါပေမည်။ များသောအားဖြင့်ကတော့ ရုံးကပြဿနာ ရုံးမှာပဲ ဖြေရှင်းကာ အိမ်ကပြဿနာကို အိမ်ရောက်မှ ရင်ဆိုင်သူက များလေ၏။

သည်နေ့တော့ ခင်ဆွေဝင်းနှင့် မအေးတင့်သည် အိမ်က ကိစ္စလေးတွေကို ရုံးမှာ ဆွေးနွေးမိကြသည်။ မအေးတင့်က အပြုံးအရယ်ဖြင့် ပြောသည်။ ခင်ဆွေဝင်းကတော့ မှိုင်တွေချ၍ ညည်းသည်။



'လူကတော့ ခပ်အေးအေးပါပဲ ဝင်းရဲ့၊ ဘာပဲပြောပြော ခုချိန်မှာ ကိုယ်တို့အိမ်မှာ ယောက်ျားသနာရယ်လို့ များများစားစား မရှိတော့ အားကိုးရတာပေါ့ကွယ်၊ ဘေးခန်းကလဲ မကြာခင် ဆင်းတော့မှာဆိုတော့ အတော်ပဲဖြစ်သွားတယ်လေ၊ တိုက်တိုက်ဆိုင်ဆိုင် ဝင်းရယ်၊ အဲဒီမနက်ကပဲ ဘေးခန်း က ကောင်မလေးနဲ့ ကိုယ်နဲ့ စကားများတယ်လေ၊ ကိုယ့်အိမ် ကိုယ် စကားပြောတာပဲ ဝင်းရယ်၊ ဆူသလေး ညံသလေးနဲ့၊ အလကား အားအားရှိ လင်ကို ကပ်ချွဲနေတဲ့ ကောင်မလေး၊ ဒါနဲ့ ကိုယ်ကလဲ ပြောပစ်တာပေါ့'

ခင်ဆွေဝင်းသည် မအေးတင့်၏ စကားကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်၍နေလေသည်။ သူ့ မျက်စိထဲတွင် သမ္ဗတရုံအောက်မှာ ရပ်လျက်ကျန်ရစ်သော မောင့်ကို မြင်ယောင်နေသည်။ မောင့်ဆီ ဖုန်းဆက်ရဦးမည်။ အိမ်မှာတော့ ဘာပြဿနာမှ မပေါ်သေး။ ဖေဖေကလည်း မောင် ပြောသလိုပင် ဘာမျှ မဟဘဲ ရေငုံ နှုတ်ပိတ်နေ၏။ သို့သော် တစ်ခုခုကို စီစဉ်ရန် ဖေဖေ အကြံထုတ်နေသည်ဟု ခင်ဆွေဝင်း စိတ်ထဲက ထင်နေသည်။ သည်ကြားထဲမှာ မောင်နှင့် မဆက်သွယ်သေးဘဲ ကန္ဒြေရရနေမှ ဖြစ်မည်။

'ခုတော့ သူတို့လဲ ဆင်းတော့မှာ၊ ကိုမောင်မောင်မြင့်အတွက် ဟန်ကျသွားတော့ပေါ့၊ ခုမနက်တောင် ကိုယ် ရုံးကိုလာတော့ သူကလဲ ထွက်တဲ့ အချိန်နဲ့ တိုက်လို့ ဘတ်စ်ကား အတူတူစီးလာရသေးတယ်'

'ဒီအတိုင်းဆို မင်းလဲ မကြာခင် စွံတော့မှာပေါ့'

ခင်ဆွေဝင်းက မကောင်းတတ်၍ တစ်ခွန်းဝင်ပြောရသည်။

'အို မဟုတ်တာကွယ်. . . ၊ ကိုယ်က မစဉ်းစားပါဘူး၊ အစ်ကိုကြီး သူငယ်ချင်းဆိုတော့ ခင်တာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



မအေးတင့်က ရှက်စနိုးဟန်ဖြင့် ဆိုလေသည်။

ခင်ဆွေဝင်းက သူ့ကိုစွ သူတွေးကာ သက်ပြင်းချမိ၏။

'ဪ ဒါထက် မေးရဦးမယ်၊ ဝင်းတို့ ဆန်းဒေးက ရုပ်ရှင်ကြည့်ဖြစ်လား'

'ဟင်း၊ မပြောပါနဲ့တော့ မအေးတင့်ရယ်'

'အမယ် ဆိုစမ်းပါဦး၊ ဝင်း မျက်နှာလဲ မကောင်းဘူး၊ ဘယ်လိုလဲ ပြောစမ်းပါဦး'

ခင်ဆွေဝင်းက သူ့အဖြစ်ကို အတိုချုံး၍ ပြောပြသည်။ မအေးတင့်က စိတ်ဝင်စားဟန်ဖြင့် နားထောင်ပြီး ဝမ်းမြောက်ဝမ်းသာ အကြံဉာဏ်ပေးသည်။

'အမလေး ဝင်းရယ်၊ ကိုမျိုးပြောလဲ ပြောစရာ၊ ဒါများ စိတ်ညစ်စရာ မှတ်လို့၊ အိမ်က သိတော့လဲ ဘာဖြစ်လဲ ယူလိုက်ကြရုံပေါ့၊ ပြဿနာမှ မဟုတ်တာ'

မအေးတင့်ကတော့ ခင်ဆွေဝင်းကို သူ့ချစ်သူနှင့် ရစေချင်၏။ အခြားကြောင့်တော့ မဟုတ်။ ခင်ဆွေဝင်း၏ချစ်သူ ကိုမျိုးအောင်သည်လည်း မန်နေဂျာတစ်ယောက်ပင်ဖြစ်ရာ ကိုမောင်မောင်မြင့်နှင့် အဆင့်ချင်း တူတူလောက်ပင် ရှိမည်။ သည်တော့ သည်မှာဘက်တွင် ပြိုင်လျှင် အရှုံးမရှိနိုင်တော့။ ခင်ပပကတော့ နိုင်ငံခြားပြန် ဆရာဝန်ကြီးနှင့် စေ့စပ်ထားသည်ဆိုတော့ ပြိုင်၍ မဖြစ်တော့ပေ။

'မအေးတင့် မသိဘူးနော်၊ ဖေဖေက ဝင်းကို မောင်နဲ့ သဘောတူမှာ မဟုတ်ဘူး၊ ဖေဖေက တစ်ယောက်ယောက်နဲ့ ပြုန်းစားကြီး ကောက်ပေးစားလိုက်ရင် ဒုက္ခ'

'ဒီတော့လဲ ဘာခက်တာလိုက်လို့ ဝင်းရယ်၊ ကိုမျိုးနဲ့ နှစ်ဦးသဘောတူ လက်ထပ်လိုက်ပေါ့'



'ဒီလိုဆိုတော့ မေမေတို့က ဝင်းကို အမွေဖြတ်မှာ၊ မမက သာဆိုးသေး'

'အမွေဖြတ်လဲ ခဏပေါ့ကွာ၊ ဝင်းတို့မှာ ညီအစ်မ နှစ်ယောက်တည်း ရှိတာပဲ၊ တာရှည် ပစ်မထားပါဘူး'

'ဝင်းကတော့ ကြောက်တယ် မအေးတင့်ရယ်'

'ဘာကို ကြောက်တာလဲ'

'ဝင်း ဆင်းဆင်းရဲရဲ မနေနိုင်ဘူး'

မအေးတင့်က ခင်ဆွေဝင်း မမြင်အောင် နှုတ်ခမ်းမဲ့ပစ်သည်။ မျက်နှာချင်းဆိုင် စကားပြောနေရင်းကပင် တစ်ဖက်လူကို တစ်ယောက်တည်း အတင်းပြောတတ်သော မအေးတင့်ပင် ဖြစ်လေ၏။

'ဒီလိုဆို ဝင်း ချစ်တယ်ဆိုတာ အလကားပေါ့'

'အို ဒီလိုလဲ မဟုတ်ပါဘူး'

သူတို့ အခန်းထဲကို လူကြီးတစ်ယောက် ဝင်လာသဖြင့် ခေတ္တမျှ စကားပြတ်သွားကြလေသည်။

ဒေါ်ဥမ္မာကျော်ကတော့ ဣန္ဒြေရစွာပင် ခေါင်းကိုငုံ့၍ အလုပ်ရှုပ်နေ၏။ ဦးဟန်တင်က အလုပ်ကျွေးများကို ရှင်းရန် မြစမ်းရည်နှင့် မရင်ရွှေကို ခေါ်ပြီး ညွှန်ကြားစေခိုင်းလျက်ရှိသည်။ သာထွန်းဦးသည် မြစမ်းရည်၏ စားပွဲဘက်ကို လှည့်ကာ လက်နှိပ်စက်ကို ဟိုရိုက်သည်ရိုက် လျှောက်ရိုက်နေလေသည်၊ မြစမ်းရည်ပြန်လာတော့ အလုပ်တွေ တစ်ထပ်ကြီး ပါလာ၏။

'နှင် အိုဟာတိုင် ဆင်းရဦးမှာလား'

'ဒီအတိုင်းဆိုရင်တော့ ဆင်းရမှာပဲ'

မြစမ်းရည်သည် စားပွဲမှာထိုင်ပြီး ဇက်ကြောကို တစ်ချက်မျှ ဆန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'နင် ဆယ်တန်းအောင်အောင် ပြန်ဖြေစမ်းပါဟယ်၊ နင့်ကြည့်ရတာ မသက်သာလိုက်တာ၊ ဒီလက်နှိပ်စက်ရိုက်တဲ့အလုပ်ကို မလုပ်ပါနဲ့တော့'

သာထွန်းဦးက ကရုဏာဖြင့် ပြောသည်။

'ကိုယ့်ဘဝ အကျိုးပေးနဲ့ ကိုယ်ပဲဟယ်၊ ငါတော့ စာပြန်ကျက်ချင် စိတ်လဲ မရှိတော့ပါဘူး၊ ဈေးရောင်းစားရ ကောင်းမလား စိတ်ကူးတာပဲ'

'ဘာရောင်းမှာလဲ'

'ဟင်းရွက်သည်သမီးက ဟင်းရွက်ပဲ ရောင်းမှာပေါ့ဟဲ့၊ ကီလီဈေးမှာ ရောင်းရရင်တော့ ဟန်မှာပဲ'

'အောင်မယ် နင့်လိုပုံနဲ့ ကီလီဈေးမှာ ထိုင်မလို့လား၊ ငါပြောလိုက်ရ မကောင်းဘူး'

မြစမ်းရည်က အနားမှ ပေတံဖြင့် သာထွန်းဦးကို ရိုက်လိုက်လေသည်။

'ဘာဖြစ်လဲ ထိုင်တော့'

'နင်ကလဲ ငါက စေတနာနဲ့ပြောတာပါ၊ အေးလေ၊ ငါကလဲ ရာထူးက မတိုးသေးတော့'

'ရာထူးတိုးတော့ ဘာလုပ်မလို့လဲ'

သာထွန်းဦးက မြစမ်းရည်ကို ရယ်ကျဲကျဲဖြင့် ကြည့်သည်။

'ရာထူးတိုးတော့ နင့်ကို ယူမလို့နေမှာပေါ့'

ဘေးက မရင်ရွှေက ဝင်ပြော၏။ မြစမ်းရည်က သာထွန်းဦးကို စက္ကူလိပ်ဖြင့် ခေါက်ပြန်သည်။

'တော်ပါပြီ အစမရယ်၊ သူတောင်မှ ငွေကို လူစေ့အောင် ချေးသုံးနေရတာ'

သာထွန်းဦးက ရယ်နေ၏။ သာထွန်းဦးတို့ ဘိုင်ကျလျှင် တော်ရုံလူ မရိပ်မိ။ သူက လည်သည်။ ငွေလိုလျှင် တစ်ယောက်ယောက်ဆီကို 'တစ်ဆယ်



ခဏပေးပါ၊ တစ်ရက် နှစ်ရက်နေရင် ပြန်ပေးမယ်' ဆိုပြီး ချေးသည်။ နှစ်ရက်ခန့်ကြာတော့ တခြားလူဆီက ထိုနည်းအတိုင်းချေးပြီး ပထမလူကို ဆပ်သည်။ ဤနည်းဖြင့် ကတိမပျက်ဘဲ ငွေကို လှည့်သုံးရလေသည်။

ခဏကြာတော့ သာထွန်းဦးသည် မယောင်မလည်နှင့် ရုံးအောက်ကို ဆင်းသွားလေသည်။ နေ့လယ် ထမင်းစားချိန် ရောက်လာ၍ ရုံးပေါ်မှလူတွေ တစ်စတစ်စ ပျောက်သွားသည်။ ဒေါ်ဥမ္မာကျော်သည် သားရေအိတ်ကို လွယ်ကာ ခပ်မော့မော့လေး ဆင်းသွားလေသည်။

'အဘွားကြီးကြည့်ရတာ ဒီနေ့ တစ်မျိုးပါလား၊ ရှိုးကလဲ အပြည့်ပဲ'

မရင်ရွှေက သတိထားမိဟန်ဖြင့် ပြောလေသည်။ သူတို့ရှေ့ တစ်ခုံကျော်မှ မြင့်မြင့်ထွန်းက နေရာမှ ထလာသည်။

'အဲဒါဘာဖြစ်လို့လဲ သိလား၊ သူ့ကိုယ်သူ စွံတော့မယ်ထင်ပြီး အားတက်နေတာလေ၊ မြင့်မြင့်က မသိပါဘူး၊ နောက်မှ ကိုကို ပြောလို့သိတာ၊ ကိုကို့ သူငယ်ချင်း ဆရာဝန်က ကျောက်ကုန်းမှာ ဆေးခန်းဖွင့်လို့ ဒေါ်ဥမ္မာကျော်နဲ့ နီးတယ်ဆိုပြီး သွားပြလည်တယ်တဲ့၊ သူ့ဆေးခန်းက အသစ်ဆိုတော့ မိတ်ရအောင်ပေါ့လေ၊ အဲဒါ ဒေါ်ဥမ္မာကျော်က သူ့ကိုကြိုက်လို့ သွားတယ် ထင်နေတာ၊ ဟိုက ဘယ်ကြိုက်ပါ့မလဲ၊ သူ့ထက် ငါးနှစ်လောက် ငယ်တာ'

မြင့်မြင့်ထွန်းနှင့် ဒေါ်ဥမ္မာကျော် မတည့်မှန်းသိ၍ မြင့်မြင့်ထွန်း စကားကို သိပ်မယုံကြပေ။ သို့သော် ဒေါ်ဥမ္မာကျော် ထူးထူးခြားခြားဖြစ်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။

'မြင့်မြင့်တို့ ဧည့်ခံတဲ့နေ့က တွေ့တဲ့ ဆရာဝန်လား၊ အဲဒီနေ့ကတော့ ဒေါ်ဥမ္မာကျော်ကို ငမ်းနေလိုက်တာ တအားပဲ'

မြစမ်းရည်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



‘အင်း အင်း၊ ဟုတ်တယ်၊ ကွယ် ဟိုက သိပ်စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ သူက ဆင်တာ ပြင်တာ ထူးခြားတော့ ကြည့်တာပေါ့၊ ကိုကိုက သူ့သူငယ်ချင်းကို တမင် စ နေတာ၊ တကယ့် တကယ်တော့ သက်တူရွယ်တူ ဒါမှမဟုတ်လဲ ကိုယ့်ထက်ငယ်တာပဲ ကြိုက်မှာပေါ့၊ ဟုတ်ဘူးလား’

မြစမ်းရည်တို့ကတော့ တိတ်ဆိတ်စွာ နားထောင်နေလိုက်သည်။ တကယ်တော့လည်း ဦးဟန်တင်ကို ဒေါ်ဥမ္မာကျော်လက်ထဲမှ သူ့ဘက် ပါအောင် ဆွယ်သွားသည်ကို သိနေသဖြင့် ငြိမ်နေကြခြင်း ဖြစ်သည်။ သူ့ကို ဘယ်သူကမှ မထောက်ခံသဖြင့် မြင့်မြင့်ထွန်းက သူ့နေရာကို ပြန်သွားလေသည်။

ကိုဘဆွေတို့ ဦးချစ်မောင်တို့ဘက်မှ ကမာရွတ် မီးလောင်သည့် သတင်းကို ပြောနေသံ ကြားရသည်။ ရုံးမှ ဌာနခွဲစာရေးကြီး ဦးလှခင်၏ အိမ်ပါသွားသဖြင့် ကူညီထောက်ပံ့ရန် ငွေလိုက်ကောက်နေကြသည်။

ခဏအကြာတွင် စီမံရေးရာဌာနမှ ဦးစံပ အခန်းထဲကို ဝင်လာလေသည်။

‘မတင်အေးရဲ့အမေ ဆုံးသွားလို့ အသုဘကား ၂ နာရီ ရုံးအောက်ကို ရောက်မယ်၊ လိုက်ပို့ချင်သူရှိရင် ဆင်းကြပါ’

မတင်အေးသည် မြစမ်းရည်တို့လိုပင် လက်နှိပ်စက် စာရေးမလေး တစ်ယောက် ဖြစ်လေသည်။

‘ဒီလိုဆို လိုက်ပို့ဦးမှ ကောင်းမှာပေါ့’

‘ဟုတ်တယ်၊ မပို့လို့ ဘယ်ဖြစ်မလဲ’

‘အေးဟယ် သနားပါတယ်၊ သူ့မှာ ဒီအမေကြီး အားကိုးနေရတာ၊ အဘွားကြီးမရှိရင် သူ့ကလေးတွေ ကြည့်မယ့်လူမရှိလို့ ရုံးတက်ဖို့တောင် အခက်ပဲ’



‘တို့နဲ့ ဖယ်ရီတစ်စီးတည်း အတူစီးတာ လိုက်ပို့ဦးမှပဲ၊ အပြန်ကျရင် ဟံသာဝတီ အဝိုင်းနားကဆင်းပြီး ၁၂ စီးပြီး အိမ်ပြန်မယ်၊ အတော်ပဲ’

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ကြားလိုက်ရလေသည်။

သို့ဖြင့် အတန်ကြာသောအခါ ရုံးခန်းထဲ လူတစ်ဝက်ခန့်သည် အသုဘ ပို့ရန် ရုံးအောက်သို့ ဆင်းသွားကြလေသည်။

‘ရန်ကုန်မြို့မှာ အသုဘဖြစ်ရတာ လွယ်တာ မဟုတ်ဘူး၊ အလောင်း မြေကျဖို့က အတော်ကြိုးပမ်းရတာ၊ ခေါင်းဝယ်ဖို့၊ အသုဘကားငှားဖို့၊ မီး သင်္ဂြိုဟ်တဲ့နေရာမှာ တန်းစီဖို့၊ အားလုံး သေချာမှ အသုဘပို့မယ့် အချိန် နာရီကို သတ်မှတ်လို့ ဖြစ်တာကလား’

‘ဒါကြောင့် ပြောကြတာပေါ့၊ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်တဲ့၊ အသုဘ တစ်ခါလောက် ဖြစ်ဖူးရင်တော့ အတော် လည်လည်ဝယ်ဝယ် ရှိသွားတာပဲ၊ တလောက ကျွန်တော့်ဘကြီးတစ်ယောက် သေသွားတာ အတော် သိသွားတယ်ဗျို့၊ အချက်သိတော့လဲ လွယ်သားပဲဗျ၊ အားလုံး အပြီးအစီး တာဝန်ယူလုပ်ပေးတဲ့လူ ရှိတာကပဲ’

‘ဟုတ်တယ်ဗျို့၊ တချို့ မတတ်နိုင်တဲ့လူများကျတော့ တစ်ခါတည်း မသာပွဲစားဆီ အပ်လိုက်ရင် ရက်လည်ဆွမ်းကျွေး ပြီးတဲ့အထိ ကိစ္စငြိမ်းရော တဲ့၊ အမြတ်တောင်ရသေးဆိုပဲ’

အသုဘပို့သည့် ကားပေါ်မှာ တစ်ယောက်တစ်ပေါက် ပြောသံများ ဆူညံနေသည်။ မတင်အေး၏ မိခင်က ဆေးရုံမှာ ဆုံးသဖြင့် ရေခဲတိုက်ရှေ့မှ ကြံတောသုသာန်သို့ ပို့အောင်သင်္ဂြိုဟ်ရသည်။ အလောင်းကို ရေခဲတိုက်မှ ထုတ်ပြီး သုတ်သင်ရှင်းလင်းဖို့ ပြင်ဖို့ဆင်ဖို့ လူငှားရသည်။ မတင်အေးမှာ ကလေးက များပြီး လင်မယားနှစ်ယောက်လုံး လစာနည်း ဝန်ထမ်းများ ဖြစ်၍ ငွေမတတ်နိုင်။ ရုံးသူရုံးသားတွေက ဝိုင်းဝန်းကူညီရ၏။ မျက်နှာကြီး

www.burmeseclassic.com

www.burmeseclassic.com



အသုဘတစ်ခုနှင့် တိုက်ဆိုင်နေသဖြင့် သရဏဂုံတင်ဖို့ အလှည့်ကို အတော် ကြာစောင့်ရသည်။

လူတွေမှာ သေသည်အထိပင် အဆင့်အတန်း ကွာခြားမှုက ရှိနေသေး၏။ အသုဘယာဉ်ကြီးတွေမှာ အဖိုးနှုန်းထားကိုလိုက်၍ အစားစား ရှိသည်တဲ့။ ပန်းခွေများများပါသော အသုဘသည် ကျန်ရစ်သူ ဆွေမျိုးတွေထဲမှာ မျက်နှာရှိသူ ဂုဏ်ရှိသူတွေ ပေါများကြောင်း သိသာစေ၏။ ဘာပဲပြောပြော အသုဘပို့သူတွေကတော့ ကြဲတော သည်ဘက်မှဝင်ပြီး ကားပေါ်မှ မဆင်းဘဲ ဟိုဘက်က ပြန်ထွက်ကာ ကိုယ့်အိမ်ကို စောစွာ ပြန်ကြသူချည်းပင်။

မတင်အေး၏ အမေကိုတော့ ရုံးကလူတွေ တစ်ခါမျှ မမြင်ဘူးပေ။ သို့သော် ဘတ်စ်ကား သုံးစီးစာသောလူများဖြင့် လှပစွာ ပို့ဆောင်သင်္ဂြိုဟ်ရလေ၏။ ရုံးမှ အမျိုးသမီးတွေသည် ခြင်းလေးတွေ ကိုယ်စီကိုင်ကာ ရုံးပေါ် ပြန်မတက်ဘဲ အိမ်ဘက်ပြန်ရမည့်လမ်းကို တိုင်ပင်နေကြလေသည်။

သုသာန်တွင်းမှာ အသုဘယာဉ် နှစ်စင်း ဆုံနေသဖြင့် မီးသင်္ဂြိုဟ်ရန် စောင့်ရသေးသည်။

နွေ၏ အငွေ့အသက်သည် ပြင်းပြပူလောင်စွာ ရိုက်ခတ်လျက်ရှိ၏။ ကြဲတောသုသာန်အတွင်းဝယ် ဘဝ၏ နိဂုံးအတွက် ငိုကြွေးနှုတ်ဆက်နေသူတွေ၏အပူမီးဖြင့် ပို၍ ပူလောင်နေ၏။ မီးသင်္ဂြိုဟ်သည့်စက်ခန်းမှ တစ်ဒင်္ဂ အတွင်း လူ့ခန္ဓာကိုယ်ကို လောင်မြိုက် ပြာကျစေသော သဘောတရားသည် ပြင်ပမှ သွားလာ ပြုံးရယ်နေသူတွေကို လှောင်ပြောင်လျက်ရှိ၏။ မီးခိုး ခေါင်းတိုင်မှ အူထွက်လာသော အငွေ့မည်းမည်းများသည် တိမ်ယံထဲမှာ ပျံ့နှံ့ကွယ်ပျောက်သွားကြသည်။ လွမ်းသူ့ပန်းခွေများပင် မနွမ်းတတ်သေး ပါတကား။



ကျန်ရစ်သူ မိသားစုသည် ခေါင်းပေါ်မှာ လွှမ်းခြုံပေးခဲ့သောလုံချည်ကို ခေါက်သိမ်းနေလေသည်။ ကားပေါ်မှလူတွေသည် ချွေးတိတ်စေသော ငှာ အသုဘရှင်က ကမ်းသော ယပ်တောင်ဖြင့် တဖျပ်ဖျပ်ခတ်လျက် ရှိကြလေ၏။ အချို့ကလည်း နေရောင်မလာစေသောငှာ နဖူးရှေ့မှာ ကာ၍ ထားကြသည်။ ကားအချို့သည် အသုဘ မြေမကျခင်ကပင် လျင်မြန်စွာ ပြန်လည် ထွက်ခွာသွားကြလေပြီ။

မတင်အေးသည် အသုဘပို့ဆောင်သော ဘတ်စ်ကားပေါ်မှာပင် တရှုံ့ရှုံ့ငိုရင်း လိုက်ပါလာရှာ၏။ မီးသင်္ဂြိုဟ်ရာနေရာရောက်မှ ကားပေါ်မှ ပြေးဆင်းသွားလေသည်။ ကျန်သည့် သူငယ်ချင်းများက ဝိုင်း၍ ဆွဲကြရ၏။ သူငိုကြွေး၍ မဆုံးခင်မှာ အလောင်းက သံစင်ပေါ် ရောက်နေပြီ။ အလောင်းတင်သော သံခုတင်ငယ်သည် အင်္ဂတေလမ်းပေါ်မှာ တဖြုန်းဖြုန်းမြည်ရင်း မီးသင်္ဂြိုဟ်ရာအခန်းထဲ ပြေးဝင်သွားလေသည်။

မတင်အေးတစ်ယောက် မြေပြင်ပေါ် ခွေကျသွားရှာ၏။ ငိုကြွေးရင်း တက်သွားသဖြင့် ဝိုင်းဝန်းနှိပ်နယ်ကြရသည်။

သို့သော် မတင်အေး ကြာကြာမတက်လိုက်ရပေ။ နောက်မှ မီးသင်္ဂြိုဟ်မည့် အသုဘယာဉ်တစ်စင်း ထပ်ရောက်လာ၍ နေရာမှ ဖယ်ရှားပေးလိုက်ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

ဦးဟန်တင်အနေဖြင့်တော့ ကားဝယ်ခွင့် မရသေးပေ။ ဦးဟန်တင်၏ ဦးလေး အရာရှိတစ်ယောက်က ကားဝယ်ခွင့်ရသည်။ သို့သော် လက်ငင်းပေးသွင်းရမည့်ငွေကို အကြေမပေးနိုင်။ ထိုငွေကို ဦးဟန်တင်တို့ စိုက်၍သွင်းထားသည်။ ထို့ကြောင့် လောလောဆယ်တော့ ဦးဟန်တင်တို့က ထိုကားကို သုံးနေရလေသည်။ ရုံးသွားရုံးပြန်မှာ သူ့ဦးလေးကို ဝင်ကြို ဝင်ပို့ပေးရသည့် တာဝန်ကတော့ ပိုသည်။ သူတို့က တောင်ဥက္ကလာမှာ နေသည်။ ဦးလေးက သုဝဏ္ဏမှာ နေလေသည်။

မြင့်မြင့်ထွန်း၏ အလိုကျ အိမ်ခွဲနေရသဖြင့် အနေအထိုင် နည်းနည်းဆင်းရဲသွားသည်။ ဦးဟန်တင်တို့ကအစက ပါရမီမှာ နေသည်။ သူ့အဖေကလည်း အရာရှိကြီးတစ်ဦးပင်။ မွေးချင်း သုံးယောက်မှာ ဦးဟန်တင်က လူပျိုကြီးဖြစ်ကာ နောက်ဆုံးမှ အိမ်ထောင်ကျသည်။ သူ့ထက်ဦးသူအိမ်ထောင်သည်များက အိမ်ပေါ်မှာ ရောက်နေ၍ သူ ဆင်းပေးရသည်။ သို့မဟုတ်လျှင်လည်း မြင့်မြင့်ထွန်းက ငယ်ဂုဏ်မောက်သည်။ အလုပ်ခွင်မှာ နေရာမကျသေးသော်လည်း သူက အမ်အေ ဘွဲ့ရပြီးသား။ သည်တော့ သူ့ကိုယ်သူ အထင်ကြီးသည်။



များသောအားဖြင့်ကတော့ အလုပ်ခွင်ရောက်မှ အိမ်ထောင်ကျပြီဆိုလျှင် သာမန် စာရေးစာချီနှင့်သာ ရကြသူများသည်။ အရာရှိ လုံ့ပျိုလူလွတ်ကလည်း ရှားသည်။ အချို့ဆိုလျှင်လည်း အိမ်ထောင်သည်တွေနှင့်ပင် မရှင်းမရှင်းဖြစ်ကာ နာမည်ပျက်ပြီး အလုပ်ကို ကျောခိုင်းသွားရတတ်သည်။ မြင့်မြင့်ထွန်းကတော့ သဘောကောင်းသော အရာရှိ လူပျိုကြီးကို ရ၍ရုံးလောကမှ အမျိုးသမီးများအလယ်တွင် မျက်နှာပွင့်လေသည်။

သို့သော် မြင့်မြင့်ထွန်းက မကျေနပ်သေး။ အထူးသဖြင့် သူ အနိုင်ရခဲ့ပြီဖြစ်သော ဒေါ်ဥမ္မာကျော်ကိုပင် မကျေနပ်နိုင်သေး။ သည်ကနေ့ပဲ ရုံးစတက်သည်။ သည်ကနေ့ပဲ ခံပြင်းစရာနှင့် ရင်ဆိုင်ရသည်။ သူတို့ ရုံးတက်မည့် နေ့မှန်းသိ၍ ဒေါ်ဥမ္မာကျော်က အထူးတလည် ပြင်ဆင်ဝတ်စားလာသည်။ မြင့်မြင့်ထွန်းကတော့ ထိုသို့ပင် တပ်အပ်တွေးသည်။ ပြီးတော့ တမင်ပင် ရွှင်ပျ မြူးတူးဟန်ကို ဆောင်၍ ထားသေးသည်။ သူ့ကိုလည်း အရောမဝင်စဖူး ဝင်ကာ ဘာမှုမဖြစ်သလို ပုံစံမျိုးဖြင့် ရင်းနှီးခင်မင်စွာပြုမူပြောဆိုသည်။ သည်တော့ မြင့်မြင့်ထွန်းက တွေးသည်။ ဒေါ်ဥမ္မာကျော်ကဆရာဝန်ကတော် ဖြစ်တော့မည်ဆိုပြီး သူတို့ထက်သာတာ ရတော့မှာမို့ဘာမှု မနာလိုဖြစ်စရာမရှိဘူး ဟူသည့် သဘောမျိုး ပြုမူခြင်းသာ ဖြစ်မည်။ လူဆိုသည်ကလည်း မိမိကို သူတစ်ပါးက မနာလိုဖြစ်လေ မရှုစိမ့်လေဝမ်းသာအားရ ဖြစ်လေပင်။ ယခုတော့ ရည်ရွယ်ချက် မအောင်မြင်သဖြင့်အရသာပျက်သည်။ ကိုယ်ကပင် သူ့ကို ပြန်ပြီး မနာလို ဖြစ်ရတော့မလိုလို။

တွေးမိလျှင် သူ့ခင်ပွန်း ဦးဟန်တင်ကိုပင် သိပ် မကျေနပ်ချင်။ ယခင်က ဒေါ်ဥမ္မာကျော်က တစ်ဖက်သတ် ကြိုက်နေခဲ့သည်ကို ခွင့်လွှတ်နိုင်သေးသည်။ ဦးဟန်တင်ကလည်း လူပျိုလူလွတ်မို့ မထိတထိ ဆက်ဆံခဲ့သည်မှာလည်း ထားပါတော့။ ယခုတော့ ဦးဟန်တင်က သံဓယာဇဉ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် သူငယ်ချင်း ဆရာဝန်နှင့် ဆက်သွယ်ပေးခဲ့သည်ကို မြင့်မြင့်ထွန်းက ဘဝင်မကျပေ။ ဖြစ်နိုင်လျှင် သူက ဒေါ်ဥမ္မာကျော်ထက် အမြတ်မ်း အသာစီး ရလို၏။

သုဝဏ္ဏမြို့သည် သစ်ရိပ်ကျဲသော နေရောင်အောက်မှာ ခြောက်သွေ့ ပျင်းရိစွာ ရပ်တည်နေ၏။ လမ်းမကြီးပေါ်မှာ ရှားရှားပါးပါး ဘတ်စ်ကား တစ်စီးတလေကိုသာ တွေ့ရ၏။ ရုံးကြို ကားတစ်စင်း ရပ်ကာ အမျိုးသမီး တစ်စုကို ချပေးနေသည်။ ကုန်သွယ်ရေးမှ ပဲဂိုထောင်ကြီးသည် နေရောင် လဲ့လဲ့မှာ မြင့်မားစွာ အထီးထီးရပ်လျက်ရှိသည်။

မြင့်မြင့်ထွန်းသည် ကားပေါ်မှ တိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာ သည်။ ဦးဟန်တင်သည် ကားမောင်းရင်းမှ နောက်ခန်းမှာ ထိုင်နေသော မြင့်မြင့်ထွန်းကို မကြာမကြာ လှည့်ကြည့်၏။ မြင့်မြင့်ထွန်း တစ်ယောက် ငြိမ်သက်တွေဝေနေပြီဆိုလျှင် တစ်ခုခုကို အလိုမကျမှန်း သိသာ၏။ ယနေ့ နေ့လယ်အထိတော့ မြင့်မြင့်ထွန်းသည် ရုံးမှာ ခါတိုင်းလိုပင် စကားအမျှင် မပြတ် ပြောနေခဲ့သည်။ ညနေ ရုံးဆင်းခါနီးတွင်တော့ သူ့မျက်နှာ ညှိုးနေ ၏။ ရုံးပေါ်မှ ဆင်းလာသည်အထိ စကားတစ်ခွန်းမျှ မပြော။ ကားပေါ် တက်ခါနီးအထိလည်း ဘာမျှ မပြော။ ယခုလည်း ရှေ့ကို မကြည့်ဘဲ နောက် ခန်းမှာ ငေးမော လိုက်ပါလာသည်။ ဘေးမှာ ဦးလေး ပါလာ၍ ဦးဟန်တင် ဘာမျှ မပြောသာပေ။ ကားကိုသာ ဂရုစိုက် မောင်းလာခဲ့၏။ လက်ဝဲဘက် ကို ချိုးကွေ့လိုက်သည်။

ခေတ်မီ သပ်ရပ်သော တိုက်လေးရှေ့မှာ ကားကို ရပ်ပေးလိုက်သည်။ အရာရှိ အရာခံတို့၏ အိမ်ခြေ တိုက်တာလေးများသည် နေရောင်အောက် မှာ ငြိမ်ဝပ်စွာ တန်းစီနေကြသည်။ လမ်းတစ်ခုသာခြားသော ဟိုမှာဘက် နှင်းဆီကုန်းရပ်ကွက်တွင်မူ တဲအိမ်ငယ်များ ပြွတ်သိပ်နေ၏။



ဦးဟန်တင်သည် ကားကို စက်မရပ်ဘဲ မြင့်မြင့်ထွန်းကို လှည့်ကြည့် သည်။ မြင့်မြင့်ထွန်းက သူ့ကို မကြည့်။ တစ်ဖက်ကို လှည့်နေသည်။ သည် တော့လည်း မြင့်မြင့်ထွန်း တကယ် စိတ်ကောက်နေမှန်း ဦးဟန်တင် သိပြီ။ ခါတိုင်းဆိုလျှင် သူ့ဘေးမှာ နေရာလွတ်သွားသည်နှင့် တစ်ပြိုင်နက် မြင့်မြင့် ထွန်းက ရှေ့ခန်းကို ပြောင်းလဲစမြဲ။

မြင့်မြင့်ထွန်း စိတ်ကောက်သည်မှာ အဆန်းတကျယ်တော့ မဟုတ်။ လက်ထပ်ပြီးသည့် တစ်လအတွင်းမှာ အခါငါးဆယ်လောက် စိတ်ကောက် ပြီးပြီ။ မြင့်မြင့်ထွန်းက သူ့ထက် ခုနစ်နှစ်ခန့် ငယ်သည်ဆိုတော့ ဦးဟန်တင်က အမြဲ အလျှော့ပေးရသည်။ ပါရမီမှာ ၃ ရက်ခန့် နေရသည်ကိုပင် ညီ၏ မိန်းမ နှင့် ညီမကို တည့်အောင် မပေါင်းပေ။ အထူးသဖြင့်တော့ မြင့်မြင့်ထွန်း သည် မိန်းမများနှင့် မတည့်တတ်ချေ။

သည်တစ်ခါတွင်တော့ ဦးဟန်တင်သည် စိတ်တိုတိုနှင့် ကားကို ဆောင့်၍ မောင်းထွက်ခဲ့သည်။ ဖုန်လုံးများ တလိမ့်လိမ့်ကျန်ခဲ့၏။ ဦးဟန်တင် နောက်ကို လှည့်ကြည့်သည်။ မြင့်မြင့်ထွန်းက မကြည့်။ ဝေးဝေးတွင် လှမ်းမြင်နေရသော ရွှေတိဂုံစေတီတော်သို့ ငေးမျှော်နေသည်လား မသိ။

ဝေဇယန္တာလမ်းမပေါ် ပြန်ရောက်လာ၏။ ဦးဟန်တင်က ကားကို ရပ်ပြီး ဝက်ဆီဖတ်ကြော် ဆင်းဝယ်သည်။ မြင့်မြင့်ထွန်းကို ပေးသည်။ မြင့်မြင့်ထွန်းက လက်ကို မလှမ်းချင် လှမ်းချင် လှမ်းသည်။

'ရှေ့ခန်းကို မလာဘူးလား'

'မလာဘူး'

'ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

'လာပါ'

www.burmeseclassic.com

www.burmeseclassic.com



'မလာပါဘူး'

'လာဆိုလာခဲ့၊ ဟိုမှာ သူများတွေကြည့်နေတယ်'

'ကြည့်ကြည့်၊ မလာဘူးဆိုမှပဲ'

'မလာရင် ကိုယ်လဲ ဒီက မထွက်တော့ဘူး'

ဦးဟန်တင်သည် ရှေ့ခန်းသို့သွားကာ အေးအေးဆေးဆေး ထိုင်နေလေသည်။ မြင့်မြင့်ထွန်းက နောက်မှ ကားမှန်ကို သာသာထုသည်။ ဦးဟန်တင် လှည့်မကြည့်။ မြင့်မြင့်ထွန်း ရှေ့ကို ပြောင်းလာရတော့သည်။ ဝက်ဆီဖတ်အကြော်တဲမှ လူများက သူတို့ကို ကြည့်နေကြ၏။ ဦးဟန်တင် ကားကို ဖြည်းဖြည်းမောင်းထွက်သည်။

'ဘာဖြစ်နေတာလဲ၊ လမ်းမှာ စိတ်ကောက်နေတာ မရှက်ဘူးလား'

'မရှက်ပါဘူး၊ ကိုယ့်ဘာသာ ကောက်ချင်လို့ ကောက်တာပဲ'

'ကောက်စရာ ဘာအကြောင်းရှိလို့လဲ၊ ကိုယ်လဲ ဘာမှ မလုပ်ရပါလား၊ ဒီနေ့မှ ရုံးပြန်တက်တယ်'

'ဒီနေ့မှ ရုံးပြန်မတက်ပေမယ့် ရုံးမတက်ခင် အိမ်ကို တစ်ခေါက်သွားသေးတယ် မဟုတ်လား'

'ဩော် မြင့်ကလဲ ဒါပဲပြောနေ၊ ကိုစိုးသိမ်းကို လိုက်ပို့တာပါလို့ဆိုနေ'

'အမယ် ကိုစိုးသိမ်းကို အကြောင်းပြပြီးသွားတာ မသိဘူးမှတ်လို့'

'တကယ်ပါ မြင့်ရာ၊ ဒေါ်ဥမ္မာကျော်က ဘာပြောလို့လဲ'

'ကြည့် မလုံတော့ဘူး မဟုတ်လား'

'မဟုတ်ရပါဘူး မြင့်ရယ်၊ သူ မြင့်ကို ကောင်းကောင်းမွန်မွန် လာစကားပြောနေတာ မြင်လို့ပါ'

ရထားလမ်းနှင့် ကားလမ်းဆုံရာဖြစ်၍ ခေတ္တရပ်လိုက်ရသည်။ ဦးဟန်တင်က လက်ပတ်နာရီကို လှမ်းကြည့်၏။ ငါးနာရီ ထိုးတော့မည်။



ဈေးဝင်ဝယ်ရဦးမည်။ အိမ်ရောက်မှ ထမင်းချက်ရဦးမည်။ ထမင်းက ဆာလှပြီ။ နှစ်ယောက်လုံး ရုံးတက်ရသည် ဆိုကတည်းက သည်ပြဿနာတွေ ရှေ့လျှောက် ရင်ဆိုင်ရဦးမည်။ ထို့ကြောင့် ပါရမီအိမ်က ခွဲမထွက်ဖို့ မြင့်မြင့်ထွန်းကို အတန်တန်ပြောသည်။ မရ။ တစ်ဖန် မြင့်မြင့်ထွန်းကို အလုပ်ထွက်ဖို့ ပြောသည်။ အကျောက်အကန် ငြင်းသည်။ သူသင်ထားသည့် ပညာတွေ အလကားအဖြစ်မခံနိုင်ဘူးတဲ့။ သည်လိုဆိုလည်း အိမ်နဲ့နီးနီးမှာ ကျောင်းဆရာမဖြစ်ဖြစ် လုပ်ပါဟု ပြောသည်။ ရုံးမှာ ဦးဟန်တင်ကို စိတ်မချပါဟု ဆိုပြန်သည်။ မိန်းမများ တော်တော်ခက်သည်။ မယူဘဲနေခဲ့ရရင် ကောင်းမှာ။

'ဟိုမှာ ရထားထွက်သွားပြီလေ၊ ဘာငေးနေတာလဲ၊ သူ့ဟာမကြီး အကြောင်း ပြောလို့ ဆွေးနေတာလား'

'တော်စမ်းပါကွာ၊ ဒီမှာ ထမင်းဆာရတဲ့အထဲ'

မြင့်မြင့်ထွန်း ငြိမ်သွားသည်။ သူလည်း ဆာနေပြီ။

အိမ်မရောက်ခင် နန္ဒဝန်ဈေးကို အရင်ဝင်ရသည်။ ဦးဟန်တင်က ကားထဲမှ စောင့်ပြီး မြင့်မြင့်ထွန်းက ဈေးဝင်ဝယ်၏။ အဆစ်ကောင်းသော မြင့်မြင့်ထွန်းသည် ဈေးဝယ်ရာတွင်လည်း တော်တော်နှင့် မပြီးပေ။ လူနှစ်ယောက်စာ ဝယ်သည်မှာ နာရီဝက်ခန့် ကြာ၏။ ပြန်ထွက်လာတော့လည်း ခြင်းထဲမှာ ဘာမျှ မည်မည်ရရ ပါမလာခဲ့။

'ရေနံဆီက တစ်ပုလင်းလေးကျပ်ခွဲတဲ့၊ မတတ်နိုင်ဘူး၊ မီးသွေးပဲ သုံးရမှာပဲ'

ယခင်က ရုံးဆင်းလျှင် ပေါင်ဒါတသသနှင့် နေခဲ့သော မြင့်မြင့်ထွန်း၏ မျက်နှာမှာ ယခု အဆီပြန်နေ၏။ ဈေးခြင်းကို ကားပေါ် ကင်ပြီး လူ(ကို)လည်း ပစ်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆီဈေးက ကျပြန်တော့ ကြက်သွန်ဈေး၊ ငရုတ်ဈေးက ခေါင်ခိုက်နေတယ်၊ အိမ်လခနဲ့ ဓာတ်ဆီဖိုးနဲ့ဆိုရင် မြင့်တို့နှစ်ယောက် လခတောင် လောက်ပါ့မလား'

'ခုမှတော့ ပူမနေနဲ့၊ ကိုယ့်ဟာကိုယ် ခွဲနေရင် ဒီလိုပဲ ကြုံရာမှာပဲ၊ ကိုယ်တို့က နှစ်ယောက်ထဲ၊ ကလေးရှိသေးတာ မဟုတ်ဘူး၊ သူများတွေ ဘယ်လိုနေမလဲ စဉ်းစားကြည့်ပေါ့၊ မြင့်က နေရာတကာ တဗွတ်ထိုးပဲ'

'အမယ် မြင့်ကို ဒီလိုမပြောပါနဲ့၊ ကိုကို့အိမ်မှာ ကိုကိုကော နေနိုင်လို့လား၊ ကိုကို့ခယ်မက မြင့်ကို အမြဲ ငြူစူနေတာ၊ ဟင်း လူကဖြင့် ခုနစ်တန်းတောင် အောင်တာ မဟုတ်ပဲနဲ့'

'အဲဒါနဲ့ ဘာဆိုင်လို့လဲ မြင့်ရဲ့'

'ပညာမဲ့တော့ ပေါင်းရသင်းရ ခက်တာပေါ့'

ဦးဟန်တင်သည် သူ့ဇနီး၏ အတွေးအခေါ်ကို သဘောမကျနိုင်သော်လည်း စကားအခြေအတင် ဆွေးနွေးနေရမည်စိုး၍ တိတ်ဆိတ်နေလိုက်ရသည်။ ပညာတတ်ဆိုသည့် မိန်းမများ ပိုဆိုးမရခက်ပါလားဟု တွေးနေမိသည်။ ယခုလည်း မြင့်မြင့်ထွန်းက ပါရမီအိမ်မှာ အတူတူမနေနိုင်၍ အိမ်တစ်လုံး သပ်သပ်ငှားရသည်။ စပေါ် သုံးသောင်းခွဲ ပေးရသည်။ အိမ်ကလည်းကောင်းလှသည် မဟုတ်။ အိမ်လခက တစ်ရာ့ငါးဆယ်။ ဘတ်စ်ကားပြေးသည့်လမ်း မဟုတ်၍ ကားလိုပြန်သည်။ တောင်ဥက္ကလာမှ မြို့ထဲအထိ နေ့စဉ် ကားဖြင့် သွားရသည်မှာလည်း ဓာတ်ဆီဖိုးက မနည်းပေ။ ဦးဟန်တင်၏ မိဘများကတော့ ကျန်သားသမီးများကို တစ်အိမ်ထဲမှာ အတူထားသော်လည်း သူ့ကို သားအကြီးမို့ ဦးစားပေးကာ အိမ်စပေါ်ငွေကော၊ ကားဖိုးပါ ထုတ်၍ပေးလေသည်။ မိဘကို သည့်ထက်ပိုပြီး အပူမကပ်ချင်တော့။ လောက်သည်ဖြစ်စေ မလောက်သည်ဖြစ်စေ ဖြစ်အောင်နေရတော့မည်။



မြင့်မြင့်ထွန်းသာ လိမ္မာမည်ဆိုလျှင်တော့ မလောက်ငစရာမရှိ။ နှစ်ယောက်ပေါင်း လခ ၇၀၀ ကျော် ရှိသည်။

ဇာဂလမ်းထဲကို ကွေ့ဝင်ခဲ့၏။ အိမ်က လမ်းမကြီးနှင့် နီး၍ အဝင်အထွက် လွယ်သည်။ တစ်ဖက်ကို ဆက်ထွက်သွားလျှင် ပါရမီနှင့်လည်း နီးသည်။ လမ်းသွယ်အတိုင်း ဆင်းသွားလျှင်တော့ အိမ်ခြေထူထပ်သော ရပ်ကွက်ကို တွေ့ရပေမည်။ ကိုယ်ပိုင်ခြံနှင့် ဝန်းနှင့် နေဖို့ကတော့ မတတ်နိုင်သေး။ ဘဝကို ထူထောင်စမှာ သည်မျှ အဆင်ပြေလျှင်ပဲ တော်လောက်ပြီ မဟုတ်လား။

အိမ်တံခါးကို ဖွင့်လိုက်လျှင်ပင် သွပ်မိုးအရှိန်ဖြင့် ပူလောင်နေသော အငွေ့က ရုတ်တရက် လာဟပ်လေသည်။ ခါတိုင်းဆိုလျှင်တော့ ရုံးက ပြန်ရောက်လျှင် နားနားနေနေ နေနိုင်သည်။ ယခုတော့ စွပ်ကျယ်အင်္ကျီလေး လဲဝတ်ကာ အိမ်ရှေ့နားက ကန်မှာ ရေသွားဆွဲရလေသည်။ မြင့်မြင့်ထွန်းကလည်း ဘီးဆံပတ် ပတ်ကာ ထမင်းဟင်းချက်ရပြီ။ ရေနံဆီ ဈေးကြီးသဖြင့် မီးသွေးဖိုနေရလေရာ ထမင်းက တော်တော်နှင့် မကျက်နိုင်။ ထမင်းဆာလွန်းသဖြင့် ဗိုက်ထဲက တဂွီဂွီ အော်နေလေပြီ။ ဦးဟန်တင်သည် ပုဆိုးကို တိုတိုဝတ်ကာ ဆန်ကောတစ်ချပ်ကိုယူ၍ ရေနံဆီမီးဖိုကို စိတ်ပေါက်ပေါက်ဖြင့် တအားခတ်နေလေတော့၏။

'ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူး၊ မနက် ရုံးလဲ အချိန်မီသွားရမယ်၊ ပြန်လာရင်လဲ ဈေးဝယ် ထမင်းချက်ရမယ်၊ ထမင်းစားပြီး အိပ်ရုံပဲရှိတော့တယ်၊ စာလေး ဘာလေးတောင် ဖတ်နိုင်ဖို့ မမြင်ဘူး'

ဦးဟန်တင် စိတ်ပျက်စွာ ညည်းညူစပြုသည်။

မြင့်မြင့်ထွန်းကလည်း မီးဖိုရှေ့မှာ ဒူးနှစ်ဖက်ပေါ် လက်တင်၍ ထမင်းအိုးဆူမည့်အချိန်ကို စိတ်မရှည်စွာ စောင့်ဆိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ဖော်တစ်ယောက် ငှားရရင် ကောင်းမလား'

'အိမ်ဖော်ငှားဖို့က လွယ်တာမှ မဟုတ်ဘဲ၊ ပြီးတော့ အိမ်မှာ ဘယ်သူမှ မရှိတာ၊ တစ်ယောက်ထဲ ထားခဲ့လို့ ဖြစ်မလား'

'ဒါဖြင့်လဲ မြင့် အလုပ်ထွက်လိုက်တော့ကွာ'

'အို မထွက်နိုင်ပါဘူးဆို'

'ဒီလိုဆို ဘယ်လိုလုပ်မလဲ၊ နေ့စဉ် ဒီလို ဒုက္ခခံနေရရင်တော့'

'ဒီလိုပဲ ဒုက္ခခံရမှာပဲ၊ သူများတွေလဲ ဒီလိုပဲဟာ၊ နှစ်ယောက်လုံး အလုပ်လုပ်ရင် ဒီလိုပဲ အခက်အခဲရှိတာပဲပေါ့၊ အဆန်းမှ မဟုတ်တာ'

'အေးလေ၊ မြင့် သဘောပေါက်ရင် ပြီးတာပဲ'

'ဘာလဲ ကိုကိုက၊ မြင့်က ဘာတွေများ သဘောမပေါက်လို့လဲ'

'အေးလေ ကိုယ် ဘာမှ မပြောတော့ပါဘူး'

နှစ်ယောက်သား ချက်ပြုတ် ပြီးစီးသောအခါ မောလွန်းသဖြင့် ထမင်းစား၍ မဝင်တော့ပေ။ ဦးဟန်တင်က တစ်လုတ် နှစ်လုတ်စားပြီး အိမ်ရှေ့ထွက်ကာ စာအုပ်တစ်အုပ် ကောက်ကိုင်တော့သည်။

အိမ်ရှေ့ရေကန်တွင် ကလေးတွေ ရေချိုးနေကြသည်။ အချို့က ရေစည်လှည်းဖြင့် ရေတင်ပြီး တွန်းသွားကြသည်။

'ကိုကိုရေ ဒီလိုလုပ်ရရင် မကောင်းဘူးလား'

မြင့်မြင့်ထွန်းက လှမ်းပြောသည်ကို ဦးဟန်တင်က မျက်လွှာပင့်၍ နားထောင်သည်။

'ဆိုစမ်းပါဦး မြင့် စကားကလဲ'

'ဒီလိုပါ ကိုကိုရဲ့၊ မြင့်တို့နှစ်ယောက်ထဲ ထမင်းချက်စားရတာ သိပ်ဒုက္ခရောက်တယ် မဟုတ်လား၊ ဒီတော့ ရုံးနားက ထမင်းဆိုင်မှာပဲ လခပေးပြီး စားလိုက်ရရင် မကောင်းဘူးလား၊ ရုံးပိတ်ရက်ပဲ ချက်စားကြတာပေါ့'



'အင်း မဆိုးဘူး၊ ကောင်းသားပဲ၊ ဒီလိုတော့လဲ မြင့်က စီစဉ်တတ်သားပဲ'

'အမယ် မြင့်ကို ဘာမှ မစီစဉ်တတ်ဘူးလို့ ပြောတာပေါ့လေ၊ ဟင်း သူ့အဆက်ဟောင်းကြီးကိုပဲ အထင်ကြီးနေတာ မသိဘူးမှတ်လား၊ မနက်ကလဲ ရုံးရောက်ရောက်ချင်း ဘာတွေ သွားပြောနေတာလဲ'

အိမ်ကပြဿနာ ရှင်းသွားသည်နှင့် ရုံးကအကြောင်းကို ဆက်ဖို့ ပြင်လေသည်။

'ဘာမှ မပြောပါဘူးကွာ၊ ရုံးပြန်တက်စဆိုတော့ အလုပ်တွေ ပြန်လွှဲယူရတာပေါ့'

'သူတို့နဲ့ တစ်ခန်းတည်း အလုပ်လုပ်ရတာ မြင့် စိတ်ဆင်းရဲတယ်'

'မဆိုင်တာကွာ၊ မြင့်မလဲ ဘယ်မှာနေနေ အဆင်ပြေတယ်လို့ မရှိဘူး'

'ကြည့် သူများကို ပြောပြန်ပြီ၊ ကဲ ကဲ'

မြင့်မြင့်ထွန်းသည် ဦးဟန်တင်၏ ကျောပြင်ကို တဝုန်းဝုန်း ထထုလေသည်။ ဦးဟန်တင်ကတော့ သူ့ဇနီးငယ်အပေါ် အားလုံး ခွင့်လွှတ်ဖြေဖျောက်ကာ သူ့ဝါသနာအတိုင်း တဟားဟား ရယ်လေသည်။

သို့သော် အိမ်တွင် အစားအသောက် ချေးများခဲ့သော ဦးဟန်တင်သည် ရုံးနားက ထမင်းဆိုင်မှာ လခပေးစားရမည့်အရေးကို တွေးကာ နည်းနည်းတော့ ရင်လေးသွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

မညီမညာ ထိုးထိုးထောင်ထောင် ဖြစ်နေသော ပင်လယ်ကဗွီးပင်များ တရိပ်ရိပ် ဝေးကျန်ခဲ့၏။ အမှတ် ၁ ဘတ်စ်ကားကြီးသည် ဘိုးလိန်းလမ်းမကြီးပေါ်မှာ တစ်ခြိမ်းစောင်းလျက် မသက်မသာ ရွေ့လျားလာလေသည်။

တာမွေအပိုင်းတွင်တော့ စည်ကား ရှုပ်ထွေးလျက်ရှိသည်။ မြို့ထဲမှ တစ်ယောက်တစ်ကျပ်ယူ၍ စုပေါင်းပြီးတင်သော သုံးဘီးကားများလည်း တာမွေအပိုင်းနားမှာ ရပ်နားကြ၏။ ဈေးသည်များ၊ ရုံးသူရုံးသားများ၊ ကျောင်းသားများ စသည်ဖြင့် တာမွေအပိုင်းအနီးတွင် လူမျိုးစုံ သွားလာလှုပ်ရှားနေကြလေသည်။ လူစုံလွန်းတော့လည်း တာမွေအပိုင်းသည် နာမည်ကြီးလေ၏။

မော်တော်ကား ဝပ်ရှော့များ၊ ခေါက်ဆွဲဆိုင်များ၊ မုန့်ဆိုင်၊ ဈေးဆိုင်များ စသည်ဖြင့် ဆူညံ ရှုပ်ထွေးသောနေရာမှ ကိုဘဆွေ တဖြည်းဖြည်း ကျော်ခိုင်းထွက်ခဲ့သည်။ သည်နေ့ အိမ်ကို စောစောပြန်ဖို့ မိန်းမက မှာထားသည်။ သားတော်မောင်ကလည်း စာမေးပွဲရှိ၍ စာပြပေးဖို့ ပြောထားသည်။ သူသည် မြစ္စာညိုဘက်ကိုပင် ခြေဦးမလှည့်တော့ဘဲ အိမ်ဘက်ကို သွက်သွက်လျှောက်ခဲ့၏။



သူ မသောက်ဘဲ ပြန်ရောက်လာသဖြင့် သူ့မိန်းမမျက်နှာ ခါတိုင်းထက် ရွှင်နေလေသည်။ သူ့မိန်းမသည် အလွန် စေ့စပ်သေချာသူ ဖြစ်၏။ ထို့ကြောင့်လည်း သူတို့အိမ်မှာ ရသည့်လခနှင့် လောက်ငစွာ နေနိုင်ခြင်းဖြစ်သည်။ သူ့မိန်းမက အညာနှင့် အဆက်အသွယ်ရှိ၍ အညာစောင်များကို မှာပြီး တာမွေဈေး ကျောက်မြောင်းဈေးတို့မှာ ဖောက်သည်သွင်းသည်။ သားတစ်ယောက်တည်းရှိ၍ တာဝန်ကလည်း နည်းသည်။ ကိုဘဆွေ နည်းနည်းပါးပါး သောက်တတ်သည်ကလွဲလျှင် သူတို့တွင် အခြားပြဿနာဘာမျှ မရှိ။ တစ်ခုပဲရှိသည်။ ရုံးမှ ဦးချစ်မောင်နှင့် အိမ်ချင်း မနီးမဝေးမှာ လာနေရခြင်းသည် သူတို့အတွက် မဟာအနှောင့်အယှက်ကြီးပင် ဖြစ်လေ၏။

မိန်းမအကြိုက်လိုက်ကာ သားကို စာသင်ပေးပြီးသောအခါ ကိုဘဆွေ၏ စိတ်က ဂနာမငြိမ် ဖြစ်လာသည်။ သည်ညနေ ထမင်းစား၍ သိပ်မကောင်းပေ။ စိတ်ထဲမှာ ဦးချစ်မောင်ကို တမ်းတသလိုလို ဖြစ်လာ၏။ သို့သော် ရောက်လာမှာလည်း ကြောက်သည်။ သည်လူကြီးနှင့်တွေ့လျှင် ကိုယ့်အိတ်ထဲက ထွက်ရဖို့သာ များသည်။ မိန်းမကလည်း ထိုလူကြီးကို နည်းနည်းမျှ မျက်နှာကြောမတည့်။ ဘီလူးသဘက်လို မုန်းသည်။

သူ တမ်းတလွန်း၍ပဲလား မသိပေ။ ဆိုက်ကားသမားတစ်ယောက် သူတို့အိမ်ရှေ့မှာ လာရပ်ပြီး စာတစ်စောင် ဝင်ပေးလေသည်။ သူက စာကို ဖတ်ပြီး အေးအေးဆေးဆေး ဆေးပေါ့လိပ် ထိုင်ဖွာနေသော မိန်းမဘက်ကို လှည့်ပြီး ပြောသည်။

'မိန်းမရေ၊ ဦးချစ်မောင်ကြီးက သူ့မိန်းမ ရုတ်တရက် နေမကောင်းလို့ ခဏလိုက်ခဲ့စမ်းပါတဲ့ကွ'

ဦးချစ်မောင် ဆိုသော အသံကြားသည်နှင့် သူ့မိန်းမ၏ မျက်နှာသည် လငပုပ်ဖမ်းသလို ညိုသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြံကြီးစည်ရာတော်၊ မိန်းမ နေမကောင်းတာပဲ ရှင့် ခေါ်ခိုင်းရတယ်လို့၊ ဆေးတိုက်တွေ ပေါပါလေ့၊ ရှင်က သွားပြီး ဘာလုပ်ရမှာလဲ'

'အိုကွာ၊ သူတို့က အသက်ကြီးမှ အိမ်ထောင်ကျတာဆိုတော့ ဘာမှ နားမလည်ဘူး မဟုတ်လား၊ ဒါကြောင့် တိုင်တိုင်ပင်ပင်လုပ်ရအောင် ခေါ်တာ ဖြစ်မှာပေ့ါ'

ကိုဘဆွေသည် ပါးစပ်ကပြောရင်း လက်က ရှပ်အင်္ကျီကို ချိတ်မှဖြုတ်ကာ ကောက်ဝတ်နေလေပြီ။

'မဆိုင်လိုက်တာရှင်၊ ဒီလိုဆို ကျုပ်ပါလိုက်ခဲ့မယ်'

'ဟာ ဘယ်ကောင်းမလဲကွာ၊ ညဘက်ကြီး ဆိုက်ကားနဲ့ သွားမှာ၊ မကောင်းပါဘူး၊ ဒီဘက်ကလဲ ခပ်ရှုပ်ရှုပ်ရယ်၊ မင်းကလဲ သိသားနဲ့'

ကိုဘဆွေသည် ဖိနပ်ချွတ်မှ လမ်းပေါ်သို့ အမြန်ဆုံး ပြေးလွှားဆင်းသွားလေသည်။ သူ့မိန်းမသည် မကျေမနပ် မြည်တွန် တောက်တီးရင်း ကျန်ရစ်လေ၏။ ဦးချစ်မောင်ကြီးက အချိန်းအချက်နှင့် ခေါ်လိုက်ခြင်းဖြစ်သည်။ ဧကန္တ ဒီလူကြီး ပွဲပေါက်တစ်ခုခု တိုးပြီထင်သည်။ သူ ငွေရှင်၍ စားတော့ သောက်တော့မည်ဆိုလျှင် ကိုဘဆွေကိုတော့ မမေ့မလျော့ ခေါ်ငင်ကာ ကျွေးတတ်မွေးတတ်သည်။ သည်တစ်ခါတော့ ထမင်းစားမကောင်းသော ကိုဘဆွေအတွက် အလောတော်ဖြစ်သွားပေပြီ။

ဝိတ္တာလစ်လမ်းနှင့် ရန်ကင်းလမ်းဆုံရာ ခိုင်သဇင် စားသောက်ဆိုင်ဘေးမှာ ဦးချစ်မောင်တို့လူသိုက်က သူ့ကို စောင့်နေလေသည်။ အမှောင်ရိပ်၏ ကုက္ကိုပင်အောက်မှာ အဖြူဝိုင်းလေးတွေ စည်ကားနေ၏။

'လာကွာ၊ မင်းမိန်းမ မကြည်မှာကြောက်လို့ ငါ လူလွှတ် ခေါ်ခိုင်းလိုက်ရတာ'



ဦးချစ်မောင်ကတော့ ထုံးစံအတိုင်း ထွေစပြုနေပြီ။ သူ့ကို ညာပြီး သောက်တတ်သော အပေါင်းအသင်းတွေလည်း အခြေအနေမှန်နေပြီ။ ကိုဘဆွေက ထိုင်ခုံတစ်လုံးဆွဲ၍ ထိုင်ပြီး တစ်ရက်မျှ ပြတ်နေခဲ့သော အရက်ကို ခပ်သွက်သွက်လေး မိတ်ဆက်လိုက်ရသည်။

'ခင်ဗျား ဒီနေ့ ဟန်ကျတယ် မှတ်တယ်၊ မနက်ကတည်းက ရုံးက လစ်သွားတာ မဟုတ်လား'

ဦးချစ်မောင်၏ အလုပ်က တစ်မျိုး။ ဆေးဆိုင် အပေါင်းအသင်း အသိအကျွမ်း မှန်သမျှဆီကို တစ်နေကုန်ထိုင်ပြီး ဖုန်းဆက်သည်။ ဘယ်အချိန် ဘယ်နေရာမှာ ဘယ်ဆေးရနိုင်သည်ကို မှတ်သားကာ ဆေးအဝယ်ထွက်သည်။ သူက အသိအကျွမ်း အဆက်အသွယ်နှင့် သွားသည်ဆိုတော့ အပြင်ဆေးမှောင်ခိုသမားတွေလို တန်းစီ မနေရ။ နို့မှုန့်တို့၊ ဂလူးကို့စ်တို့လို ပစ္စည်းမျိုးတွေကိုလည်း အခါအားလျော်စွာ ဝယ်ခွင့်ရသည်။ သမဝါယမ ဆေးခန်းတွေ ဖွင့်တော့လည်း တစ်မျိုးဖန်ပြန်သည်။ ဆေးခန်းမှာ ပိုက်ဆံ ငါးမူးစိုက်ကာ စာအုပ်ဝယ်၊ ဆရာဝန်နှင့် ဝင်တွေ့၊ 'ဆရာရယ် ဖျားရာမင်လေး စားချင်လို့ ရေးပေးပါ' စသည်ဖြင့် အကြောင်းပြပြီး ဆေးစာရေးခိုင်းသည်။ ပြီးတော့ သမဝါယမ ဆေးခန်းမှာပင် ဝယ်သည်။ အပြင်ကထက်တော့ ဈေးသက်သာသည်သာ။ သည်တော့ တစ်လတစ်လ သူ့ဝင်ငွေက မဆိုး။ သားသမီးကလည်း မရှိတော့ သူရသမျှ သူသုံးသည်။ သောက်သည်။ သူတစ်ပါးကိုလည်း တိုက်သည်။ အလွတ်အတိုင်းသာ ငွေတစ်ဆယ် မပေးလျှင် ရှိရမည်။ တစ်ရာဖိုး တိုက်လိုက်ရလျှင်လည်း သူ မငြီးပေ။ အလွန်စေတနာရှိလေ၏။

ကိုဘဆွေကတော့ များများမသောက်တတ်ပေ။ သူ့အတွက် သတ်မှတ်ချက်ပြည့်သည်နှင့် နေရာမှထဖို့ ပြင်ရသည်။ အိမ်ရောက်လျှင် မိန်းမက

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောဦးမည် မသိ။ သူ့မိန်းမကိုတော့ သူ ကြောက်သည်။ တစ်နည်း သူ့အပြောနှင့် ပြောရလျှင် ချစ်၍ လေးစား၏။

'မင်းကလဲကွာ၊ မိန်းမများ ဒီလောက် ကြောက်ရသလား၊ လုပ်စမ်းပါကွ၊ ဒါလေးကုန်အောင်'

'တော်ပြီဗျာ၊ သားကလဲ မနက်ဖြန် စာမေးပွဲ ဖြေရမှာ၊ မနက်ကျရင် ကျွန်တော့် ခွင့်စာ တင်လိုက်ဗျာ၊ သွားတော့မယ်'

ကိုဘဆွေ ဣန္ဒြေမပျက်ပင် အိမ်ပြန်လာခဲ့နိုင်လေသည်။ သို့သော် အိမ်ရောက်တော့ ခါတိုင်းထက် ပိုမူးနေသည်။ အိပ်ရာထဲကိုဝင်ပြီး ခြေပစ် လက်ပစ် အိပ်သည်။ သူ့မိန်းမသည် သူ့ကို ဘာမျှမပြောဘဲ ကြည့်နေလေသည်။ သူ့မိန်းမကလည်း အကြောင်းသိမို့ သည်လိုအချိန်မှာ သူ့ကို ဘာမျှ မပြောတော့။ ပြောလည်း သူက ဘာမျှသိမည် မဟုတ်။ မနက် အိပ်ရာထမှသာ အစပြန်ဖော်ပြီး ပူညံပူညံ လုပ်ပေလိမ့်မည်။

မနက်ကျတော့ သူ ထင်သည့်အတိုင်း သူ့မိန်းမ၏ ဆူသံပူသံကို ကြားရလေသည်။

'ကိုဘဆွေ ကိုဘဆွေ၊ ထစမ်းပါရှင့် မြန်မြန်'

'မင်းကလဲကွာ၊ ဦးချစ်မောင်က သူမိန်းမ နေမကောင်းလို့ ဆေးတိုက်ပို့ရင်း အပြန်မှာ နည်းနည်းပါးပါး တိုက်လိုက်တာပါကွာ၊ ဘာဖြစ်လို့လဲ'

သူက မျက်စိမဖွင့်ဘဲ သူထင်ရာကိုသာ ပြန်ပြောနေလေသည်။

'ဘာတွေပြောနေတာလဲ ထစမ်းပါ၊ ရှင် ဒီလိုသောက်ပြီး မူးမူးနဲ့ အိပ်အိပ်နေလို့ ခုတော့ ကုန်ပြီရှင့်၊ ကျုပ် စုထား ဆောင်းထားတာလေး ကုန်ပြီ၊ ထစမ်းပါဦး သေနာကြီးရဲ့'

'ဟေ ဘာတွေဖြစ်ကုန်လို့လဲ'

သူ အိပ်ရာမှ လူးလဲထလိုက်ရလေသည်။



'ညက ကျုပ်တို့အိမ် သူခိုးဖောက်သွားပြီတော့၊ ခြေရင်းက သေတ္တာ တစ်လုံး မရှိတော့ဘူးရှင့်၊ မရှိတော့ဘူး'

'ဟေ ဟုတ်ရဲ့လားကွာ'

'ဟုတ်ပ ဟုတ်ပ၊ ဟိုမှာ ထရံကို ဖြဲထားတာ မတွေ့ဘူးလား၊ လာ ဂါတ်သွားတိုင်မယ်၊ ရှင့်ကြောင့် ဖြစ်ရတာ၊ ရှင့်ကြောင့်၊ ယောကျ်ားဖြစ်ပြီး ဘာမှ မှ အားမကိုးရဘဲ ဟိုအရည်တွေသောက်ပြီး အသေကောင်ကြီးလို အိပ်အိပ်နေတာ၊ ဒါ အကြောင်းသိက လုပ်သွားတာနေမှာ'

'နွေခေါင်ခေါင်ကြီးကွာ'

မိုးတွင်းဆိုလျှင်တော့ သူတို့ရပ်ကွက်က သူခိုးပူတတ်သည်။ ယခုတော့ တကယ်ပင် အကြောင်းသိ ဖြစ်နိုင်၏။ ညက သူတို့သားအမိ သားအဖ သုံးယောက်လုံး ညဥ့်နက်မှ အိပ်ပျော်သွားခဲ့သည်။ သူတို့အိမ်ကလည်း နောက်ဖေးဆောင်က သိပ်မလုံ။ နောက်ဖေးခန်းနှင့် အိပ်ခန်း ဆက်နေသည့် နေရာကလည်း တံခါးတစ်ချပ်သာ ခြားလေ၏။ ဘေးမှာကလည်း အိမ်တွေ က ကပ်လွန်းပြီး ဟိုဘက် သည်ဘက် အသံမကွဲပြားတတ်ချေ။

ခဏကြာတော့ သူ့မိန်းမ၏ သတင်းပေးမှုကြောင့် လူတွေ စုရုံးစုရုံး ဖြစ်လာ၏။ 'ညည်းတို့ကလဲ ဒီလောက်တောင် အိပ်ရသလား' ဟု အပြစ်တင် သူက တင်နေသည်ကို ကြားရ၏။ သူ့မိန်းမက 'ဟိုလူပေါ့' ဟု အစချီကာ သူ့အကြောင်း အပုပ်ချလေပြီ။ သူသည် အိမ်ရှေ့မထွက်ဝံ့ဘဲ အသာငြိမ်နေ လိုက်ရလေသည်။

သူခိုးသည် နောက်တစ်ရက်အကြာတွင် သူတို့သေတ္တာကို နောက်ဖေး မှာ လာပြန်ထားသွားလေသည်။ သေတ္တာကြီးက ထင်ရှားသော သက်သေ ပစ္စည်း ဖြစ်နိုင်သည် မဟုတ်လား။ အကြံပိုင်သောသူခိုးသည် ဆောတိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့ လာဝံ့မည်မဟုတ်ဟု ထင်နေသည့် သူတို့တတွေကို မျက်လှည့်ပြသွားလေသည်။

တောက်၊ ရန်ကုန်က သူခိုးတွေများ လူပါးဝလိုက်လေ။

❑

## ၁၃

အစကတော့ သည်နေရာတစ်ဝိုက်မှာ တဲတန်းလျားကြီးတွေ ပြည့်ကျပ်နေခဲ့သည်။ ယခုတော့ ခေတ်မီ တိုက်တန်းလျားတွေ ဖြစ်ကာ လူနေမှုအဆင့်အတန်း တိုးတက်လာခြင်းကို ပြလျက်ရှိသည်။ ရှေးက အခေါ်မင်းမနိုင်ကွက်သစ်၊ ယခုအခေါ် ဦးဝိစာရကွက်သစ်ဆိုလျှင် အရာရှိအရာခံ အမှုထမ်းတို့ နေထိုင်ရာ ရက်ကွက်အဖြစ် လူသိများလေသည်။

မြို့လယ်နှင့် မနီးမဝေးမှာ အေးချမ်းဆိတ်ငြိမ်စွာ နေရခြင်းအတွက် သည်နေရာ ရောက်လာရသည်ကို ဦးရွှေအောင်တို့ တစ်မိသားစုလုံး သဘောကျ နှစ်ခြိုက်ခဲ့သည်။ ယခင်က အရပ်တကာ နယ်တကာ ပြောင်းရင်း အခြေတကျ မနေခဲ့ရသော သူ့မိန်းမကလည်း ယခုလို တစ်နေရာတည်းမှာ ကြာကြာ နေနိုင်သည့်အတွက် ဝမ်းသာသည်။ အကယ်၍ သူ အလုပ်ပြောင်းရစေဦးတော့ မိသားစုက နေခဲ့လို့ရသေးသည်။ အငြိမ်းစားယူလျှင်လည်း ဆက်နေနိုင်သည်။ ထိုအချက်များကြောင့် သည့်ထက် ကျယ်ဝန်းသော နဝရတ်ရိပ်သာက အခန်းကိုပင် မယူခဲ့ကြ။

သူတို့အခန်းက လေးထပ်အဆောက်အဦး၏ အပေါ်ဆုံးထပ်မှာဖြစ်၍ သန့်ရှင်းတိတ်ဆိတ်၏။ အိပ်ခန်း သုံးခန်းပါသည်မို့ မိသားစု ခြောက်ယောက်အတွက် အလောတော်မျှပင် ဖြစ်သည်။ သို့သော် ဧည့်ခန်းမှာ ဘုရားစင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကန်တော့ပွဲများအတွက် တစ်ဝက်ခန့် နေရာပေးထားရလေသည်။ သည်ကိစ္စအတွက်တော့ သားသမီးများက သူ့အမေကို ဘယ်လိုမှ ကန့်ကွက်၍ မရ။ သည်ကန်တော့ပွဲတွေသာ မရှိလျှင် ယခုပင် တစ်မိသားစုလုံး အတိဒုက္ခရောက်ကြရတော့မည်လောက်ပင် အရေးကြီးလေသည်။

ဦးရွှေအောင်ကတော်သည် အခြား အရာရှိကတော်တွေလို ပြင်ပ အသွားအလာ အမော်အကြွား သိပ်မရှိ။ အိမ်မှာနေပြီး ဘုရားဝေယျာဝစ္စ၊ သားသမီးများ၏ အမှုကိစ္စများကို စီမံခြင်းဖြင့်သာအ ချိန်ကုန်သည်။ တစ်ခု တော့ ရှိသည်။ တောင်ပြုံးပွဲတော်ကိုတော့ တစ်နှစ်တစ်ခါ မှန်မှန်သွားသည်။

သူတို့အိမ်တွင် သမီးအကြီးသည် တက္ကသိုလ်ကျောင်းသာဖြစ်ပြီး သား အလတ်က ဆယ်တန်းကျသည်မှာ နှစ်ခါရှိပြီ။ သမီးအငယ်က သည်နှစ်မှ ဆယ်တန်းဖြေရမည်။ မိဘတွေက အခြေကျသော်လည်း သားသမီးတွေက အခြေမကျသေး။ သူတို့အတွက် မိဘတွေက စိုးရိမ်ပူပန်ရဆဲဖြစ်၏။ အထူး သဖြင့် ဦးရွှေအောင်သည် ပူပန်သောကကြီးသူဖြစ်၏။ ထို့ကြောင့်လည်း အိပ်မပျော်သည့်ရောဂါ စွဲကပ်ခဲ့သည်မှာ သုံးနှစ်တာမျှ ရှိပြီ။ ဦးဝိစာရ တိုက်ခန်းရောက်မှ ရောဂါပိုသည်းလာသည်။

ဦးရွှေအောင်တို့အိမ်က လူနည်းသော်လည်း ပုံစံက တစ်ယောက် တစ်မျိုး။ မနက်မိုးလင်းလျှင် ဦးရွှေအောင်ကတော်သည် ဘုရားကို ကျယ် လောင်စွာ ရှိခိုးလေ၏။ ထိုအချိန်မှာ ညက မည်မျှပင် ညဉ့်နက်အောင် နေခဲ့ရသည်ဖြစ်စေ ဦးရွှေအောင် အိပ်ရာမှ ထရပြီ။ အိမ်ဖော်မလေးမနော် သည် ဦးရွှေအောင် အကြိုက် နွားနို့နှင့် ပေါင်မုန့်၊ ဦးရွှေအောင်ကတော် အကြိုက် ပဲပြုတ်နှင့် ထမင်းကြမ်းကြော်၊ သမီးကြီးအကြိုက် မုန့်ဟင်းခါး စသည် တို့ကို အဆင်သင့်ဖြစ်စေရန် တစ်ခုပြီးတစ်ခု လုပ်နေရပြီ။ ဦးရွှေအောင် နံနက်စာစားပြီးသောအခါ သမီးအငယ်က သူ့နားရောက်လာလေသည်။



'ဒက်ဒီ သမီးကို ကျူရှင်လိုက်ပို့ပါ၊ ဦးညို မလာသေးဘူး၊ သမီး နောက်ကျတော့မယ်'

ဒရိုင်ဘာက အချိန်မီ ရောက်မလာတတ်ပေ။ သမီး၏ ကျူရှင်က သိပ်အရေးကြီးသည်။ သည်ကျူရှင် တစ်ရက်ပျက်လျှင် စာမေးပွဲကျသွား နိုင်သည်။ သည်တော့ ဦးရွှေအောင် မနေသာတော့။ သမီးကို ကျူရှင်လိုက် ပို့ရန် ပြင်ရ၏။ သားဖြစ်သူကတော့ ကျူရှင်တက်ဖို့လည်း စိတ်မကူး၊ အိမ်ကိုကူပြီး ကားလေး ဘာလေး မောင်းပေးဖို့လည်း ဝေလာဝေး၊ ညက ညဉ့်နက်မှ ပြန်လာသဖြင့် အိပ်မောကျနေဆဲ ရှိသေးသည်။ ဦးရွှေအောင် သည် ကားသော့ကိုယူကာ တိုက်အောက်သို့ ဆင်းခဲ့ရ၏။ ကားကို အသင့် စက်နှိုးထားရသည်။ သို့သော် ကားက မထွက်နိုင်ပြီ။

'ကားဘီးပေါက်နေပြီ သမီးရေ ခဏစောင့်၊ ဒက်ဒီ ဘီးလဲလိုက်ဦးမယ်'

'ဟင် ဒုက္ခပါပဲ၊ ဘီးလဲနေရင် ကျူရှင်ဘယ်လိုလုပ် မီတော့မှာလဲ ဒက်ဒီ ရဲ့၊ ကားဘီးကလဲ ဘယ်လိုဖြစ်တာလဲ၊ ညက အကောင်းကြီးရှိသေးတာ'

သည်နေရာမှာ သည်လိုပင် မကြာမကြာ ဖြစ်နေကျ။ မနက်မိုးလင်း လျှင် ကားဘီးပေါက်နေတာ တွေ့ရမည်။ မှန်ကွဲနေတာ တွေ့ရမည်။ အစင်း ရာ ထင်နေတာ တွေ့ရမည်။ စည်းကမ်းမရှိသော ကလေးတွေ၏ လက်ချက် ပင်။ ကိုယ်ပိုင်သည့်ကား မဟုတ်၍သာ တော်တော့၏။ ပျက်လျှင် ရုံးက ပြင်လိမ့်မည်။

'မမီလဲ မီသလောက်တက်ပေါ့ သမီးရယ်၊ ဘယ်တတ်နိုင်မလဲ၊ ဟော ဟိုမှာ ဦးညိုလာနေပြီ'

ဦးရွှေအောင်နှင့် ဒရိုင်ဘာဦးညိုတို့ နှစ်ယောက် ကားဘီးအသစ် လဲကြရစည်။ သမီးဖြစ်သူသည် တဆူဆူတဆောင့်ဆောင့်ဖြင့် အနီးတွင် စောင့်နေလေသည်။ သမီးဖြစ်သူ ကျူရှင်သို့ ထွက်သွားသည်တွင်မှ ဦးရွှေ

www.burmeseclassic.com

www.burmeseclassic.com



အောင် အိမ်ပေါ်ပြန်တက်ခဲ့၏။ အိမ်ရှေ့ခန်းတွင် ဦးရွှေအောင်ကတော်သည် အမွှေးနံ့သာရည်များ ပက်ဖျန်းလျက်ရှိသည်။ သားဖြစ်သူက ကုလားထိုင်ထောင့်မှာ ထိုင်ကာ ဆံပင်စုတ်ဖွားဖြင့် စီးကရက်ဖွာနေလေသည်။

'ဘယ့်နှယ်ကွာ၊ မနက်စောစောစီးစီး မင်းကြည့်ရတာ ကျက်သရေမရှိလိုက်တာ'

ဦးရွှေအောင်သည် ညက အိပ်ရေးပျက်ခဲ့သည့်ပြင် မနက်စောစောစီးစီး အဆင်မပြေသည်များကို တွေ့ရ၍ စိတ်ပေါက်ပေါက်ဖြင့် ပြောပစ်လိုက်မိလေသည်။ ပြီးမှ သူ့မိန်းမဘက်ကို လှမ်း၍ ကြည့်မိ၏။ သူထင်သည့်အတိုင်းပင်။ သူ့မိန်းမက သူ့ကို မျက်စောင်းထိုးနေလေပြီ။

'ရှင့်မလဲ ဒီကလေးကိုပဲ မျက်မုန်းကျိုးနေတာပဲ၊ ထိုင် ထိုင်ပြန်ပြီ၊ ထ ထပြန်ပြီနဲ့'

'ကလေး၊ ဘာကလေးလဲ၊ စောစောစီးစီး ဆေးလိပ်ကြီးဖွာလို့ကွာ၊ ဆံပင်ကလဲ ကြည့်ပါဦး၊ မြင်မကောင်းတော့ဘူး၊ မရှည်ရဘူး မဟုတ်ပါဘူး၊ ရှည်ရပါတယ်၊ သူ့ခေတ်နဲ့ သူ့အခါပဲ၊ ဒါပေမယ့် ကုတ်လောက်၊ လည်ပင်းလောက်ဆို တော်ရောပေ့ါ၊ ခုတော့ ပခုံးပေါ်ဝဲလို့'

'အို၊ ပခုံးပေါ်ပဲဝဲဝဲ၊ ကျောပေါ်ပဲ ဖြန့်ချထားထား၊ အချိန်တန်တော့ သူ့ဟာသူ ပြုပြင်လိမ့်မယ်၊ ရှင် နားပူနေလို့လဲ မထူးဘူး၊ ဆေးလိပ်သောက်တော့ကော ဘာဖြစ်လဲ၊ အရက်သောက်တာမှ မဟုတ်တာ'

'အေးပေ့ါ၊ ဆေးလိပ်သောက်ရုံတင်ဆိုရင် ကိစ္စမရှိဘူး၊ တော်ကြာ ဘိန်းဖြူပါ စွဲနေဦးမယ်'

ဦးရွှေအောင်သည် စိတ်ရှုပ်ထွေးနောက်ကျိစွာဖြင့် ရုံးသွားဖို့ပြင်ဆင်လေသည်။ ထိုအချိန်တွင် သမီးကြီးဖြစ်သူကလည်း ရုပ်ရှင်မင်းသမီးရှုံးလောက်အောင် ပြင်ဆင်ပြီးနေပြီ။



'ဒက်ဒီ ရုံးသွားတော့မလား'

'အေး၊ ကားပြန်လာမှ သွားရမှာပေ့ါ'

'သမီးကို ကျောင်းဝင်ပို့နော်'

'ကျောင်းက ပိတ်ပြီမဟုတ်လား၊ ဘာလုပ်ဖို့လဲ'

'အဆောင်က သူငယ်ချင်းတွေက မပြန်ရသေးဘူး ဒက်ဒီရဲ့၊ သူတို့နဲ့ ချိန်းထားလို့ပါ၊ ညနေ ဒက်ဒီ ရုံးဆင်းတော့ ဝင်ခေါ်နော်'

သည်မျှ ပြင်ဆင် ဝတ်စားထားသည်ကိုကြည့်လျှင် သူငယ်ချင်းနှင့် ချိန်းထားသည်ဆိုခြင်းမှာ မဖြစ်နိုင်။ သို့သော် ဦးရွှေအောင် ဘာမျှ မပြောတော့။ ခဏအကြာတွင် မနော် ပြင်ဆင်ပေးသော ထမင်းကိုစားကာ ကားအလာကို စောင့်နေလိုက်သည်။ အိမ်ရှေ့တွင်တော့ သူ့မိန်းမနှင့် သားဖြစ်သူသည် ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် ဘာတွေပြောဆို တိုင်ပင်နေသည်မသိ။ 'နင့်အဖေ ကြားသွားဦးမယ်' ဆိုသော စကားကိုတော့ ဦးရွှေအောင်က ကြားဖြစ်အောင် ကြားသည်။

သမီးဖြစ်သူကို မာလာဆောင်ရှေ့ ပို့ပေးခဲ့ပြီးမှ ရုံးကို ပြန်လာခဲ့ရလေသည်။ ရုံးကိုရောက်တော့ ကိုးနာရီထိုးပြီ။ အလုပ်တွေရှိနေ၍ စောစောလာမည်ဟု စိတ်ကူးခဲ့သော်လည်း မရောက်ခဲ့။ ဦးရွှေအောင်သည် သူ့အခန်းကို တန်းတန်းမတ်မတ် ဝင်သွားလေသည်။ ရုံးအကူ မောင်အေးသည် ကြက်မွေးတစ်ချောင်းဖြင့် စားပွဲများကို ဖုန်ခါနေ၏။ မောင်အေးကတော့ အစစအရာရာ အားကိုးရ၏။

'မောင်အေးရေ ပြီးရင် ထုံးစံအတိုင်း အခါးရည်ကျကျလေး လုပ်ကွာ'

'ဟုတ်ကဲ့ ဆရာ'

'ဒီနေ့ တွေ့ဖို့ ချိန်းထားတဲ့ လူတွေများ ရှိသေးလား၊ ငါ့စားပွဲပေါ် ဗိုင်ယာရီ အဆင်သင့် တင်ပေးထားဟေ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဆရာ'

'ဖုန်းခေါ်ပေးဖို့ ရှိတာတွေလဲ ခေါ်ပေးဦးနော်'

'ဟုတ်ကဲ့ ဆရာ'

'နေ့လယ်ကျရင် မဂိုလမ်းက ဆေးဆိုင်ကိုသွား၊ ငါမှာထားတဲ့ဆေး ဒီနေ့ရမယ်၊ သွားယူ၊ ငါ အိပ်ပျော်နေလဲ မင်းဘာသာ သွားယူလိုက်'

'ဟုတ်ကဲ့ ဆရာ'

ထိုနောက် ဦးရွှေအောင်သည် စားပွဲတွင်ထိုင်ကာ ကြည့်စရာ ရှုစရာ လက်မှတ်ထိုးစရာ အလုပ်ကိစ္စများကို တစ်ခုပြီးတစ်ခု လုပ်၏။ လာသမျှ ဧည့်သည်တွေကို တစ်ယောက်ပြီး တစ်ယောက် လက်ခံ တွေ့ဆုံရ၏။ ဖုန်းပြောစရာရှိသည်ကို ပြောပြီး ပြန်ကြားစရာရှိသည်ကို ပြန်ကြားရ၏။ နေ့လယ် ၁၂ နာရီကျော်သောအခါ သူ့ခေါင်းထဲတွင် မခံမရပ်နိုင်အောင် မူးဝေနောက်ကျလာလေပြီ။ သူသည် သောက်နေကျ အကိုက်အခဲပျောက် ဆေး နှစ်ပြားကို ရေဖြင့် မျှောချလိုက်သည်။

'မောင်အေးရေ၊ ဒီအချိန်ကစပြီး ငါ့ကို မခေါ်နဲ့တော့၊ ငါ အနားယူ တော့မယ်'

'ဟုတ်ကဲ့ ဆရာ'

သူ့ဆရာ အနားယူချိန်တွင် မောင်အေးသည် အခန်းတံခါးကို အပြင်မှ ပိတ်ကာ လာသမျှ ဧည့်သည်ကို 'ဆရာ အစည်းအဝေးသွားနေပါတယ်' ဟု ထိုင်ပြောရလေသည်။

နေ့လယ် နှစ်နာရီခန့်တွင်တော့ ဦးရွှေအောင် အားပြည့် လန်းဆန်းစွာ နိုးလာလေ၏။ သည်တော့မှ မောင်အေးက နို့မှုန့်နှင့်ဖျော်ပေးသော ကော်ဖီ ကျကျကို သောက်သည်။ ထိုအချိန်တွင် ဦးရွှေအောင်သည် ပရမ်းပတာနိုင်



လှသော သူ့အိမ်သူ အိမ်သားတွေနှင့် ပြန်လည်ရင်ဆိုင်ရန် ခွန်အားအပြည့် ရရှိသွားပေပြီ။

အစည်းအဝေး မရှိသည့်နေ့၊ အချိန်းအချက် မရှိသည့်နေ့များတွင်တော့ ဦးရွှေအောင်သည် အိမ်ကို စောစောပြန်ရောက်တတ်လေသည်။ ထို နေ့မျိုးတွင် ထမင်းစားသောက်ပြီး ရွှေတိဂုံဘုရားသို့သွားကာ ပုတီးစိပ် လေ၏။

ညနေ မှောင်စပျိုး၍ အိမ်ပေါ် ပြန်ရောက်သည်နှင့် ဦးရွှေအောင်၏ ရောဂါက ပြန်စလေပြီ။ အတွေးပေါင်းစုံ ဝင်ရောက်နှောင့်ယှက်ကာ မျက်စိ ကြောင်နေခြင်းပင် ဖြစ်၏။ ဝရန်တာဘက်ထွက်၍ ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ထိုင်ကာ လေညင်းခံသော်လည်း စိတ်က ကြည်လင်မလာ။ လမ်းပေါ်မှာ လူငယ်လေးတွေ စုရုံးကာ ဂီတာတီးနေသည့်ဆီ မျက်စိက ရောက်၏။ အမှောင်ရိပ်မှာ တိုးတိုးကျိတ်ကျိတ် ဆေးလိပ်ဖွာနေကြသော အုပ်စုတွင်းမှ သားတော်မောင်ဆီ ရောက်၏။ မနက်တိုင်း ဖြီးလိမ်းဝတ်စား ကာ တစ်နေရာရာ သွားတတ်သော သမီးကြီးဆီ အတွေးရောက်၏။ ကန်တော့ပွဲတွေ၊ နတ်ကတော်တွေဖြင့် ဝင်ချည် ထွက်ချည် အလုပ်ရှုပ်နေ သော မိန်းမအကြောင်းကို တွေးကာ ခေါင်းနောက်၏။ ထိုအချိန်တွင် အိမ် နောက်ဖက် ရထားလမ်းဆီမှ ရထားသံ တဂျုံးဂျုံးကို ကြားရလေသည်။ ဦးဝိစာရကွက်သစ်ကို ရောက်မှ အေးချမ်း ဆိတ်ငြိမ်စွာ နေရတော့မည်ဟု ထင်ခဲ့သော်လည်း တစ်နေ့လုံး တဂျုံးဂျုံးမြည်နေတတ်သော ရထားသံကို ယနေ့တိုင် မယဉ်ပါးနိုင်သေးပေ။

ည ၁၀ နာရီခန့်တွင် မနော် ဖျော်ပေးသော ကော်ဖီတစ်ခွက်ကို သောက်၍ သူ အိပ်ရာဝင်လေသည်။ တစ်နေ့လုံး အိမ်မှုကိစ္စ၊ သားသမီးတို့ဖြင့် တဆူဆူတည်းလုပ်ခဲ့သော သူ့မိန်းမလည်း ဝဖိုင့်သော ကိုယ်ခန္ဓာကို

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ် ပစ်လှဲကာ တဟောဟော တဟဲဟဲမြည်ရင်း အိပ်မောကျသွားလေပြီ။

ဦးရွှေအောင် အိပ်မပျော်တော့ပြီ။ ယခုတိုင် အိမ်ပေါ် ပြန်မရောက်သေးသော သားအတွက် စိတ်ပူ၏။ စိတ်တို၏။ ဒေါသဖြစ်၏။ သမီးနှစ်ယောက်အခန်းမှ ခိုးခိုးခစ်ခစ် ရယ်သံတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်၏။ နေ့လယ်က ရုံးမှာ ရင်ဆိုင်ခဲ့ရသော အလုပ်ကိစ္စတွေ လူတွေအတွက် တွေးကာ သောကရောက်၏။

၁၁ နာရီ သံချောင်းခေါက်ပြီ။ သူ အိပ်မပျော်နိုင်သေး။ ဝရန်တာဘက်ထွက်ခဲ့၏။ ဆောက်လုပ်ရေး ရုံးခန်းများသည် အမှောင်ထဲမှာ ငြိမ်သက်တိတ်ဆိတ်နေ၏။ လေအငွေ့တွင် ကုက္ကိုရွက်များ လှုပ်ရှားနေသည်။ အချို့သော အိမ်ခန်းများသည် အိမ်ရှေ့ ဝရန်တာတွင် ဘုရားစင် ထုတ်ထားသဖြင့် ရောင်စုံမီးလုံးလေးများ လင်းလျက်ရှိသည်။

လမ်းပေါ် တွင် ရှင်းလင်း တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံမှ ကားတစ်စီးတလေ ဝင်လာသည်ကို တွေ့ရသည်။ လမ်းဘေးတစ်လျှောက်တွင် ကိုယ်ပိုင်ကားလေးများ ရပ်နားလျက်ရှိသည်။ မျက်နှာချင်းဆိုင် တိုက်တန်းတွင် အခန်း အတော်များများ မီးမှိတ်သွားကြပြီ။ ခပ်ဝေးဝေးမှ အမှိုက်ပုံးတွင် ခွေးတစ်ကောင် ယက်၍ အစာရှာနေ၏။

ဦးရွှေအောင်အဖို့တော့ နေ့နှင့်ည မှားသည့် ကလေးလို ဖြစ်နေပြီ။ တစ်နေ့လုံး သောက်ထားသော အဖန်ရည်နှင့် ကော်ဖီခါးခါးတို့၏ တန်ခိုးသည် ယခုမှပင် သတ္တိပြကြပြီထင်၏။ အိမ်ထဲဝင်၍ အိပ်ရာပေါ် လှဲကာ အိပ်ဖို့ ကြိုးစားပြန်သည်။ မရ။ သမီးတွေအခန်းက မီးပိတ်သွားသည်။ သားဖြစ်သူက တက်မလာသေး။ သူပြန်လာလျှင် အိမ်ဖော်မလေး မနော်သည် အိပ်ချင်မူးတူးဖြင့် တံခါး ထဖွင့်ပေးရသည်။ သူ့မိန်းမက မှာထားဟန်



တူ၏။ ဦးရွှေအောင်သည် မီးအားလုံးကို မှိတ်ကာ အိပ်ပျော်ဖို့ ကြိုးစားသည်။ မရ။ ရင်တွေ တုန်လာသည်။ အိပ်ဆေး နှစ်လုံး ထသောက်လိုက်သည်။ မျက်စိကို အတင်းပိတ်သည်။ အိပ်ရာ ခြင်ထောင်နှင့် သုက်သောင့်သက်သာ အိပ်ရသော်လည်း နေ့လယ်ဘက် ရုံးမှာ ပက်လက်ကုလားထိုင်နှင့် အိပ်ရသည်လောက် အရသာမရှိပေ။

ခဏကြာသော် သားဖြစ်သူ ပြန်လာသံကြားရ၏။ သူက တံခါးထဖွင့်မည် ပြုသည်။ မနော်က ဦးသွားလေသည်။ အိပ်ရာပေါ် ပြန်လှဲရပြန်၏။ မျက်စိကို ပိတ်ပြီး အစက ပြန်ကြိုးစားရသည်။ မှေးခနဲဖြစ်သွားလေသည်။

တိတ်ဆိတ်သော ညယံမှာ ရထားခုတ်သံ တဂျုံးဂျုံးသည် မိုးချုန်းသလို မြည်သွားလေသည်။ အိမ်တံခါးရွက်များပင် သိမ့်သိမ့်တုန်သွားသလို ခံစားလိုက်ရသည်။ အိပ်ပျော်စပြုပြီဖြစ်သော ဦးရွှေအောင်သည် ဖြတ်ခနဲ လန့်နိုးကာ ဆေးအရှိန်ဖြင့် ရင်တွေ တလှပ်လှပ် ခုန်နေလေသည်။ ရထားသံသည် တဖြည်းဖြည်း အရှိန်လျော့ကာ အဝေးသို့ ပြယ်လွင့် တိုးတိတ်သွားလေသည်။ သို့သော် ပြန်၍ကား အိပ်မပျော်တော့။

ဦးရွှေအောင် ည ည အိပ်မပျော်သော ရောဂါဖြစ်ရခြင်း အကြောင်းရင်းတွင် သည်ရထားသံကြီးလည်း အပါအဝင် ဖြစ်ချေ၏တကား။

❑

www.burmeseclassic.com

www.burmeseclassic.com

၁၄

မြို့ကြီးပြကြီးဆိုတော့ ဒီလိုပဲပေါ့။ အစဉ်အမြဲတော့ ဘယ်မှာ သန့်ရှင်းနေနိုင်ပါ့မလဲ။ လူတွေကလည်း များ၊ အလုပ်အကိုင်တွေကလည်း မျိုးစုံတော့ အမှိုက်သရိုက်ဆိုတာ စုပုံ ရှုပ်ထွေးတတ်စမြဲပေါ့။ နိုင်ငံခြားမှာဆို ဒီထက်ဆိုးသေး။ အမှိုက်ပြဿနာ၊ လေထုညစ်ညမ်းတဲ့ပြဿနာ ကားရှုပ်ထွေးတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းအမျိုးမျိုး ရှာနေရတာ။ တို့ဆီမှာ ကျပ်တည်းတယ်၊ ရှုပ်ထွေးတယ်ဆိုတာ ဘာဟုတ်ဦးမလဲ။ တိုက်တွေ အိမ်တွေ ဆောက်ဖို့ နေရာတွေ အများကြီးရှိသေးတယ်။ မြေကွက်လပ်တွေ ကျန်သေးတယ်။ ရန်ကုန်မြို့ထဲမှာပဲ ကြည့်။ အိမ်ဆောက်လို့ရသေးတဲ့ နေရာမြေကွက်တွေ အများကြီး။ အသုံးမပြုတော့တဲ့ သချိုင်းတွေကို ဖျက်ပစ်ဦး။ နေရာတွေ အများကြီး ကျယ်လာမယ်။ မြို့တော်အင်္ဂါလည်း ညီလာမယ်။

မောင်အေးက သူတတ်သမျှ မှတ်သမျှ တွေးလာ၏။ သူကလည်း ဆရာသမားနှင့် နီးနီးနားနားနေရသူမို့ ခေသူမဟုတ်။ ဆယ်တန်းမအောင်သေးသော်လည်း တိုင်းမ်တို့ နယူးစ်ဝိခ်တို့ကို မှန်မှန်ဖတ်ရ၍ ဗဟုသုတကြွယ်ဝသည်။ ဒါတွေကို အထင်မကြီးသူက သူ့မိန်းမသာ ဖြစ်၏။ သူ့မိန်းမက အမှိုက်ကို ရွှေဖြစ်အောင် လုပ်တတ်သူဆိုတော့ သူ့လို စာအုပ်စာတန်း အားကိုးသူကို အထင်ကြီးရကောင်းမှန်း မသိပေ။



ယခုလည်း ကြည့်။ ရုံးက ပြန်လာပြီး အိမ်မှာ အေးအေးဆေးဆေး မနေရ။ သူ့ကို လူတစ်ယောက် အခေါ်ခိုင်းလိုက်သည်။ ထိုလူက သူတို့အတွက် အရေးကြီးသည်။ ငွေထုတ်ပေးပြီး တောသို့လွှတ်၍ ဘက်ထရီအဟောင်း ဝယ်ခိုင်းထားသူ ဖြစ်သည်။ ပြန်မလာသည်မှာ တစ်ပတ်မျှရှိပြီ။ စိတ်ချရသည် ဆိုသော်လည်း ငွေရေးကြေးရေးနှင့်ဆိုတော့ ကြာကြာထား၍ မကောင်း။

မီးရထားသံလမ်းကို ဖြတ်ကူးခဲ့၏။ ဆိုင်အနိမ့်လေးတွေ တန်းစီနေသော စံပြဈေးကို လွန်ခဲ့၏။ ရေညှိစိမ်းများတက်နေသော ရေမြောင်းကို ကျော်ခဲ့သည်။ မြောင်းဘေးက ဖုန်တောထဲမှာ ကလေးတွေ ဆော့ကစားနေကြသည်။ တဲအိမ်များကို လွန်လာခဲ့သည်။ ဘဝမြင့်ရိပ်သာ ဟူသော အမည် လှလှလေး ပေးထားသည့် အိမ်လေးတွေဘက်ကို ရောက်လာလေသည်။ အကွက်ချ၍ သပ်ရပ်စွာ ဆောက်ထားသော အိမ်လေးတွေသည် ပျက်စီး အိုမင်း၍ ယိုင်နဲ့နေလေပြီ။

'မြင့်မောင်တစ်ယောက် ရှိသလားဗျို့'

သူက အိမ်ရှေ့မှ လှမ်းအော်လိုက်သည်။

'မရောက်သေးဘူးလေကွာ၊ မနေ့ကပဲ မင်းမိန်းမလာလို့ ပြောလိုက်ပါပကော'

'ဩော် ဟုတ်ကဲ့၊ ကနေ့ ရောက်ပလားလို့ပါ'

အိမ်ပေါ်ကိုတက်ရန် မဖိတ်ခေါ်သဖြင့် သူ မဝင်ရပေ။ မြင့်မောင်သည် သူ့ဦးလေး ဆိပ်ကမ်းအလုပ်သမား တစ်ဦးဆီမှာ ကပ်နေရသူဖြစ်၍ အခြေအနေကတော့ မဲ့သည်။ လူကတော့ ရိုးသား ဖြောင့်မတ်ပုံ ရ၏။ သို့သော် မောင်အေး၏ အမေနှင့် မိန်းမကတော့ စိတ်ပူနေပြီ။ နောက်ပြီး သည်မျှားဦးက သူ့ဘက်လှည့်လာမှာ သေချာသည်။ သည်အလုပ်ကို သူ ဝင်မလုပ်၍ သူများကို အားကိုးရသည်ဟု စကားနာထိုးကြပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ လူပါးဝသည်ပဲဆိုဆို နေပူထဲမှာ ငွေတစ်ရာရမည့် အလုပ်ကို မလုပ်ချင်။ နေရိပ်ထဲမှာ ငွေတစ်ဆယ်ရသည့် အလုပ်ကိုပဲ စိတ်အေးလက်အေး လုပ်ချင်၏။ သူက အတွေးသမား၊ အနုသမား။

စိတ်ပျက်လက်ပျက်ဖြင့် သူ ပြန်ထွက်လာခဲ့သည်။ ညနေဆည်းဆာမှ ရန်ကုန် အာနန္ဒာစေတီကို ဝင်းလဲ့စွာ ဖူးမြင်ရ၏။

သူ အိမ်မပြန်ချင်သေး။ မိန်းမ နားပူတာကို သူ သည်းမခံနိုင်။ မြို့ထဲကို ပြန်သွားချင်စိတ် ပေါက်လာ၏။ ရုံးသွားသည်မှလွဲ၍ ရန်ကုန်မြို့ထဲကို အလည်အပတ်သဘောဖြင့် မသွားစဖူးပေ။ ရုပ်ရှင်ပင် မကြည့်တာကြာပြီ။ တကယ်တော့ ရန်ကုန်သည် နေ့ထက် ညမှာ ပို၍ နေလို့ကောင်းသည်။ ဘယ်အချိန် ထွက်သွား ထွက်သွား လမ်းပေါ်မှာ လူမြင်ရတတ်သည်။ သည်အချိန်သွားလျှင် ခုနစ်နာခွဲပွဲ မီမည်။ အပြန်မှာ ရုပ်ရှင်သိမ်းချိန်ကို စောင့်သည့် ကြားကားဖြင့် ပြန်မည်။ သို့မဟုတ်ကလည်း မြို့ထဲမှာပင် အိပ်လိုက်မည်။ သာထွန်းဦးတို့အိမ် ရှိသားပဲ။ ယခင် လူပျိုဘဝတုန်းကတော့ ညဘက် မြို့ထဲ မကြာမကြာ ရောက်သည်။ သူ့အမေက သူပြန်မလာလျှင် စိတ်မပူတတ်ပေ။ ငမိုးရိပ်တစ်ဝိုက်မှာတော့ သူ့ကို ရန်ပြုဝံ့သူမရှိ။ သူတို့က အနေကြာပြီဖြစ်၍ တစ်ရွာလုံး သိနေကြသည်။ သူ့အဖေကိုလည်း ပတ်ဝန်းကျင်က လန့်သည်။ တချို့ ကာတွန်းရုပ်ပြစာအုပ်တွေ ဝတ္ထုတွေထဲမှာတော့ ငမိုးရိပ်တံတားပေါ်မှာ လူဆိုးတွေ ချိန်းပြီး ပစ္စည်းအလဲအလှယ်လုပ်ကြသည်။ ပစ်ကြ ခတ်ကြသည်။ သူတော့ တစ်ခါမျှ မကြုံဘူးပေ။

သူ အိမ်ပြန်မအိပ်လျှင် သူ့မိန်းမက ဘာပြောမည်လဲ မသိ။ လက်ထပ်ပြီးမှတော့ တစ်ခါမျှ ညနက်အောင် အပြင်မထွက်ဘူးပေ။ ဘာပဲပြောပြော မိန်းမရတယ်ဆိုတာ အချုပ်အနှောင် တစ်မျိုးပါပဲ။ နှောင် အကျင့်ဖြစ်သွားအောင် ရုန်းထွက်ထားရမည်။ ၁၅ ဘတ်စ်ကားကို ဂိတ်ဆုံးမှ စ၍ စီးခဲ့လေသည်။



မြို့ထဲကိုရောက်တော့ ဆူးလေလမ်းပေါ်မှာ၊ ရုပ်ရှင်ရုံတစ်ဝိုက်မှာ လူစည်ကားနေပေပြီ။ စင်္ကြံလမ်းပေါ်မှာ နိုင်ငံခြားဖြစ် အင်္ကျီတွေ၊ ဂျင်းဘောင်းဘီတွေ အခြား အသုံးအဆောင် ပစ္စည်းမျိုးစုံတွေ ခင်းရောင်းနေကြလေ၏။

ကြော်ငြာဆိုင်းဘုတ်တွေထောင်ထားသော ပန်းခြံပတ်လည်မှာ ဈေးသည်တွေ ပြည့်နေသည်။ ဂက်စ်ဖြည့်သည် ဟူသော ဆိုင်းဘုတ်လေး ရေးကာ ဓာတ်ငွေ့မီးခြစ်ကို ဓာတ်ငွေ့ဖြည့်ပေးသည့်သူလည်း ရှိသည်။ ခေါက်ထီးတစ်ချောင်းကို ဖွင့်၍ကိုင်ကာ အနားရောက်လာသူကို ထိုးပေးပြီး 'သုံးဆယ်ပဲပေးပါ' ဆိုကာ ရောင်းနေသူလည်း ရှိသည်။ ဒန်ပေါက်ဆိုင်တွေက အပြိုင်အဆိုင် ထွက်ပြီး လူကို ဆွဲဖက်တော့မတတ် ဈေးခေါ်သူတွေက ခေါ်သည်။ ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝင်လာသော အင်္ကျီအဟောင်းတွေကို ပုံရောင်းသည့်ဘက်မှာလည်း လူစည်ကားနေ၏။ ဆူးလေ ညချမ်းသည် ဆူညံ ရှုပ်ထွေး၍ နေ၏။

မရောက်တာ ကြာပြီဖြစ်သော ရန်ကုန်ညကို တစ်ပတ် ပတ်ကြည့်ပြီး ရုပ်ရှင်ရုံဘက်ကို ပြန်လှည့်လာခဲ့သည်။ သာထွန်းဦးကို အိမ်မှာ သွားမရှာဘဲ လက်ဖက်ရည်ဆိုင်တွေမှာ လှည့်ရှာရန် စိတ်ကူး၏။

ရွှေလမင်း လက်ဖက်ရည်ဆိုင်ရှေ့ နဖူးစည်းမှ မီးရောင်စုံ ကြော်ငြာစာတမ်းလေးများ အလိုအလျောက် ထွက်လာပုံကို လူတွေ ရပ်ကြည့်နေကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

'ရန်ကုန်မြို့ကြီးက ဒီလောက် တိုးတက်နေပြီလား၊ ငါ မြို့ထဲမရောက်တာ ကြာတော့ မသိဘူး'

'နောင် ဆယ်နှစ်ဆိုရင် အနောက်နိုင်ငံက မြို့ကြီးတစ်မြို့လို ဖြစ်သွားမယ်'

အအေးဆိုင်တွင်းမှာ လူစည်ကားနေ၏။ ပူအိုက်လွန်း၍ထင်သည်၊ ၁၁ နာရီကျော်သည်အထိ အအေးဆိုင်မှာ လူမစဲသေး။ အမျိုးသားတွေ အေးအေးဆေးဆေးထိုင်ကာ အပန်းဖြေနေကြသည်။

'ဘာလိုသေးလဲ အစ်ကို'

ဆယ်ကျော်သက်အရွယ် ကောင်မလေးသည် သူတို့နား ကပ်ကာ ပြုံးပြုံးလေး မေး၏။ သာထွန်းဦးနှင့် သူ့သူငယ်ချင်း အောင်လှိုင်ဝင်းက ခေါင်းခါပြသည်။ မောင်အေးကတော့ ပြုံးရွှင် သွက်လက်သော စားပွဲထိုး မိန်းကလေးကိုသာ ငေးမော ကြည့်ရှုနေမိ၏။

'မင်းကလဲ အထူးအဆန်း ဖြစ်နေလိုက်တာ၊ လက်ဖက်ရည်ဆိုင်တွေမှာ မိန်းကလေး စားပွဲထိုးတွေ သုံးနေပြီကွာ၊ ခု အအေးဆိုင်မှာလဲ မိန်းကလေးတွေ ဝင်လုပ်တယ်၊ နောင် အရက်ဆိုင်မှာလဲ လုပ်ရင်လုပ်ရ



မယ်၊ ဒါဟာ ရွှေ့လျားလာတဲ့ ရေစီးကြောင်းပဲ၊ သူတို့ ပိုက်ဆံရဖို့ အလုပ်လုပ်ကြတာပဲ'

'ငါကတော့ ရုံးမှာ အဘိုးကြီးအခန်းထဲပဲ အနေများလို့ ဒါတွေ ငါ မသိဘူးကွာ'

စားပွဲခုံတစ်ခုတွင် ကောင်လေးနှစ်ယောက်သည် စားပွဲထိုးကောင်လေး တစ်ယောက်ကို ခေါ်ကာ ဂျီကျနေ၏။

'ဘာလီရည်က ကောင်းလဲ မကောင်းဘူး၊ ဒီက ခေါ်နေတာ ဘာလို့မလာတာလဲ၊ ဂရုမစိုက်ဘူး၊ နောက်ဆို ဟိုရှေ့က ဆိုင်မှာပဲ သွားသောက်တော့မယ်' ဟု ထိကပါး ရိကပါး ပြောနေလေသည်။ မိန်းကလေးက ဆံပင်ကုပ်ဝဲကို လက်ဖြင့် အသာခါရင်း အပြုံးဖြင့် တုံ့ပြန်ရှင်းလင်းနေ၏။ စားပွဲပေါ်မှ ဖန်ခွက်များကို လှမ်းယူသောအခါ မိန်းကလေး၏ အင်္ကျီလည်ဟိုက်သည် ရှေ့သို့ဝိုက်၍ ဟ သွားလေသည်။

ဆိုင်ထဲမှာ လူငယ်လူရွယ် ယောကျ်ားလေးတွေ ပြည့်ကျပ်နေ၏။ မိန်းကလေး ငါးယောက်မျှသည် တစ်စားပွဲမှ တစ်စားပွဲသို့ လူးလာခေါက်တုံ့ ကူးကာ လိုအပ်သည်များကို ဖြည့်စွမ်း ယူဆောင်ပေးသည်။ စားပွဲတစ်ခုမှ ရီဝေနီကျင်သော မျက်လုံးများနှင့် အမျိုးသားတစ်ယောက်က ကောင်မလေးတစ်ယောက်ကို လှမ်းခေါ်သည်။ 'အနားမှာ ထိုင်ပါဦး' ဟု ပြောသည်။ ကောင်မလေးက အနားမှာ ထိုင်သည်။ ပြီးတော့ ကောင်မလေးကို စေ့စေ့ကြည့်ကာ စကားပြောသည်။ ဆိုင်တွင်းမှာတော့ ဆေးလိပ်နံ့တွေ လူငွေ့တွေဖြင့် ပူလောင် အိုက်စပ်လျက်ရှိလေသည်။

'ပြန်ရအောင်ကွာ၊ ငါ့စိတ်ထဲတော့ ရင်မအေးဘဲနဲ့ ပိုအိုက်လာသလိုပဲ'

'မြရည်နန္ဒာကော ရောက်ပြီးပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'မရောက်သေးပါဘူးကွာ၊ အအေးခန်း လက်ဖက်ရည်ဆိုင် မဟုတ်လား'

'အေးလေ၊ အဲဒီမှာလဲ ကောင်မလေးတွေ ရှိတယ်'

'တော်ပါပြီကွာ၊ ငါ့ဟာငါ အဘိုးကြီးနို့မှုန့်နဲ့ ကော်ဖီ ဖျော်သောက်နေတာပဲ စရိတ်ငြိမ်းပါတယ်'

သူတို့သုံးယောက် အအေးဆိုင်ထဲမှ ပြန်ထွက်လာကြသည်။ မျက်နှာချင်းဆိုင် အအေးဆိုင်မှ ကောင်မလေးတွေက လမ်းထိပ်မှ ဝင်လာသူများကို လှမ်း၍ ပြုံးပြနေလေသည်။

လမ်းထဲမှ ထွက်ပြီး အနော်ရထာလမ်းပေါ် ပြန်လျှောက်လာကြ၏။

'အိုက်တယ်ကွာ၊ ဒီအချိန် အိမ်ထဲဝင်လိုက်ရင် အပူငွေ့တွေဟပ်ပြီး အိပ်လို့ရမှာ မဟုတ်ဘူး၊ လမ်းပေါ်မှာ ခဏထိုင်ပြီး စကားပြောရအောင်'

'အေး ဟုတ်တယ်၊ ပလက်ဖောင်းပေါ် ထိုင်ရအောင်'

သူတို့သုံးယောက် လမ်းဘေးပလက်ဖောင်းပေါ်မှာ လမ်းမပေါ် ခြေချပြီး ထိုင်ကြ၏။ ပလက်ဖောင်းများကို မကြာခင်ကမှ ပြုပြင်ထားသဖြင့် ညီညာသန့်ရှင်းနေသည်။ ဒူရင်းသီးသည်တချို့ ဆိုင်သိမ်းနေကြသည်။

သူတို့ ရောက်တတ်ရာရာစကားတွေ ပြောကြသည်။ အထူးသဖြင့်ကတော့ ရန်ကုန်မြို့က လူတွေအကြောင်း ဖြေဖ်၏။ မိမ်းကလေးတွေ၏ ဝတ်စားဆင်ယင်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ အပြောအဆို အနေအထိုင်စသည်ဖြင့်။

'ခုခေတ်မှာ ယောကျ်ားလေးတစ်ယောက်ထဲ လျှောက်သွားဖို့ မလွယ်ဘူး မောင်၊ မိန်းကလေးတောထဲ ရောက်သွားရင် ကောင်းကောင်း အနောက်ခံရတာပဲ၊ ပြီးတော့ ခုခေတ် မိန်းကလေးတွေက ယောကျ်ားလေးတွေလိုပဲ



ဘန်းစကားတွေလဲ သုံးကြတယ်၊ အတင့်လဲရဲတယ်၊ ဝတ်ပုံစားပုံကလဲ ပြောမနေနဲ့တော့၊ ကြည့်ရတာ ကြက်သီးထတယ်၊ ကြည့်လို့ကလဲ သိပ်ကောင်း'

သူတို့သုံးယောက် ရယ်မောကြသည်။

'မြို့ကြီးပြကြီးမှာ နေတယ်ဆိုတာ အမြဲတမ်း ဆန်းသစ်တီထွင်နေဖို့ လိုတယ် မဟုတ်လား၊ ကိုယ်က မလိုက်နိုင်ရင် ကိုယ်ကျန်ခဲ့မှာပဲ၊ ဒီတော့ ပို့ပို့အိုအို ကြီးကြီးငယ်ငယ် လိုက်လုပ်ကြတော့တာပဲ'

'ဒီခေတ်မှာ မိန်းကလေးတွေ လွယ်တယ်၊ ပေါတယ်ဆိုပြီး သိပ်တော့ အထင်သေးလို့မရဘူးကွ၊ သူတို့ကလဲ သူတို့စိတ်နဲ့ တွေ့မှ၊ ဘုမသိ ဘမသိ သွားလိုက်ရင်တော့ ခံသွားရမယ်'

'သူ့ဟာနဲ့သူ အချက်သိရင်တော့ လွယ်ပါတယ်ကွာ၊ မယုံနိုင်စရာတွေတောင် ကြုံရဦးမယ်'

'တချို့ကကွာ ဗိုလ်ချုပ်ဈေးသွားရင်ပဲ မိန်းမပျက်တွေ တန်းစီနေတာ တွေ့တော့မလိုလို၊ သားရေကွင်းပတ်ပြီးပဲ လမ်းသလားနေသလိုလို ပြောကြ ရေးကြတယ်၊ ဘယ့်နှယ်လုပ်ပြီး ဒီလောက် လွယ်လွယ်ရနိုင်မှာလဲ၊ ဘယ်မိန်းကလေးရတယ် ဘာညာ ပြောလို့ တကယ် အောက်မေ့ပြီး အရမ်းသွားမလိုက်နဲ့၊ ပါးကွဲနေမယ်၊ ဟား ဟား၊ ဘယ်နေရာမတို သူ့အချက်နဲ့သူ သိမှ ဖြစ်တာ'

'ဓာတ်သိဆိုရင်တော့ လွယ်တာပေ့ါ၊ မြို့လယ်က တည်းခိုခန်းတချို့ သွားလဲ ရတာပဲ၊ တည်းခိုခန်းတိုင်းတော့ ဘယ်ရမလဲ'

'ဟုတ်တယ်၊ မြို့လယ် လမ်းမပေါ်က တိုက်ခန်းတွေပေါ်မှာလဲ ရှိတာပဲ၊ တချို့ဆို လမ်းထဲကလူတွေတောင် မရိပ်မိဘူး၊ တော်တော်လေး ဖိတင်းကြီးပြီး ဖမ်းဟယ် ဆီးဟယ်လုပ်မှ သိကြတာ'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်အတင့်ရဲတဲ့နေရာ ရှိသေးတယ်၊ ပရိုက်ဗိတ်တက္ကစီစတင်းတစ်ခုလေ၊ မယောင်မလည်နဲ့ သွားများမရပ်နဲ့၊ အစ်ကို တက္ကစီလိုချင်လို့လား၊ ဘာလိုချင်လို့လဲနဲ့ အနားကပ်ပြီး လာဆွယ်ကြတော့တာပဲ၊ လူစည်ကားတဲ့နေရာကြီးကွာ'

'ဘာမဆို သူ့ဟာနဲ့သူ အချိတ်အဆက်ရှိမှလဲ လွယ်တာပါ'

'ဒါပေါ့'

'အကြောင်းသိရင်တော့ အမြန်ရထားလက်မှတ်ကို ဘယ်မှာဝယ်ရတယ်၊ မော်တော်ကားတိုက်မှုဖြစ်ရင် အာမခံကြေး အမြန်ထုတ်လို့ရအောင် ဘယ်ဝပ်ရှော့ကို သွားရတယ်ဆိုတာကအစ ရန်ကုန်မြို့မှာ သူ့ဟာနဲ့သူ အဆင်သင့် ဆောင်ရွက်ပေးမယ့်သူတွေ ရှိပြီးသား။ ကိုယ်က နှံ့စပ်ဖို့သာ အရေးကြီးတယ်'

ရန်ကုန်သားချင်းတူပေမယ့် မြို့လယ်မှာ ကျက်စားသူနဲ့ မြို့ပြင်ဆင်ခြေဖုံးကလူတို့ မတူပေ။ သာထွန်းဦးနှင့် အောင်လှိုင်ဝင်းတို့ တစ်ယောက်တစ်ပြန် ဆွေးနွေးသမျှကို မောင်အေးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရလေသည်။

သူတို့စကားဝိုင်းကို သိမ်းတော့ ဆယ့်နှစ်နာရီကျော်ပြီ။ အောင်လှိုင်ဝင်းက ၃၄ လမ်းကို ပြန်သွားသည်။ သာထွန်းဦးနှင့် မောင်အေးက ၃၃ လမ်းထဲ ပြန်ဝင်ခဲ့သည်။ လမ်းထဲက စုပေါင်းငှားထားသော ညစောင့်ဒရဝမ်ကြီးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ တိုက်နှစ်လုံးကြားမှ မြေကွက်လပ်တွင် ဆောက်ထားသော ဓမ္မာရုံမှာ မီးလင်းနေသည်။ လမ်း၏လက်ယာဘက်တွင် ကိုယ်ပိုင်ကားတွေ တန်းစီရပ်ထားသည်မှာ နေရာပြည့်လုလု ဖြစ်၏။ တချို့ကားမှန်တွေကို စက္ကူကတ်ပြားတွေ အဝတ်



တွေဖြင့် ဖုံးအုပ်ထားကြသည်။ အိမ်တစ်အိမ်မှ ကုလားသီချင်းကို ကျယ်လောင်စွာ ဖွင့်ထားလေသည်။ တချို့အိမ်တွေက အိမ်ရှေ့ သစ်သားတံခါးကို ဖွင့်၍ အိပ်သဖြင့် ခြင်ထောင်တွေ ထောင်ထားသည်ကို မြင်နေရသည်။

လရောင်သည် ဓာတ်တိုင်မှ မီးရောင်နှင့်ပေါင်းစပ်၍ လမ်းပေါ်သို့ ဖြာကျနေ၏။ တိုက်တွေ ကွယ်နေသဖြင့် လဝန်းကို မမြင်ရချေ။

❑

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၃

## ၁

သာထွန်းဦး သည်နေ့ ရုံးတက်နောက်ကျသည်။ ညက ညဥ့်နက်မှ အိပ်ရာဝင်သဖြင့် သည်မနက် လက်ဖက်ရည်ဆိုင်ပင် မထိုင်ရတော့။ အောင်လှိုင်ဝင်းလည်း ခုချိန်ဆို သူ့ရုံးကို ထွက်သွားလောက်ပေပြီ။ အိမ်မှာလည်း ကလေးတွေ ကျောင်းပိတ်သဖြင့် အစ်မနှင့်ယောက်ဖသည် ခွင့်ယူကာ ကလေးတွေခေါ်ပြီး ယောက်ဖ၏ အမျိုးများရှိရာ တောင်ငူသို့ သွားနေကြသည်။

သာထွန်းဦးသည် အခန်းတံခါးကို သော့ခတ်ကာ အောက်သို့ ဆင်းလာခဲ့၏။ လမ်းထဲမှာတော့ စာအုပ်သမားတွေ စာရေးဆရာတွေ၊ ပန်းချီဆရာတွေဖြင့် စည်ကားနေတတ်သည်။ တချို့လည်း နံနက်လင်းသည်နှင့် အိမ်မှထွက်လာကာ ၃၃ လမ်းမှာ လာဆုံကြပြီး ညနေစောင်းမှ ပြန်သွားကြသည်။ စာပေနယ်မှာ အောင်မြင်သူလည်းရှိ၊ ကျရှုံးသူလည်းရှိ၊ လည်သလိုလုပ်စားနေသူလည်း ရှိ၏။ အခြေအနေ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကိုယ်ယုံကြည်ရာကိုတော့ စွန့်နိုင်ခဲသား။ လမ်းထိပ် လက်ဖက်ရည်ဆိုင်တွေမှာ လူစည်ကားနေပေပြီ။

အတွေးဖြင့် လျှောက်လာရင်း လမ်းထိပ်ရောက်လာ၏။ လမ်းကို နီးရာဖြတ်ကူးမည်ကြံပြီးမှ သတိရကာ မျဉ်းကြားဆီ လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်တလောက စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူ တွေကို အရေးယူသည်။ မျဉ်းကြားမှ ဖြတ်မကူးဘဲ နီးရာမှကူးသူများကို လမ်းပြရဲတွေက ကားကြီး တစ်စင်းပေါ် ဆွဲတင်သည်။ တချို့က ငွေဒဏ်သဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်ကြသည်။ ယခုတော့လည်း မဖမ်းမဆီးသည်မှာ အတန်ကြာသွား၍ နီးရာမှ ကူးနေကြပြန်လေသည်။ လမ်းဖြတ်ကူးသည့် မျဉ်းကြားတွင် အမျိုးသမီး လမ်းပြရဲနှစ်ယောက် လက်ပြနေသည်။ ကားတချို့မှာ အနီး ရောက်မှ ဘရိတ်အုပ်ပေးရသဖြင့် နောက်က ကားက ဝင်ဆောင့်မလို ဖြစ်သွား လေသည်။

ဘားလမ်းအတိုင်း လျှောက်လာပြီးမှ ပန်းခြံကိုဖြတ်၍ ခြောက်ထပ် ရုံးဘက် လျှောက်ခဲ့၏။ ယခင်တလောက ပန်းခြံနားမှာ လက္ခဏာဆရာ တွေ တန်းစီနေခဲ့သေးသည်။ ကျောင်းမှ အတူထွက်လာသူ သိပ္ပံဘွဲ့ရ သူငယ်ချင်းတစ်ယောက် လက္ခဏာဆရာလုပ်နေသည်ကိုတွေ့၍ မမြင်ဟန် ဆောင်ခဲ့ရဖူး၏။ ယခုတော့ ပန်းခြံမှာ လူရှင်းလျက်ရှိသည်။

ရုံးပေါ်ရောက်တော့ လက်မှတ်ထိုးပြီး မြစမ်းရည်ရှိရာ စားပွဲကို ကြည့်သည်။ မတွေ့။ မရင်ရွှေကို မေးကြည့်ရ၏။ အခုပဲအောက်ဆင်းသွား တယ်'ဟု ပြောလေ၏။ သူလည်း လက်ဖက်ရည်သောက်ရန် အောက်သို့ ဆင်းခဲ့၏။

နောက်တစ်ခေါက်ပြန်တက်လာမှ မြစမ်းရည်ကို တွေ့ရလေ၏။

'စောစောက နင့်ကို ငါရှာနေတာ ဘယ်သွားနေတာလဲ'

'အောက်ခဏဆင်းတာ ဆာလို့'

'ဘာမှမစားခဲ့ဘူးလား'

မြစမ်းရည် ခေါင်းခါသည်။

'ထမင်းဘူးပါလား'



မြစမ်းရည် ခေါင်းခါသည်။

'ဘာဖြစ်လို့လဲ'

'အမေ နေမကောင်းလို့'

မြစမ်းရည်သည် သူ့အလုပ်ကို သူလုပ်၏။ သာထွန်းဦးကတော့ ရုံးတက်လက်မှတ်ထိုးသည့် ဖိုင်တွဲကို ယူသည်။ လူစုံမစုံ ကြည့်သည်။ ခွင့်ယူသူ ရှိ မရှိ စစ်ဆေးသည်။ လက်မှတ်မထိုးရသေးသူကို သွားထိုးခိုင်း သည်။ ပြီးတော့ ရုံးတက်ရုံးဆင်း ပုံစံမှာ ဖြည့်သည်။ သည်နေ့ သူ့တာဝန် ဖြစ်၏။ သည့်နောက်တွင်တော့ အခန်းထဲမှ ထွက်သွားလိုက် ပြန်ဝင်လာ လိုက်နှင့် အလုပ်ရှုပ်နေသည်။ နေ့လယ် ထမင်းစားချိန်မှာ မြစမ်းရည် အတွက် ခေါက်ဆွဲသုပ် ဆင်းဝယ်ပေးသည်။

'ငါ အလုပ်သင်အရာရှိ စာမေးပွဲဖြေထားတာ အောင်တယ်၊ နင် သိပြီးပြီလား'

မြစမ်းရည်က ခေါင်းညိတ်သည်။

'နင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ မျက်နှာမသာမယာနဲ့၊ နင်က ငါ စာမေးပွဲ အောင်တာ ဝမ်းမသာဘူးလား'

'သာပါတယ်'

'နင်ကလဲဟယ် အေးစက်စက်နဲ့၊ မရင်ရွှေ သူ ဘာဖြစ်နေတာလဲ ဟင်'

မရင်ရွှေက ထမင်းဘူးထဲမှ ငါးပိထောင်းနှင့် ထမင်းကိုကော်စားရင်း သူ့ကိုကြည့်၍ ရယ်သည်။

'နင်ကလဲ၊ သူ စိတ်ညစ်လို့ပေါ့ဟဲ့'

'ဟုတ်လား။ ဘာလို့ စိတ်ညစ်တာလဲ'

'သူ့အမေ နေမကောင်းလို့'

www.burmeseclassic.com

www.burmeseclassic.com



'တော်တော်ဖြစ်နေလို့လား ဟင်၊ အားမငယ်ပါနဲ့ဟယ်၊ အမေ့ကို ငါ လာကြည့်ဦးမယ်၊ နင်တို့အိမ် မရောက်တာကြာပြီ'

'အမယ် အသားယူမနေပါနဲ့'

မြစမ်းရည် အသံထွက်လာသည်။ မရင်ရွှေက မြစမ်းရည်ကို ကြည့်ပြီး ဆက်ပြောသည်။

'သူ့အမေ နေမကောင်းတာလဲ တစ်ကြောင်း၊ နောက်တစ်ကြောင်းက သူ ခွင့်တစ်လတင်လိုက်တယ်'

'ဟင် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'အမေ နေမကောင်းတော့ ငါ ဈေးရောင်းရမှာပေါ့ဟဲ့'

'နင့်အမေက ဘာဖြစ်တာလဲ'

'အသက်ကြီးတော့ ချချာတာပေါ့ဟာ၊ အလုပ်လုပ်လာတာလဲ ကြာပြီ မဟုတ်လား'

'ဩော် ဒါကြောင့်ကိုး'

'အေး ဒါကြောင့် ဒါကြောင့်'

မရင်ရွှေက ဝင်ပြောပြန်သည်။

'ဘာ ဒါကြောင့်လဲ'

မြစမ်းရည်က မျက်စောင်းထိုးလေသည်။

'ဩော် နင်တို့နှစ်ယောက် ခွဲရမယ် မဟုတ်လား'

မြစမ်းရည်က မရင်ရွှေကို ထုလေသည်။ သာထွန်းဦးက သဘောကျစွာ ရယ်လေ၏။

'နင်ကလဲဟာ စိတ်ညစ်မနေပါနဲ့၊ ငါတောင် မညစ်ဘူး၊ နင်ဈေးရောင်းတဲ့ဆီ ငါလာခဲ့မယ်၊ ဒီလိုဆို သကြိန်အကြိုနေ့မှာ နင် ရုံးမတက်နိုင်ဘူးပေါ့၊ ငါက နင့်ကို ရေလောင်းမလို့'



'အိမ်ကို သွားလောင်းပေါ့ဟဲ့'

မရင်ရွှေက ဝင်တွန်းပြန်သည်။

'အား ဟုတ်တယ်၊ သကြိန်ရက်တစ်ရက် အတူတူလည်ရအောင်၊ ငါ လာခေါ်မယ်လေ'

'မလိုက်နိုင်ပါဘူး ဟယ်'

မြစမ်းရည်သည် စိတ်ညစ်စရာတွေကို မေ့ပျောက်ကာ အလုပ်ကို ပြန်လုပ်နေ၏။ တတ်နိုင်သမျှ အမှားနည်းစေရန် လက်နှိပ်စက် စာလုံးများပေါ်မှာ အာရုံစိုက်လိုက်သည်။

သာထွန်းဦးသည် မျက်လွှာချ၍ အလုပ်လုပ်နေသော မြစမ်းရည်ကို ငေးစိုက်ကြည့်နေမိလေသည်။ သူနှင့် မြစမ်းရည်သည် သူငယ်ချင်းလို ရင်းနှီးပွင့်လင်းစွာ ပေါင်းလာခဲ့ကြသူများ ဖြစ်သည်။ ရုံးမှာ ရာထူးအဆင့်အတန်းရှိသူ၊ ရုပ်ရည်ချောမောသူ မိန်းကလေးပေါင်းများစွာ ရှိသော်လည်း သာထွန်းဦး တကယ်တမ်း စိတ်ဝင်စားသူက မြစမ်းရည်သာ ဖြစ်သည်။ မြစမ်းရည်ကို ရုံးမှာ တစ်ရက်မတွေ့ရလျှင် မနေနိုင်။ မြစမ်းရည်သည် ရုပ်ရည်ချောမောလှသည် မဟုတ်သော်လည်း အပြစ်ကင်း၍ ချစ်စရာကောင်းသော အသွင်ကို ဆောင်၏။ အသားက ညိုပြီး ညက်သည်။ မျက်လုံးများက တောက်ပကြည်လင်သည်။ ကိုယ်လုံးကိုယ်ပေါက်က သေးသွယ်ကျစ်လျစ်သည်။ အစဉ်လှုပ်ရှား အလုပ်လုပ်နေသော လက်ချောင်းလေးများကလည်း သွယ်ပျောင်းလှပ၏။

မြစမ်းရည်က သူ့ကို သေသေချာချာစိုက်ကြည့်နေမှန်း သိ၍ မျက်နှာတွေ နီလာသည်။ အမြဲ တပူးတွဲတွဲ စကားတပြောပြောနေလာခဲ့သော်လည်း သည်နေ့မှပင် ထူးထူးခြားခြား သူ့ရင်က ခုန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညနေ ရုံးဆင်းရင် ငါ့ကို ခဏစောင့်ဦးနော်၊ ငါ ရုံးအုပ်ကြီးဆီခဏ သွားစရာရှိလို့'

သာထွန်းဦး အသံကလည်း မူမမှန်ချင်ပေ။ မြစမ်းရည်ကလည်း အထွေအထူး ဘာမျှမပြောပေ။ သူတို့နှစ်ယောက် လမ်းကြုံလျှင်တော့ အတူတူ လျှောက်သွားတတ်သည်မှာ အဆန်းမဟုတ်တော့ပါချေ။

သို့ပါလျက် ညနေ ရုံးဆင်းချိန်မှာ သာထွန်းဦးကို စောင့်နေရတော့ မြစမ်းရည် ရင်က ခုန်ချင်ချင်။ အခန်းထဲမှ လူတွေအားလုံး ဆင်းသွားသော်လည်း သာထွန်းဦးက ရောက်မလာသေး။ မြစမ်းရည်သည် တစ်ယောက်တည်း ဆင်းသွားတော့ရန် စိတ်ကူးဆဲမှာ သာထွန်းဦး ပြန်ရောက်လာသည်။

'လာ သွားကြမယ်'

သာထွန်းဦးက ရှေ့မှ ဦးဆောင်၍ ရုံးပေါ်မှ ဆင်းခဲ့ကြ၏။ ရုံးရှေ့တွင်တော့ လူမပြတ်သေးပေ။ အိမ်က ကားလာအကြိုကို စောင့်နေသူတွေ ရှိလေ၏။

'ငါတို့ တစ်ခုခု စားရအောင်'

သာထွန်းဦးက ပြောသည်။

'ဟင့်အင်း မစားချင်ဘူး၊ အမေ မျှော်နေလိမ့်မယ်'

'ဒီလိုဆို ပန်းခြံထဲမှာ ခဏထိုင်ရအောင်'

သူတို့နှစ်ယောက် ရုံးဘေးမှပတ်၍ မော်ထော်လေးလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

'ဘာလုပ်ဖို့လဲ မထိုင်ချင်ပါဘူး'

'စကားလေးဘာလေး ပြောရတာပေါ့ ဟဲ့'



'အမယ် မလုပ်ပါနဲ့၊ အရင်တလောက ပန်းခြံထဲက အတွဲတွေ ဖမ်းပေးစားလိုက်တာ မသိဘူးလား'

'ဒီလိုဆိုလဲ ကောင်းတာပေါ့ဟာ'

မြစမ်းရည် ခေါင်းငုံ့၍ ရယ်လေသည်။ သူတို့နှစ်ယောက်တွင် ခင်မင်ရင်းနှီးမှု ရှိပြီးသားဖြစ်၍ သာထွန်းဦးက မည်သည့်စကားမျိုးကို ပြောသည်ဖြစ်စေ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မဖြစ်နိုင်တော့ချေ။

ကုန်သည်လမ်းကို ဖြတ်ကူး၍ ဆက်လျှောက်လာကြသည်။ သာထွန်းဦးက မြစမ်းရည်၏ ခြင်းလေးကို မသိမသာလှမ်းဆွဲပြီး လျှောက်လာသည်။ သူတို့နှစ်ယောက်အလယ်တွင် ကြိမ်ခြင်းလေး ခြားလျက်ရှိလေသည်။

'နင်ကလဲဟယ်၊ ငါက အမြဲ နောက်တီးနောက်တောက် ပြောတတ်တော့ ငါ့စကားကို ပေါ့ပေါ့မထားပါနဲ့၊ ငါ တကယ်ပြောချင်တာက ငါ ရာထူးတိုးရင် နင့်ကို ယူမယ်'

မြစမ်းရည် ငိုင်နေလေသည်။

တကယ်ပါ မယုံဘူးလား။

'ယုံတော့ ယုံပါတယ်၊ ဒါပေမယ့်ဟယ်၊ ငါ့မှာ အမေနဲ့ မောင်လေး တာဝန်ရှိတယ်၊ သူတို့ကို မခွဲနိုင်ဘူး'

မြစမ်းရည် မျက်နှာသည် တည်ကြည်က သာထွန်းဦးကိုလည်း လေးနက်စူးရှသော အကြည့်ဖြင့် ကြည့်လာသည်။

'နင့်ကို ဘယ်သူက ခွဲခိုင်းလို့လဲ၊ အတူတူနေမှာပေါ့'

'ဟင် နင်က ငါတို့အိမ်လိုက်နေမှာလား၊ နေနိုင်လို့လား'

'နေနိုင်တာပေါ့၊ ငါ့အစ်မနဲ့ ယောက်ဖကလဲ ရန်ကုန်မှာနေရတာ မလောက်ဘူးဆိုပြီး နယ်ကို အတူတူပြောင်းလို့ရရင် ပြောင်းတော့မယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ တိုက်ခန်းကိုရောင်းရင် တို့မောင်နှမနှစ်ယောက် ဝေယူရမှာ၊ ငါ အိမ်တစ်လုံးတော့ ပြန်ငှားနိုင်မှာပဲ'

မြစမ်းရည်သည် သာထွန်းဦး၏ စကားများကို အလေးထား နားထောင်မိလေသည်။ သာထွန်းဦးကို ချစ်သူတစ်ဦးလို မချစ်ရသေးသော်လည်း သူငယ်ချင်းတစ်ဦးလိုတော့ ယုံကြည်ကိုးစားပြီး ဖြစ်လေသည်။

'အေးဟယ် ငါကတော့ ငါ့အတွက် မနစ်နာစေချင်ပါဘူး၊ နင်က ငါ့ထက် ပညာလဲတတ်၊ အလားအလာလဲ ရှိတယ် မဟုတ်လား'

'မဆိုင်ပါဘူးဟာ၊ အရေးကြီးတာ နင် ငါ့ကို ချစ်ဖို့ပဲ၊ ချစ်ကော ချစ်ရဲ့လား ဟင်'

ဘတ်စ်ကားမှတ်တိုင်မှာ သူတို့နှစ်ယောက် အတူတူ ရပ်မိကြလေသည်။ ရုံးဆင်းချိန်ဖြစ်၍ ဘတ်စ်ကားတွေ မြင်မကောင်းအောင် ကျပ်နေသည်။ နံပါတ် ၃ ဘတ်စ်ကားတစ်စီးလာ၍ မြစမ်းရည်က တက်မည့်ဟန် ပြင်သည်။ သာထွန်းဦးက ခြင်းကို လှမ်းဆွဲထားသည်။

'နေဦးလေ၊ ငါမေးတာ ဖြေဦး'

'ကြံကြံဖန်ဖန်ဟယ်၊ နင်ကလဲ ရည်းစားစကားပြောတာ ဘတ်စ်ကားမှတ်တိုင်မှာ ပြောရတယ်လို့၊ နောက်မှ အေးအေးဆေးဆေးပြောစမ်းပါ၊ ငါ ကားတွေလွတ်ကုန်ပြီ'

သူတို့နှစ်ယောက် ပြောလည်းပြော ရယ်လည်း ရယ်မိကြသည်။ လူတွေကတော့ ကိုယ့်ဇောနှင့်ကိုယ်မို့ သူတို့ကို ဂရုစိုက် မနေအားပေ။

'ရန်ကုန်သားဆိုတော့ ဒီလိုပဲပေါ့ဟာ၊ အချိန်က ရတာ မဟုတ်ဘူး၊ သုတ်သုတ်သွား သုတ်သုတ်စား၊ ရည်းစားစကားပြောတော့လဲ ခပ်သုတ်သုတ်ပဲပေါ့၊ ဘတ်စ်ကားမှတ်တိုင်မှာဆိုတော့ ပိုတောင်ဟန်ကျသေး၊ နင် ငါမေးတာ မဖြေရင် ဘယ်ကားမှ မတက်ရဘူး'၊



'တကယ်ဟားနေရတယ်ဟာ၊ ဟိုမှာ ကားတစ်စင်းလာနေပြီ ချောင်တယ်၊ ငါ လိုက်မှဖြစ်မယ်'

'လိုက်ချင်ရင် ပြောလေ'

'ချစ်တယ်ဟယ် ချစ်တယ်၊ ချစ်တယ်၊ ပေး ပေး ငါ့ခြင်း၊ ဟိုမှာ သူများတွေ တိုးတက်ကုန်ပြီ'

မြစမ်းရည်သည် ကားခြေနင်းပေါ်သို့ အပြေးအလွှားသွားရောက် ခိုစီးလိုက်လေသည်။ ကားသည် အရှိန်ယူ၍ ထွက်ခွာလေ၏။ အတွင်းဘက်ကို တိုးဝင်သွားသော မြစမ်းရည်၏ ကျောပြင်လေးကို မြင်လိုက်ရသည်။

သာထွန်းဦးတစ်ယောက် ပြုံးရင်း လမ်းကိုဖြတ်ကူးလိုက်လေသည်။ အရှိန်ဖြင့်မောင်းလာသော သုံးဘီးကားဆရာက ခေါင်းပြူ၍ 'သေချင်သလား' ဟု သူ့ကို လှမ်းကျိန်းလေ၏။ သာထွန်းဦးသည် 'မသေချင်သေးပါဘူးဗျာ၊ မိန်းမတောင် မယူရသေးဘူး'ဟု စိတ်ထဲမှ ပြန်ပြောလိုက်မိလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂

သည်ကိစ္စမှာတော့ မြင့်မြင့်ထွန်းက အကဲပါလွန်းသည်ဟု ထင်သည်။ ဒေါ်ဥမ္မာကျော်တို့ ဦးဟန်တင်တို့ဆိုတာ အလုပ်ခွင်ထဲ အတူတူဝင်လာသူတွေ ညီအစ်ကိုမောင်နှမလို ခင်မင်သူတွေပါပဲ။ ပြောမနာ ဆိုမနာ ရင်းနှီးခင်မင်စွာ လက်တွဲ၍ အလုပ်လုပ်ခဲ့ကြသည်။ ယခုလည်း ပြောစရာရှိတာ ပြော၍ ဆိုစရာရှိတာဆိုပြီး သူ့သိက္ခာ ကိုယ့်သိက္ခာ စောင့်ထိန်းကာ နေကြသည် ပါပဲ။ မြင့်မြင့်ထွန်းကသာ အနိုင်ရပြီးသူကို ထပ်မံအနိုင်ယူ၍ မဏ္ဍပ်တိုင် တက်ပြချင်လွန်းသည်။ ယခုထက်တိုင် ရည်းစားလုဘက်လို သဘောထား သည်ကို ဒေါ်ဥမ္မာကျော် နားမလည်နိုင်။ ယောကျ်ားလဲ ဒီလောက်မရှား ပါ။ ပြီးတော့ ဒေါ်ဥမ္မာကျော်မှာလည်း ချစ်ရမယ့်သူ ရှိနေပြီဆိုတာ မြင့်မြင့်ထွန်း အသိဆုံး။ ဒါနဲ့များတောင် ပြဿနာဖြစ်ချင်သေးသည်။

ဘာမျှကြီးကျယ်သည့် အကြောင်းလည်း မဟုတ်။

ယနေ့ ဒေါ်ဥမ္မာကျော်က ပုန်းရည်ကြီးနှင့် ဝက်သားချက်၍ ရုံးကို လည်း များများစားစားယူခဲ့သည်။ ဦးဟန်တင်က ဘာဟင်းပါသလဲမေး တော့ ဒေါ်ဥမ္မာကျော်ကလည်း စေတနာဖြင့် ပြောသည်။ ပုန်းရည်ကြီး ကြိုက်ရင် ယူစားပါဟုလည်း လောကွတ်ပြုမိသည်။ စေတနာကလည်း



ရှိပြီးသား မဟုတ်လား။ ဦးဟန်တင် ဟင်းကောင်းကြိုက်တတ်မှန်း ဒေါ်ဥမ္မာ ကျော် သိသည်။ ယခင်က တစ်ဝိုင်းတည်းစားခဲ့ကြတာပဲ။ မြင့်မြင့်ထွန်းက နောက်မှပေါက်တဲ့ ရွှေကြာပင်ပါ။

ယခုလည်း ဦးဟန်တင်က ဒေါ်ဥမ္မာကျော်ကို သူတို့နှင့်အတူ လာ စားဖို့ ခေါ်သည်။ ဒေါ်ဥမ္မာကျော်က အတူစားဖို့ စိတ်မကူးသော်လည်း ဟင်းသွားပေးသည်။ ဦးဟန်တင်တို့ ချိုင့်ထဲမှာ ငါးဟင်းနှစ်တုံးကို တွေ့ရပြီး ထမင်းက ဖက်ဖြင့်ထုပ်ထားသည်။ ဒေါ်ဥမ္မာကျော်က တကယ်မသိ၍ မေးမိသည်။

'ထမင်းဝယ်စားတာလား၊ အိမ်က ပါမလာဘူးလား'

'ဆိုင်မှာ လခပေးစားတာလေ၊ တစ်ခါတလေလဲ သွားစားတယ်၊ တစ်ခါတလေလဲ ဒီယူစားတယ်၊ စားပါဦးလား'

'အို နေပါစေ၊ ဆိုင်ထမင်း ဆိုင်ဟင်းတော့ ကျွန်မ မကြိုက်ဘူး'

'ကျွန်တော်လဲ မကြိုက်ပါဘူးဗျာ၊ အိမ်ပြန်ရောက်မှ ချက်ရတာ ပင်ပန်း လွန်းလို့'

ဒေါ်ဥမ္မာကျော်က အမှတ်တမဲ့ဖြင့် မြင့်မြင့်ထွန်းကို လှမ်းကြည့်မိ သည်။ မြင့်မြင့်ထွန်း နှုတ်ခမ်းစူနေသည်။ ဒေါ်ဥမ္မာကျော်က သူ့ဟင်းကို ခွဲထည့်ပေးပြီး ပြန်လာသည်။ မြင့်မြင့်ထွန်း၏ စူပွစူပွ လုပ်နေသံကို ကြားရ သည်။ ဦးဟန်တင်၏ စိတ်မရှည်စွာ ပြန်ပြောသံကိုလည်း ကြားရသည်။ ခဏကြာတော့ မြင့်မြင့်ထွန်း ထမင်းမစားတော့ဘဲ အပြင်ထွက်သွားသည်။

နောက်တော့ ဒေါ်ဥမ္မာကျော် မကြားချင်သည့် အတင်းအဖျင်းစကား တွေ ပြန်ကြားရသည်။ ဒေါ်ဥမ္မာကျော်က ယခုထက်တိုင် ဦးဟန်တင်ကို သွေးဆောင်လျက် ရှိသည်တဲ့။ သူတို့လင်မယား အဆင်ပြေအောင် နေထိုင် စားသောက်သည်ကို စိတ်ဝမ်းကွဲအောင် သွေးထိုးပေးသည်တဲ့။ ဒေါ်ဥမ္မာကျော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာသည်။ ဝမ်းလည်းနည်းသည်။ သူ့အတွက် ဒီလောက်တောင်လဲ ယောကျ်ားမရှားပါဘူးဆိုတာ ပြချင်သည်။

ကိုစိုးသိမ်းနှင့် သူလည်း အတော်လေးရင်းနှီးနေပြီ။ သူက နေ့စဉ် ရုံးဆင်းလျှင် ကိုစိုးသိမ်း၏ ဆေးခန်းကိုသွားကာ အမြဲ ကူညီလုပ်ကိုင်ပေးသည်။ ဒေါ်ဥမ္မာကျော်၏ အပေါင်းအသင်းများဖြင့် ဆေးခန်းကလည်း လူစည်ကားလာသည်။ ဈေးနှင့်နီးသဖြင့် အသွားအလာများသည်။ သို့သော် ဒေါ်ဥမ္မာကျော်က ယခုနေရာကို သိပ်သဘောမကျသေး။ သူများအိမ်မှာ အခမဲ့ ကပ်ဖွင့်ထားရသည်ဆိုတော့ စိတ်ကြိုက်မဖြစ်သေး။ လမ်းမနှင့် ဝေးသည်။ သည်ဘက်ရန်ကင်းလမ်းမဘက်က တိုက်ခန်းတွေ၏ အောက်ထပ်မှာ အခန်းငှား၍ဖွင့်စေချင်သည်။ ထိုအတွက် ဒေါ်ဥမ္မာကျော်ကကော သူ့အမေကပါ ကူညီပေးဖို့ အသင့်ရှိနေသည်။ သူ့အမေကလည်း ဒေါ်ဥမ္မာကျော်နှင့် ကိုစိုးသိမ်းကို အလွန် နီးစပ်စေချင်နေပြီ။ သမီးကညာ အခါမလင့်ဆိုသ မဟုတ်လား။

ကိုစိုးသိမ်းကလည်း အလွန်အေးလှ ရိုးလှသည်။ ဒေါ်ဥမ္မာကျော်က ရေမိုးချိုးပြီး ပြင်ဆင်ဝတ်စား၍ သူ့အနားမှာ လာကူညီသည်ကိုတော့ သွားကြီးတဖြီးဖြီးဖြင့် အလွန်သဘောကျ၍ နေလေသည်။ အိမ်ရှင်အဒေါ်က ဒေါ်ဥမ္မာကျော်ကို လိုလားစွာဖြင့် ရှေ့တင်ထား၍ နောက်ပြောင်လျှင်လည်း မျက်နှာနီ၍ ရယ်သွမ်းသွေးနေ၏။ ဒေါ်ဥမ္မာကျော်၏ အမေကပါ လမ်းမဘက်မှာ အခန်းငှားဖို့ ကူညီမည်ဆိုတော့လည်း မငြင်းပေ။ 'ကျွန်တော့်အတွက် မဥမ္မာတို့မှာ တာဝန်ကြီးတစ်ခု ဖြစ်နေပြီ'ဟု ပြော၏။ 'မဥမ္မာဟာ ကျွန်တော့် အစ်မဆိုလဲ ဟုတ်၊ ဘဝအဖော်ဆိုလဲ မှန်တာပဲ'ဟု မပွင့်တပွင့်ဆိုသည်။ 'ကျွန်တော် တောပြန်ရင် မဥမ္မာ လိုက်နိုင်မှာလား'ဟုလည်း မထိတထိ ရှိသည်။ ဒေါ်ဥမ္မာကျော်ကတော့ ယောကျ်ားတို့၏ မပွင့်တပွင့်အချစ်ကို



ကြောက်၍နေပေပြီ။ သူ့ဘက်ကတော့ တတ်နိုင်သမျှ စေဟတနာမေတ္တာထားတာပါပဲ။ သူတို့ တကယ်မချစ်လို့ ထွက်ခွာပြေးရင်လဲ ကံတရားပဲပေါ့ဟု စိတ်ကိုဖြေလျှော့ထားလိုက်သည်။

သည်နေ့တော့ စိတ်ဓာတ်အကြီးအကျယ် ကျလျက်ရှိသည်။ ရုံးမှာလည်း အစော်ကားခံရ၊ ရပ်ကွက်ထဲမှာလည်း ကျန်ရစ်ဟု အပြောခံရဦးမည် ဆိုလျှင်တော့ သည်တစ်သက်မှာ မျက်နှာပြန်ဖော်နိုင်တော့မည် မဟုတ်။ ကိုစိုးသိမ်းကသာ သူ့ကိုတကယ်ချစ်မြတ်နိုး၍ ယူမည်ဆိုလျှင်တော့ အားလုံးအပေါ်မှာ အပြုံးဖြင့်ပြန်၍ တုန့်ပြန်နိုင်ပေမည်။ သို့သော် ယောကျ်ားတွေ၏ အချစ်သည် အနစ်နာခံခြင်း၊ အလိုလိုက်ခြင်းတို့မှာထက် ပျို့မြစ်လှပမှုမှာသာ ပို၍ ပျော်မွေ့သည် ထင်၏။

အိမ်ပြန်ရောက်ကတည်းက စိတ်လက် သိပ်မကြည်လင်လှပေ။ ဘေးခန်းက ဖြူသွယ်မြင့်တို့ အပေါ်ထပ်က မသန်းကြည်တို့ကိုလည်း ဂရုမစိုက်ချင်တော့ပေ။ သူတို့တွေ ဘာပြောမည်လဲ၊ သူ့အပေါ် ဘယ်လိုထင်မြင်မည်လဲဟုလည်း တွေးမပူချင်တော့ပေ။ တစ်လောကလုံးကို စိတ်ပျက် နာကျည်းလျက် ရှိလေသည်။

အိမ်ပေါ်ရောက်သည်နှင့် မီးဖိုချောင်ကို ခဏဝင်ကူပြီး ရေမိုးချိုးသည်။ သနပ်ခါးဘဲကြားလိမ်း၍ အိပ်ရာပေါ် လှဲအိပ်နေလိုက်မိသည်။ သူ့အမေကတော့ သမီး အရိပ်အကဲကိုကြည့်ပြီး အထူးအဆန်း ဖြစ်နေသည်။

'ဟဲ့ သမီး၊ ဒီညနေ မောင်စိုးသိမ်းဆီ မသွားတော့ဘူးလား'

'မသွားတော့ဘူး မေမေ၊ ခေါင်းကိုက်လို့'

'ဟဲ့ ဟုတ်လား။ ဆေးလေး ဘာလေး သောက်လိုက်လေ၊ အိမ်မှာလဲ ဘာဆေးမှ မရှိဘူး၊ မောင်စိုးသိမ်းဆီသွားရင် ဆေးလေး ဘာလေးရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ မေမေ၊ တော်ကြာ ကောင်းသွားမှာပါ'

သူ့အမေက သမီးကိုကြည့်ပြီး ခေါင်းကို ဖြည်းညင်းစွာခါ၍ သက်ပြင်းချလိုက်မိသည်။ သူ့အနေဖြင့်လည်း ဒီသမီးတစ်ယောက်ကို အခြေကျစေချင်လှပြီ။

ဒေါ်ဥမ္မာကျော်သည် စိတ်ဓာတ်ရောလူပါ ကျဆင်းကာ အိပ်ရာထဲမှာ ခွေနေလိုက်မိလေသည်။ ယခုတော့ ဆူညံရှုပ်ထွေးသော ပတ်ဝန်းကျင်နှင့် ဝေးရာမှာပင် ခိုဝင်ပုန်းအောင်းနေချင်စိတ် ဖြစ်လာလေပြီ။ 'ကိုစိုးသိမ်းကလဲ ငါ့ရဲ့ အယုအယမှာ သာယာလို့ ခဏလိုက်လိုက်လျောလျော ဆက်ဆံနေတာနေမှာပါပဲ၊ သူ တကယ်ချစ်ရင် ငါ့ကို တိတိလင်းလင်း ချစ်ရေးဆိုမှာပေါ့၊ ခုတော့ မထိတထိနဲ့ ကျီစယ်ရုံသက်သက်ထင်ပါရဲ့'ဟု ရောက်တတ်ရာရာ တွေးနေမိလေသည်။

မှေးခနဲ အိပ်ပျော်သွားစဉ် မေမေက လာနှိုးလေသည်။

'သမီးရေ မောင်စိုးသိမ်း ရောက်နေတယ်ကွယ့်၊ အပြင်ထွက်တွေ့လိုက်ပါဦး'

သူ့အမေခေါ်သံကြား၍ အိပ်ရာထဲမှ လူးလဲထလိုက်မိသည်။ သူ ဆေးခန်းတောင် ပိတ်ပြီပဲ။ အိပ်ပျော်သွားတာ တော်တော်ကြာသွားသည်တင်၏။ အပြင်ထွက်မည်လုပ်ပြီးမှ စိတ်ကိုတင်း၍ အိပ်ရာပေါ် ပစ်အိပ်လိုက်သည်။

'သမီးနေမကောင်းလို့ မထွက်တော့ဘူးလို့ ပြောလိုက်ပါ မေမေ'

သည်တစ်ခါတော့ မူယာမာယာလုပ်ခြင်းမဟုတ်။ တကယ်ပင် စိတ်မပါ၍ ထွက်တွေ့ရန် ဝန်လေးနေမိသည်။ ခဏကြာတော့ မေမေ ဝင်လာပြန်သည်။



'ခဏဖြစ်ဖြစ်ထွက်တွေ့လိုက်ရောပေါ့ သမီးရယ်၊ သူ့ခမျာ စိတ်ပူနေရှာတယ်၊ သမီးထွက်မလာနိုင်ရင် သူလာကြည့်ပေးမယ်တဲ့'

'အို နေပစေ မေမေ သမီး ထွက်လာပါ့မယ်'

ဒေါ်ဥမ္မာကျော်သည် မပြုမပြင် ကပိုကရိုနှင့်ပင် အပြင်သို့ ထွက်သွားလေသည်။ ကိုစိုးသိမ်းသည် သူ့ကို စောင့်မျှော်လျက်ရှိသည်။ သည်တစ်ခါတော့ မပြုမပြင် နွမ်းလျလျဖြစ်နေသော ဒေါ်ဥမ္မာကျော်၏ ရုပ်သွင်သည် သူ့အတွက် အကျည်းမတန်တော့ပေ။ အပေါ်ယံလိမ်းခြယ်မှုများထက် တစ်မျိုးဆန်းသစ်သော သနပ်ခါးရည်ကျဲနှင့် ပကတိငြိမ်သက်သည့် မျက်နှာက သူ့ရင်ကို အေးသွားစေသည်။ တကယ်တော့ သူသည် ဒေါ်ဥမ္မာကျော်၏ အပြုအစု အယုအယမှာ သာယာနစ်မျောနေမိပြီဖြစ်ကြောင်း ယနေ့မှပင် သူ အထင်အရှားသိလာရသည်။ ဒေါ်ဥမ္မာကျော် ရောက်မလာသည့်အတွက် ဆေးခန်းမှာ သူတစ်ယောက်တည်း အယောင်ယောင်အမှားမှား ဖြစ်နေခဲ့ရသည်။

'မဥမ္မာ တော်တော်နေမကောင်းလို့လား ဟင်၊ ကျွန်တော်လည်း တစ်ယောက်တည်း မလုပ်တတ် မကိုင်တတ်ဖြစ်နေလို့ ဆေးခန်းကို စောစော ပိတ်ခဲ့တယ်'

ဒေါ်ဥမ္မာကျော်က ကုလားထိုင်မှာ ညင်ညင်သာသာပင် ဝင်ထိုင်သည်။ ကိုစိုးသိမ်းကို မကြည့်ဘဲ အဝေးကို ငေးမောနေမိသည်။

'မဥမ္မာ ခေါင်းကိုက်နေလို့ဆို၊ စိတ်လဲ ကြည်လင်သွားအောင် အပြင်ကို လမ်းလျှောက်ထွက်ပါလားဟင်၊ အိမ်မှာ ဆေးလဲဝင်ယူမယ်လေ'

ကိုစိုးသိမ်းက ဂရုတစိုက်ပြောလာတော့လည်း ဒေါ်ဥမ္မာကျော် ဝမ်းသာဝမ်းနည်း ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပါစေတော့ ကိုစိုးသိမ်းရယ်၊ တော်ကြာ သက်သာသွားမှာပါ'

'ဆေးသောက်လိုက်မှ သက်သာမှာပေါ့ မဥမ္မာရယ်၊ လာပါ၊ အပြင်ဘက် ခဏလေးသွားရအောင်၊ လိုက်ခဲ့ပါ မဥမ္မာရယ်'

ဒေါ်ဥမ္မာကျော်က လိုလိုလားလားခေါ်နေသော ကိုစိုးသိမ်းကို မျက်လွှာပင့်၍ ကြည့်မိသည်။ စူးစိုက်၍ကြည့်နေသော ကိုစိုးသိမ်း၏ မျက်လုံးများကို ရင်ဆိုင်ရ၍ သူ့ရင် ခုန်သွားလေသည်။ ဒေါ်ဥမ္မာကျော်၏ အမေက သူတို့ အနားကို လျှောက်လာသည်။

'မောင်စိုးသိမ်းပြောတာ ကောင်းသားပဲ သမီးရဲ့၊ ခေါင်းကြည်လင်သွားအောင် အပြင်ထွက် လေညင်းခံလိုက်ပေါ့၊ ပြီးတော့ ဆေးလေးသောက်ပြီး ပြန်အိပ်၊ ရုံးအလုပ်တွေကလဲ ဖိစီးတယ် ထင်ပါ့ကွယ်'

ဒေါ်ဥမ္မာကျော်သည် ဆက်လက် မငြင်းသာတော့ဘဲ အေးဆေးစွာပင် ထလိုက်သွားလေ၏။ သည်တစ်ခါတော့ ဘေးတွေ ဘီတွေ ပတ်ဝန်းကျင်တွေကိုလည်း ဂရုစိုက်ကြည့်မနေဖြစ်တော့။ ဘယ်သူတွေ ဘာပြောမည်လဲဟု စိုးရိမ်ပူပန်မှုလည်း ထားမနေတော့ပေ။

'မဥမ္မာဆီ ပထမဆုံးလာလည်တုန်းကသွားခဲ့တဲ့ အအေးဆိုင်လေးကို သွားရအောင်၊ ကျွန်တော် သုံးဘီးတားလိုက်မယ်'

ဒေါ်ဥမ္မာကျော်ကတော့ ငြိမ်သက်တိတ်ဆိတ်စွာပင် သူ့နောက်က လိုက်ခဲ့သည်။ အုန်းပင်ရိပ်က ခရုကန့်လန့်ကာလေးတွေကြားမှာ ထိုင်မိတော့ ကိုစိုးသိမ်းက ဒေါ်ဥမ္မာကျော်ကို ရွှန်းရွှန်းစားစားကြည့်ကာ စကားဆိုသည်။

'ကျွန်တော်က မဥမ္မာကို တိုင်ပင်စရာရှိလို့ စောင့်နေတာ၊ ဒီနေ့မှာမှ မဥမ္မာက မလာတော့ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူးဗျာ'



သူတို့အတွက် ဖျော်ရည်နှစ်ခွက်ရောက်လာသည်။ ဒေါ်ဥမ္မာကျော်ကတော့ တိတ်ဆိတ်နေဆဲ ဖြစ်သည်။

'ဟသ်ာတက ကျွန်တော့်အစ်ကိုဝမ်းကွဲ တစ်ယောက်ဆီက စာလာတယ်၊ အလုပ်မရခင်စပ်ကြား သူတို့ဆီလာပြီး ဆေးခန်းဖွင့်ဖို့အကြောင်း၊ သူ အစစအရာရာ အကူအညီပေးမယ့်အကြောင်းပေါ့၊ ကျွန်တော်လဲ ရန်ကုန်မှာ ကုပ်ကပ်နေလို့တော့ အကြောင်းထူးမှာ မဟုတ်ဘူးဆိုတာ တွက်မိလာပြီ၊ အခုဆို အခန်းကလဲ သူများအခန်းမှာ ကပ်နေရတယ်၊ ရသမျှပိုက်ဆံလေးကလဲ ဆေးဝယ်ရတာ၊ သုံးတာနဲ့ မကာမိပါဘူးဗျာ၊ ပိုက်ဆံရဖို့လောဘနဲ့ ဆေးကုနေရတာကိုက ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး၊ တောမှာဆိုတော့ ရသမျှလေးနဲ့ လောက်ငအောင်နေလို့ ဖြစ်တယ်'

'အဲဒီတော့ ကိုစိုးသိမ်းတောပြန်တော့မယ်ပေါ့'

ဒေါ်ဥမ္မာကျော်က အေးဆေးစွာပင် မေးသည်။ ကိုစိုးသိမ်းက ဒေါ်ဥမ္မာကျော်ကို ရီဝေစူးရှစွာ ကြည့်နေမိလေသည်။

'မဥမ္မာတို့ရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ် မဥမ္မာရယ်၊ မဥမ္မာ အရင်တစ်ခါကပြောဖူးတာ ကျွန်တော် သတိရနေမိတယ်၊ ဥမ္မာတို့ကတော့ ရန်ကုန်မှာပဲပျော်တယ်၊ ရန်ကုန်ကလွဲရင် ဘယ်မှာမှ မနေချင်ဘူးဆိုတာလေ၊ အဲဒါတွေးမိတော့ ကျွန်တော် ဝမ်းနည်းတယ်'

'ဘာဖြစ်လို့လဲ'

'ဩော် မဥမ္မာရယ်၊ ကျွန်တော်ကလဲ စကားကို သိုင်းဝိုင်းပြီး မပြောတတ်ပါဘူး၊ ကျွန်တော်က တောပြန်ရမယ့်သူဆိုတော့ မဥမ္မာနဲ့ ခွဲရတော့မယ်လေ၊ ကျွန်တော် မခွဲချင်ပါဘူး'

'အို ဘာဆိုင်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးသိမ်း ခေါင်းငုံ့သွားလေသည်။ ဒေါ်ဥမ္မာကျော်ကတော့ ခပ်ဖေ ဖေးပင် ထိုင်နေသည်။ သူ့အနေနှင့် ယောကျ်ားတစ်ယောက်ထံမှ တိကျသော ချစ်စကားကို ငံ့လင့်ချင်သည်။ သို့သော် မမျှော်လင့်ချင်တော့ပေ။

'ဆိုင်ပါတယ် မဥမ္မာရယ်၊ ကျွန်တော်က ရန်ကုန်ရွှေမြို့တော်ကြီးက ခွာပြီး မဥမ္မာကို ကျွန်တော်နဲ့ လိုက်ခဲ့စေချင်တယ်၊ ဝတ္ထုတွေထဲကလိုပေါ့၊ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် သိတယ်'

ဒေါ်ဥမ္မာကျော်က သာသာညင်းညင်း ရယ်သည်။

'ဖြစ်ရလေ ကိုစိုးသိမ်းရယ်၊ ဥမ္မာက ရန်ကုန်မှာ မနေချင်တော့ဘူး ပဲထား၊ ရန်ကုန်မှာ မပျော်တော့တာနဲ့ ကိုစိုးသိမ်းနောက်ကို လိုက်လာ ရတော့မှာလား'

သည်တော့လည်း ကိုစိုးသိမ်းသည် သူ့ဘက်က ချို့ယွင်းချက်ကို သိ၍ သွားလေသည်။

'ဒီလိုပါ မဥမ္မာ၊ ကျွန်တော် မဥမ္မာကို ချစ်တယ်၊ မဥမ္မာကလဲ ကျွန်တော့်ကို ချစ်လိမ့်မယ်လို့ မျှော်လင့်မိတယ်၊ ဒါကြောင့် ကျွန်တော်နဲ့ လိုက်စေချင်တာပါ'

ဒေါ်ဥမ္မာကျော် ပြုံး၍နေသည်။

ဥမ္မာတော့ လူတွေကို စိတ်ကုန်နေပြီ။ လူတွေများတဲ့နေရာ၊ အထူး သဖြင့် တစ်ယောက်နဲ့တစ်ယောက် လောဘဒေါသတွေ ပွားများပြီး လုယက် တိုးဝှေ့ နေရတဲ့ နေရာမျိုးမှာ မနေချင်တော့ဘူး၊ အေးချမ်းဆိတ်ငြိမ်တဲ့ နေရာမျိုးမှာပဲ နေချင်တော့တယ်'

'တကယ်လားဟင်'

'တကယ်ပြောတာပါ၊ ဒါပေမယ့် ဒီလိုပြောလို့ ကိုစိုးသိမ်းနောက်ကို ကောက်ခနဲ ထလိုက်လာမယ်လို့ ပြောတာမဟုတ်ဘူးနော်'



'အို ကျွန်တော် နားလည်ပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် မဥမ္မာဟာ ကျွန်တော်နဲ့ အယူအဆချင်း နီးစပ်လာပြီဆိုရင် ကျန်တာတွေလဲ ဖြစ်လာ ရမှာပေါ့၊ မဟုတ်ဘူးလား'

'မသိဘူးလေ'

နှစ်ယောက်လုံး ရယ်သွမ်းသွေးမိလေ၏။ လမ်းမပေါ်မှာ လူတွေ ပြည့်ကျပ်နေသော ဘတ်စ်ကားတစ်စီး ဖြတ်သွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၃

'ဒက်ဒီ ဒီလိုဖြစ်လို့ သူတို့ဘက်က စိတ်သဘောထားပြောင်းတယ်ဆိုရင်လဲ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းပစ်လိုက်ပေါ့ မေမေ'

'ဒီထိအောင်လဲ မပြောသေးပါဘူး သမီးရယ်'

'ဩော် ဒီထိအောင်ပြောမှပဲလား မေမေရဲ့'

'မဟုတ်ပါဘူး သမီးရယ်၊ သူ့အမေပြောတာက သမီးဒက်ဒီကိစ္စက ပူပူနွေးနွေး ရှိနေတော့'

'မဆိုင်တာ မေမေရယ်၊ ဒါ ဘာဆန်းလို့လဲ မေမေရဲ့၊ မင်္ဂလာကိစ္စကလဲ ကြီးကြီးကျယ်ကျယ်လုပ်မှာမှ မဟုတ်တာ၊ ဘာမှမဟုတ်ဘူး၊ ဝန်ကြီးနဲ့ ခမည်းခမက် တော်ရမယ်လို့ မှန်းထားပြီး ဖြစ်မလာလို့ပါ'

ခင်ပပသည် စိတ်ရှိတိုင်း ဒေါသဖြင့် အော်မိပြီးမှ မေမေ့ကို သနားသွားသည်။ မေမေ့မှာ ယောကျ်ားအတွက် သောကရောက်ရ၊ သမီးအတွက်လည်း စိတ်ဆင်းရဲရနှင့် ဗျာများနေရှာသည်။ ပြီးတော့ သမီးကိစ္စကို စောစောစီးစီး ပြီးမြောက်အောင် နားမချခဲ့ရကောင်းလားဟု ဒက်ဒီက ဆူပူကြိမ်းမောင်းသည်ကိုလည်း ခံရသေးသည်။

ခင်ပပကတော့ လူတွေ၏ သဘောထားမမှန်ကန်ပုံကို တွေးကာ စိတ်ပျက်လျက်ရှိသည်။ ယခင်ကဆိုလျှင် ရုံးမှာ ခင်ပပကို အရေးတယူ ပြုချင်



သူတွေ ပေါသည်။ မနာလိုသူတွေကလည်း မနာလိုမှုကို ဖုံးကွယ်ကာ အပြင်ပန်းက စကားလှအောင် ပြောဆိုဆက်ဆံသေးသည်။ ယခုတော့ အရေးတယူ ပြုမယ့်သူကလည်း ခပ်တန်းတန်း၊ မနာလိုဝန်တိုသူတွေက ပိုလို့သာဆိုးတော့သည်။ ရွှေ့တင်မှာပင် မေးမငေ့ါသည်က ကံကောင်း။ ကွယ်ရာမှာကဲ့ရဲ့တာလောက်ကတော့ ခင်ပပ မမှုပြီ။ ဘာမဟုတ်သည့် ကိစ္စလေးကိုပင် ပုံကြီးချဲ့နေကြသည်။

ခင်ပပ အဖို့ကတော့ ဘာမဟုတ်သည့်ကိစ္စလေးဟုပင် သတ်မှတ်သည်။ လူ့ဘဝမှာ အတက်ရှိလျှင် အဆင်းရှိစမြဲ။ မည်သည့်အရာမဆို တစ်သမတ်တည်း သတ်မှတ်၍ မရစကောင်း။ လူ့ဘဝဆိုသည်မှာ ဘာကိုမျှအတည်တကျ စွဲမှတ်ယုံကြည်၍ ရပါသနည်း။

ခင်ပပကတော့ အဆောင်အယောင်တွေ၊ အခြွေအရံတွေ နည်းပါးနေသည်ကို သဘောကျ၍ပင် နေသေးသည်။ လွတ်လပ်ခြင်းထက် တန်ဖိုးကြီးတာ လောကမှာမရှိ။ စိုးရိမ်ပူပန်နေရခြင်းထက် အေးချမ်းငြိမ်သက်နေရသည်ကသာ စိတ်ကိုချမ်းမြေ့စေသည် မဟုတ်ပါလား။

ဒက်ဒီ့မှာ တာဝန်တွေ ပေါ့သွားတော့ မေမေ့အပေါ် ဂရုစိုက်ဖော်ပင် ရလာသေးသည်။ စော်ဘွားကြီးကုန်းမှာ မြေဝယ်ပြီး သစ်ပင်စိုက်ပျိုးစားဖို့ အစပျိုးသည်။ ခြံထဲမှာ ဒက်ဒီရော၊ မေမေရော။ ကျန်းမာရေးချို့တဲ့နေတဲ့ ညီမလေးရော လွတ်လွတ်လပ်လပ် နေနိုင်ကြသည်။ ကဲ ဘယ်လောက်ပျော်စရာကောင်းလဲ။

ဒေါက်တာကျော်သူတို့ဘက်က စိတ်ထားမမှန်သော စကားတွေကို တစ်ဆင့်စကား ကြားရပြီး ဒေါက်တာကျော်သူလည်း အလာကြဲသွားသည်။ ခင်ပပကတော့ သူမလာလည်း တစ်ယောက်တည်း ကုက္ကိုင်းကိုသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ရေကူးမြဖြစ်၏။ ကားကို ကိုယ်တိုင်မောင်းပြီး လျှောက်သွားသည်။ ဒက်ဒီ့ကို အရက်ဖြတ်ရန် သိမ်ဖြူဆရာတော်ဆီ လိုက်ပို့သည်။

သည်နေ့လည်း ကားကိုမောင်း၍ ကုက္ကိုင်းရေကူးကန်ကို ထွက်ခဲ့၏။ ရေကူးကန်ရှေ့ ကားရပ်သည့်ကွက်လပ်မှာ ဒေါက်တာကျော်သူ ကားကို တွေ့တော့ ခင်ပပ အံ့သြသွားသည်။ အထဲတွင် ဒေါက်တာကျော်သူက အရက်သောက်ရင်း သူ့ကို စောင့်နေလေသည်။

'ဟဲလို ပပ၊ မလာတော့ဘူးလားလို့၊ ဒီနေ့ နောက်ကျတယ်နော်'

'ဘာလုပ်မလို့လဲ၊ စာရင်းရှင်းရအောင် စောင့်နေတာလား'

ဒေါက်တာကျော်သူ မျက်နှာပျက်သွားသည်။

'ပပနဲ့ ကိုနဲ့ ဘာများ စာရင်းရှင်းစရာ ရှိလို့လဲကွယ်၊ ကိုက စာရင်းရှုပ်ခဲ့တာမှ မဟုတ်တာ'

ခင်ပပက အပြာရောင်ခြယ်ထားသော ကုလားထိုင်လေးမှာ ဝင်ထိုင်သည်။

'ဟုတ်တယ်နော်၊ ပပတို့က အရှင်းကြီးပဲ၊ ဘာမှ ထပ်ရှင်းစရာ မလိုတော့ဘူးနော်'

'ပပကလဲကွယ် ဘာတွေ ပြောနေတာလဲ'

ဒေါက်တာကျော်သူက နှမ်း မြေပဲတစ်ပွဲ ထပ်မှာသည်။ ခင်ပပက ခေါက်ဆွဲကြော်တစ်ပွဲ မှာသည်။

'ပပ အစားစားမလို့လား၊ ရေမကူးတော့ဘူးလား'

'မကူးတော့ဘူး၊ ပြောစရာရှိတာ ပြောရအောင်လို့လေ'

ဒေါက်တာကျော်သူသည် ခင်ပပနှင့် စကားပြောရမှာ ပိုခက်သွားလေသည်။ ထို့ကြောင့်လည်း နှုတ်ဆိတ်နေလိုက်ကာ အရက်ကိုသာ ဖိသောက်



နေသည်။ ခင်ပပက ကြာရှည် သည်းမခံနိုင်ပေ။ ရန်တွေ့ချင်စိတ်တွေကလည်း ရင်ထဲမှာ ပြည့်လို့လာသည်။

'ကို ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောရအောင်၊ အင်းယားကန်ကို ခဏသွားမယ်လေ'

ပြောပြောဆိုဆို ခင်ပပက ရှေ့မှထွက်သွားသည်။ စားပွဲထိုးက ခေါက်ဆွဲကြော် ပန်းကန် ယူလာသည်။ ဒေါက်တာကျော်သူက ငွေရှင်းပေးပြီး ခင်ပပနောက်သို့ လိုက်သွားရသည်။ ဘေးလူတွေက သူတို့နှစ်ယောက်ကို အကဲခတ်ပြီး ယဉ်ကျေးသူတို့၏ အမူအရာဖြင့် ဘာမှ မဖြစ်သလို နေနေကြလေသည်။

ခင်ပပက ကားကို မြန်မြန်မောင်းသွားနှင့်သည်။ ဒေါက်တာကျော်သူ့ကားက ခပ်မှန်မှန်ပင် လိုက်လာသည်။ အင်းယားကန်မှာ လူရှင်းလျက်ရှိလေသည်။ ခင်ပပက လှေလှော်အသင်းဘက်မှ ကန့်ကော်ပင်ကြီးအောက်တွင် စောင့်နေသည်။ ကန်စပ်တွင် ဓာတ်ပုံရိုက်နေသူအချို့ ရှိလေသည်။

ဒေါက်တာကျော်သူက ခင်ပပဘေးမှာ ဝင်ထိုင်သည်။ ကန်ရေပြင်ပေါ်မှာ ရွက်လှေလေးများ လွင့်မျောနေသည်။

'ကဲ ပြောပါဦး၊ ပပ ဘာပြောချင်လို့လဲ'

'ပပဘက်ကို လွှဲမချပါနဲ့ ကိုရယ်၊ တကယ်တော့ ကိုက ပြောရမှာပါ၊ ကို့ မေမေက ပပတို့ကိစ္စကို မဖြစ်စေချင်တော့ဘူး မဟုတ်လား'

'အို ကိုက ဘာပြောသေးလို့လဲ'

ခင်ပပက မချိုမချဉ်လေး ရယ်လိုက်သည်။

'အင်းလေ၊ ကိုက ဘာမှမပြောလို့ ပိုဆိုးတာပေါ့၊ တကယ်တော့ တစ်ခုခုပြောရမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ ပပရယ်၊ မေမေက လက်ထပ်ဖို့ကိစ္စ ဆိုင်းငံ့ထားစေချင်တဲ့ သဘောပါ၊ ပြီးတော့ ကိုက နိုင်ငံခြားကို ထပ်သွားရဦးမယ်'

'ဩော် ဒီလိုလား၊ နိုင်ငံခြားကို ခဏခဏသွား၊ ပါရဂူဘွဲ့တွေ တစ်ခုပြီး တစ်ခုယူ၊ အဲဒါကို ခင်ပပက စောင့်နေပေါ့ ဟုတ်လား'

'ပပကလဲ လက်မထပ်ချင်သေးဘူးဆို'

'ဟုတ်ပါတယ်၊ အခုဆိုရင် လက်ကိုမထပ်ချင်တော့ဘူး၊ ကဲ ရှင်းပြီ လား၊ ကို့ သဘောကကော ဘယ်လိုလဲ'

'ကိုကတော့ နဂိုအတိုင်းပါပဲ'

ခင်ပပက ခပ်သွက်သွက်လေးရယ်သည်။

'ဟုတ်တယ်၊ ကိုက အရင်ကလဲ ဒီအတိုင်းပဲ၊ ဘာမှမပြောခဲ့ဘူး၊ ခုလဲ ဒီအတိုင်းပဲပေါ့၊ ကို့အတွက် မိန်းမဆိုတာ မဆန်းဘူး မဟုတ်လား၊ အပိုအလုပ်ပဲလေ၊ ကဲ ပပလဲ သဘောပေါက်ပါပြီ၊ ကို့မေမေကို ပြောလိုက်ပါ၊ ပပဟာ ကို့လိုလူတစ်ယောက်ကို ရဖို့ ဆံဖြူသွားကျိုးအထိ စောင့်နေရအောင် အချိန်မရွေးကောက်ယူလို့ရတဲ့ လမ်းဘေးရောင်းတဲ့ အရုပ်လေး မဟုတ်ပါဘူးလို့'

ခင်ပပက နေရာမှ ထရပ်လေသည်။

ကုံကော်ပင်ပေါ်တွင် ကုံကော်ကြွင်းတို့ သင်းပျံ့နေသည်။ ကန်ရေပြင် ပေါ်မှ ရေဘဲတစ်သိုက် ထပျံသွားသည်ကို မြင်ရသည်။

'နေပါဦး ပပရယ်၊ ကိုက ပပကို အခုရရင် အခုလိုချင်တဲ့သူပါ၊ ခုဟာက မေမေက ခဏလေးဆိုင်းထားချင်တယ်လို့ ပြောရုံလေးပါ၊ ဗေဒင် ကိန်းခန်းအရဆိုရင်လဲ အစကရည်ရွယ်ထားတဲ့ မေလထဲမှာ လုပ်လို့မကောင်း သေးဘူးတဲ့၊ ပြီးတော့ ပပ ဖေဖေကိစ္စကလဲ ရှိသေးတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒယ်ဒီ့ကိစ္စအတွက် နောက်ဆုတ်သွားတာ မဟုတ် လား'



'ဒီလိုမဟုတ်ပါဘူး ပပရယ်၊ ပပ အထင်မှားနေတာပါ'

'ဗေဒင်ကိန်းခန်းတွေ ဘာတွေဆိုတာ အစကမပြောဘဲ ခုမှ ဘာလို့ ပြောရသလဲ၊ အရင်ကတော့ ပပက ဆိုင်းချင်တာကိုတောင် ကိုတို့ဘက်က ရေရှည်ဆွဲမထားချင်ဘူးဆို၊ တော်ပါပြီ ကိုရယ်၊ နောက်လဲ ပပဆီ မလာပါနဲ့၊ ပြန်တော့မယ်'

ခင်ပပက ရှေ့မှထွက်သွားလေသည်။ ဒေါက်တာ ကျော်သူသည် ခင်ပပနောက်ကို ခပ်မှန်မှန်ပင် လိုက်သွားလေ၏။

ကန်ဘေးတွင် ကားလေးတစ်စင်း ရပ်ထားသည်။ ကားထဲမှာ ကောင် လေးနှင့် ကောင်မလေး နှစ်ယောက်ရှိပြီး ဘာကိုမျှ ဂရုမစိုက်ဘဲ အေးအေး ဆေးဆေး နမ်းနေကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၄

'ဟဲ့ကောင်မရဲ့ နင်က ကွဲစကား ကွာစကား ပြောရအောင် ဘာကောင်မမို့လဲ၊ လင်မယားဆိုတာ ကွဲချင်တိုင်း ကွဲလို့ရတယ် မှတ်လို့လား၊ နင့်ရုံးက ရုပ်ပြာမ မြောက်မထားမတွေကြည့်ပြီး အားကျနေသလား၊ တယ်လေ၊ ငါ လုပ်လိုက်ရ'

ကိုမြဒင်၏ နှုတ်မှ 'ငါ လုပ်လိုက်ရ'ဟု ကျိန်းနေစဉ်မှာ လက်တစ်ဘက်က မရင်ရွှေ၏ နားထင်ဆီသို့ ပြန်းခနဲရိုက်ပြီး ဖြစ်နေပေပြီ'

'ဟင်၊ ရှင် ကျုပ်ကိုလုပ်ပြန်ပြီ၊ လုပ်ပြန်ပြီ'

မရင်ရွှေသည် အနီးတွင်ရှိသော သနပ်ခါးတုံးကို ကောက်ကိုင်လိုက်လေသည်။ ကိုမြဒင်က သူ့အသား ထိမည်ကိုတော့ စိုးရိမ်ကာ အချိန်မီ လက်ကိုဖမ်း၍ တားဆီးလိုက်လေ၏။ ကလေးတွေကတော့ မထူးဆန်းတော့သည့် လမ်းဘေးမျက်လှည့်တစ်ခုလို သွေးအေးအေးဖြင့် ကြည့်နေကြလေသည်။

'အားအားရှိ နင့်အမေ မိန်းမရှင်ကြီးဆီသွားပြီး ဟိုက ပြောသမျှ အဟုတ်မှတ်နေ၊ နင်တို့ကို လုပ်ကျွေးနေတာက ဟောဒီကကောင် မြဒင်ဟဲ့၊ နင့်မောင်နဲ့ ယောင်းမက အိမ်မှာ ပေါ်ကြော့လာနေပြီး သူတို့ထမင်း



သူတို့ရှာစားတာ၊ ခု သူဌေးဖြစ်မှ ကန်ဆင်းသွားတော့ နင့် အကြွေးတွေ ဝိုင်းပြီး ကျန်ခဲ့ရော မဟုတ်လား'

'ရှင်တစ်ယောက်တည်း အလုပ်လုပ်တာ မဟုတ်ဘူး၊ ကျုပ်လဲလုပ်တာပဲ၊ အခုဆို ကလေးတွေတောင် အနားမနေရဘူး၊ ပုဇွန်တောင်ဈေးမှာ ဟင်းရွက်ရောင်းနေတာ ရှင် မသိဘူးလား'

'အေး သိတယ်လေ၊ အဲဒါ ဘာဖြစ်လဲ၊ တစ်မိသားစုလုံးစားဖို့ အလုပ်လုပ်ရတာ၊ အဲဒါ ဘာ နင့်ကျမှ ပင်ပန်းသလေး၊ မကြင်က ယောကျ်ားရတာ ကံကောင်းသလေး ဘာလေးနဲ့၊ ဒီလိုဆို စိုးရွှေ နင် ယူထားပါလား၊ တယ်လေ ငါ ပြောရ မကောင်းဘူး'

'ရှင်နော် ဒီလို မရိုင်းစိုင်းနဲ့၊ ကျုပ်တို့အမျိုးထဲမှာ ဒါမျိုး မရှိဘူး'

မရင်ရွှေနှင့် သူ့ယောကျ်ား ကိုမြဒင်သည် မကြာခဏ ရန်ဖြစ်နေကျ ထုံးစံအတိုင်း တစ်ယောက်တစ်ခွန်း ပြောရာမှ ရန်ဖြစ်သည့်အဆင့်သို့ ရောက်ခဲ့လေသည်။ သူတို့တတွေသည် အလုပ်ခွင်မှ ပင်ပန်းစွာ ပြန်ရောက်လာပြီး အိမ်ရောက်လာသောအခါတွင်လည်း အဆင်မပြေမှုတွေနှင့် ရင်ဆိုင်ရပြန်သောအခါ ရန်ဖြစ်ခြင်းဖြင့်သာ ဖြေရှင်းလိုက်ကြလေတော့၏။ သို့သော် သူတို့ တစ်ယောက်ကို တစ်ယောက် မမုန်းနိုင်ပေ။ တကယ်တမ်း ကွဲကြ ကွာကြစို့ဆိုလျှင်လည်း ကွာနိုင်မည် မဟုတ်။ သူတို့အတွက် လက်ရှိ ပေါင်းသင်းနေသော အိမ်ထောင်ဘက်ထက် ကောင်းမွန်မည့် အဖော်သဟဲ မရှိနိုင်။

မှောင်စပျိုးလာသည်နှင့်အမျှ ရန်ပွဲသည် တစ်စတစ်စ အရှိန်လျော့လာရ၏။ မလျော့၍လည်း မဖြစ်ပေ။ သူတို့လင်မယား မကျေနပ်သေး၍ ထသတ်ကြဦးမည်ဆိုလျှင်လည်း မည်သူမျှ လာရောက်ဖြန်ဖြေမည် မဟုတ်ချေ။ သည်ဝန်းကျင်မှာ သူတို့လိုပင် ရန်ဖြစ်လိုက် ဆူလိုက် ပူလိုက်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သွားမြဲလာမြဲအတိုင်း သွားလာ လှုပ်ရှားလိုက်ဖြင့် ကျင်လည်နေကြသူချည်းသာ ဖြစ်လေ၏။

ယခုတော့ ယောင်းမနှင့် မောင်ဖြစ်သူလည်း အိမ်ပေါ်က ဆင်းသွားကြပြီဖြစ်၍ တစ်ပူငြိမ်းပြီ။ သို့သော် မရင်ရွှေမှာ ရုံးက ပြန်လာလျှင် ထမင်းချက်ရ၊ ကလေးချီရနှင့် မသက်သာလှပေ။ ကလေးအကြီး နှစ်ယောက်ကိုလည်း စျေးရောင်းလွှတ်ရသေးသည်။ အငယ်တွေကတော့ သူ့ကိုယ်ထိန်း၊ ကိုယ့်သူထိန်းနှင့် အချင်းချင်း ပြန်ထိန်းရင်း အိမ်မှာ ထင်တိုင်းကြဲနေကြလေ၏။ မရင်ရွှေသည် မြစမ်းရည် ခွင့်ယူပြီး စျေးရောင်းသလို၊ သူလည်း အလုပ်ထွက်ပြီး စျေးရောင်းရ ကောင်းမလားဟု စဉ်းစားနေလေသည်။ သူလို ရှစ်တန်းမျှသာအောင်သူအဖို့ ရုံးမှာ ဆက်လုပ်နေ၍လည်း အကျိုးထူးမည် မဟုတ်ပေ။ သို့သော် စျေးရောင်းဖို့ ဆိုသည်ကလည်း အရင်းအနှီးလိုသေး၏။ အမေ့ဆီမှလည်း ချေးငှား၍ ရတော့မည် မဟုတ်ချေ။

အမှောင်သည် တစ်စတစ်စ ဖုံးအုပ်လာသည်။ ရေနံဆီမီးခွက်လည်း အရောင်မှိန်၍ လာလေပြီ။ သည်ရပ်ကွက်မှာတော့ စောစော အိပ်ရာဝင်ကြသည်က များသည်။ မီးမရှိသည့် အိမ်က များလေ၏။

လမ်းမကြီးပေါ်မှာတော့ ဘတ်စ်ကားတွေ ပြေးနေဆဲဖြစ်သည်။ တံတားဘေးတွင် စိုက်ထားသော ပင်လယ်ကဗ္ဗီးပင်များသည် လရောင်အောက်တွင် ညီညာစွာ တန်းစီလျက်ရှိကြသည်။ ကောင်းကင်တွင် မိုးသားမိုးတိမ်တို့ ကင်းစင်ကာ ကြည်လင်လျက်ရှိ၏။ လရောင်သည် တစ်ရပ်ကွက်လုံးကို လွှမ်းခြုံ ဖုံးအုပ်ထားသည်။ လပြည့်ဝန်း၏ဘေးတွင် ကြယ်လေး တစ်လုံး လင်းနေလေသည်။

ရန်ပွဲစဲသောအခါ မရင်ရွှေသည် အာခြောက်လာသည်။ ထို့ကြောင့် ရေတစ်ခွက်ကို ခပ်သောက်ပြီး ဆေးလိပ်တိုကို ရှာလေ၏။ ကိုမြဒင်သည်



အကျီချွတ်ကာ အိမ်ရှေ့ တံခါးဝနားတွင် ထိုင်နေလေသည်။ ရေနံဆီမီးခွက်သည် ဟုတ်ခနဲ ငြိမ်းသွား၏။ လရောင်က အိမ်ထဲမှာ တစ်ပိုင်းတစ်စ ထိုးကျနေသည်။

'ဒီမှာ တော့၊ ဒီမှာ'

မရင်ရွှေက ကိုမြဒင်၏ ကျောကိုကြည့်ကာ ခေါ်လိုက်၏။ ကိုမြဒင်က လှည့်မကြည့်ဘဲ ခြေသလုံးမှာ ခြင်ကိုက်နေသည်ကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ပြီးမှ 'ဘာတုန်း' ဟု မေးသည်။ သူတို့အဖို့ ကြာရှည် စိတ်ကောက်မနေအားပေ။

'မီးခြစ်ကော မီးခြစ်'

'ဘာလုပ်ဖို့လဲ၊ ရေနံဆီ ရှိသေးလို့လား'

'ဆေးလိပ်သောက်မလို့ တော့်'

'ရော့'

ကိုမြဒင်က ပုဆိုးခါးကြားတွင် လိပ်ထားသော မီးခြစ်ကို လှမ်းပေးလိုက်သည်။ မရင်ရွှေသည် မီးခြစ်ကိုယူကာ ခြစ်၏။ မီးချက်ချင်း မတောက်သဖြင့် ဓာတ်ဆီကျလာအောင် တစ်ချက် နှစ်ချက် ခါသည်။ ထပ်ခြစ်သည်။ မရ။

'ပေးစမ်း'

ကိုမြဒင်က လှမ်းတောင်းကာ ခြစ်ပေးလိုက်မှ မီးတောက်သွားလေသည်။ မရင်ရွှေသည် မီးခြစ်ကို လှမ်းမယူတော့ဘဲ ခေါင်းငုံ့ကာ ဆေးပေါ့လိပ်ကို ဖွာ၍ မီးညှိလေ၏။

'သင်္ကြန်တွင်း အားရက်မှာ ငါးရောင်းမလားလို့ စိတ်ကူးတယ်တော့'

မရင်ရွှေက ရုတ်တရက် ပြောလိုက်သည်။

'အခါတွင်းကြီးကျမှ အကုသိုလ်အလုပ် လုပ်မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'အကုသိုလ်အလုပ် မဟုတ်ပါဘူး၊ ငါးအရှင်တွေ ရောင်းမှာလေ၊ သကြံန်တွင်းမှာ ငါးသက်စေ့လွှတ်ကြတယ် မဟုတ်လား'

'ကြံကြံဖန်ဖန်ကွာ၊ မင်းပဲ စိတ်ကူးရတယ်'

သူတို့နှစ်ယောက် နေမြဲအတိုင်း ပြန်လည်သင့်မြတ်သွားကြလေပြီ။ အတန်ကြာသော် ကိုမြဒင်သည် အိမ်ရှေ့ ဝါးထရံ တံခါးကိုပိတ်ကာ အိပ်ဖို့ ပြင်လေ၏။ မရင်ရွှေသည် ဆေးလိပ်ကို ကြမ်းပေါ် ထိုးချေကာ မီးသတ်လိုက်သည်။

တစ်ရပ်ကွက်လုံး ငြိမ်သက်တိတ်ဆိတ်၍ အိပ်မောကျသွားလေပြီ။ မြို့တွင်းမှာတော့ ရုပ်ရှင် နောက်ဆုံးပွဲ ပြီးလောက်ပေပြီ။ မရင်ရွှေသည် ကလေးတွေကို နေရာတကျဖြစ်အောင် ရွှေ့ပြီး သူက အစွန်ဆုံးမှာ ဝင်အိပ်လိုက်သည်။ ဖာရာထေးရာများနှင့် ပြည့်နှက်နေသော ခြင်ထောင်ကြီးသည် သူတို့ မိသားစုကို လုံအောင် မတတ်နိုင်တော့ပေ။ ကိုမြဒင်သည် ခြင်ထောင် အပြင်ဘက်တွင် ဝမ်းလျားမှောက်ကာ တရှူးရှူးတရှဲရှဲနှင့် အိပ်မောကျသွားလေပြီ။ မရင်ရွှေသည် ပုဆိုးဟောင်းတစ်ထည်ကိုယူကာ သူ့ခင်ပွန်း၏ ကျောပေါ်သို့ အသာ ခြုံပေးလိုက်လေသည်။

လရောင်သည် ဓနိမိုး အပေါက်များကို ဖြတ်၍ ကြမ်းပြင်ပေါ်သို့ အစက်အပြောက်လေးများအဖြစ် ဖြာကျလျက်ရှိလေသည်။

❑

၅

'ကိုယ်က စိတ်မဝင်စားဘူး ဆိုပေမယ့် နည်းနည်းပါးပါးတော့ သိထားဦးမှပေါ့၊ အရောင်းအဝယ်တတ်ရင် တစ်သက်လုံး ထမင်းမငတ်ဘူး'

'ဟုတ်ကဲ့ မမ'

'ကြည့် ဒီလိုပစ္စည်းမျိုးဆိုရင် ကိုယ်က ကြည့်လိုက်တာနဲ့ သောင်းငါးထောင်လောက်တန်တယ်ဆိုတာ သိပြီးသား၊ ဒါပေမယ့် ချက်ချင်းပြောလိုက်လို့ ဘယ်ဖြစ်မလဲ၊ ကိုးထောင်လောက် တစ်သောင်းလောက်က စခေါ်ရတာ၊ ဒါမှ ကိုယ်ကတစ်ဆင့် လိုချင်တဲ့သူဆီ သွားပေးတဲ့အခါ ကိုယ့်အတွက် ကျန်မယ်လေ၊ ဒါက ပွဲခအပြင်ရမှာ၊ ပွဲခကလဲ သပ်သပ်ရဦးမယ်'

'ဟုတ်ကဲ့ မမ'

အစ်မကြီး တင်မေကြည်ကတော့ သူ့ဆိုင်မှာ စိတ်လိုလက်ရ လာထိုင်နေသော ခင်ဆွေဝင်းကို အားတက်သရော ရှင်းလင်း သင်ကြားနေလေသည်။ ခင်ဆွေဝင်းမှာတော့ ပွဲခကိုလည်း စိတ်မဝင်စား၊ သူ့ရှေ့က အရောင်တဖျတ်ဖျတ်ထွက်နေသော စိန်လက်ကောက်ကြီးကိုလည်း စိတ်မဝင်စားနိုင်ပေ။ ရုံးဆင်းလျှင် ဗိုလ်ချုပ်ဈေးမှ မမဆိုင်ကို ဝင်မည်ဟု အိမ်ကိုပြောခဲ့သည်။ မည်သည့်အချိန်ပြန်မည်ဟု မပြောတော့။ ဈေးမှာရှိနေမည်ဆိုတော့ ဘယ်အချိန်ပြန်ပြန် ဖြစ်သည်။ သို့သော် မမကို အယုံသွင်းပြီး အိမ်ပြန်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရမည်။ မမ စျေးသိမ်း၍ အိမ်ပြန် မရောက်မချင်း သူပျောက်နေသည်ကို အိမ်က သိမည် မဟုတ်။ သည်ကြားထဲမှာ မောင်နှင့်လိုက်သွားဖို့ ချိန်းထားသည်။ မဟာစွန့်စားခြင်းကြီးပါပဲ။

ဖေဖေနှင့် သမ္မတဟိုတယ်မှာ ဆုံကြပြီးကတည်းက ခင်ဆွေဝင်းတစ်ယောက် အိမ်မှာနေရသည်ကို စိတ်မအေးတော့ပေ။ ဘယ်အချိန် ဖေဖေက ဆူမည်လဲ၊ မေမေတို့ မမတို့ သိသွားပြီလားဟု အမြဲထိတ်လန့်စိုးရိမ်နေရသည်။ ဖေဖေက ဘာမျှ မပြောလေလေ သူ အနေရခက်လေပင်။

တစ်ဖက်ကလည်း မောင်က ပူဆာလှပြီ။ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးဖို့ ပြောသည်။ သူ့အိမ်ကို တစ်ခါတည်းလိုက်ခဲ့ရန် ခေါ်သည်။ သူငယ်ချင်းတွေကို တိုင်ပင်တော့လည်း သည်ကိစ္စကို ပြတ်ပြတ်သားသား လုပ်ဖို့ပြောသည်။ အိမ်ကလူတွေနှင့် တော့တော့ဆိုင်ဆိုင် ရင်ဆိုင်ရန် သို့မဟုတ် မောင်နှင့် နှစ်ဦးသဘောတူ လက်ထပ်ရန်၊ နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ် စွန့်စားကြည့်မည်ဟု ခင်ဆွေဝင်း စိတ်ကူးသည်။ မေမေကလည်း ဖေဖေ့မိတ်ဆွေထဲမှ လူပျိုကြီးတစ်ဦးနှင့် သဘောတူသည်ဟု လေသံပစ်နေပြီ မဟုတ်လား။

လက်ပတ်နာရီကို မသိမသာ ကြည့်မိ၏။ ၁ နာရီပင် ထိုးပြီ။ မောင်နှင့် ၁ နာရီခွဲမှာ တွေ့ရန် ချိန်းထားသည်။

စနေနေ့ဖြစ်၍ ဗိုလ်ချုပ်စျေးသည် စည်ကားနေ၏။ ခေတ်မီဆန်းသစ်သော အဝတ်အစားပုံစံအမျိုးမျိုးဖြင့် မိန်းမလှလေးတွေကလည်း လူးလာခေါက်တုန့် သွားလာနေကြသည်။ ဗိုလ်ချုပ်စျေးကြီးတစ်ခုလုံးမှာလည်း ပါတိတ်တွေ၊ ဖော့တွေ၊ ဇာတွေ၊ နိုင်ငံခြားဖြစ်အထည်တွေ၊ အလှကုန်ပစ္စည်းတွေဖြင့် ဝေဆာ၍နေ၏။ အရောင်းအဝယ်အမျိုးမျိုးဖြင့် စီးပွားရှာနေသူတွေကလည်း ခြေချင်းလိမ်နေကြလေသည်။ သားရေအိတ်ကို လက်မှာ



ဆွဲပြီး တစ်နေ့တာ လာရောက်စတည်းချကာ နေ့တွက်ကိုက်အောင်ရှာပြီး ပြန်သွားသူလည်း ရှိသည်။ ဒီက ပစ္စည်းကိုယူ၊ တစ်နေရာမှာ သွားပြ၊ အရောင်းအဝယ်ဖြစ်အောင် လုပ်ပေး၊ ပြီးတော့ ပွဲခယူသည့် မတ်တတ်ပွဲစားလည်းရှိသည်။ တစ်နေကုန်ရပ်ကာ ရောက်လာသမျှ လူနှင့် ပစ္စည်းပေါ် မူတည်ပြီး ကြားဖြတ် ရောင်းဝယ်ပေးသူလည်း ရှိ၏။ စီရုံအနောက်ဘက်တွင် ကျောက်ပွဲစားတွေ ရှုပ်ထွေးနေသည်။ စားသောက်ဆိုင်တန်းမြောက်ဘက်တွင်လည်း ပွဲစားတွေ တဝုန်းဝုန်း ဖြစ်နေ၏။

ဗိုလ်ချုပ်စျေးကြီးကား ရန်ကုန်လူထု၏ အထက်တန်းလွှာ ဘုံစျေးကွက်ကြီး ဖြစ်နေလေသည်။

မမ၏ ဩဝါဒစကားများ မဆုံးမီ မိန်းမ လှလှဝဝကြီးတစ်ယောက် သားရေအိတ်ကြီးကိုင်ကာ ဆိုင်ရှေ့ ရောက်လာ၏။ မမက သိပေါင်းကျွမ်းပေါင်းသဖွယ် ပြုံးရွှင်ဖော်ရွေစွာ ဖိတ်ခေါ်သည်။

'လုံချည် ကြည့်မလို့လား အစ်မကြီး၊ ဘယ်အဆင်ကြိုက်လဲ ကြည့်ပါ'

မမသည် ပြောပြောဆိုဆို လက်ကလည်း လုံချည်နှစ်ထည် သုံးထည်ကို တန်းပေါ်မှ ဆွဲချပြီး ဖြစ်နေလေသည်။

'မဟုတ်ပါဘူး ပစ္စည်းတစ်ခု ရောင်းချင်လို့'

မိန်းမကြီးကတော့ ကုန်သည်ပွဲစားဖြစ်ဟန်မတူ၊ မဝံ့မရဲနှင့် ပြောပုံထောက်တော့ အထည်ကြီးပျက်ထဲက ဖြစ်ဟန်တူ၏။ မမတို့ကတော့ သည်လိုအမဲမျိုးကို လက်လွှတ်ခံတော့မည် မဟုတ်ပေ။

'ဪ ဟုတ်ကဲ့ ဟုတ်ကဲ့ ပစ္စည်းပါလာသလား၊ အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ထိုင်ပါဦး'

မိန်းမကြီးက ဆိုင်ရှေ့မှ ခွေးခြေတွင် ဝင်ထိုင်၏။ ခင်ဆွေဝင်းဘက်တစ်ချက် လှမ်းကြည့်ကာ သားရေအိတ်ကို ဖွင့်သည်။ ပြီးတော့ [illegible]သေး

www.burmeseclassic.com

www.burmeseclassic.com



သေးလေးတစ်ခု ထုတ်လိုက်၏။ လက်စွပ်တစ်ကွင်း ဖြစ်သည်။ မမက စိန်လက်စွပ်ကိုယူကာ လျှပ်တစ်ပြက် အကဲခတ်သည်။

'စိန်ကတော့ ရှေးစိန်ပဲ၊ အစ်မကြီး ဘယ်လောက်လိုချင်လို့လဲ'

မမ၏ စိန်ကိစ္စကို အစအဆုံး စောင့်ကြည့်ရလျှင် မောင်နှင့် ချိန်းထားသည့် အချိန် လွဲသွားနိုင်သည်။ ခင်ဆွေဝင်း နေရာမှ ကမန်းကတန်း ထရ၏။

'ဟဲ့ နေပါဦး၊ ဒါက ဘယ်သွားမလို့လဲ'

'သူငယ်ချင်းတစ်ယောက်နဲ့ ဆံပင်ညှပ်မလို့ ချိန်းထားတယ် မမ၊ တော်ကြာ သူတစ်ယောက်တည်းဖြစ်နေမှာစိုးလို့၊ ပြီးရင် အိမ်ပြန်တော့မယ်'

ခင်ဆွေဝင်းက ပြောပြောဆိုဆို ဆိုင်ထဲမှ ထွက်လာလေသည်။ မမ စိန်လက်စွပ်ကိစ္စက အချိန်အတော်ကြာဦးမည်။ သူ ဝယ်နိုင်သည့်တိုင်အောင် တခြားမှာ သွားပြမည်ဆိုပြီး ယူသွားမည်။ ဈေးကို လျှော့ပြောမည်။ အရောင်းအဝယ်တည့်လျှင် သူကိုယ်တိုင် ဝယ်သည့်တိုင် ပွဲခကို ဖြတ်ယူဦးမည်။ အလှည့်တွေ အကွက်တွေ၊ အပိုတွေ အချွဲတွေနှင့်ဆိုတော့ အချိန်က ကြာမည်။ မမ အတွက်ကတော့ ကိစ္စမရှိ၊ ပစ္စည်းတစ်ခုအရောင်းအဝယ်ဖြစ်လျှင် တစ်နေ့လုံး အခြားပစ္စည်း ဘာမျှမရောင်းရလည်း မမှုတော့။

ခင်ဆွေဝင်းသည် ရင်တထိတ်ထိတ်ဖြင့်ပင် ဈေးရှေ့ဆင်ဝင်အောက်သို့ ထွက်ခဲ့၏။ လူငယ်အချို့ မတ်တတ်ရပ်ကာ ဈေးလာမိန်းကလေးများကို လိုက်လံကြည့်ရှုနေကြသည်။ မောင်က ကိုယ်ပိုင်လေးဘီးကားလေးတွေ ရပ်ထားသော နေရာမှာနေကာမျက်မှန်တပ်၍ မတ်တတ်ရပ်လျက်ရှိနေသည်ကို တွေ့ရသည်။ ခင်ဆွေဝင်းအနားရောက်သွားတော့ ကားတံခါးကို အဆင်သင့်ဖွင့်ပြီးလေသည်။ မဟာစွန့်စားခန်းကြီးပေဘဲ။ ခင်ဆွေဝင်းသည် လက်ဖျားခြေဖျားများပင် အေးနေလေ၏။



'ကမာရွတ်၊ သုခလမ်း'

မောင်က လေးဘီးကားဆရာကို ပြောလိုက်ပြောလိုက်သည်။ ဘေးမှ လူအချို့က သူတို့ကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ ဗိုလ်ချုပ်ဈေး ရှေ့ကနေ ယောကျ်ားတစ်ယောက်နှင့် ပရိုက်ဗိတ်တက္ကစီ စီးပြီး ထွက်သွားသည်ဆိုတော့ သူ့ကို ဘယ်လိုမိန်းမစားဟု မှတ်ထင်လေမည်လဲ မသိ။ မိဘအရိပ်အာဝါသအောက်က ရုန်းထွက်လိုက်သည်ဆိုသည်နှင့်ပင် လုံခြုံမှု ကင်းဝေးသွားပါကလားဟု တွေးလိုက်မိလေသည်။

မောင်က သူ့လက်တစ်ဘက်ကို ခပ်တင်းတင်းလေး ဆုပ်ထားလေသည်။

'အိမ်ကတော့ ဝင်းလိုက်လာမယ်ဆိုလို့ ဝမ်းသာနေကြတယ်၊ ဖေဖေကဆိုရင် လက်ထပ်စာချုပ်ဝယ်ထားပြီး အိမ်မှာ လက်မှတ်ထိုးဖို့တောင် ပြောနေတယ်'

ခင်ဆွေဝင်းကတော့ ဘာပြောရမည် မသိတော့။ သူ ဒီလိုလုပ်မိတာ အများကြီးမှားပြီဟု တွေးနေမိသည်။ တကယ်ဆို မိမိအိမ်သားတွေနှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်ရုံသာရှိ၏။ ယခုတော့ သူ့အဖြစ်က မလိမ်မိုး မလိမ်မာ ဆယ်ကျော်သက်ရွယ်လေးလို သူတစ်ပါးပြောစရာ ဖြစ်နေပေပြီ။

ကားသည် ဦးဝိစာရလမ်းတစ်လျှောက် တရိပ်ရိပ်ပြေးလာ၏။

'ဝင်း အိမ်ပြန်ချင်တယ် မောင်ရယ်၊ ပြန်ရရင် ကောင်းမယ်ထင်တယ်'

'ကွယ် မဟုတ်တာ၊ ဝင်းကလဲ ကလေးလေးကျနေတာပဲ'

ယခုအချိန်အထိတော့ အိမ်က သူပျောက်ဆုံးသွားသည်ကို သိမည် မဟုတ်သေး။ သိများသိလျှင် ဘယ်လိုနေမည်လဲ။ သူ့ကို ပြန်မခေါ်ဘဲ ပစ်ထားလျှင် ဘယ်လိုလုပ်ရပါ့။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးသည် ပြည်လမ်းမကြီးမှ အင်းစိန်လမ်းသို့ ဖဲထွက်လာ၏။ မောင်တို့အိမ်နား ရောက်ခါနီးလေ ခင်ဆွေဝင်း၏ ရင်က ပူလောင်လာလေဖြစ်၏။ မီးလောင်ပြင်ကြီးကို မြင်ရသောအခါ ခင်ဆွေဝင်း၏ ရင်မှာ ပို၍ ချောက်ချားသွားလေသည်။

မောင်တို့အိမ်ပေါ် လှမ်းတက်လာသောအခါ ခင်ဆွေဝင်း၏ ခြေများပင် မခိုင်ချင်တော့။ အိမ်ရှေ့က ကုလာထိုင်ပေါ် ထိုင်ချလိုက်သည့်တိုင် ရင်တွေက တလှပ်လှပ်ခုန်လျက်ရှိသည်။ ခုနေ အိမ်ပြန်ရင် အချိန်မီသေးတာပဲ။ မောင့်ဖေဖေ၏ ရည်မွန်သောမျက်နှာနှင့် မောင့်မေမေ၏ အေးဆေးသော အရိပ်အငွေ့တို့ကြောင့် စိတ်သက်သာသလိုတော့ ရှိသွား၏။ ညီငယ်ညီမငယ်တွေကမူ ဝင်လိုက်ထွက်လိုက်နှင့် တီးတိုး တီးတိုးပြောကာ အကဲခတ်နေကြဟန် ရှိလေသည်။

'သမီးတို့ဘက်က လူကြီးတွေက ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူးဆိုလို့သာပါကွယ်၊ နို့မဟုတ်ရင် ဒေါ်ဒေါ်တို့ဘက်က မိသားဖသားပီပီ လာတောင်းရမ်းဖို့ အသင့်ပါဘဲ'

မောင့်မေမေက ဆို၏။

'သားရေ၊ ကလေးမလေးမှာ လက်ဝတ်လက်စားတွေ ပါလာတော့ မပျောက် မပျက်အောင် ဂရုစိုက်ကွယ်၊ တော်ကြာ ပစ္စည်းတွေပါသွားတယ်ဆိုပြီး အမှုလုပ်မှာ စိုးရတယ်'

မောင့်ဖေဖေ အပြောကြောင့် မောင့်မေမေ မျက်နှာက စိုးရိမ်သည့်အသွင် ပေါ်လာ၏။ ဖေဖေတို့က ပစ္စည်းအတွက်တော့ အမှုလုပ်မည် မထင်။ သမီးအတွက်သာ စိုးရိမ်ပူပန်လိမ့်မည်ဟု ခင်ဆွေဝင်း ထင်၏။ သို့သော် သူစိမ်းတစ်ရံဆံအိမ်ကို ပထမဆုံးအကြိမ် ရောက်လာသူမို့ ဘာပြောရမည် မသိတော့ပေ။



ညနေစောင်းလာလေလေ ခင်ဆွေဝင်း၏ရင်က ပူလောင်လာလေလေဖြစ်၏။ မောင်နှင့်တကွ မောင့်ညီကိုမောင်နှမတွေကတော့ သွားလာမပျက် ပျော်ရွှင်မြူးထူးနေကြလေသည်။ မောင့်ညီမငယ်တစ်ယောက်ကဆိုလျှင် သူ့ သူငယ်ချင်းမတွေကိုခေါ်ပြီး ခင်ဆွေဝင်းကိုပြကာ ကြွားနေလေသည်။ ညီငယ်တွေက ခင်ဆွေဝင်းတို့ရှေ့မှ ဦးမညွတ်လဲ လူးလာခေါက်တုံ့ လျှောက်သွားနေကြလေသည်။

သူစိမ်းအိမ်တွင် ပထမဆုံးအကြိမ်အဖြစ် ထမင်းဝင်စားရ၏။ စားပွဲဝိုင်းကြီးတွင် ကြုံ့ကြုံ့ထိုင်ကာ သူတစ်လက် ငါတစ်လက် လုယက်စားရသည်ကို ပျော်သလိုလို၊ စိတ်ရှုပ်သလိုလို ဖြစ်မိ၏။ ဆန်က မာ၍ မနည်းမှိုချနေရသည်။ မောင်ကတော့ ညီတွေ ညီမတွေရှေ့မှာ အထူးဂရုစိုက်ကာ တယုတယ ကျွေးပါ၏။ လျော့ပါးသွားသော ငါးဟင်းပန်းကန်ထဲမှာမူ နောက်ထပ် ဟင်းတစ်တုံးတလေမှ ဖြည့်စွက်မလာတော့ပေ။ ဟင်းကုန်သောအခါ ကလေးတွေသည် လက်ဆေးပြီး အသီးသီး ထသွားကြ၏။

'စားလေ ဝင်း၊ ဘာငေးနေတာလဲ၊ မောင်တို့အိမ်မှာ အစားအသောက်ဆင်းရဲလို့ စိတ်ပျက်နေပြီလား ဝင်းရယ်'

'အို အို မဟုတ်ပါဘူး၊ ခုလောက်ဆို အိမ်ကသိပြီး စိတ်ပူနေမှာပဲလို့ တွေးမိလို့ပါ'

'ဒါတွေ တွေးမနေပါနဲ့ ဝင်းရယ်၊ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ၊ မောင်နဲ့ နေရတာ မပျော်ဘူးလား'

'အင်း ပျော်ပါတယ်လေ'

ခင်ဆွေဝင်းသည် အိမ်သားတွေစားပြီး ချသွားသော ပန်းကန် တစ်ထပ်ကြီးကို ကြည့်ကာ ထိုင်ဆေးရမလို၊ သူ့ပန်းကန်တစ်ချပ်တည်းဆေးပြီး ထသွားရမလို ချီတုံချတုံဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထားခဲ့လေ ဝင်း၊ လက်ဆေးပြီးလာခဲ့၊ အိမ်ရှေ့မှာ လူကြီးတွေလဲ ရောက်နေကြပြီ'

'ဟင် ဘယ်ကလူကြီးတွေလဲ မောင်'

'ဟိုလေ၊ ရပ်ကွက်ကောင်စီ လူကြီးတွေပါ'

'အမလေး ရပ်ကွက်ကောင်စီ လူကြီးတွေ၊ ဘာလုပ်မလို့လဲ မောင်'

'ဒီလိုလေ၊ မောင်တို့က နှစ်ဦးသဘောတူ လက်မှတ်မထိုးရသေးဘူး မဟုတ်လား၊ ဝင်းရဲ့အိမ်ကလဲ အချိန်မရွေး လိုက်လာနိုင်တယ်၊ ဒီတော့ လူကြီးတွေရှေ့မှာ အသိအမှတ်ပြုပြီးနေကြရင် စိတ်ချရမယ် မဟုတ်လား ကွယ်'

ခင်ဆွေဝင်း ရင်အေးသွား၏။ အို လူ့လောက အမှုကိစ္စတွေက ရှုပ်ထွေးလှပါလား၊ အိမ်မှာတော့ ခင်ဆွေဝင်းအဖို့တော့ စားရေးသောက်ရေး နေရေးထိုင်ရေးအတွက် ဘာတစ်ခုမျှ တာဝန်မယူရဘူးပေ။

အိမ်ရှေ့ထွက်ရသည်မှာ မျက်နှာပူလှ၏။ အရင်ထဲကလူတွေကလည်း စောင်းမြောင်းကြည့်ရှုလို့ပါလား။ နေရာမှ ထပြေးချင်စိတ် ပေါက်လာလေသည်။ မောင့်ဖေဖေက ခင်ဆွေဝင်းတွင် ပါလာသော လက်ဝတ်လက်စားများကိုပြကာ လူကြီးများရှေ့တွင် မျက်မြင်သက်သေအဖြစ် သိမှတ်စေ၏။ ပြီးတော့ လူကြီးတွေရှေ့တွင်ပင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုစေသည်။

'ဒီခေတ်ထဲမှာ ခိုးရာလိုက်ပြေးရတာလဲ မလွယ်ပါလား ဝင်းရေ၊ တော်ကြာ ဝင်းအတွက် ဧည့်စာရင်းသွားတိုင်ရမယ်၊ မဟုတ်ရင် ဧည့်စာရင်းစစ်တော့ ပါသွားလို့ မင်္ဂလာဦးညမှာ အချုပ်ခန်းထဲ ရောက်နေဦးမယ်'

မောင်တို့အိမ်က တဝါးဝါးရယ်ကြ၏။



ခင်ဆွေဝင်းက ဝန်းကျင်အသစ်မှာ တုန်လှုပ်ချောက်ချား၍ နေလေပြီ။ အိမ်ရှေ့တွင် ကားတစ်စီးက ဗြုန်းခနဲ ထိုးဆိုက်လိုက်သောအခါတွင်မူ ခင်ဆွေဝင်း ရင်ထဲမှာ ငရဲမီးနှင့် ထိတွေ့လိုက်သလို ပူလောင်သွားလေသည်။ ကားပေါ်မှ ဖေဖေက အေးအေးဆေးဆေးပင် ဆင်းလာလေ၏။ မောင်တို့အိမ်သားတွေကတော့ ပျာယာခတ်ကြပေပြီ။

'ဖေဖေ'

ခင်ဆွေဝင်းက မဝံ့မရဲ ခေါ်လိုက်၏။

'သမီး'

ဖေဖေက ကြင်နာစွာထူး၏။ ခင်ဆွေဝင်းသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုချလိုက်မိလေသည်။ မောင့်ဖေဖေက ဖေဖေ့ကို ဆီးကြိုနှုတ်ဆက်သံ၊ ဧည့်ဝတ်ပြုသံ ကြားရသည်။

'ကျွန်တော်တို့လဲ နက်ဖန်ဆို လာအကြောင်းကြားဖို့ပါပဲ ခင်ဗျာ၊ ကလေးတွေကလဲ အရွယ်ရောက်ပြီးသူများဆိုတော့ လူကြီးတွေအနေနဲ့ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ အသင့်ပါ၊ လူကြီးမင်းကိုလဲ ကျွန်တော်တို့က သိပြီး ဖြစ်ပါတယ်'

မောင့်ဖေဖေကတော့ ကျောင်းဆရာကြီးပီပီ လေသံအေးအေးဖြင့် ရှင်းပြနေလေသည်။

'ကျွန်တော်ကလဲ လူငယ်တွေကိစ္စကို မဖျက်ဆီးချင်ပါဘူး၊ သူ့အမေနဲ့ အစ်မဖြစ်သူကတော့ မိန်းမသားတွေဆိုတော့ အတော်လေးပဲ စိုးရိမ်ပူပန်နေကြတယ် ခင်ဗျာ'

ဖေဖေကလည်း အလိုက်သင့်ပြန်ပြောပြီး ခင်ဆွေဝင်းဘက်ကို မျက်နှာလှည့်လာလေသည်။

'သမီး'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဖေဖေ'

'သမီးက အစိုးရိမ်ကြီးတာကိုးကွယ့်၊ ဖေဖေ့ကိုပြောရင် ဖေဖေ စီစဉ်ပေးမှာပေါ့၊ ခုတော့ အားလုံး မျက်နှာပျက်စရာကွယ်၊ ဒီက လူကြီးတွေလဲ အားနာပါတယ်၊ သမီးတို့သဘောကျ စီမံပေးမယ်၊ ပြန်လိုက်ခဲ့နော်၊ ဖေဖေ ကတိပေးတယ်'

ခင်ဆွေဝင်းက မောင့်ကို လှမ်းကြည့်မိ၏။ မောင်နှင့်တကွ မောင့် မိသားစုကတော့ ယုံကြည်ပုံမရ။

'ဦးရယ် ကျွန်တော် တောင်းပန်ပါရစေ၊ ခုပဲ ရပ်ကွက်ကောင်စီလူကြီးတွေနဲ့ အသိပေးပြောဆိုပြီး ဖြစ်ပါတယ် ခင်ဗျာ၊ ခင်ဆွေဝင်းကို ကျွန်တော်တို့ဘက်က တင့်တင့်တယ်တယ် ပြန်အပ်ပါ့မယ်၊ ပြန်တော့ ခေါ် မသွားပါနဲ့ ခင်ဗျာ'

ဖေဖေကတော့ လူကြီးလူကောင်းဆန်စွာပင် ပြုံးလေ၏။

'ဦးလဲ နားလည်ပါတယ်ကွယ်၊ မင်းတို့ ခေတ်လူငယ်တွေ ဒီလောက်တော့ လျင်မယ်ဆိုတာ၊ ဒီမှာကွယ့်၊ ဦးလေးလဲ ခေတ်မီပါတယ်၊ မင်းတို့လူကြီးတွေပြန်ခေါ်၊ သူတို့ရှေ့မှာ ဦးက မင်းတို့ကို မခွဲပါဘူးလို့ ကတိပေးမယ်၊ ပြီးတော့မှ သူ့အမေတွေ အစ်မတွေ စိတ်မပူရအောင် ပြန်ခေါ်သွားမယ်၊ ကျေနပ်ပြီလား'

အားလုံးက လူကြီးဆန်ဆန် ယဉ်ကျေးစွာ ယှဉ်ပြိုင်ပြောဆိုနေကြပြီဆိုတော့ မည်သူမျှ အကြောက်အကန် ဝင်မငြင်းသာပေ။ နောက်ဆုံးတော့ ခင်ဆွေဝင်းကို လူကြီးစုံရာရှေ့မှာပင် ပြန်ထည့်လိုက်ရလေသည်။

သတို့သားဖြစ်ခမျာ ရပ်ကွက်ထဲကလူများက တီးတိုးရယ်မော ပြောဆိုနေကြသည်ကိုသိလျက် အိမ်ရှေ့မှာ တစ်ယောက်တည်း ငူငူကြီးငေးရင်း ကျန်ရစ်လေတော့သည်။

❑

၆

ခင်ဆွေဝင်း လင်နောက်လိုက်ပြေးတာက အကြောင်းမဟုတ်။ မအေးတင့်မှာ သူ့ကိစ္စနှင့်သူ ရင်ထဲမှာ မီးတောက်နေရလေ၏။ ခင်ဆွေဝင်း၏ ဖေဖေက သူ့သမီးပျောက်အကြောင်းကို လာမေးတော့ အလွယ်တကူပင် ပြောပြလိုက်သည်။ အလကားကောင်မ သည်အရွယ်ရောက်မှ လင်ယူတာများ အဆန်းလုပ်လို့ ထွက်ပြေးလား ဘာလား လုပ်နေရသေးတယ်ဟု ခင်ဆွေဝင်းကို ကျိန်ဆဲလိုက်မိသေး၏။ သူ့မှာသာ ရင်ထဲက အပူကို အပြင်မထုတ်ရဲဘဲ တအုံနွေးနွေး ဖြစ်နေရသည်။

ကိုမောင်မောင်မြင့်တစ်ယောက် အိမ်ပေါ် ရောက်လာသည်မှစ၍ မအေးတင့်၏ အမူအရာ အပြုအမူ တစ်စတစ်စ ပြောင်းလဲလာသည်။ မည်သူ့အပေါ် မှာမှ မထားရှိဘူးသည့် ဖော်ရွေမှု လိုက်လျောမှုမျိုးဖြင့် ကိုမောင်မောင်မြင့်ကို စေတနာထက်သန်စွာ ပြုစုကျွေးမွေးခဲ့သည်။

တစ်ဘက်ခန်းမှ အိမ်ငှားများလည်း ဆင်းသွားပြီဖြစ်၍ ကိုမောင်မောင်မြင့် တစ်ယောက်တည်း တစ်ဘက်ခန်းမှာနေသည်။ မအေးတင့်တို့ဆီမှာ သော့အပိုတစ်ချောင်းရှိ၍ အမြဲတမ်း ဝင်ထွက်ကာ ရှင်းလင်းလှည်းကျင်းပေးသည်။ အဝတ်များကို လျှော်ဖွပ် မီးပူတိုက်ပေးသည်။ နေ့သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင် အချိန်ချင်းတိုက်ဆိုင်စေရန် စောင့်ပြီး ထွက်ရသည်။ ရုံးဆင်းလျှင် မှတ်တိုင်မှာဆုံရန် ကြိုးစားရသည်။ သို့သော် ကိုမောင်မောင်မြင့်က အပေါင်းအသင်းများဆီ ဝင်နေတတ်၍ မဆုံဖြစ်သည်က များသည်။ ဘာပဲဖြစ်ဖြစ် မအေးတင့်ဘက်ကတော့ အစွမ်းကုန် ကြိုးစားလေသည်။

ကိုမောင်မောင်မြင့်ကလည်း မအေးတင့်တို့ ပြုစုလုပ်ကျွေးသမျှကို ကျေနပ်စွာခံယူသည်ပင်။ ပြီးတော့ တစ်ခါတစ်ရံ အနှောင့်အသွားမလွတ်သော စကားကိုပင် ဆိုတတ်လာ၏။

'မအေးတင့်တို့က ခုလိုပြုစုတော့ အားနာတယ်ဗျာ၊ ကျေးဇူးလဲတင်ပါရဲ့၊ တော်ကြာ ကျွန်တော်က အလိုက်ကန်းဆိုးမသိ၊ အိမ်ပေါ်က တစ်သက်လုံး မဆင်းဘဲနေရင် ခက်မယ်နော်'

'ကိုမောင်မောင်မြင့် နေနိုင်ရင် နေပေါ့ရှင်'

ကြာလာတော့ ပတ်ဝန်းကျင်ကလည်း တီးတိုးပြောစပြု၏။ မိန်းမပျိုလေးများ ရှိနေသောအိမ်မှာ ယောကျ်ားတစ်ယောက်က အတူနေထိုင်စားသောက်နေသည်ဆိုတော့ အစ်မနဲ့လား၊ ညီမနဲ့လားဟု မသိမသာစောင်းချိတ်ကြ၏။ မအေးတင့်ကတော့ ဂရုမစိုက်ပေ။ သည်လိုပဲ ထမင်းလခကျွေးပြီး နီးစပ်ရာ ညားသွားသူတွေ အများကြီး။ အပျို လူပျိုချင်းညားတာ ဘာဖြစ်သလဲဟု ပြန်ချေပ၏။ ညီမဆင့်ဆင့်ကိုတော့ အနေအထိုင်ဆင်ခြင်ဖို့ ပေါင်တွင်းကြောကို နာနာဆွဲပြီး ဆုံးမထားရသည်။ ကိုမောင်မောင်မြင့် အိမ်ရှေ့မှာ ထမင်းလာစားလျှင် ဆင့်ဆင့် အိမ်ပြင်ထွက်မလာရ။ ရေချိုးသည့်နေရာတွင် ကိုမောင်မောင်မြင့်ရှိနေလျှင် ဆင့်ဆင့် ရေမချိုးရ။ ဆင့်ဆင့်ကလည်း မမလူက ပုံတုံးကြီး၊ စိတ်မဝင်စားပါဘူး၊ လူပုံကိုက အညာသားပီပီ ပျော့စိစိနဲ့'ဆိုကာ ဝေးဝေးက ရှောင်သည်။ ဆင့်ဆင့်က အိမ်မှာနေ



လျှင် ဝတ္ထုစာအုပ်ကလွဲ၍ ဘာမျှ စိတ်မဝင်စား။ အိမ်မှုကိစ္စဆို၍ ဘာမျှ မလုပ်တတ်ဘဲ ဆတ်ကော့ လတ်ကော့နိုင်လှသော ဆင့်ဆင့်ကို ကိုမောင်မောင်မြင့်ကလည်း စိတ်ကူးထဲ ထည့်ပုံမရချေ။ သည်အတွက် မအေးတင့် စိတ်ချမ်းသာ၏။

သို့သော် ယခုတလော ဆင့်ဆင့် အမူအရာပြောင်းနေ၏။ ခါတိုင်းထက် ပို၍ စကားနည်းကာ မီးဖိုချောင်ကိုဝင်၍ ထမင်းဟင်း ချက်စပြုလာသည်။ မသောင်းနှင့်အတူ အိမ်အလုပ်များကို ကူလုပ်ပေးနေတတ်၏။ ကိုမောင်မောင်မြင့် ထမင်းစားနေလျှင် အိမ်ရှေ့မထွက်သော်လည်း လိုအပ်သည်များကို အိမ်နောက်ဖေးမှ စီမံပေးတတ်လေသည်။

ဆင့်ဆင့်တစ်ယောက် ယဉ်ကျေးသိမ်မွေ့လာ၍ ဝမ်းသာနေဆဲမှာပင် ဆင့်ဆင့်ကို မသင်္ကာစရာတွေ တွေ့လာရ၏။ ကျောင်းပိတ်ထားပါလျက် အိမ်မှ အကြောင်းအမျိုးမျိုးပြကာ အပြင်ထွက်တတ်သည်။ မိန်းမပီသစွာ ပြုပြင်ခြယ်သတတ်လာသည်။ ဆင့်ဆင့်မှာ ချစ်သူရှိလေပြီလားဟု မအေးတင့် စိုးရိမ်လာ၏။ သို့သော် သူ့မှာလည်း သူ့ကိစ္စနှင့်သူ လုံးပန်းနေရ၍ ဆင့်ဆင့်ကို မစစ်ဆေးအားပေ။

ယနေ့ ဆင့်ဆင့် မနက်အစောကြီးကတည်းက အိမ်မှ ထွက်သွားသည်။ သူငယ်ချင်းတစ်ယောက်နှင့် ရုပ်ရှင်ကြည့်မည်ဟု ပြောသွားသည်။ ညနေစောင်းသည်အထိ ပေါ်မလာသေး။ သူ့နေရာကို စစ်ဆေးတော့ အဝတ်အစားတွေလည်း လျော့နေသည်ကို တွေ့ရသည်။ စာများရေးထားမလားဟု ကြည့်ရာ တစ်စောင်တလေမျှ မတွေ့ရပေ။ ကိုမောင်မောင်မြင့်ကလည်း ရုံးမှပြန်မရောက်သေး။ ကိုမောင်မောင်မြင့်ပြန်လာလျှင် ဖွင့်ဟတိုင်ပင်ကာ ဆင့်ဆင့်ကို ရှာမည်ဟု စိတ်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်မြင့်ကလည်း ပေါ်မလာ။ သည်တော့ မအေးတင့် စိတ်မှာ စနောင့်စနင်း ဖြစ်ရပြီ။ ရင်ထဲမှာ ပူလောင်လာရပြီ။

'အမေ့သမီးတော့ ဒီအချိန်ထိပြန်မလာတာ မဟုတ်တော့ဘူး ထင်တယ်'

'အေး ငါလဲ မသင်္ကာဘူး၊ ခုတလော ဒီကောင်မလေး မူပြောင်းနေတယ်'

'မူပြောင်းတာ အရေးမကြီးဘူး၊ ဟိုဘက်က ကိုမောင်မောင်မြင့်လဲ ပြန်မရောက်သေးဘူး အမေရဲ့'

'ဟဲ့ အဲဒါဘာဖြစ်လဲ၊ ခါတိုင်းလဲ သူ နောက်ကျနေကျပဲ'

'မဟုတ်ဘူးအမေရဲ့၊ ကျွန်မစိတ်ထဲ တစ်မျိုးပဲ၊ ဆင့်ဆင့်နဲ့ ကိုမောင်မောင်မြင့်ကို သိပ်မသင်္ကာဘူး'

'ရော် ဟုတ်လား၊ ဒါဖြင့်လဲ ကောင်းတာပဲအေ၊ ဒီသူငယ်နဲ့ဆို တော်သေးတာပေါ့၊ ဒိပြင် မဟုတ်တရုတ်တွေနဲ့ ဖြစ်သွားမှာသာ စိုးရိမ်ရတာ'

မအေးတင့်ရင်မှာတော့ ဒိန်းဒလိန်းနတ် ပူးလျက်ရှိပြီ။ ဆင့်ဆင့်ကိုလည်း ပို၍ ဒေါသဖြစ်လာ၏။

'ဒီလိုပဲနေလို့ ဖြစ်မလား အမေရဲ့၊ လိုက်ဦးမှပေါ့'

'ဟဲ့ ငါက ဘယ်ကိုလိုက်ရမှာလဲ၊ သူ့ သူငယ်ချင်းတွေအိမ် ဖုန်းဆက်မေးလေ၊ လင့်နောက်လိုက်သွားတယ်ဆိုရင်လဲ လိုက်ရှာလို့တော့ အပိုပါပဲအေ'

တကယ်တော့ သူ့အမေက မသောင်းကို အစ်အောက်မေး၍ သိသင့်သလောက် သိပြီးပေပြီ။ ထို့ကြောင့်လည်း အနည်းငယ် စိတ်အေးနေ၏။ မအေးတင့်ကတော့ မအေးနိုင်ဘဲ ပျာယာခတ်နေသည်။ ဆင့်ဆင့် သွားတတ်သည့် နေရာတွေ ဖုန်းဆက်မေးသည်၊ မတွေ့။ မအေးတင့် ဒေါသူပုန်ထပြီ။



'သူများပြောစရာတော့ ဖြစ်တော့မှာပဲ၊ ယောကျ်ားတစ်ယောက်ကို အိမ်ပေါ်တင်ထားလို့ ကိုယ့်အိမ်က သမီးပျိုလေး ပါသွားတယ်လို့ ပြောတော့မှာပဲ၊ အမေကလဲ ကြည့်မထိန်းဘူး'

'ဟဲ့ အဲဒါသိလျက်နဲ့ ညည်းပဲ လက်ခံကျွေးခဲ့ပြီးတော့ နောက်ပြီး လူပျိုအပျိုချင်းရတာ ရပစေ၊ ဘာဖြစ်လဲဆို'

မအေးတင့် အခံရခက်နေရှာ၏။ ဒီအကြောင်းတွေကို ရုံးကလူတွေ သိရင် ဘယ်လိုပြောရပါ့မလဲ။ အရပ်ထဲမှာလည်း ဘယ်လိုမျက်နှာပြရမလဲ၊ သူကတော့ သူနဲ့သာအပိုင်တွက်ပြီး ကြွားထားခဲ့သည်။ သူ့အဖြစ်ကို မျက်စိအကြောင်သားနှင့် ငေးကြည့်နေသော မသောင်းကိုမြင်တော့ မအေးတင့်က ဝုန်းခနဲထပြီး မသောင်းကို စစ်ဆေးသည်။

'ကောင်မ ညည်းသိမှာပဲ၊ ပြောစမ်း ဆင့်ဆင့် ဘယ်သွားတာလဲ၊ ကိုမောင်မောင်မြင့်နဲ့ ဆင့်ဆင့်တို့ ကြိုက်နေကြသလား၊ ပြောစမ်း ညည်းသိတာရှိရင် ပြောစမ်း'

မသောင်းက အယောင်ယောင်အမှားမှားဖြင့် မအေးတင့် အမေကို လက်ညှိုးထိုးပြ၏။

'ဟို သူ သူနဲ့ အဲဒီ ကိုမောင်မောင်မြင့်နဲ့ ရုပ်ရှင်အတူကြည့်မယ်လို့တော့ မနက်က နောက်ဖေးမှာ ပြောတာကြားရတယ်၊ နောက်ပြီး'

'နောက်ပြီး ဘာဖြစ်လဲ၊ မြန်မြန်ပြောစမ်း'

'နောက်ပြီး ဘယ်ကိုလဲမသိဘူး သွားမယ်လို့တဲ့'

'ဟဲ့ အဲဒါသိလျက်နဲ့ ငါ့ကို ဘာလို့မပြောတာလဲ၊ ကဲဟယ် ကဲဟယ်'

မသောင်းတစ်ယောက် ပေါင်တွင်းကြော ဆွဲလိမ်ခံရပေပြီ။

'ကြောက်ပါပြီ အစ်မရဲ့၊ ကျွန်မ မေမေကြီးကို ပြောပြပါ[illegible] အစ်မရဲ့၊ အမလေး ကြောက်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



မအေးတင့်သည် မသောင်းကို တွန်းလှတ်ကာ ဒေါနှင့်မာန်နှင့် မြည်တွန် တောက်တီးနေလေတော့၏။

'ဟင်း ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်၊ သိမယ် သိမယ် ဒင်းတို့ ပြန်မလာခင် ဒီအိမ်ကို လူငှားတင်ပစ်မယ်၊ ဒင်းက အိမ်ရောလူရော အပိုင်ကြံတာ ဘယ်ရမလဲ'

□

၇

ကိုကျင်စိန်က သူ့ကိုလာမခေါ်သဖြင့် မငွေရင် အလွန်စိတ်ဆိုးလျက်ရှိ၏။ ကလေးတစ်ယောက်နှင့် မပြောမဆို အိမ်ပေါ် ရောက်လာသော မငွေရင်ကို သူ့အမေကလည်း နှင်ချလျက်ရှိပြီ။ နှင်မချ၍လည်း မဖြစ်။ အိမ်မှာက လူနှင့်အခန်းနှင့် မမျှအောင် ဖြစ်နေပြီ။ သည်ကြားထဲ မောင်တစ်ယောက်က မိန်းမခိုးလာတော့ အားလုံး နေစရာမရှိ ဖြစ်နေ၏။

မငွေရင်မှာ ကလေးထိန်းပေးမည့်သူ မရှိသဖြင့် ရုံးပင် မတက်နိုင်ပေ။ သည်အတိုင်းဆိုလျှင်တော့ ရုံးမှထွက်ပြီး ဈေးရောင်းရမှာ သေချာသည်။

'ဟဲ့ ဘယ်လိုလဲ နင့်လင်ကလဲ လာမခေါ်၊ နင်ကလဲ မပြန်တော့ဘူးလား၊ ကလေးတစ်ယောက်နဲ့ ကြည့်ရတာ မျက်စိနောက်တယ်၊ ပြန်တော့၊ ငါ့မှာ အငယ်တွေအများကြီးရှိသေးတယ်၊ နင်တစ်ယောက်တည်း သမီး မဟုတ်ဘူး'

'ဒီလောက်တောင်သွားစေချင်လဲ သွားပါ့မယ်၊ ကျုပ် ဟိုအိမ်က ဟာတွေ မျက်နှာချင်းမဆိုင်ချင်လို့ ကိုကျင်စိန်ကို နွားလိုခိုင်းပြီး စားနေကြတာ'

'ဟဲ့ အဲဒါ နင် ဒီလိုထွက်လာတော့ ပိုဆိုးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကျွန်မ ပြန်တော့မယ်'

ပြန်မယ်ဆိုတော့လည်း မငွေရင်သည် ကလေးချီကာ ကောက်ခနဲ ထပြန်သွားလေသည်။ အိမ်မှာတော့ ကိုကျင်စိန်မရှိ။ ဒီအချိန်ဆို လေဟာပြင် ဈေးမှာ ဆိုင်ထွက်နေမည်။ ယောက္ခမအဘွားကြီးနှင့် ကလေးနှစ်ယောက်သာ ရှိ၏။ ကလေးများက မငွေရင်ရှိရာ ပြေးလာကြသည်။ တစ်နေ့နှင့် နှစ်ည ကွဲသွားသော အမေကို ဖက်တွယ်ထားကြသည်။ ယောက္ခမကြီးကတော့ မျက်နှာမကောင်းလှပေ။ မငွေရင်က သည်တစ်ချီအပြတ်ပြောပစ်မည်ဟု မောင်းတင်လာသူပီပီ မျက်နှာကို တင်းထားသည်။

'ဟဲ့ နင်တို့အဖေကော၊ ဈေးရောင်းသွားနေလား'

'အပါး ဈေးမရောင်းတာ နှစ်ရက်ရှိပြီ၊ ကိုတင်စိန် သွားရောင်းတယ်၊ အပါးက လင်းလင်းကိုခေါ်ပြီး မော်လမြိုင်သွားတယ်'

ကိုတင်စိန်ဆိုသည်မှာ ကိုကျင်စိန်၏ ညီဖြစ်ပြီး လင်းလင်းက မငွေရင်တို့၏ သားအကြီးဆုံး ဖြစ်သည်။

'ကိုကျင်စိန်က မော်လမြိုင်ကို ဘာသွားလုပ်တာလဲ'

မငွေရင်က ယောက္ခမဘက်ကို လှည့်မေးလိုက်ရသည်။

'နင်ပဲ ကျင်စိန့်ကို ဝက်သားမရောင်းရဘူး၊ အထည်ရောင်းမယ် ပြောတယ်ဆို၊ ကျင်စိန်က နင့်ဖို့ အထည်သွားဝယ်တာပေါ့'

ကိုကျင်စိန်က သည်လိုပဲ စိတ်လိုက်မာန်ပါ လုပ်တတ်သည်။ မငွေရင်ကိုလည်း အလိုလိုက်သည်ဆိုတော့ ချက်ချင်းထပြီး အကောင်အထည် ဖော်တာ ဖြစ်ရမည်။ သူ့ယောက်ျားကို သနားသွား၏။

'နင်တို့ အထည်ရောင်းလို့ ထမင်းစားရမလား၊ တော်ကြာ ဖမ်းလို့ ဒုက္ခရောက်မယ်၊ ခေါက်ဆွဲရောင်းတယ်၊ ဝက်သားရောင်းတယ် ဘာဖြစ်လဲ၊ ထမင်းဝတယ်၊ နင်တို့ ဘာမှ နားမလည်ဘူး'



ယောက္ခမက တဖွဖွ မြည်တွန်နေ၏။ မငွေရင်က ဘာမျှမပြောတော့ပေ။ တကယ်တော့ ကလေးလေးယောက်စလုံး အစားအသောက် ကောင်းကောင်းစားရကာ ဝဖြိုးနေတာတော့ အမှန်ပင်။ ကိုကျင်စိန် ပြန်လာလျှင် အထည်ကို သူ့ဘာသာ ရုံးမှာရောင်းပြီး ကိုကျင်စိန်ကို သူ့အလုပ်ပဲသူ ပြန်လုပ်ခိုင်းရပေမည်။ လူဆိုသည်မှာလည်း သူကျွမ်းကျင်ရာမှာသာ သူ ကျင်လည်ပေလိမ့်မည်။

'ကိုကျင်စိန် ဘယ်တော့ပြန်လာမှာလဲ'

'နေ့ချင်းပြန်သွားတဲ့ လူတွေနဲ့ လိုက်သွားတာပဲ၊ မနေ့က ပြန်မလာဘူး၊ ဒီနေ့ လာချင်လာမှာပေါ့၊ သူများတွေတော့ ပြန်လာတယ်၊ နင့်ယောက်ျားက သူများတွေလိုမှ မလည်တာ'

မငွေရင်က ကိုကျင်စိန်ကို မော်လမြိုင်ရထားမှာ သွားကြို၏။ ရန်ကုန်နှင့် မော်လမြိုင်ကို နေ့ချင်းပြန် ကုန်ကူးနေသူတွေ ရှိသည်။ တစ်ယောက်ကို တစ်နိုင်သယ်လျှင် အဖမ်းအဆီးလွတ်သည်ဆိုတော့ သွားသူတွေ ပိုများလာသည်။ လူများလေ ပစ္စည်းများများရလေမို့ တစ်အိမ်သားလုံး သွားသူတွေလည်း ရှိသည်။ နိုင်သမျှကိုလည်း တနင့်တပိုး သယ်ကြလေ၏။ ရထားဆိုက်သည် ဆိုလျှင်ပင် လူတွေသည် အထုပ်တွေရွက်ကာ ထမ်းကာဖြင့် အပြေးပြိုင်ပွဲ တာလွှတ်လိုက်သလို ပြေးဆင်းလာကြလေသည်။ ဈေးကို ဦးအောင်ရောက်မှ ဈေးကောင်းရပေမည်။

ကိုကျင်စိန်နှင့် လင်းလင်းကတော့ အေးဆေးစွာပင် ဆင်းလာကြလေ၏။ သားအဖနှစ်ယောက် အထုပ်လေးတွေ ထမ်းကာ ဆင်းလာကြသည်ကို ကြည့်ပြီး မငွေရင် စိတ်မကောင်းဖြစ်သွားသည်။ မငွေရင်ကို မြင်သည်နှင့် ကိုကျင်စိန့် မျက်နှာ ရွှင်လန်းသွားလေသည်။

'နင် အခု အိမ်ပြန်ရောက်နေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်စိန်က အထုပ်များကို ပစ်ချပြီး မေးသည်။

'ဒီနေ့မှရောက်တာ၊ ရှင်ဘာလို့ ကျုပ်ကိုမပြောဘဲ မော်လမြိုင်သွားရတာလဲ'

'ဩော နင်ပဲ အထည်ရောင်းချင်ချည်ရဲ့ဆို၊ နင် ရောင်းဖို့ ငါ သွားဝယ်ပေးတာပေါ့၊ အဖော်လဲကောင်းလို့၊ ငါ အမေ့ကိုလဲ ပြောပြီးပြီ၊ အိမ်က အလုပ်တွေ မလုပ်တော့ဘူးလို့'

မငွေရင်က လင်းလင်းကို ဆီးကြိုပွေ့ဖက်ပြီး သဘောကောင်းသော သူ့ယောကျ်ားကို ကြည့်နေမိသည်။

'ရှင် ရောင်းချင်တာပဲ ရောင်းပါ၊ အထည်တွေ ကျုပ်ရောင်းမယ်၊ ဒါပေမယ့် ငွေရေးကြေးရေးကိုတော့ ရှင်းရှင်းလင်းလင်း လုပ်တော့'

သားအမိ သားအဖတွေ အထုပ်ကိုယ်စီဆွဲကာ ဘူတာရုံထဲမှ ထွက်လာကြလေ၏။

'ငါ့ဟာငါ ဆာတေးရောင်းရတာ ကောင်းတယ်၊ မှောင်ခိုလုပ်ရတာ အမြင်သာ လွယ်တာ၊ တကယ်ပင်ပန်းတယ်'

'ရှင့်ကို ဘယ်သူက သွားခိုင်းလို့လဲ၊ ကျုပ်ဟာ ကျုပ် ရန်ကုန်မှာတင် ဝယ်ရောင်းလို့ ရပါတယ်'

'ငါလဲ မသွားဘူးလို့ သွားကြည့်တာ၊ နင် ခဏခဏ ထွက် ထွက်သွားတော့ ငါ စိတ်လဲညစ်တာနဲ့'

ယခုတော့ သူတို့နှစ်ယောက်သည် ပြန်ပေါင်းထုတ်မိပြီး ပြန်လည်သင့်မြတ်သွားကြလေပြီ။

ဘူတာကြီးရှေ့တွင် မှောင်ခိုဈေးသည်များသည် နီးရာ သုံးဘီးကားများပေါ် အလုအယက် ပြေးတက်နေကြလေ၏။

❑

## ၈

'ဘယ်လို ဖြစ်နေတာလဲဟဲ့၊ ငါလဲ မွေးဖူးပါတယ်၊ သားဦးဆိုတာ ဒီလောက်တော့ ကြာတာပေါ့ဟဲ့'

ကိုသန်းအောင်တစ်ယောက် ဗဟို အမျိုးသမီးဆေးရုံကြီး၏ ဆင်ဝင်အောက်မှာ ဂဏှာမငြိမ် ဖြစ်နေလေသည်။ သူ့လိုပင် ဆေးရုံရှေ့မှာ လူးလာခေါက်တုန့်သွားကာ ရင်တထိတ်ထိတ်ဖြင့် အဖြေကို စောင့်နေသူတွေ ရှိနေလေ၏။ အေရုံ အပေါ်ထပ်မှ မွေးလူနာအချို့ကမူ ဝရန်တာကို မှီကာ အောက်တွင် စောင့်နေသူ အမျိုးသားများကို လှမ်းကြည့်နေကြလေသည်။ အမျိုးသားများကလည်း လည်ကိုဆန့်ကာ ခေါင်းကို မော့ကာဖြင့် ဝေဒနာခံစားရင်း တရှုံ့ရှုံ့တမဲ့မဲ့ ဖြစ်နေသော မိန်းမများကို မော်ကြည့်နေကြလေ၏။

ဆေးရုံ တံခါးစောင့် နှစ်ယောက်ခန့်သည် အပေါ် တက်လိုက် အောက်ဆင်းလိုက်ဖြင့် အဆက်မပြတ် သတင်းပို့နေရလေသည်။

'ကိုအောင်ထွန်း ရှိလား၊ ခင်ဗျားမိန်းမ မွေးခန်းထဲ ရောက်သွားပြီ၊ ကိုသန်းအောင်၊ ခင်ဗျားမိန်းမတော့ အပြင်မှာပဲ ရှိသေးတယ်၊ ဘာမှ မမွေးချင်ဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်ကျပ်ပေး၍ မေးခိုင်းလိုက်သော သတင်းတော့ သိရပြီ၊ မိန်းမကြီးတစ်ယောက်က အနားတိုးသွားပြန်၏။ အစောင့်လက်ထဲကို ပိုက်ဆံ မသိမသာ ထိုးထည့်ပြီး မေးခိုင်းနေပြန်သည်။

'မကြည်လှ ဆိုတာကို မေးပေးပါ၊ ဘာလေးမွေးလဲ၊ ဘာလိုသေးလဲ လို့၊ ညနေ ဘာဟင်းယူခဲ့ရမလဲ ဆိုတာပါ မေးခဲ့ပါ၊ မမွေးရသေးဘူးဆိုရင် တော့ စားချင်တာ ယူခဲ့မယ်လို့၊ မွေးပြီးရင်တော့ ဟင်းခါးနဲ့ ငါးကြော်ပဲ ယူခဲ့မယ်'

မှာသူကလည်း စုံစုံစေ့စေ့ မှာ၏။

'မကြည်လှ ဟုတ်လား၊ ယောကျ်ားနာမည် ဘယ်သူလဲ'

'အိုကွယ်၊ သူ့ယောကျ်ားအကြောင်း ပြောမနေပါနဲ့၊ ဒီမှာကွဲ့၊ ဒီမှာ လာမွေးတာ သူ့ယောကျ်ားလဲ မသိဘူး၊ သိလဲ အလကားပါကွယ်၊ ဒီလို ယောကျ်ားမျိုးက'

ဆေးရုံမှာ ဒီလို ဇာတ်လမ်းမျိုးတွေကလည်း စုံသည်။

'ဟာဗျာ၊ ယောကျ်ားနာမည်နဲ့တွဲပြီးမှ မေးလို့ ခေါ်လို့ လွယ်တာဗျ၊ ဒီအတိုင်းဆို နာမည်တူတွေနဲ့ ရောနေမှာပေါ့၊ ကလေးလာမွေးမှတော့ ယောကျ်ားနာမည်မပါလို့ ဘယ်ရမလဲ၊ ဆေးရုံတင်တုန်းကလဲ ပြောလိုက် ရပြီ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်ကွယ်၊ ဒီနာမည်ကို မိန်းကလေး ထပ်မကြား စေချင်လို့ပါ'

'အရေးထဲဗျာ၊ ကဲ ကဲ၊ သွားမေးပေးမယ်၊ ကောင်မလေးနာမည် မကြည်လှနော်'

တံခါးစောင့် အပေါ်ပြန်တက်သွားလေ၏။



ထိုအချိန်မှာ ရုပ်ရည်သနားကမားနှင့် လူငယ်တစ်ယောက် ရောက် လာသည်။ တံခါးစောင့်ကို ပိုက်ဆံပေးပြီး အပေါ်တက်သွားသည်။

'ဒီမှာကွဲ့၊ ဟိုသူငယ်ကတော့ အပေါ်တက်သွားပါလား၊ သူ့ကျတော့ တက်လို့ရသလား'

စောစောက မိန်းမကြီးက မကျေမနပ်ဖြင့် စပ်စုပြန်၏။

'သူက သူ့အကြောင်းနဲ့ သူဗျ၊ ဧည့်သည်ချိန်မှာ လာမတွေ့ရဲလို့ ခုလို အချိန်မှာ တစ်ယောက်တည်း တိတ်တိတ် လာတွေ့ရတာ'

'ဟေ ဘာဖြစ်လို့လဲ၊ သူကကော မိန်းမနဲ့ ကွဲနေလို့လား'

'မသိပါဘူးဗျာ၊ ဟိုမိန်းမမှာလဲ ယောကျ်ားရှိတယ်ဗျ၊ ညနေကျရင် လာတယ်'

'ဟောတော့'

အရေးပေါ် ဌာနသို့ လူနာတွေ တဖွဲဖွဲ ရောက်လာ၏။ မွေးလူနာတွေ၊ သားပျက်သည့် လူနာတွေ၊ များသောအားဖြင့်ကတော့ ကလေးပျက်ကျ သည့် လူနာတွေက များလေသည်။ အချို့ကလည်း သွေးသံရဲရဲနှင့် မြင် မကောင်း ရှုမကောင်း။

ကိုသန်းအောင်၏မိခင်ကြီးကတော့ ရန်ကုန်မြို့ပေါ်မှ မိန်းမတွေ၏ ဝေဒနာကို ရင်သပ်ရှုမော ငေးမောကြည့်ရှုနေမိလေသည်။ ထိုအချိန်တွင် တောက်ပြောင်သစ်လွင်သော ကားကြီးတစ်စင်း ထိုးဆိုက်ကာ ကားပေါ်မှ လူများသည် စားသောက်ဖွယ်ရာများကို ယူဆောင်လျက် ဆေးရုံတံခါးဝမှ ခပ်တည်တည်ပင် ဝင်သွားကြလေသည်။ တံခါးစောင့်များကလည်း အလိုက် တသိပင် တံခါးကို လျှောခနဲမြည်အောင် ဖွင့်ပေးလေ၏။ ဓာတ်လှေကား မောင်းသမားကလည်း အသင့်စောင့်ဆိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ကတော့ ဘယ်သူတွေလဲကွဲ့'

မနေနိုင်သူက မေးပြန်သည်။

'သူဌေးတွေပေါ့ဗျာ၊ လူနာဆင်းတော့မှာမို့ ဆေးရုံက ဆရာဝန်တွေ ဆရာမတွေ အားလုံးကို မုန့်ကျွေးမလို့လေ'

'ဪ ဪ'

ကိုသန်းအောင်ကတော့ အုတ်လှေကားပေါ်မှာ ခြေပစ်လက်ပစ် ထိုင်မိပေပြီ။ သူ့အစ်မပြောသလို အိမ်မှာ ဆရာမ ခေါ်ပြီး မွေးလိုက်ရ ကောင်းသားဟု တွေးနေမိလေ၏။ ယခုတော့ သူလည်း အလုပ်ပျက် အကိုင်ပျက်၊ ရုံးမှ ခွင့် ၁၀ ရက် တင်လိုက်ရသည်။ ထမင်းချက် ပို့ရဦး မည်။ ယခင်က ဆေးရုံမှာ လူနာတိုင်းကို ဆေးရုံထမင်း ကျွေးသော်လည်း ယခု လူနာ များလွန်းသဖြင့် မကျွေးနိုင်တော့။ အလွန်ဝေးလံသည့်နေရာမှ လူနာများကိုသာ ကျွေးသည်။ အမေကလည်း ဘယ်မှ မသွားတတ် မလာ တတ်။

ထိုစဉ် အပေါ်မှ ဆင်းလာသော တံခါးစောင့်က ကိုသန်းအောင်ကို အော်ပြောသည်။

'ခင်ဗျားမိန်းမ မွေးပြီဗျ၊ မွေးခန်းထဲတောင် မဝင်ရသေးဘူး အပြင်မှာ မွေးလို့ ခေါ်သွင်းသွားပြီဗျို့'

'ဗျာ ဟုတ်လား၊ ဘာလေးတဲ့လဲ'

'အဲဒါတော့ သွားမကြည့်ခဲ့ရဘူး၊ ဆရာမတွေ ရှုပ်ရှက်ခတ်နေလို့'

ကိုသန်းအောင် ရင်ထဲမှာ မတင်မကျကြီးဖြစ်ကာ ထရမလို ထိုင်ရ မလို ဖြစ်နေလေသည်။ အမေကတော့ မျက်စိ စုံမှိတ်ကာ နှုတ်မှ ဆီမန်း မန်းသလို တဖွဖွ ရေရွတ်နေသည်။



'ဘုရား၊ ဘုရား၊ ချောချောမောမော ဖြစ်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ'

'ကျွန်တော် တက်ကြည့်ပါရစေဗျာ'

ကိုသန်းအောင်က တံခါးဝနားကပ်ခါ အသနားခံ၏။

'မဖြစ်လို့ပါဗျာ၊ ခင်ဗျားကို ခွင့်ပြုလိုက်ရင် နောက်က လိုက်တက် မယ့်လူတွေ တပုံကြီး'

'ဒီလိုဆိုလဲ တစ်ခေါက် သွားကြည့်ပေးစမ်းပါဦးဗျာ'

အစောင့် လက်ထဲကို ငွေတစ်ကျပ် ထိုးထည့်လိုက်ရပြန်လေသည်။ အတန်ကြာမှ ဝမ်းသာအားရ အဖြေကို သိရ၏။

'ယောကျ်ားလေးဗျ၊ နှစ်ယောက်လုံး ကျန်းကျန်းမာမာပဲ'

ကိုသန်းအောင် မျက်နှာ ရွှင်လန်းသွားလေ၏။

'ညည့်သည်ချိန်တောင် နီးလာပြီ၊ အမေ ထမင်းပြန်ယူဗျာ၊ ကျွန်တော် စောင့်နေလိုက်မယ်'

'ဟဲ့ အမေမှ မသွားတတ်ဘဲ သားရယ်'

'အင်း ဟုတ်သား၊ ဒီလိုဆို အမေ နေခဲ့၊ ကျွန်တော် ထမင်း ပြန်ယူ မယ်'

'အထဲဝင်လို့ရရင် အမေ ဘယ်နေရာကို သွားရမှာလဲ'

'အင်း ဟုတ်တယ်၊ ဒုက္ခပဲ၊ အိမ်ပြန်လို့လဲ အဝေးကြီး ပြန်ရမှာ မို့မှာ မဟုတ်တော့ပါဘူး၊ ရှုပ်ပါတယ်၊ ကျွန်တော် နီးနီးနားနားကပဲ ထမင်း သွားဝယ်လိုက်တော့မယ်'

'အေး အေး၊ တက်စာတွေ အအေးစာတွေ မဝယ်ခဲ့နဲ့နော် သား'

'ဪ အင်း၊ မတတ်နိုင်ဘူး အမေရာ၊ ကြုံရာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းအောင်သည် ဆေးရုံပေါ်သို့ တစ်ချက်လှမ်းကြည့်ပြီး စိတ်မဖြောင့်စွာဖြင့် ထွက်သွားလေ၏။ အမေကတော့ သက်ပြင်းချကာ တိုးတိုးရေရွတ်နေမိလေသည်။

'ဩော်၊ ရန်ကုန်မြို့ကြီးများ ကလေးမွေးရတာလဲ မလွယ်ပါလား'

❑

၉

'မြင့်ပဲ စဉ်းစားကြည့်လေ၊ ခုလို အားရက်လေးမှာတောင် နှစ်ယောက်သား လွတ်လွတ်လပ်လပ် မသွားရ မလာရ၊ အိမ် စိတ်မချရတာက တစ်မျိုး၊ အစားအသောက်ကလဲ ဘယ်လောက် ဆင်းရဲလဲ၊ ဆိုင်ထမင်း ဆိုင်ဟင်း စားရတာလဲ ငြီးငွေ့လှပြီ'

'တော်ပါပြီ၊ ဒီ ထမင်းဟင်းအကြောင်း မပြောပါနဲ့'

'အင်းပါလေ၊ မြင့် မကြိုက်ရင်လဲ မပြောပါဘူး၊ ပြီးတော့ မြင့် စဉ်းစားကြည့်၊ ခုဆို ကိုယ်တို့မှာ ကလေးမရှိသေးဘဲနဲ့တောင် ရတဲ့လခ မလောက်ငချင်ဘူး၊ ဒီအိမ်သာ ပြန်အပ်လိုက်ရင် စပေါ်တင်ထားတဲ့ငွေလဲ ပြန်ရမယ်၊ အိမ်လခတွေ မီးလခတွေ ပိုထွက်လာမယ်'

'ကိုကို့သဘောပဲ၊ ကိုကို့သဘောပဲ'

ယခုတော့ မြင့်မြင့်ထွန်း ကိုယ်တိုင်ကလည်း သူတို့ဘဝကို စိတ်ပျက်ငြီးငွေ့စပြုပြီ။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရပါလျက် ပျော်ရွှင်ချမ်းမြေ့မှုကို မရနိုင်ကြ။ နံနက် မိုးသောက်သည်နှင့် ရုံးသွားဖို့ ပြင်ဆင်ရသည်။ ရုံးရောက်တော့ အများတကာလို ထမင်းဘူးလေးကိုဖွင့်ပြီး မြိန်ရှက်ရည် မစားနိုင်။ ထမင်းဆိုင်ပြေးကာ ပန်းကန်ထဲမှာ လှုံ့ရဲထည့်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ဟင်းတစ်တုံးနှင့် ပြီးစလွယ်စားရသည်။ ဦးဟန်တင် အစားကောင်း မက်မှန်းသိသော မြင့်မြင့်ထွန်းမှာ အခြားအမျိုးသမီးတွေ ဟင်းချက်ကောင်းကြောင်း ပြောသည်ကိုပင် မကြိုက်ချင်။ အထူးသဖြင့် ဒေါ်ဥမ္မာကျော် ဆီက ဟင်းယူစားသည်ကို ဆွေ့ဆွေ့ခုန်အောင် နာ၏။ သည်တော့လည်း အိမ်မှာ ထမင်းဟင်းချက်ဖို့ စဉ်းစားရသည်။ နှစ်ယောက်လုံး ရုံးကပြန်ရောက်မှ ချက်ရ ပြုတ်ရသည်မှာလည်း မလွယ်။ ဦးဟန်တင်ကလည်း သူတို့ အိမ်ပြန်ပြောင်းဖို့ တဖွဖွပြောနေသည်။

'အိမ်ပြောင်းပြီး ငွေပိုလာတော့ စုထား၊ နောက်မှ ဒီထက်နီးတဲ့နေရာ ထပ်ငှား၊ ပိုမကောင်းဘူးလား'

'ကိုကို့သဘောပါလို့ ပြောနေပြီပဲ'

'မြင့်ရဲ့သဘောကကော'

'ကိုကို့ သဘောပါဆိုမှ၊ မြင့်ရဲ့ သဘောကလဲ ကိုကို့ သဘောပဲပေါ့'

'မြင့်ကိုကြည့်ရတာ ကိုယ်တို့အိမ်ကို မပြောင်းချင်သလိုပဲ'

မြင့်မြင့်ထွန်း ငြိမ်နေသည်။ ဘာပဲဖြစ်ဖြစ် မိမိဘာသာ တစ်အိုးတစ်အိမ် လွတ်လွတ်လပ်လပ် နေချင်သည်ကတော့ အမှန်ပင်။ သို့သော် စားရေးသောက်ရေး အဆင်ပြေစိမ့်သောငှာ ပြောင်းကြည့်ရလျှင် ကောင်းမည်လားဟု စိတ်ကူးသည်။

'ဒီလိုလုပ်ပါလား ကိုကိုရယ်၊ ဒီအိမ်ကို ပြန်မအပ်နဲ့ဦး၊ ပါရမီမှာ ခဏ သွားနေကြည့်ကြမယ်လေ၊ အဆင်ပြေတော့လဲ ပြောင်းကြတာပေါ့'

'အင်း ကောင်းသားပဲ'

သို့ဖြင့် မြင့်မြင့်ထွန်းတို့ ပါရမီအိမ်ပေါ် ရောက်လာသည်။ ထမင်းဟင်းအတွက်ကတော့ မပူပင်ရတော့။ သူတို့နှစ်ယောက်အတွက် ငွေထည့်ပြီး အတူစားကြသည်။ ဦးဟန်တင် မိဘတွေကလည်း သားသမီးတွေ စုစုဝေးဝေး



နေရ၍ စိတ်ချမ်းသာနေကြသည်။ သို့သော် ထုံးစံအတိုင်း ကြာလာတော့ မြင့်မြင့်ထွန်းနှင့် အဆင်မပြေပြန်ပေ။

သူက ရုံးအလုပ်ရှိသည်ဆိုပြီး နံနက် မိုးလင်းသည်နှင့် ရေမိုးချိုး အလှပြင်သည်။ ရုံးက ဆင်းပြန်တော့ နှစ်ယောက်တည်းမို့ လွတ်လွတ်လပ်လပ် လည်ကြပတ်ကြသည်။ ရုပ်ရှင်ကြည့်ကြသည်။

ဦးဟန်တင် ညီ၏ မိန်းမက အလုပ်မသွားရသည်မို့ အိမ်မှာ ထမင်းဟင်း ဒိုင်ခံချက်ရသည်။ ထို့အတွက် သူ့ညီက မကျေနပ်။ ညီမကလည်း မကျေနပ်။ မြင့်မြင့်ထွန်းကလည်း သူ့အိမ်မှာ သူဘယ်လောက်လုပ်ရလုံပ်ရ သူများအိမ်မှာတော့ မလုပ်နိုင်ဟု ဆိုသည်။ ထို့ကြောင့် ဦးဟန်တင်တို့ နှစ်ယောက်သည် ၁၀ ရက် မပြည့်မီပင် အိမ်ပေါ်က ပြန်ဆင်းလာကြရလေသည်။

'ကဲ မြင့်၊ နည်းအမျိုးမျိုးလဲ စမ်းသပ်ပြီးပြီ၊ နောက်ဆုံးတော့ ကိုယ့်ဟာကိုယ် ရှန်းကြရမှာပဲ၊ ထမင်းလဲ အိမ်မှာပဲချက်၊ ညည်းမနေနဲ့တော့၊ ရန်ကုန်မှာ လင်ရော မယားရော အလုပ်လုပ်တဲ့လူတွေ အားလုံး ဒီလိုပဲ ရှန်းနေကြရတာ၊ နိုင်ငံခြားမှာဆို သာဆိုးသေး၊ အပြေးအလွှား သွားလာနေကြရတာ၊ လင်နဲ့မယားဆိုတာ အိပ်ချိန်ပဲ ဆုံဖို့ရှိတယ်၊ ကဲ ဒီနေ့ကစပြီး ရှန်းကြစို့'

နောက်ဆုံးတော့ သူတို့နှစ်ယောက်ကို ညနေ ရုံးက ပြန်ရောက်ချိန်တိုင်း တစ်ယောက်က ပုဆိုးတိုတိုဝတ်၍ ရေဆွဲကာ၊ တစ်ယောက်က ဘီးဆံပတ် ပတ်ပြီး မီးသွေးမီးဖိုကို ယပ်တောင်တစ်ချောင်းဖြင့် နာနာခပ်ကာဖြင့် ထမင်းတစ်လုတ်စားရန် ချွေးဒီးဒီးကျအောင် ဗျာများနေသည်ကို နေ့စဉ် တွေ့မြင်ကြရလေသတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ကိုဘဆွေတစ်ယောက် အရက်ပြတ်သွားသည်ဆိုခြင်းကို ဦးချစ်မောင်က လုံးဝ အယုံအကြည် မရှိပေ။ ရုံးခန်းထဲမှာ ကိုဘဆွေ အရက်ပြတ်သွားသည် ဆိုခြင်းကို ဒေါ်ဥမ္မာကျော် ယောကျ်ားရသွားပြီ ဟူသည့် သတင်းထက် ပို၍ အံ့သြ၏။ ခင်ဆွေဝင်းတစ်ယောက် အိမ်က သဘောမတူသူနှင့် လိုက်ပြေးရာ အချိန်မီ ပြန်လည်သိမ်းဆည်း လိုက်ရသည့် သတင်း၊ မအေးတင့် အိမ်မှာ ထမင်းလခပေးစားနေသူက သူ့ညီမကို သုတ်ပြေးသွားသည်ဆိုသည့် သတင်း၊ ခင်ပပတို့ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းလိုက်ပြီ ဆိုသည့် သတင်းတို့မှာလည်း အခန်းထဲမှလူတွေအဖို့ လှုပ်လှုပ်ရွရွနှင့် အတင်းပြောစရာ ဖြစ်နေလေသည်။ သည်ကြားထဲမှာ ကိုသန်းဓအောင်မိန်းမကလေး မျက်နှာမြင်သည့်ကိစ္စ၊ မငွေရင် သူ့အမေအိမ်ကို ဆင်းသွားသည် ဆိုသည့် ကိစ္စများမှာ မရင်ရွှေ သူ့ယောကျ်ားနှင့် ရန်ဖြစ်သည့်ကိစ္စကဲ့သို့ပင် ရိုးလွန်း၍ အထူးအဆန်း မဟုတ်တော့ပေ။

ရုံးခန်းထဲမှာလည်း ခွင့်ယူသူတွေ အပြင်ထွက်သူတွေများ၍ သွေ့ခြောက်လျက်ရှိ၏။ သင်္ကြန်ရက်နီး၍ အလုပ်ကလည်း သိပ်မလုပ်ကြတော့။



ခရီးသွားဖို့ အစီအစဉ်ဆွဲသူ၊ သင်္ကြန်တွင်း လည်ပတ်ရန် ပြင်ဆင်နေသူတို့ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေ၏။

ကိုဘဆွေကတော့ တကယ်ပင် မူပြောင်းလျက် ရှိသည်။ ရုံးဆင်းသည် ဆိုသည်နှင့် အိတ်ကလေးဆွဲကာ သုတ်သုတ် သုတ်သုတ်နှင့် ပြန်သွားလေသည်။ အိမ်ပြန်ရောက်၍ ဦးချစ်မောင်က အခေါ် လွှတ်လျှင်လည်း လိုက်မလာတော့။ မြခွာညိုမှာသော် လည်းကောင်း၊ ခိုင်သဇင်မှာသော် လည်းကောင်း ကိုဘဆွေကို မတွေ့ရတော့ပေ။ ထိုသို့ ပြောင်းလဲရခြင်း အကြောင်းကို ဦးချစ်မောင်က သိချင်နေသည်။ သည်ကနေ့တော့ သိရအောင် လုပ်မည်ဟု ဦးချစ်မောင်က တေးထား၏။

'တကယ်တော့ အရက်သောက်တာ မကောင်းဘူးဆိုတာ ငါလဲ သိပါတယ်ကွာ၊ ဒါကြောင့် ငါလဲ အရက်ဖြတ်တော့မလို့ကွ၊ ဒီနှစ် သင်္ကြန်မှာ ဥပုသ်စောင့်မယ်တောင် စိတ်ကူးတယ်၊ မင်းလဲ သင်္ကြန်တွင်း ဘယ်သွားဦးမလဲ'

ဦးချစ်မောင်က ကိုဘဆွေကို စကားစ၏။ ရုံးဆင်းရန် နာရီဝက်သာ လိုတော့သည်။ ကိုဘဆွေကတော့ ငြိမ်သက် တွေဝေနေလေသည်။

'ဘယ်မှ မသွားနိုင်တော့ပါဘူးဗျာ'

'ဟေ ဘာဖြစ်လို့တုန်းကွ'

'ဘာမှ မဖြစ်ပါဘူးဗျာ'

'မင်းကလဲကွာ၊ ဘာတွေများ အခက်အခဲရှိနေလို့လဲ၊ ငါတို့ ကူညီစရာရှိရင် ကူညီမှာပေါ့ကွ၊ ခုတလော မင်းကြည့်ရတာ ငူတူတူ ငိုင်တိုင်တိုင်နဲ့'

ကိုဘဆွေသည် အတန်ကြာ စဉ်းစားနေ၏။

'အေးဗျာ၊ ကျွန်တော်လဲ စိတ်ဓာတ် အတော်ကျနေတယ်၊ ဟာဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် အေးအေးဆေးဆေး စကားပြောရအောင်'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရုံးပေါ်မှဆင်းပြီး ကမ်းနားလမ်းအတိုင်း လျှောက်ကာ ၂၉ လမ်းထဲ ဝင်ခဲ့ကြလေသည်။ လေဟာပြင်ဈေးလေးဘက် မျက်နှာချင်းဆိုင်ထားသော စားသောက်ဆိုင်လေး တစ်ဆိုင်ထဲ ဝင်ထိုင်ကြ၏။ သည်နေရာမှာ ခွက်ပုန်းရနိုင်သည်ကို အထူးပြောစရာ မလိုတော့။ ယခုတော့ ကိုဘဆွေသည် ဦးချစ်မောင်ဆင်သော အကွက်ထဲ ဝင်လာပေပြီ။ ထန်းရေသမားသည် အမူးပြေလျှင် အပင်ကို မော့ကြည့်မြဲ မဟုတ်လား။

'ဒီမှာကွဲ့၊ ဘဆွေရဲ့၊ မိန်းမများ ဂရုစိုက်လို့ကွာ၊ ငါလိုကောင် အသက်ကြီးမှ မိန်းမရတာတောင် သောက်ချင်သလို သောက်၊ နေချင်သလို နေ၊ ဘယ်ကလောက် လွတ်လပ်သလဲ၊ မင်းမိန်းမ ပေါင်းလာတာ ဒီလောက်ကြာမင့်ဟာ၊ မီးမသေဘူးလားကွ၊ လုပ်စမ်းပါ ချစမ်းပါ၊ မင်း အရက်ဖြတ်တယ်ဆိုတာ ငါ သိပ်ခံပြင်းတယ်ကွာ၊ ဘာလဲ မင်းမိန်းမက ငါနဲ့ အပေါင်းအသင်း မလုပ်ဖို့ ပြောသလား'

'ဒီလိုတော့ မပြောပါဘူး ဦးချစ်မောင်ရယ်၊ ဖြစ်ပုံက ဒီလိုဗျ၊ ခင်ဗျားနဲ့ ကျွန်တော် နောက်ဆုံး အတူတူသောက်တဲ့နေ့က အတော်မူးသွားတယ်ဗျာ၊ အိမ်ရောက်တော့လဲ လူမှန်းသူမှန်း မသိဘူး အိပ်ပျော်သွားတာ၊ အဲဒါ အဲဒီညက အိမ်ကို သူခိုးဖောက် ခံရတယ်ဗျ'

'ဟေ'

'အဲဒါ မိန်းမက ကျွန်တော် မူးမူးနေလို့ ခုလို ဖြစ်ရတာဆိုပြီး ကျွန်တော့်ကို မဲနေတာဗျာ၊ ယောက်ျားဖြစ်ပြီး အားမကိုးရဘူး ဘာဘူးပေါ့ဗျာ၊ သူ့အတွင်းပစ္စည်းလေးတွေလဲ ပါသွားတော့ ကျွန်တော်လဲ သိပ်နောင်တရသွားတယ်ဗျာ'

'ဩော် ဒါကြောင့်လား၊ ဒါ တိုက်ဆိုင်လို့ ဖြစ်တာပဲကွာ၊ အရက်သောက်တာနဲ့ မဆိုင်ပါဘူး၊ အရက်မသောက်လဲ အိပ်ပျော်ချင် ပျော်နေမှာပဲ'



'ဒါပေမယ့် မိန်းမက ပြောတယ်ဗျ၊ အရက်ကို ဖြတ်ချင် ဖြတ်၊ အရက်မဖြတ်ရင် သူ့ကို ဖြတ်ရမယ်တဲ့'

'ဟား ဟား ဟား၊ ဒီမှာဟေ့၊ မိန်းမများ အလကား မူလကျီလုပ်တာကွ၊ ဘယ်တော့မှ မပြတ်ဘူး၊ ဒီမယ် အရက်သောက်လေ မိန်းမချစ်လေ အောက်မေ့၊ သောက်သာ သောက်ကွ၊ မယုံရင် ကြည့်၊ မင်းမိန်းမက မင်းကဖြတ်ချင်တယ်ဆိုရင်တောင် ခြေသလုံး လိုက်ဖက်ဦးမယ်၊ ဟား ဟား'

သို့ဖြင့် သူတို့နှစ်ယောက်သည် အကြောင်းရှာသောက်တတ်သော အရက်သမားတို့၏ ထုံးစံအတိုင်း အရက်ကို ခင်တွယ်စွာ ပြန်သောက်ကြလေ၏။ ထိုနေ့ညနေက သူတို့နှစ်ယောက်လုံး အိမ်ပြန်မိုးချုပ်သည်။ ကိုဘဆွေ တစ်ယောက်တော့ သူ့မိန်းမနှင့် ဘယ်လို ရင်ဆိုင်သည် မသိ။ ဦးချစ်မောင် အိမ်ပြန်ရောက်တော့ သူ့မိန်းမ အိမ်တွင် မရှိပေ။ သူက တစ်ချိန်လုံး မူးနေတတ်သူဆိုတော့ ရပ်ရေး ရွာရေး အကြောင်းကိစ္စ မှန်သမျှ သူ့မိန်းမကသာ သွားရလာရသည်။ ဦးချစ်မောင်သည် စိတ်အေးလက်အေးပင် အိပ်ရာထဲမှာ ခွေအိပ်နေလိုက်လေ၏။ သို့သော် သန်းခေါင်ကျော်ချိန် သူအာခြောက်၍ ရေထသောက်သည်အထိ သူ့မိန်းမကို မတွေ့ရ။ သည်တော့မှ သူ မသင်္ကာစိတ်ဖြင့် ဖွေရသည်။ သူ့မိန်းမ မရှိတော့။

အိပ်ရာဘေးက စားပွဲပေါ်မှာ စာတစ်စောင် တင်ထားသည်ကို တွေ့၍ ယူဖတ်ကြည့်သည်။

ကိုချစ်မောင်

ရှင့်လို မိန်းမကို အရက်လောက် မခင်တွယ်တဲ့လူနဲ့ အတူ မနေနိုင်လို့ ကျွန်မ သွားပြီ။ ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့။

ကိုချစ်မောင်တစ်ယောက် ငိုင်ကျသွားလေသည်။ တကယ်တော့ သူသည် မိန်းမအကြောင်း သိသူ မဟုတ်ပေ။ သူက ရုံးဆင်းချိန်မှ အိပ်ရာဝင်

www.burmeseclassic.com

www.burmeseclassic.com



ချိန်အထိ အမြဲမှုးနေသူ ဖြစ်၏။ ယခု သူ့မိန်းမ မရှိတော့။ ထို့ထက် သူ့မိန်းမ ထွက်သွားခြင်းသည် တစ်ယောက်တည်း ထွက်သွားခြင်း မဟုတ်တကား။ ဦးချစ်မောင်သည် တစ်ရပ်ကွက်တည်းနေပြီး အိမ်ကို အမြဲလာလည်တတ်သူ တစ်ယောက်ကို သက်ာမကင်းဖြစ်ဖို့ ယခုမှ သတိရသည်။

'တောက် ပစ္စည်းခိုးတာက တော်သေးတယ်၊ ခုတော့ လူကိုတောင် ခိုးသွားပါပကော'

အရပ်ထဲက လူတွေကတော့ ဦးချစ်မောင်ကို ကြည့်ကာ နောက်ကွယ်မှာ ရယ်သွမ်းသွေးကြသည်။

နောက်များမကြာမီ လူပျိုကြီး တစ်ခုလပ် ဦးချစ်မောင်တစ်ယောက် အရက်ဖြတ်လိုက်ပြီ ဟူသော သတင်းတစ်ရပ်ကို မယုံကြည်နိုင်ဘွယ်ရာ ကြားသိရလေ၏။

□

## ၁၁

ဆေးခန်းအတွင်းမှာ လူစည်ကား၍ နေသည်။ ကိုယ်ပိုင်ဆေးတိုက်ငယ် လေးတစ်ခု ဖြစ်သော်လည်း လူစုံ၏။ အထူးကုဆရာဝန်ကြီးတွေထိုင်ရာ နေရာမို့ ကလေးလူနာတွေရော လူကြီးလူနာတွေပါ ပြည့်ကျပ်နေသည်။

ဦးရွှေအောင်ကတော့ ထိုင်ခုံရှည်ကြီးပေါ်မှာ ငူငူငိုင်ငိုင်ကြီး ထိုင်နေလေသည်။ ဦးရွှေအောင်ကတော်က အလွန် စိုးရိမ်ပူပန်သောကရောက်သော မျက်နှာဖြင့် သူ့ဘေးတွင် ထိုင်နေလေသည်။

စိတ်ရောဂါအထူးကု ဆရာဝန်ကြီး၏ အခန်းတွင်းသို့ လူနာတွေ အလှည့်ကျခေါ်သွင်းနေ၏။ ရောက်လာသမျှလူနာတွေမှာ ခေါင်းငိုက်စိုက်ချ၍ မျက်လုံးများ ကြောင်တောင်ငေးကာ စကားလုံးဝမပြောဘဲ ငိုင်နေသူတွေက များသည်။ များသောအားဖြင့်တော့ ဘေးမှ တွဲခေါ်လာသူများ ကသာ ဂနာမငြိမ်ဖြစ်ကာ သူတို့နှင့်နေလျှင် ရူးချင်ဖွယ်ရာ အသွင်မျိုးတွေ ဖြစ်လေသည်။

ဦးရွှေအောင်၏ အမည်ကိုခေါ်လိုက်သောအခါ ဦးရွှေအောင်ကတော်သည် သားရေအိတ်ကြီးကိုကိုင်ကာ ရှေ့မှဝင်သွားလေသည်။ ဦးရွှေအောင်က နောက်မှ ခပ်ငိုင်ငိုင်ဖြင့် လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာရယ် သူက ဌာနဆိုင်ရာ လူကြီးတစ်ယောက်ပါ၊ သူ ဒီလို ဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိစေချင်ဘူး၊ အလုပ်လဲ ထိခိုက်မယ် မဟုတ်လား ဆရာ'

ဆရာဝန်ကြီးက လူနာကို သေချာစွာကြည့်၏။

'ထိုင်ပါ ခင်ဗျာ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါလား'

'ညဆိုရင် မအိပ်ဘူးဆရာ၊ အမြဲ တစ်ခုခုကို စိုးရိမ်ပူပန်သလို ထ ထ ကြည့်နေတာပဲ'

'လူနာကိုယ်တိုင် ပြောပါစေ ခင်ဗျာ'

ဦးရွှေအောင်ကတော် နှုတ်ဆိတ်သွားလေသည်။

'ကျွန်တော် အိပ်မပျော်တာ သုံးလလောက်ရှိသွားပြီ'

ဦးရွှေအောင်က ခပ်လေးလေးပင် ပြော၏။

'ကောင်းကောင်း အိပ်မပျော်တာကတော့ ကြာပါပြီ၊ လွန်ခဲ့တဲ့ သုံးလလောက်ကတော့ လုံးဝ မအိပ်သလောက်ပါပဲ'

ဦးရွှေအောင်ကတော်က ဝင်ရှင်းပြ၏။

'ပြီးတော့ ဘာဖြစ်သလဲ'

'အမြဲတမ်းပဲ ငိုင်နေတယ် ဆရာ၊ စကားလဲ ကောင်းကောင်း မပြောဘူး၊ ရုံးမတက်နိုင်တာတော့ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်'

'ကဲ ကဲ လူနာကိုယ်တိုင် ရှင်းပြပါဦး၊ အိပ်မပျော်နိုင်လောက်အောင် စိတ်သောကတွေ သိပ်များနေလား ဦးရွှေအောင်'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော့်ရုံးအလုပ်ကလဲ အင်မတန် များတယ်၊ နေ့စဉ် ဆက်ဆံရတဲ့ လူတွေကလဲ များတယ်၊ ခေါင်းရှုပ်စရာတွေချည်းပါပဲ'

'အိမ်မှာကော'



ဦးရွှေအောင်ကတော် တစ်စုံတစ်ရာ ဝင်ပြောမည်ပြုပြီးမှ နှုတ်ပိတ်သွား၏။

'အိမ်မှာတော့ နတ်တွေချည်းပဲ ဆရာ'

'ခင်ဗျာ'

ဦးရွှေအောင်ကတော် မနေသာ၍ ဝင်ရှင်းပြရပြန်သည်။

'ဒီလိုပါ ဆရာရယ်၊ ကျွန်မတို့မှာ ရိုးရာရှိတော့ ငှက်ပျောပွဲ အုန်းပွဲလေး ထားရပါတယ်၊ ဒါကို ပြောတာပါ'

'အိမ်မှာ ဆရာတွေ ဘိုးတော်တွေနဲ့ ရှုပ်ရှုပ် ရှက်ရှက် ရှိလား'

'အို မရှိပါဘူး ဆရာရယ်'

'အင်း၊ ပြီးတော့ ပြောပါဦး'

'သားက ဘိန်းဖြူစွဲနေတယ် ဆရာ'

ဦးရွှေအောင်က ပြော၏။ ဦးရွှေအောင်ကတော် မနေနိုင်ပြန်။

'မဟုတ်ပါဘူး ဆရာရယ်၊ သူ အစိုးရိမ်ကြီးနေတာပါ၊ သားက ဆေးလိပ်လေး ဘာလေး နည်းနည်းပါးပါး သောက်တာပါ၊ အဲ အပေါင်းအသင်းနဲ့ လည်တာ ပတ်တာလောက်တော့ ရှိတာပေါ့'

'ကဲ ကဲ ဆက်ပြောပါဦး'

'သမီးတစ်ယောက်က စီ ဖြစ်နေတယ်'

ဦးရွှေအောင်ကတော် မျက်လုံးပြူးပြီး မျက်နှာလည်း ကွက်ခနဲ ပျက်သွားသည်။

'မဟုတ်ရပါဘူး ဆရာရယ်၊ သူ့စိတ်ထဲမှာ ခေတ်မိန်းကလေးတွေဆိုတော့ ဒီလိုပဲ သွားတာ လာတာ ဝတ်တာ စားတာကို မျက်စိနောက်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ခင်ဗျာ၊ သူ့ရင်ထဲမှာ ရှိတာ ပြောပါစေ၊ အခြေအနေကို ကျွန်တော် အကဲခတ်ပါ့မယ်၊ ကဲ ပြောပါဦး ဦးရွှေအောင်၊ ဦးရွှေအောင်မှာ တခြား ဘာတွေများ သောကရောက်စရာရှိနေလဲ'

'ကျွန်တော် ရုံးမှာလဲ ကောင်းကောင်း မနားရ၊ အိမ်မှာလဲ ညညအိပ်မပျော်တော့ ခေါင်းထဲမှာ ခဲပြီး ကိုက်နေတာပါပဲ ဆရာ၊ ကျွန်တော်နေတဲ့နေရာကလဲ သိပ်ဆူတယ်၊ ညဘက်ဆိုရင် ရထားသံတွေဆူလို့ အိပ်လို့မရဘူး'

'အင်း အင်း ဟုတ်ပြီ၊ ဒီလိုလုပ်ပါလား ဦးရွှေအောင်၊ ခုလဲ ရုံးကအနားယူထားတယ်ဆိုတော့ တစ်နေရာမှာ စိတ်အေးလက်အေး အပန်းဖြေခရီးထွက်ပါလား ခင်ဗျာ၊ အေးချမ်းဆိတ်ငြိမ်တဲ့ တစ်နေရာပေါ့၊ အလုပ်ကလဲများ အိပ်ကလဲ မပျော်တော့ စိတ်သောကရောက်စရာတွေ တွေးတွေးပြီး ခေါင်းထဲမှာ မကြည်မလင် ဖြစ်နေရတာပါ၊ အနားယူလိုက်ရင်ကောင်းမယ်၊ ကျွန်တော် ဆေးလဲ ပေးလိုက်ပါ့မယ်၊ ဒီကြားထဲမှာ သူ့ကိုဘာမှ အနှောင့်အယှက် မပေးဘဲ စိတ်ရော လူပါ အနားယူပါစေ'

'အနားယူရမယ်ဆိုတော့ အိမ်မှာ နားလို့ကော မရဘူးလား ဆရာ၊ တစ်နေရာရာ သွားရမှာပေါ့'

ဦးရွှေအောင်ကတော်က မေးသည်။

'အကောင်းဆုံးကတော့ ခင်ဗျားခင်ပွန်းကို မျက်စိရှုပ် နားရှုပ်တဲ့ ရန်ကုန်မြို့ကြီးနဲ့ ဝေးပြီး တစ်ယောက်တည်း အေးအေးဆေးဆေး နားနေနိုင်မယ့် နေရာကိုသာ ခေါ်သွားပါ ခင်ဗျာ၊ အဲ အဲ အစ်မကြီးနဲ့ သားသမီးတွေကလဲ သူ့စိတ် အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့'

'အား ဟုတ်တယ် ဆရာ၊ ကျွန်တော် အရင် တပ်ထဲမှာ နေတုန်းကနယ်တကာ လှည့်နေခဲ့တာ ဘာမှ မဖြစ်ဘူး၊ ရန်ကုန်ရောက်ပြီး ရုံးမှာထိုင်



ရမှ ဒီရောဂါရတာ ဆရာ၊ သားသမီးတွေကလဲ ရန်ကုန်ရောက်မှ ပျက်စီးတာပဲ'

ဦးရွှေအောင်သည် ခေါင်းတဆတ်ဆတ် ညိတ်ကာ ဆရာဝန်ကြီးအခန်းထဲမှ ထွက်လာလေသည်။ အပြင်တွင် စောင့်နေသူ လူများထဲမှ ဆယ်ကျော်သက်ရွယ် ဆံပင်ဖားလျားနှင့် ကောင်မလေးတစ်ယောက်ကို အခန်းထဲ ခေါ်သွားကြလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

သူ့ဆရာ ဦးနှောက်ချောင်သွားသည်ဆိုတော့ မောင်အေး ခေါင်းကလည်း ကြောင်ချင်ချင်။ နေကပူလာတော့ ဦးနှောက်တွေကလည်း အရည်ပျော်လုလု ဖြစ်လာ၏။ ရုံးပေါ်မှာ ဥဒဟို သွားလာနေကြသော လူတွေကို ကြည့်ပြီး တော့လည်း ရင်ထဲမှာ ရှုပ်ထွေး နောက်ကျိလာ၏။ လမ်းမပေါ် ကြည့်လိုက် ပြန်တော့လည်း လူတွေ၊ ကားတွေ ရှုပ်ထွေးလျက်။ ဘယ်နေရာကြည့်လိုက် ကြည့်လိုက် လူတွေသည် ရေးကြီးသုတ်ပြာ သွားလာနေသည်ကိုသာ တွေ့နေ ရလေသည်။

ဦးရွှေအောင် မရှိတော့ မောင်အေးတစ်ယောက်တည်း တယ်လီဖုန်း နားမှာ ထိုင်နေရ၏။ မေးလာသမျှကို ဖြေကြားရသည်နှင့်ပင် မောင်အေး ခေါင်းထဲမှာ အသံတွေ မြည်လာသလို ခံစားရသည်။ သူ့ဆရာကို ကိုယ်ချင်း စာမိ၏။

သည်ကြားထဲ ဆရာကတော်က သူ့ကို ဖုန်းဆက်၍ ခိုင်းသည်က ရှိသေးသည်။ ဘယ်ဆေး ရှာပေးပါဦး၊ ညနေ ဝင်ခဲ့ပါဦး၊ ဒရိုင်ဘာ မလာလို့ ကားမောင်းတတ်တဲ့ လူတစ်ယောက် ရှာပြီး ပို့ပေးပါဦး စသည်ဖြင့် အရာရာကို မောင်အေး၏ တာဝန်ချည်းသာဟု မှတ်ယူနေပုံ ရလေ၏။



နောက်ဆုံးတော့ သူ့ဆရာက ပေလီကိုအနားယူရန် သွားရောက်မည် ဖြစ်၍ လက်မှတ်ဝယ်ပေးပါဟု ခိုင်းလေသည်။ 'တစ်အိမ်သားလုံးသွားမှာ လား' ဟု မောင်အေးက မေးသည်။ 'ဆရာဝန်က တစ်ယောက်တည်း အေးအေးဆေးဆေးနေရင် ကောင်းမယ်ပြောတယ်၊ မင်းဆရာ အဖော်ရ အောင် မင်း လိုက်သွားပါလား'ဟု ဆရာကတော်က ပြောသည်။ 'ကျွန်တော့် အိမ်မှာ တိုင်ပင်ကြည့်ဦးမယ်'ဟု မောင်အေးက ပြန်ပြောသည်။

'အင်း လူတွေနဲ့ဝေးတဲ့နေရာ သွားချင်နေတာနဲ့ အတော်ပဲ'ဟု မောင်အေး စဉ်းစားနေလေသည်။ သို့သော် သည်အချိန်ဆိုလျှင် ပေလီမှာ လူတွေ များနေရော့မည်။ သူ့ဆရာအတွက် အနားယူမည့်နေရာကို သူ စဉ်းစားနေ၏။ ရန်ကုန်မြို့ပေါ်မှာတော့ ဘယ်လိုမှ နေလို့မဖြစ်။ ရွှေတိဂုံ ဘုရားပေါ် ပုတီးသွားစိပ်နေလျှင်လည်း လူတွေ တွေ့ရဦးမည်။ ပန်းခြံမှာ လည်း လူတွေ ပြည့်နေသည်။ အင်းလျားကန်မှာလည်း လူတွေရှိ၏။ တောင်ကြီးတို့ မေမြို့တို့ သွားနေရရင်ကော။ သည်နေရာတွေမှာလည်း သည်အချိန်ဆိုလျှင် လူတွေ စည်ကားနေမှာပဲ။ မြို့ပေါ်နေ လူတန်းစား အချို့ နွေရာသီကို အေးသောမြို့တွေမှာ သွားရောက် ဖြုန်းတီးကြမည်။

ဆိတ်ငြိမ်အေးချမ်းတဲ့ တောရွာလေးတစ်ရွာမှာ သွားနေရရင် ကောင်းမှာ ပဲဟု မောင်အေး တွေးမိ၏။ တောမှာနေလို့ဆင်းရဲတာတစ်မျိုး၊ ရန်ကုန်မှာ နေလို့ ဆင်းရဲတာတစ်မျိုး၊ တောမှာကမှ အသက်ရှုလို့ ဝသေးတယ်ဟု စဉ်းစားနေ၏။ မြို့ပေါ်မှာနေတော့လဲ အသက်ဘေးနဲ့ နီးတာပါပဲ။ ကား တိုက်မှာ ကြောက်ရ၊ တိုက်ပြိုမှာကြောက်ရနဲ့။ တောကလူတစ်ယောက် မြို့ပေါ်ရောက်လာပြီး ခေါက်ဆွဲစားပြီးအထွက်မှာ တိုက်ပြိုကျလို့ ပွဲချင်းပြီး သေသတဲ့။ ဘတ်စ်ကားပေါ်မှာ မြွေပေါက်ခံရတဲ့သူက ရှိသေးတယ်။ မလွယ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားမရှိတော့ မောင်အေး ရုံးမှ စောစောလစ်ခဲ့၏။ သူ့ဆရာနှင့် လိုက်သွားဖို့ကိစ္စ အိမ်ကိုပြောရဦးမည်။ ရောက်လေရာမှာ ဘက်ထရီအဟောင်းလေးတွေ ဝယ်ခဲ့ပါမည်ဟု ကတိခံရပေတော့မည်။

အိမ်ရောက်တော့ စိတ်မကောင်းစရာသတင်းတစ်ခု ကြားရသည်။ မနေ့ညက ဘေးအိမ်က ကလေးလေးတစ်ယောက် ဆုံးသွားသည်တဲ့။

ကလေးက ကိုယ်ပူရှဲ့သာရှိသည်မို့ ဆေးတိုက်ပြီး သိပ်ထားလိုက်သည် ဆို၏။ ညကျမှ ကလေးက ကိုယ်အပူရှိန်ကြီးပြီး တက်သည်။ ရုတ်တရက်မို့ မည်သို့မျှ မလုပ်တတ် မကိုင်တတ်ကြ။ ညကြီး အချိန်မတော် ဆေးရုံခေါ်သွားဖို့ကလည်း မလွယ်။ တတ်သမျှ မှတ်သမျှ ပြုစုသော်လည်း မရပြီ။ ချစ်စဖွယ် ကလေးငယ်လေး ဆုံးသွားရရှာ၏။

ရပ်ရေးရွာရေးဆိုတော့ အားလုံး ဝိုင်းဝန်း ကူညီကြရသည်။ ကလေးငယ်က ငါးနှစ်သားခန့်ရှိပြီ။ တစ်ဦးတည်းသော သားငယ်လည်းဖြစ်သည်မို့ မိဘများက ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ချင်သည်။ သို့သော် ငွေကမတတ်နိုင်။ ကလေးအတွက် ခေါင်းလှလှလေးတစ်လုံးတော့ဝယ်ပြီး လှလှပပ ပို့ဆောင်လိုသည်။

'ခေါင်းသွားဝယ်တာတော့ ဟုတ်ပါပြီ၊ ဘာနဲ့ သယ်မလဲ'

အရပ်ထဲက လူတွေက ပြော၏။

'ရထားနဲ့ တင်ရင်ကောဗျာ'

တစ်ယောက်က အကြံပေးသည်။

'လူတွေက အတင်ခံမလားကွာ'

'ကဲ ဒီလိုဆိုလဲ ဘာတတ်နိုင်မှာလဲ၊ ပျဉ်ဝယ်ပြီး ကိုယ့်ဘာသာပဲစပ်ပေါ့'

ကလေးသေအတွက် ဖခင်ကိုယ်တိုင် ခေါင်းစပ်ရလေ၏။ မြို့ဆင်ခြေဖုံးမှာ နေရသည်မှာလည်း သိပ်တော့ မလွယ်လှ။ လူနေမှု အဆင့်အတန်းက



အစစအရာရာ နိမ့်ကျသည်။ တော်မှာ နေရသည်ကမှ ပြတ်ပြတ်သားသား၊ သန့်သန့်ရှင်းရှင်း ရှိဦးမည်။ မြို့နှင့် နီးသည့် သူဌေးရပ်ကွက်က နေပျော်သလောက် မြို့ပြင်က ဆင်းရဲသားရပ်ကွက်က စုတ်ပြတ် ခေါင်းပါးလှ၏။

နေက ပူပြင်းလာလေလေ သဲတွေ ဖုန်တွေက သိပ်သည်း ထူထပ်လာလေလေ။ ပြီးတော့ အခက်ဆုံးက ရေပြဿနာ။ ဒါကြောင့်လည်း 'ရေကြည်ရာ မြက်နုရာ' ဟူသည့် စကား ပေါ်ခဲ့ဟန် ရှိ၏။ ရေမကြည်တော့လည်း မြက်မနုနိုင်ပြီ။ ပတ်ကြားအက်နှင့် ခရာတောတို့သာ မင်းမူနေကြလေ၏။

နောက်ဆုံးတော့ ကလေးသေကို ခေါင်းထဲမှာ ထည့်ပြီး ဖခင်ကိုယ်တိုင် ခေါင်းကို သံရိုက်၍ ပိတ်လိုက်လေ၏။

ခပ်ဝေးဝေးမှ လော်ကယ်ရထားတစ်စင်း၏ ဥဩမှုတ်သံကို ကြားလိုက်ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၁၃

မိုးတစ်ပြိုက်နှစ်ပြိုက် ကျသဖြင့် ကတ္တရာလမ်းမသည် စိုစွတ်ထိုင်းမှိုင်းကာ ချော်နေ၏။ ပြည်လမ်းမပေါ်တွင် ကားတွေ ဘီးချော်ပြီး တိုက်မိကြသည်။ သင်္ကြန် အကြတ်နေ့ဖြစ်သဖြင့် ရေကစားသူတွေ၊ ရေပက်ခံသူတွေဖြင့် ရန်ကုန်မြို့ကြီးသည် ဆူညံလှုပ်ရှားနေလေသည်။

အလှပြယာဉ်တွေ နည်းသွား၏။ ဌာနဆိုင်ရာ ဆုပေးမဏ္ဍပ်တွေ ဆောက်ကြသည်။ သမဝါယမ ဝန်ထမ်းတွေကို လျှောင်ပြောင်သော၊ သရုပ်ပျက် အဝတ်အစားတွေကို သရော်သော အဖန်တရာတေနေသည့် သံချပ်များကို သံပြိုင်ရွတ်ဆိုနေကြလေ၏။

နယ်မြေမဏ္ဍပ်ထဲတွင် လူကြီးများနှင့် သက်ဆိုင်ရာများက အခန့်သား ထိုင်ကာ အေးအေးဆေးဆေး ကြည့်နေကြသည်။ ပြည်သူအများစုက လမ်းမပေါ်မှာ မတ်တတ်ရပ်ကာ ခြေဖျားထောက်ကာဖြင့် လည်တဆန့်ဆန့် ခေါင်းတမော့မော့ ဖြစ်နေကြလေသည်။

ရေပက်ခံကားတွေ များပြားသည်။ ဂျင်းဘောင်းဘီနှင့် အင်္ကျီကိုးရိုး ကားရားတွေ ဝတ်ထားသော ရေပက်ခံလူငယ်တွေဖြင့် ရန်ကုန်သင်္ကြန်သည် စည်ကားမြူးကြွ၍ နေလေ၏။



အင်းလျားကန်မှာ လူတွေ ပြည့်ကျပ် စည်ကားနေ၏။ ရေထဲမှာ မြူးတူး ဆော့ကစားနေသူတွေ ရေကူးသူတွေဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ကြက်ခြေနီတပ်ဖွဲ့နှင့် ရဲက အဆင်သင့် စောင့်နေသည်။ အသက်ကယ် လှေတစ်စင်း ကင်းလှည့်နေ၏။

မြစမ်းရည်ကတော့ အဖော်ကောင်း၍ လိုက်လာမိပြီ။ ရန်ကုန်သင်္ကြန်ကို တစ်ခါမျှ မလည်ဖူးပေ။ ယခုတော့ သာထွန်းဦး၏ အကြံအဖန်အရ ထွက်လာရသည်။ ဦးဟန်တင်နှင့် မြင့်မြင့်ထွန်းတို့ ကိုယ်တိုင် လာခေါ်သည် ဆိုတော့ အမေကလည်း စိတ်ချစွာ ထည့်လိုက်သည်။ ဦးဟန်တင်၏မိတ်ဆွေများနှင့် မြင့်မြင့်ထွန်း၏ သူငယ်ချင်းတစ်သိုက် ပါလာ၏။ ကားပေါ်ရောက်တော့ ကိုယ့်အတွဲနှင့်ကိုယ် စေ့နေသည်။ မျက်ဖြူဆိုက်လေ ဆရာကျိုက်လေ၊ ရေတွေကြမ်းကြမ်းပက်လေ အမျိုးသားတွေ သဘောကျလေ ဖြစ်နေကြ၏။ လိုက်လာမိမှတော့ ဘာတတ်နိုင်မည်လဲ။ သင်္ကြန်ဆိုသည်ကလည်း ဣန္ဒြေရရ လည်ပတ်သူက အရှုံးသား။

တစ်နေကုန် အားရအောင်လည်ပြီးတော့ သာထွန်းဦးက ဗွေဖောက်လာပြီ။ မြစမ်းရည်ကို ပြန်ပို့ဖို့ သူ ဝန်လေးနေပြီ။ ကျန်လူတွေကလည်း သူတို့ကို အားပေးအားမြှောက် ပြုနေကြသည်။ သင်္ကြန်စုံတွဲအဖြစ် လက်ခုပ်သြဘာ ပေးနေကြသည်။ မြစမ်းရည် စိတ်ညစ်လာပြီ။ သာထွန်းဦးကို ချော့သည်၊ မရ။

'အမေ စိတ်ပူနေမယ်၊ မပြန်လို့ မဖြစ်ဘူး၊ မောင်လေးကလဲ သိရင် စိတ်ဆိုးမှာ မကောင်းပါဘူး၊ ပြန်ပါရစေ'

သာထွန်းဦးကတော့ မြစမ်းရည်ကို ပြန်မလွှတ်ရန် ဆုံးဖြတ်ထားသူပီပီ ခေါင်းမာနေ၏။ အမျိုးသားတစ်သိုက်ကလည်း မူးမူးနှင့် သာထွန်းဦးဘက်မှာသာ အင်အားအပြည့် ထောက်ခံနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စတစ်စ မိုးချုပ်လာပြီ။ အခြား မိန်းကလေးတွေ အိမ်ပြန်ကုန်ပြီ။ မြစမ်းရည် ဝေခွဲမရနိုင်တော့။ နောက်ဆုံးတော့ ဖြစ်လိုရာ ဖြစ်စေဟု နေလိုက်၏။ ဦးဟန်တင်ကတော့ သည်ပြဿနာကို သူ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ပြောသည်။ တစ်ယောက်အကြောင်း တစ်ယောက် မသိသူတွေမှ မဟုတ်ဘဲ။ ပြီးတော့ ချစ်သူတွေဖြစ်နေကြပြီပဲ။

မြစမ်းရည် စိတ်ကို ဖြေလျှော့လိုက်၏။ တကယ်တော့ အခြားပြဿနာဟူသည်ကလည်း ထွေထွေထူးထူးတော့ မရှိ။ သာထွန်းဦးကိုလည်း အိမ်က သိပြီးသား။ တစ်ခုပဲ ရှိသည်။ မြစမ်းရည် ယောက်ျားယူရမှာ ကြောက်နေသည်။ ရှေ့မှာ ရင်ဆိုင်ရမည့် စားဝတ်နေရေး ပြဿနာများ။ သို့သော် ဒါတွေ တွေးနေလို့လည်း ဖြစ်တာမှ မဟုတ်ဘဲ။ လာမယ့်ဘေးကို ပြေးတွေ့လိုက်ရုံသာ ရှိတော့သည်။

သာထွန်းဦးနှင့် မြစမ်းရည် ကားပေါ်မှ ဆင်းနေခဲ့ကြ၏။ သူ့ဘက်က ပိုင်ပြီဆိုတော့ သာထွန်းဦးက မြစမ်းရည်ကို စသည်။

'သကြၤန်မှာ အလည်လွန်ရင်း ညားသွားတဲ့ စုံတွဲတွေရှိတယ်၊ မကြားဖူးဘူးလား၊ ကောင်မလေးတစ်ယောက် ရှက်ပါတယ်၊ အိမ်မပြန်ရတော့ဘူး'

'အမယ်၊ ဒီက မသိလို့ လိုက်လာမိတာ၊ ခု တစ်ယောက်ထဲ ပြန်သွားမယ်၊ ဘာမှတ်လဲ'

'ဒီလိုပုံနဲ့ ပြန်သွားကြည့်ပါလား၊ လူတွေ လိုက်ဆွဲမှာပေါ့'

'ကြည့်၊ ဒါ သူများကို သက်သက် စော်ကားတာ၊ တော်ပြီ ဖြစ်ချင်ရာဖြစ်၊ တကယ်ပြန်တော့မယ်'

'ဟေ့ မသွားနဲ့၊ သူများတွေ ကြည့်နေတယ်၊ တစ်မျိုးထင်နေကြလိမ့်မယ်'



ဘေးမှ ဖြတ်သွားသော ကားတစ်စီးပေါ်မှ လူများက ဟေးခနဲ ညာသံပေး၍ အော်သွားကြသည်။ မြစမ်းရည် ရှက်၍ ခေါင်းငုံ့ထားရ၏။

'ကဲ အိမ်ပြန်ကြစို့၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ အစ်မတို့လဲ ခရီးထွက်သွားတယ်'

'သူ့ဘက်ကတော့ အပိုင်ပဲ ဆိုပါတော့'

ရေကစားသူတွေ သိမ်းကုန်ကြပြီ။ သကြၤန်ညသည် တေးသံစုံတို့ဖြင့် လှုပမြူးကြွလာ၏။ မြို့တော်ဝန်မဏ္ဍပ်ရှေ့မှာ အကပဒေသာကို လာကြည့်သူတွေဖြင့် ပြည့်ကျပ် စည်ကား၍ နေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ဧည့်ပရိသတ်ကတော့ ခန်းလုံးပြည့်ပင်။ အအေးဓာတ်ဖြင့် လွှမ်းခြုံထားသော မင်္ဂလာခန်းမတွင်းမှာ ပိုးဖဲကတ္တီပါတို့ဖြင့် တောက်ပရွှန်းလက်၍ နေ၏။ ခေတ်ပေါ် တေးဂီတသံတို့သည် မြူးကြွစွာ ပျံ့လွင့်နေ၏။ ဂီတသံများ ခေတ္တ ရပ်နားချိန်မှာ မင်္ဂလာစင်မြင့်ပေါ် သို့ ခန့်ညားထည်ဝါသော လူကြီး တစ်ဦး လာရပ်ကာ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်၏။ များမကြာမီ မင်္ဂလာသတို့သားနှင့် သတို့သမီးသည် အခြံအရံ ဆွေမျိုးမိဘများလိုက်ပါ လျက် ကော်ဇောပေါ်မှ ရွရွလေး လှမ်းကြွလာကြလေသည်။

ဧည့်သည့်များသည် သတို့သားနှင့် သတို့သမီးကိုကြည့်ကာ ချီးမွမ်း သယောင်ပြုလျက် တီးတိုး အတင်းပြောနေကြလေ၏။

'မိန်းကလေးဘက်က ကျိကျိတက် ချမ်းသာတော့လဲ လုပ်နိုင်တာပေါ့။ သတို့သားကတော့ ဖွံ့ပါ။ ဘာမှ မရှိပါဘူး၊ သူဌေးသမီးမှန်းသိတော့ အပိုင် ကြံတာပေါ့လေ၊ ခုခေတ် ယောကျ်ားတွေကလဲ ပစ္စည်းမက်တာ မဟုတ်လား'

သူတို့၏နှုတ်ဖျားတွင် မေတ္တာတရား၏ အခန်းကဏ္ဍသည် ဆိတ်သုဉ်း ကွယ်ပျောက်သွားလေသည်။

'သူငယ်မကလဲ မိုက်လိုက်တာ၊ ဒီလောက် ချမ်းသာရက်နဲ့ ခိုးရာ လိုက်ပြေးတာတဲ့တော့၊ မိဘတွေက ဂုဏ်မပျက်အောင် မနည်းပြန်ခေါ်ပြီး



တင့်တင့်တယ်တယ် လုပ်ပေးရတာတဲ့၊ သူတို့အဆင့်နဲ့ ဒီထက်သာတာ ရနိုင်ရက်နဲ့'

သတို့သားနှင့် သတို့သမီးက မင်္ဂလာစင်မြင့်ထက်မှာ နေရာယူလေ ၏။ ခေါင်းပေါင်းစ တလူလူနှင့် လူကြီးတစ်ဦးက မင်္ဂလာသြဘာစာကို ဖတ်ကြားလေပြီ။ ဧည့်ပရိသတ်တို့သည် ရှည်လျားသော မင်္ဂလာ သြဘာစာ ကြီးကို စိတ်မရှည်စွာ နားသောတဆင်နေလေ၏။

'သတို့သမီး ဝတ်ထားတာ စိန်တွေချည်းပဲနော်၊ တော်တော့်ကို များ တာပဲ၊ အားလုံး အစစ်တွေချည်းပဲလား မသိ'

'အမလေး၊ အစစ်တွေဆိုလဲ အထင်မကြီးပါနဲ့၊ ရန်ကုန်မှာ မင်္ဂလာ တစ်ပွဲစာ စိန်ငှားဝတ်လို့ ရတယ်ရှင့်၊ ငှားခပေးရုံပဲ၊ တချို့ မင်းသမီးတွေ မင်္ဂလာဆောင်ရင် ဒီလိုပဲ ငှားဝတ်ကြတာ၊ ဘယ် ဒီလောက်များတဲ့စိန်တွေ ရှိနိုင်ပါ့မလဲ'

'အို ဟုတ်လား၊ စိန်အစစ်တွေကို ငှားတဲ့လူ ရှိသလား'

'ရှိတာပေါ့၊ ပိုင်ရှင်ကိုယ်တိုင် လာစောင့်နေတာလေ'

'ဩော် ဩော်'

အထက်တန်းလွှာတို့၏ ပကာသနလောကကား ဝင်ဆန့်ဖူးသူမှပင် သိနိုင်တော့မည်။ နောက်ဆုံးတော့ လာသမျှလူတွေသည် အတင်းအဖျင်း ပြောကာ ကျွေးသမျှကို တဝတပြစား၊ ပိုသမျှကို အိတ်ထဲထည့်ပြီး ကသုတ် ကရက် ပြန်သွားကြသည်သာ ဖြစ်လေ၏။ နှစ်နာရီမျှကြာသော အချိန်လေး ကို ငွေတွေ သောင်းနှင့်ချီ၍ သုံးပစ်လိုက်သည်မှာ မတတ်နိုင်သူတွေအဖို့ တော့ နှမြောစရာ။ သို့သော် ထိုသို့သော အပြုအမူ အယူအဆတွေ့ အတွက် ထိုသို့သောလူတွေ အဆင်သင့် ရှိနေကြသည်မို့ သူနေရာနှင့်သူ အံဝင်ခွင်ကျ ရှိသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဆွေဝင်းကတော့ မင်္ဂလာသတို့သမီးလေးအဖြစ် အလှကြီးလှနေလေသည်။ သူ့အမေနှင့် အစ်မက မည်သို့ပင် သဘောမတူသည်ဖြစ်စေ၊ သမီးဖြစ်သူအတွက် အထူးသဖြင့် သူတို့အတွက် ဂုဏ်ဆည်သောအားဖြင့် မင်္ဂလာ အခမ်းအနားကို စိတ်တိုင်းကျ စီမံပေးလေသည်။ သတို့သမီးဘက်က စိန်ရောင်တွေ ရွှေရောင်တွေ တဖျပ်ဖျပ်လက်နေသမျှ သတို့သားဘက်ကတော့ ငြိမ်သက် တိတ်ဆိတ်နေကြရလေ၏။ သတို့သား ကိုမျိုးအောင်မှာ အလွန်ပင် စိတ်ကျဉ်းကျပ် ဆင်းရဲနေဟန်ဖြင့် ခေါင်းပေါင်းစနှင့် ကြိုးကြိုးချိတ်ကြားမှာ မလှူးသာ မလွန့်သာ ဖြစ်နေရလေသည်။

မိတ်သင်္ဂဟများကို ဖောဖောသီသီ ဖိတ်ကြားထားသည်ဖြစ်၍ ရုံးမှမိတ်ဆွေများလည်း စုံစုံစေ့စေ့ ရောက်လာကြသည်။ ဦးရွှေအောင်ကတော့ ငပလီကို အနားယူရန် ထွက်သွားသဖြင့် ကြွရောက်မလာနိုင်ခဲ့။ ဒေါ်ဥမ္မာကျော် တစ်ယောက်လည်း ဆရာဝန်တစ်ယောက်နှင့် လက်ထပ်ကာ တောကိုလိုက်သွားသလိုလို ကြားရသည်။ အံ့ဩစရာပေပဲ။ မအေးတင့်ကတော့ အပူရုပ်ကို ဟန်လုပ်ဖုံးကာ ရောက်လာ၏။ ခင်ပပကတော့ ဘယ်သူတွေဘာပြောပြော မမှုသည့်အသွင်ဖြင့် အေးဆေးတည်ငြိမ်စွာ ရှိနေလေသည်။ သူ့အတွက်တော့ လောကဓံသည်လည်းကောင်း၊ စိတ်ထားမမှန်သော အထက်တန်းလွှာတို့၏ ဂုဏ်ပကာသနသည် လည်းကောင်း အထင်ကြီးစရာ မရှိပြီ။ ခင်ပပသည် အလှဆုံး အယဉ်ဆုံး ဝတ်ကာ သူ့ဟန်ပန်အတိုင်း ခပ်ထည်ထည်လေး ထိုင်နေလေသည်။ မငွေရင်သည် အတွင်းရန်သူနှစ်ဦး ဖြစ်သော မအေးတင့်နှင့် ခင်ပပကြားမှာ ခပ်ကုပ်ကုပ်လေး ထိုင်နေ၏။ ယခုတော့ သူတို့အားလုံး နှုတ်ဆိတ်နေကြလေသည်။

ကိုသန်းအောင်တို့ ကိုဘဆွေတို့ ဦးချစ်မောင်တို့ လူသိုက်လည်း စုံစုံညီညီ ရောက်ရှိနေ၏။ ဦးချစ်မောင်မိန်းမ နောက်ယောကျ်ားနောက်



လိုက်သွားသည်ဟု ကြားရသည်။ တကယ်လား၊ နောက်နေကြသည်လား မသိ။

ဦးဟန်တင်နှင့် မြင့်မြင့်ထွန်းက ရုံးခန်းထဲမှ အကြီးဆုံးအရာရှိအဖြစ် လာရောက်ချီးမြှင့်ရလေသည်။ သူတို့နှစ်ယောက် နောက်မှာ သာထွန်းဦးနှင့် မြစမ်းရည်တို့အတွဲက ခပ်ကုပ်ကုပ်လေး ပါလာ၏။ သည်ကောင်လေးနှင့် သည်ကောင်မလေး သင်္ကြန်တွင်းမှာ ညားသွားကြသည်ဆိုပဲ။ ဦးဟန်တင်က မကြီးမငယ်နှင့် အောင်သွယ်တော် လုပ်ပေးသည်တဲ့။

မရင်ရွှေကတော့ အဝတ်အစား ဝတ်စရာမရှိ ဆိုပြီး မင်္ဂလာဆောင်ကို လိုက်မလာပေ။ သူတို့အားလုံး ရုံးမှ ကားကြီးတစ်စင်းဖြင့် ရောက်လာကြခြင်း ဖြစ်သည်။

မောင်အေးကတော့ အားလုံးနှင့် ဝင်မရောဘဲ ထောင့်တစ်ထောင့်မှာ ခပ်ကုပ်ကုပ်လေး ထိုင်နေသည်။ သူက လူကသာ ဘာမဟုတ်ပေမည့် အတွေးသမား။ ကြီးကြီးကျယ်ကျယ် တွေးတတ် ပြောတတ်သည်။ သူ့ဆရာလို ခပ်ကြောင်ကြောင် ဖြစ်သွားမှာတောင် စိုးရသေး။ ယခုလည်း သူ့ဆရာနောက် လိုက်မသွားရသဖြင့် စိတ်မချမ်းမသာ ဖြစ်နေ၏။ ဆရာတပည့်နှစ်ယောက် တောထွက်ကြတော့မည် ထင်ပါရဲ့။

မင်္ဂလာဩဘာစာ ဖတ်၍ ပြီးသွားပေပြီ။ ဆန်မန်းပေါက်ပေါက်များကြဲလေ၏။ ထို့နောက် မျှားမကြာမီ စားပွဲထိုး မိန်းကလေးများက လက်ဖက်ရည်အိုးများ လာချပေးလေသည်။

ယခုမှပင် ပရိသတ်အားလုံးသည် ထက်သန်တက်ကြွစွာဖြင့် အစားအသောက်များကို ဖွန်းသံ ပန်းကန်သံ တချွင်ချွင်မြည်အောင် အားပါးတရ စားသောက်ကြလေသတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

'လက်ထပ်တယ်ဆိုတာများ ဘာကြာတာလိုက်လို့၊ ကြည့်စမ်း ၁၅ မိနစ်အတွင်း တို့နှစ်ယောက် လင်မယားဖြစ်သွားပြီ'

သာထွန်းဦးနှင့် မြစမ်းရည်တို့နှစ်ယောက် မြို့နယ်တရားရုံးအတွင်းမှ ထွက်လာကြသည်။ ယခုမနက် သူတို့ တရားရုံးမှာ လက်ထပ်လိုက်ကြပြီ။ သာထွန်းဦးသူငယ်ချင်း အောင်လှိုင်ဝင်းနှင့် မရင်ရွှေတို့က အသိသက်သေအဖြစ် လိုက်ကြသည်။ သူငယ်ချင်းတွေ ပြန်သွားတော့ သူတို့နှစ်ယောက်တည်း ယောင်ချာချာ ကျန်ရစ်လေ၏။

'ဘယ့်နှယ်လဲ နင် ပျော်ရဲ့လားဟင်'

သာထွန်းဦးက မေး၏။

'ပျော်တယ် မပျော်ဘူး ဆိုရအောင် ဘာများထူးလို့လဲဟယ်၊ ငါဖြင့် အမေရိုက်ထားတဲ့နေရာက နာတောင် နာနေသေးတယ်'

သူတို့ မနေ့က မြစမ်းရည်အိမ်ကို ပြန်သွားကြသည်။ အမေကတော့ ဦးဟန်တင်တို့ နားဖောက်ပြီး၍ အကြောင်းစုံ သိပြီးပြီ။ 'ယောကျ်ားယူတာ မယူရဘူးလို့ မပြောပါဘူး၊ သကြံန်ထွက်လည်မယ်ဆိုပြီး လိုက်သွားတာ ပြန်မလာတာတော့ လွန်လွန်းတယ်' ဟု အမေက ဆူသည်။ မြစမ်းရည် အိမ်ပေါ်ရောက်သွားတော့ အမေက 'ငါ့သမီး တော်ပါတယ်ဆို ယောက်မ



မြင်းစီးထွက်တဲ့ ကောင်မ' ဆိုပြီး တံမြက်စည်းရိုးနှင့် ထရိုက်သဖြင့် မြစမ်းရည် ကြောအောင့်သွားလေ၏။ သာထွန်းဦး အစ်မကတော့ 'နင်ကျွေးနိုင်ရင် နင်ယူ တော်ကြာမှ မညည်းနဲ့' ဟုသာ ဆိုသည်။ ယခုတော့ သာထွန်းဦး နောက်ပြောင်သလိုပင် သူတို့ တကယ်လင်မယား ဖြစ်သွားကြလေပြီ။

'နင် တော်တော် နာသွားလားဟင်၊ သနားပါတယ် ကျွတ် ကျွတ် ကျွတ်၊ နင်ကလဲ ဆိုးတာကိုး ရိုက်ချင်စရာပဲ'

သာထွန်းဦးက နောက်နေသေးသည်။

'တော်ပါ နင့်ကြောင့်'

'အဲဒါ အရေးမကြီးပါဘူး၊ ငါတို့ရုံးက ခွင့်ယူထားတုန်း အားရအောင် လည်ထားမှ၊ တော်ကြာ ရုံးပြန်တက်ရင် ရုံးနဲ့အိမ် ကျင်လည်ပြီး ဘယ်မှ သွားနိုင်မှာ မဟုတ်တော့ဘူး၊ ဦးဟန်တင်ကြီးတောင် ပျော်ပျော်နေတတ်တာ ခုတော့ ဒုက္ခရောက်နေပြီ'

'နင်ဘယ်သွားချင်လဲ သွားလေ၊ နောက်နေ့တွေဆိုရင် ငါ အမေ့ကို ဈေးရောင်းပေးရဦးမယ်၊ အမေက ကောင်းကောင်း နေကောင်းသေးတာ မဟုတ်ဘူး'

'အေးဟယ်၊ ပန်းခြံမှာ ထိုင်နေရင်လဲ ဖမ်းပြီး ထပ်ပေးစားနေလို့ ညားနေဦးမယ်၊ ဗိုလ်ချုပ်ပန်းခြံထဲသွားရင်ကော တို့ကို အတွဲထင်ပြီး လိုက်ချောင်းနေမှာနော်၊ ရုပ်ရှင်ကြည့်ကြမလား'

'မကြည့်ချင်ပါဘူးဟာ၊ ငါ လူတွေများတဲ့နေရာ မသွားချင်ဘူး၊ သိပ်အိုက်တာပဲ'

'တစ်နေရာရာတော့ သွားမှဖြစ်မယ်၊ သူများလို ပေလီတွေ ဘာတွေ သွားနိုင်တာ မဟုတ်ဘူး၊ အဲ ငါ အကြံရပြီ၊ စရိတ်လဲ သက်သာအောင် သန့်လျှင် သွားရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'အေး ကောင်းတယ်'

သို့ဖြင့် သာထွန်းဦးနှင့် မြစမ်းရည်သည် သီတာသင်္ဘောကြီးစီးကာ ဟန်းနီးမွန်းထွက်ခဲ့ကြလေ၏။

ညိုညစ်သော မြစ်ရေသည် သင်္ဘောဦးပိုင်းနှင့် ထိတွေ့ကာ ဖြိုကွဲ လိမ့်ဆင်းသွားလေသည်။ စင်ရော်လေးများ လိုက်လာကြသည်။ ငှက်ကလေး များသည်ပင် လူတွေနှင့် နီးစပ်၍ အစာကို ပရိယာယ်ဖြင့် ရှာစားတတ် လေ၏။ အစာကို ကျွမ်းကျင်စွာ ဖမ်းယူ စားသောက်ရင်း ကမ်းခြေနှင့် ဝေးသထက် ဝေးလာလေသည်။

'အရင်တုန်းက ရန်ကုန်မြို့ဆိုတာ သေးသေးလေးရယ်၊ ဆူးလေ ဘုရားနားမှာ ရေတွေ ဝိုင်းနေလို့ တံတားနဲ့ ကူးရတယ်တဲ့၊ ရွှေတိဂုံဘုရား ပေါ်ကိုလဲ ကျားတက်ဖူးတယ်တဲ့၊ ပြီးတော့ အရင်က သန်လျင်မှာသာ ဆိပ်ကမ်းရှိတာ၊ ရန်ကုန်မှာ မရှိဘူး၊ နောက် သန်လျင်က သောင်ထွန်းပြီး ကပ်လို့ မကောင်းတော့လို့ ရန်ကုန်ဆိပ်ကမ်းဖြစ်ပြီး စည်ကားလာတာ'

မြစမ်းရည်က ပြောပြနေသည်။

'အံ့မယ်၊ နင်က ကြီးကြီးကျယ်ကျယ်၊ ဒါတွေ နင် မှီလိုက်လို့လား'

'လူကိုများ အထင်သေးလိုက်တာ၊ ကြားဖူးတာပေါ့'

'အခုတော့ ရန်ကုန်ဆိုရင် ကျဉ်းကျပ် ရှုပ်ထွေးလွန်းလို့ လူတွေက ငြီးငွေ့နေကြပြီ၊ ဒါပေမယ့် ရန်ကုန်သူ ရန်ကုန်သားဆိုတာ ရန်ကုန်မှာပဲ လုပ်စားတတ်တယ်၊ ရန်ကုန်မှာပဲ ကျင်လည်တတ်တယ်'

'အမယ်၊ ဒါပေမယ့် အံ့ဩဖို့ကောင်းတယ် ဆရာ၊ ဒေါ်ဉမ္မာကျော်က နယ်ကို ပြောင်းမလို့တဲ့'

'တဖြည်းဖြည်းတော့ ဒီလိုပဲ ဖြစ်လာရမှာပဲ၊ ငါ့အစ်မနဲ့ ယောက်ဖလဲ နယ်ကို ပြောင်းတော့မယ်၊ အဲဒီတော့မှ ငါတို့ အိမ်ငှားရမယ်'



'နင် သာကေတမှာ မနေနိုင်လို့လား'

'နေနိုင်ပါတယ်ဟာ၊ နေနိုင်လို့ အခု နေနေပြီပဲ'

မြစမ်းရည်သည် သာထွန်းဦးကို ကျေးဇူးတင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။ နေရောင်ခြည်သည် မြစမ်းရည်၏ မျက်နှာပေါ်သို့ တစ်ဝက်တစ်ပျက် ကျရောက်နေ၏။

သင်္ဘောသည် မြစ်ဆုံသို့ နီးလာ၏။ သာကေတမြို့ကို လှမ်းမြင်နေရ သည်။ စင်ရော်လေးများ ဝိုင်းလာကြပြန်သည်။ သင်္ဘောပေါ်တွင် ရေခဲရေ ရောင်းသူ၊ စင်ရော်ကျွေးဖို့ စာလေးခွေရောင်းသူ၊ တစ်ခါထိုင် သင်ဖြူးဖျာ ငှားသူတို့ဖြင့် စည်ကား၍ နေ၏။ သန်လျင်မှ ရန်ကုန်သို့ နေ့စဉ် ရုံးတက် ရုံးဆင်းသူတွေ များပြားလှသည်။

နံနက်လင်းလျှင် မြို့ပြင်အရပ်ရပ်မှ လူတွေသည် ရန်ကုန်မြို့တွင်းသို့ စုပြုံ ဝင်ရောက်လာကြလေသည်။ ညနေစောင်းသောအခါ အသီးသီး ပြန်ရှဲသွားကြလေ၏။

သင်္ဘောတစ်စင်းသည် ရန်ကုန်ဘက်သို့ ဦးတည် ခုတ်မောင်းလာ သည်။ စင်ရော်လေးများသည် သူတို့ဘက်မှ ဖဲခွာကာ တစ်ဖက် သင်္ဘောဆီ ကူးပြောင်း လိုက်ပါသွားကြလေသည်။

ရန်ကုန်မြို့ဘက်သို့ လှမ်းမျှော် ကြည့်လိုက်သောအခါ ရွှေတိဂုံစေတီ ကို ပျပျဝေးဝေး ဖူးမြင်ရလေသည်။

မိုးမိုး (အင်းလျား)

BURMESE CLASSIC .com

www.burmeseclassic.com